
ဂု ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ ၂၀၀၂ မတ် ၇ တွင် ၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ၊ ကြာသပတေး၊ (မေ

TRI
MEN'S AND LADIES' WEARS



လိုင်ဇာမြို့ မနောကွင်းရှိစစ်ပြေးဒုက္ခသည်ကလေးငယ်နှစ်ဦး ကျောင်းဝတ်စုံများကို လျှော်ဖွပ်ရန် ပြင်ဆင်နေစဉ် ဓာတ်ပုံ - အားမာန်

ကချင်ဒေသစစ်ပွဲများ အထူးသတင်းပေးပို့ချက်

# တစ်နှစ်ပြည့် ကချင်စစ်ပွဲနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး

— ရဲမိုး —

'စစ်ပွဲတွေကို ကျွန်ုပ်တို့ အဆုံးမသတ်ရင် စစ်ပွဲတွေက ကျွန်ုပ်တို့ကို အဆုံးသတ်သွားလိမ့်မယ်'

**အိုင်ချ်ဂျီဝဲလ်စ်**

"ဂျိန်း"ခနဲပေါက်ကွဲသည့် အသံက အနီးကပ်မိုးကြိုးပစ်သံထက်ပင် ပိုကျယ်သည်။ ခြေဖဝါး အောက်က မြေကြီးတုန်လှုပ်သွားပြီး မတ်တတ်ရပ်နေသူတစ်စု၏ ခန္ဓာကိုယ်များယိမ်းထိုးသွားသည်။

အစိမ်းပုပ်ရောင် ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ)ယူနီဖောင်းကို ဝတ်ထားသည့်ဗိုလ်မှူးက မှတ်ချက်ချသည်။ "ဒါ ၁၀၅မမ ဟောင်ဝစ်ဇာအမြောက်သံပေါ့၊ ဒီကျည်ဆန်တစ်လုံးက သိန်းလေးဆယ်နီးနီးတန်တယ်"

**အချပ်ပို(D)သို့**

## ယမ်းငွေ့များကြားမှပန်းကလေးများ

**အားမာန်**

သူ့အမည်က မြန်မာလို တတိယမြောက်အောင်မြင်သော သမီးဟု အဓိပ္ပာယ်ရသော ကချင်နာမည် 'ရွှယ်အောင်'။ အမည်က အောင်မြင်သောသမီးဟုဆိုသော်လည်း သူမ လူ့ဘဝ စရောက်လာသော ၁၉ရက်မြောက်နေ့အထိ အောင်မြင်မှုကောင်းမွန်မှု တစ်ခုမျှမကြုံရသေး။

**အချပ်ပို(A)သို့**

## စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင် မွေးဖွားသောကလေးငယ် ၁၀၀၄ဦးရှိ

### တိုက်ပွဲကာလ တစ်နှစ်နီးပါးကြာမြင့်ချိန်တွင် တိုက်ပွဲပေါင်း ၁၄၀၀ ကျော်ဖြစ်ပွားခဲ့



**အားမာန်** **လိုင်ဇာ၊ မေ-၂၃**

အစိုးရတပ်မတော်နှင့် ကချင် လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ)တို့အကြား တိုက်ပွဲများ ဖြစ်ပွားပြီး တစ်နှစ်နီးပါးရှိလာသောအခါတွင် စစ်ပြေးဒုက္ခသည် ကယ်ဆယ်ရေးစခန်းများမှာပင် မွေးဖွားလာသောကလေးငယ်၁၀၀၄ဦးရှိလာပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**အချပ်ပို(F)သို့**

**စစ်ပြေးဒုက္ခသည်စခန်းရောက်မှ ကိုယ်ဝန်ဆောင်ပြီး မေလ ၅ရက်တွင် မွေးဖွားခဲ့သော ၁၉ ရက်အရွယ် သမီးငယ် ရွှယ်အောင်နှင့် မိခင်မနူးတောင်တို့ကိုတွေ့ရစဉ်**

## သမီးရည်းစားချင်းစကားများရာမှ နေအိမ်နှင့် ချစ်သူကို မီးရှို့

**ရန်ကုန်၊ မေ-၂၈**

ချစ်သူချင်းစကားများရာမှ နေအိမ်နှင့်ချစ်သူကို ဓာတ်ဆီဖြင့် မီးလောင်စေခဲ့သည့် ဖြစ်ရပ်တစ်ခု မေ ၂၇ ရက်ညကဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုမှာ ကမာရွတ်မြို့နယ် ၃ရပ်ကွက်၊ လှည်းတန်း ၇လမ်း၊ တိုက် (B)၊ ၃လွှာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ချစ်သူနေထိုင်ရာနေအိမ်ကို မီးရှို့ပြီး ချစ်သူကိုပါ မီးလောင်စေခဲ့သူမှာ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၅ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။

ချစ်သူ၏ မီးရှို့မှုကြောင့် ခန္ဓာကိုယ် မီးလောင်ကျွမ်းမှုဒဏ်ခံထားရသူမှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်သော ဆေးတက္ကသိုလ်ကျောင်းဆင်းဆရာဝန်အမျိုးသမီးဖြစ်သည်။

**စာ(၁၂)သို့**

■ ပါတီဥက္ကဋ္ဌတစ်ဦး ဝတ္တရားနှောင့်ယှက်မှုဖြင့် ထောင်ဒဏ်နှစ်လကျ **အချပ်ပို(III)သို့**




CNC
MEN'S WEAR
RAIN COAT
ENVIRONMENT FRIENDLY
POCKET MAP
INTERIOR VIEW
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
No Bulge Pocket Design
Clear Touch Inner Pocket
Pen Pocket x2
Travel Documents Pocket
Digital Camera Pocket
I-Pad Pocket
Extendable Key Holder
& Water Bottle Loop


PROMOTION
ဗလာမပါ
အထူးကံစမ်းမဲ
အစီအစဉ်
ကျပ် ၁၀၀၀ ဖိုးဝယ်ယူတိုင်း ကံထူးခဲ့လျှင်
ကျပ် ၂၀၀၀ ဖိုးအထိ ပေါက်မဲဆုပြန်လည် ရရှိနိုင်မည့်
အခွင့်ရေး
Food Service
CP
Safe Food Good Taste
ကြက်အူချောင်းကြော်
ကြက်ကြော်
ကြက်ကင်
ကြက်သားလုံးကြော်
ကြက်သားလိပ်ကြော်
ကံစမ်းမဲကာလ 2012 ခုနှစ် 25 May မှ 30 June အထိ
မှတ်ချက်။ ။ ပေါက်မဲကို မည်သည့် CP ကြက်ကင်ဆိုင် တွင်မဆို လဲလှယ်ရယူနိုင်ပါသည်။ ငွေသားဖြင့်လဲလှယ်ပေးမည် မဟုတ်ပါ။ ကံစမ်းမဲကာလအတွင်းသာ လဲလှယ်ရယူနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆန္ဒပြတောင်းဆိုသည့် စက်ရုံ ၁၁ရုံအနက် ခုနစ်ရုံမှ လုပ်သားများ သဘောတူညီမှုရရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ မေ – ၂၈**

လှိုင်သာယာစက်မှုဇုန်တွင်မေလ အတွင်း တစ်ပြိုင်နက်တည်းပေါ်ပေါက်ခဲ့သော အလုပ်သမားဆန္ဒပြတောင်းဆိုခဲ့သည့် စက်ရုံ ၁၁ ရုံအနက် စက်ရုံခုနစ်ရုံမှာအလုပ်ရှင်နှင့်အလုပ်သမားများ သဘောတူညီနိုင်းလိုက်နိုင်ကြောင်း အလုပ်သမားအရေး ဆောင်ရွက်ပေးနေသူ ရှေ့နေဦးဌေးဦးက ပြောသည်။

စက်ရုံများရှိ အလုပ်သမားများတောင်းဆိုသော အခြေခံလစာကျပ်သုံးသောင်းအစားယခုအခါ အလုပ်သမားတစ်ဦးလျှင် ရှားပါးစရိတ်အဖြစ် ငွေကျပ်နှစ်သောင်းနှင့် ရက်မှန်ကြေးတို့ကိုသာ တိုးမြှင့်ပေးခြင်းဖြင့် သဘောတူညီနိုင်းလိုက်ခြင်းဖြစ်သည်။

“အလုပ်သမားတွေ သတ်မှတ်ထားတဲ့ကြေးမရဘူး။ ဘာပဲဖြစ်ဖြစ် မရတာထက်စာရင် တိုးပေးလိုက်တာကိုပဲ လက်ခံလိုက်တော့ တချို့စက်ရုံတွေက နှစ်သောင်း၊တစ်သောင်းမမှန်ကြဘူး။ အခုတိုးပေးလိုက်တာက အခြေခံလစာမဟုတ်ဘူး။ ရှားပါးစရိတ်နဲ့ ဆုကြေးလို သဘောရှိတဲ့ လုပ်ခပဲ တိုးရတဲ့သဘောပါ”ဟု အလုပ်သမားအရေးဆောင်ရွက်ပေးလျက်ရှိသော ရှေ့နေဦးဌေးဦးက ပြောသည်။

YJ အထည်ချုပ်စက်ရုံ မန်နေဂျာက “ဆန္ဒမပြခင်က ခုနစ်သောင်းဝန်းကျင်ရတဲ့သူက အခုဆို ရှစ်သောင်းလောက်ရတယ်။ အနိမ့်ဆုံးသမားဆိုရင် အခုခြောက်သောင်းကျော်လောက်ရတယ်။ အစ်မတို့က နဂိုရတဲ့လခထက် ၂၀ရာခိုင်နှုန်းတိုးပေးလိုက်တယ်။ သူ့အဆင့်နဲ့သူပေါ့။ အလုပ်သမားတွေဘက်ကလည်း ကျေနပ်ပါတယ်”ဟုပြောသည်။

“သူတို့ကို ရှားပါးစရိတ်နှစ်သောင်းနဲ့ ရက်မှန်ကြေးတို့ကိုတိုးပေးလိုက်ပါပြီ။ အခုအလုပ်သမားတွေအေးချမ်းစွာပြန်ပြီးအလုပ်ဝင်နေပါပြီ”ဟု မြန်မာပုလဲအထည်ချုပ်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ သဘောတူညီမှုရခဲ့သောစက်ရုံများမှာ YJ အထည်ချုပ်စက်ရုံ၊ အာရှနှင်းဆီ၊ စံပယ်ပွင့်၊ မြန်မာပုလဲ၊ နေမင်းအောင်၊ တိုးမြတ်အောင်အထည်ချုပ်စက်ရုံနှင့် Miss Style ဖိနပ်စက်ရုံတို့ဖြစ်ပြီး ထိုစက်ရုံများမှ အလုပ်သမားများသည်မေလ ၂၈ ရက်တွင် ပုံမှန်အလုပ်ချိန်အတိုင်း လုပ်ကိုင်ရမည်ဖြစ်ကြောင်းသိရသည်။



အခြေခံလစာတိုးရရန် ဆန္ဒဖော်ထုတ်နေသော စက်ရုံလုပ်သားများ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ဆက်လက်၍ သဘောတူညီမှု မရရှိသေးသော ကျန်စက်ရုံလေးရုံတွင်ပါဝင်သည့် High Art ဆံပင်တုစက်ရုံရှိ အလုပ်သမားများအနေဖြင့် ရက်ပေါင်း ၂၀ ခန့်ကြာ ဆန္ဒပြတောင်းဆိုခဲ့သော်လည်း ယခင်သက်ဆိုင်ရာအလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ချုပ်ဆိုသောမူလ စာချုပ်အား အလုပ်ရှင်ကိုရီးယားသူဌေးဘက်က ငြင်းဆိုခဲ့ပြီး ယခုအချိန်ထိ အလုပ်ရှင်နှင့်အလုပ်သမားညှိနှိုင်းမှုအဆင်မပြေသေးကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်ဖြေရှင်းသော်လည်း ထိရောက်မှုမရှိကြောင်း၊ အလုပ်ရှင်ဘက်မှ အလုပ်သမားများအား ယင်းတို့ တောင်းဆိုသည့် အခြေခံလစာကျပ်၃၀,၀၀၀အစား ၁၆,၀၀၀ ကျပ်သာ တိုးပေးမည်ဖြစ်၍ အလုပ်သမားများဘက်မှ လက်မခံခြင်းဖြစ်ကြောင်း အလုပ်သမားကိုယ်စားလှယ်များက ဆိုသည်။

အလုပ်သမားကိုယ်စားလှယ် မယမင်းလွင်ကလည်း “ညီမတို့ကို လစာလည်းမပေးချင်ဘူး။ လျော်ကြေးလည်း မပေးချင်ဘူး။ စက်ရုံလည်း ဆက်လည်ပတ်ချင်တယ်။ ဒီတော့ ညီမတို့ကတော့ ဥပဒေလမ်းကြောင်းအတိုင်းဆက်သွားမယ်။ အခုဆိုလာဖြေရှင်းပေးတဲ့ နေပြည်တော်က လူတွေဆိုရင် ကုန်သလောက်ဖြစ်နေပြီ။ ဝန်ကြီးဦးအောင်ကြည်တစ်ယောက်ပဲ ကျန်တော့တယ်” ဟု ဆိုသည်။






7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# CRIME မှုခင်းသတင်း CORNER

## လမ်းမပေါ်မှာ ကြွေပျက်အောင် ဖက်ပြီး ချစ်ရေးဆိုသူ အမှုဖွင့်ခံရ

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၂၂**

နေပြည်တော် ပျဉ်းမနားတွင် မေလ၁၇ရက်က ဈေးမှပြန်လာသော မိန်းကလေးကို လမ်းမပေါ်၌ ကြွေပျက်အောင် လက်ဆွဲခါးဖက်ပြီး ချစ်ရေးဆိုသဖြင့် ဖခင်ဖြစ်သူက ရဲစခန်း၌ အမှုဖွင့်ခဲ့ရသော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေလ၁၆ရက်က နေပြည်တော် ပျဉ်းမနားမြို့ ××× ရွာနေ ညီအစ်မနှစ်ယောက်ဖြစ်သူ မ×××(၁၄ နှစ်)နှင့် မ×××(၁၇ နှစ်)တို့သည် အာဟာရသုခဈေးမှ ဈေးရောင်းပြီး နေအိမ်သို့ ပြန်အလာ ကျော်ညီနောင်ရပ်ကွက် နတ်ကြီးစင် လမ်းအရောက်တွင် ကို××××(၂၅နှစ်)၊ မင်္ဂလာသာဇံ ရပ်ကွက်နေသူနှင့် တွေ့ဆုံသည်ဟုဆိုသည်။

ထိုအခါ စိုးလွင်လွင်က မ××× (၁၄ နှစ်)အား လမ်းမပေါ်မှာပင်လက်ဆွဲခြင်း၊ ခါးဖက်ခြင်းတို့ကိုပြုလုပ်ပြီး ရည်းစားစကားပြောရာ မ××× ကလည်း ရှက်ရွံ့ပြီး အတင်း ရုန်းကန်ကာ ဖခင်ဖြစ်သူအား ပြန်တိုင်မည်ဟုဆိုပြီး အိမ်ပြန်ရောက်စဉ် ဖခင်ဖြစ်သူအားဖြစ်စဉ်ကိုပြန်လည် ပြောကြားတိုင်တန်းခဲ့သည်ဟုဆိုသည်။

ဖခင်ဖြစ်သူက သမီးဖြစ်သူအား ကြွေပျက်လောက်အောင် ဆွဲဖက်ကာ ချစ်ရေးဆိုခဲ့သည့် ကို××××အား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားလာသဖြင့် နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၃၀၃/၂၀၁၂ ပုဒ်မ ၃၅၄(ကာယကြွေဖျက်စီးမှု)အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

## နေပြည်တော် ပျဉ်းမနားတွင် တောင်ပြို၍ လူနှစ်ဦးသေဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၁၉**

နေပြည်တော် ပျဉ်းမနားတွင် ယခုလ ၁၉ရက် ညနေပိုင်းက တောင်ကမ်းပါးယံပြိုကျမှု ဖြစ်ပွားရာမှ ထင်းခုတ်သူ နှစ်ဦး သေဆုံးခဲ့ရသော ဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ တောင်ပေါ်အနီးတွင်ဖြစ်သော သဒါချောင်းနှင့် မိုင်းကုန်းရွာအနီး ကိုက်ငါးဆယ်တွင် ရှိသော ပူလာမီတောင်ဘက်မှ မေ ၁၉ ရက်ညနေ၆ နာရီ ၄၅ မိနစ်အချိန်ခန့်က တောင်ပြိုသံကြားပြီး အဆိုပါတောင်ဘက်သို့ ထင်းခုတ်သွားကြသော အမျိုးသားများမှာလည်း ပြန်မလာသဖြင့် ယင်းတို့၏ ဇနီးဖြစ်သူများက ကျေးရွာရာ အိမ်မှူးသို့ လာရောက်သတင်းပေးပို့ခဲ့ကြသည်ဟုဆိုသည်။

တောင်ပြိုကျရာနေရာသို့ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုရာ ပူလာမီတောင်၏ ကမ်းပါးယံမှာပြိုကျနေပြီး အဆိုပါရွာနေ ဦးဆန်းလွင်(၄၇နှစ်)နှင့်ကိုစိန်ဝင်း(၃၂နှစ်) မှာမြေကြီးစများ အောက်ပိကျနေကြောင်းသိရ၍ အနီးရှိ ခ. မ. ရ (၆၀၆)မှ ဗိုလ်ကြီးစိုးမြတ်ထွန်း ဦးဆောင်သော ရွာသူ/ရွာသားများက တူးဖော်ပြီး ရှာဖွေကြရာထိုနေ့ည ၁၀နာရီမိနစ် ၂၀ က ဦးဆန်းလွင်အလောင်းကိုလည်းကောင်း၊ နောက်တစ်နေ့နံနက် ၈နာရီမိနစ်၅၀တွင် ကိုစိန်ဝင်း၏ အလောင်းကိုလည်းကောင်း ပြန်လည်တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသူနှစ်ယောက် သေဆုံးမှုအပေါ် စစ်ဆေးနိုင်ရန် အလောင်းနှစ်လောင်းအား ခုတင်(၂၀၀)ဆေးရုံသို့ ပေးပို့စစ်ဆေးစေကာနေပြည်တော်ပျဉ်းမနားရဲစခန်းသေမှုသေခင်းအမှတ် ၂၀/၂၀၁၂အရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရသိရသည်။

# ပင်လယ်ကမ်းခြေ မြေကွက်များ အရောင်းအဝယ် မလုပ်ရန် တားမြစ်

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၅**

ဧရာဝတီတိုင်းဒေသကြီး နယ်နိမိတ်အတွင်းရှိ ပင်လယ်ကမ်းခြေတစ်လျှောက် မြေကွက်များအား အရောင်းအဝယ် မပြုလုပ်ရန် တိုင်းဒေသကြီးအစိုးရက သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးလှမိုးကပြောသည်။

"တိုင်တန်းမှုတွေ များလွန်းလို့ မြေစာရင်းဌာနကို စာထုတ်ထားတာပါ။ သက်ဆိုင်ရာ ဒေသအာဏာပိုင်မသိဘဲ ရောင်းခြင်း၊ ဝယ်ခြင်းမလုပ်ရဘူး" ဟု ဦးလှမိုးက ပြောသည်။

အစိုးရသစ်တက်လာပြီး ချောင်းသာ၊ ငွေဆောင်နှင့် ငရုတ်ကောင်းကျေးရွာအနီးရှိ မြေကွက်များအား ဈေးကောင်း၍ ဝယ်ယူမှုများ ရှိခဲ့သည်။

မကြာသေးမီရက်ပိုင်းက ငွေဆောင်ကမ်းခြေအနီးရှိ ဘူးကွဲကျေးရွာ မြေကွက်များအရောင်းအဝယ်နှင့်ပတ်သက်၍ ဒေသခံများက မကျေနပ်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရထံတိုင်ကြားမှုများ ရှိခဲ့သည်ဟုငွေဆောင် ဒေသခံများက ပြောသည်။

အစိုးသစ် တက်လာပြီးနောက်ငွေကြေးတတ်နိုင်သူများက အိမ်ခြံမြေလုပ်ငန်းတွင်ဝင်ရောက်ရင်းနှီးမြှုပ်နှံရာမှ ချောင်းသာကမ်းခြေနှင့်ငရုတ်ကောင်းဒေသအနီးရှိ မြေကွက်များမှာ ယခင်က ကျပ်သိန်းဆယ်ဂဏန်းမျှ ရှိခဲ့သော်လည်း ယခုအခါသိန်းထောင်ဂဏန်းထိ ရှိလာခဲ့ပြီး အရောင်းအဝယ်များ ပြုလုပ်လျက်ရှိသည်။

# ဆက်တိုက်ဆန္ဒပြမှုများအပေါ် စိုးရိမ်မှုများရှိနေ

**အိဖြူလွင်**

**ရန်ကုန်၊ မေ-၂၄**

ရန်ကုန်၊ မန္တလေးမြို့နှင့် အခြားမြို့များတွင် အလုပ်သမားအခွင့်အရေးနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ဆန္ဒပြမှုများ ရက်ရှည်လာခြင်းက လက်ရှိနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအပေါ် ထိခိုက်လာမည်ကို စိုးရိမ်ပူပန်မှုများကြောင့် နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်သည်။



**ရန်ကုန်မြို့လယ်တွင် မေ၂၅ရက်ညက မီးရရှိရေးအတွက် ဆန္ဒထုတ်ဖော်နေကြသူများ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုကိစ္စနှင့်ပတ်သက်ပြီး ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုမင်းကိုနိုင်ကလည်း "ကျွန်တော်တို့တိုင်းပြည်သွားနေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကြားကာလမှာ မပြေလည်မှုတွေ အရေးဆိုတဲ့ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်း မပေးနိုင်ဘူးဆိုရင် အဲဒီကနေကြီးထွားလာမယ့် တောင်းပွဲ၊ တိုက်ပွဲတွေကနေတစ်ဆင့် ကျွန်တော်တို့အသွင်ကူးပြောင်းရေးကာလကို မထိခိုက်စေချင်ဘူး။ ဒါအားလုံးမှာ တာဝန်ရှိတယ်"ဟုပြောကြားသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းချိန်မှာ အလွန်နုနယ်သေးသည့်အတွက် ဆန္ဒဖော်ထုတ်မှုများကို မသုံးတတ်သုံးတတ်နှင့် သုံးပါက စိုးရိမ်စရာတော့ရှိသည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုးကလည်း သုံးသပ်ခဲ့သည်။

ဆန္ဒဖော်ထုတ်မှု ပြဿနာများသည် ပြည်သူများနှစ်ပေါင်းများစွာ ခံနေရသော နိုင်ငံတော်မူဝါဒအမှားများမှတစ်ဆင့် ထွက်ပေါ်လာခြင်းဖြစ်၍ ပြည်ထောင်စုအစိုးရသည် သဘောထားကြီးစွာနှင့် သိမ်မွေ့စွာကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံကို ဒီမိုကရေစီကျင့်စဉ်အရ အုပ်ချုပ်ရာတွင် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ခြိမ်းခြောက်မှုကင်းဖို့လိုပြီး ဆန္ဒသဘောထားဖော်ထုတ်သူများသည် အုပ်ချုပ်ရေးတာဝန်ရှိသူများအပေါ် ခြိမ်းခြောက်မှုမျိုးမဖြစ်စေရန်နှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများဘက်မှလည်း ဆန္ဒပြမှုများကို အင်အားသုံးပြီး ဖြိုခွင်းမည်ဆိုသည့် အရိပ်လက္ခဏာမျိုးကိုပင် မပြရဟုလည်း ကိုမင်းကိုနိုင်က ပြောကြားခဲ့သည်။

စက်မှုဇုန်စက်ရုံများရှိ အလုပ်သမားဆန္ဒပြမှုများသည် ညှိနှိုင်း၍ မရခြင်း၊ အလုပ်ရှင်ဘက်မှ ညှိနှိုင်းမှုဖောက်ဖျက်ခြင်း၊ ဥပဒေအရ ဖွဲ့စည်းထားသည့် ညှိနှိုင်းမှုဖျန်ဖြေရေး အဖွဲ့များမရှိခြင်းတို့ကြောင့် ရက်ရှည်ကြာလာပြီး အချို့နေရာများတွင် အလုပ်ရှင်ဘက်မှ အကြမ်းဖက်မှုများပါ ဖြစ်ပေါ်လာနေသည်ဟု သတင်းရရှိသည်။ သို့သော် စက်ရုံအချို့မှာ အလုပ်သမားနှင့်ညှိနှိုင်း၍ ပြေလည်မှုရရှိသွားသည်များလည်းရှိသည်။

ယခုဖြစ်ပေါ်နေသည့် ဆန္ဒပြမှု ပြဿနာများသည် မဖြေရှင်း၍ မရသော ပြဿနာများဖြစ်ပြီး အာဏာပိုင်အဖွဲ့အစည်းများနှင့် အစိုးရဘက်မှ ကြားဝင်ဖြေရှင်းသင့်သည်ဟု ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများသည် မိမိတို့ဆန္ဒသဘောများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှလည်း ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှလည်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012





# ကျယ်လောင်လာသော
# လယ်ယာအငြင်းပွားမှုပြဿနာ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အိဖြူလွင်၊ အေးမြတ်သူ၊အိဖြူမွန်**

မြေယာပိုင်ဆိုင်မှုဆိုင်ရာ တောင်းဆိုချက်များ နိုင်ငံအနှံ့ ဆက်တိုက်ဖြစ်ပေါ်နေပြီး ယင်းကိစ္စများသည် ယခင် ၁၉၉၂ နောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အာဏာပိုင်များ သိမ်းယူထားသည့်မြေများကို ပြန်လည်ရယူလိုသောကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားတောင်းဆိုမှု များလာခြင်းဖြစ်ကြောင်း ယင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများကပြောသည်။

"အရင်တုန်းကထက်စာရင် မြေယာအငြင်းပွားမှုတွေက များလာတယ်။ အရင်တုန်းက သိမ်းထားတဲ့ မြေတွေကို တောင်းဆိုတာများလာတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့။ အရင်တုန်းက တော့ အုပ်အုပ်ချုပ်ချုပ်ပဲဆိုတော့ သိပ်မပြောရဲကြတော့၊ အခုခေတ်နောက်ပိုင်း လွတ်လပ်လာတော့ အရင်ကသိမ်းထားတဲ့ မြေတွေကို ပြန်တောင်းလာကြတာပေါ့။ လူတွေက ပိုပြီးသိလာကြတယ်။ ဘယ်အဖွဲ့အစည်းဘယ်ကုမ္ပဏီပဲသိမ်းသိမ်း၊ ငုံ့မခံတော့ဘူး။ ပိုပြီးတော့တောင်းရမှန်းသိလာကြတယ်" ဟု လယ်ယာမြေဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်နေသည့် FSWG (food security working group)အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဒေါ် ဥမ္မာခိုင်ကပြောကြားသည်။ **စာ(၁၂)သို့**

## မန်းကျောက်မျက်ရတနာဈေး ဝင်ခွင့်ကတ်ရှိမှဝင်ခွင့် ခေတ္တရပ်ဆိုင်း

**ညီညီဇော်**

**မန္တလေး၊ မေ- ၂၈**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာရောင်းဝယ်ရေးဈေးအတွင်း ဝင်ခွင့်ကတ်ပြုလုပ်ရမည့်ကိစ္စကို ခေတ္တရပ်ဆိုင်းထားကြောင်း သတင်းရရှိသည်။

"အစက ဇွန်၁ရက်ကစပြီး ဝင်ခွင့်ကတ်နဲ့ ဝင်ရမယ်ဆိုပြီး စီစဉ်ထားခဲ့တယ်။ အခုတော့ အခြေအနေအရအဲဒီကိစ္စခဏရပ်ထားတယ်။ ဆက်လုပ်သင့်၊မလုပ်သင့်ကိုလည်း အဆင့်ဆင့် တင်ပြထားပါတယ်"ဟု မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာဈေးအတွင်းရှိ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မေလ ၂၈ ရက် နံနက် ၁၁ နာရီခန့်က ကျောက်မျက်ရတနာဈေး၏ အနောက်ဘက်ဝင်ပေါက် နှစ်ခုတွင် လူဝင်ခွင့်ကတ်ပြားပြုလုပ်ရမည့်ကိစ္စ ရပ်ဆိုင်းပေးရန် စာရွက်ကိုင်ဆောင် ဆန္ဒပြသူအချို့ရှိခဲ့သည်။ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာဈေးအတွင်းရှိ ဆိုင်ရှင်ကုန်သည်ပွဲစားများအနေဖြင့် တစ်နှစ်လျှင် ၅၀၀၀ကျပ်နှုန်း၊ အလုပ်သမားများအား တစ်နှစ်လျှင် ၂၅၀၀ကျပ်နှုန်းနှင့်ကတ်ပြုလုပ်ခြင်းမရှိဘဲဝင်ရောက်သူများအား နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင်ကို ထားခဲ့ပြီး ဧည့်ကတ်ဖြင့် တစ်ရက် ၁၀၀ကျပ်နှုန်းပေးဆောင်၍ ဈေးအတွင်းသို့ဝင်ရန် ပေးဆောင်ရမည်။ ကတ်မပါဘဲဝင်ပါက ဒဏ်ကြေး ၂၀၀၀ကျပ် ပေးဆောင်ရမည်ဟု ၎င်းကျောက်ဝိုင်းအုပ်ချုပ်ရေးမှူးရုံးမှ အသိပေးကြေညာခဲ့သည်။

ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူ ဈေးသူဈေးသားများက မိမိတို့ ကျောက်မျက်ဈေးတွင်ဆိုင်ခန်းပေါင်း ၁၁၁၇ခန်းရှိပြီး ဆိုင်ခန်းတစ်ခန်းလျှင်ဆိုင်ခန်းအခွန်ခ ၂၅၀၀ကျပ်နှုန်းနှင့် ရေခွန်၊ မီးခွန်၊ သန့်ရှင်းရေးအခွန်များပေးဆောင်နေရကြောင်း၊ ဆိုင်ခန်းမရှိသူများအတွက် တစ်ပေခွဲပတ်လည် ခုံတစ်နေရာကို ဈေးအတွင်း ၁၀၀ကျပ်နှင့် ဈေးအပြင် ၂၀၀ ကျပ်ပေးဆောင်နေရကြောင်း၊ဝင်ခွင့်ကတ်ပြုလုပ်ခြင်းကြောင့် ဈေးအတွင်းသို့ဝင်ရောက်ရောင်းဝယ်မှု နည်းပါးသွားနိုင်ကြောင်း မန္တလေး မြို့ရှိမည်သည့်ဈေးကိုမျှ ဝင်ခွင့် ကောက်ခံသည်ကိုမတွေ့ရကြောင်း၊ ထို့ကြောင့် ဝင်ခွင့်ကတ်ပြုလုပ်ရမည့်ကိစ္စကို ရပ်ဆိုင်းသင့်ကြောင်းပြောကြားခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်တွင်ရှိသော မဟာအောင်မြေ ကျောက်မျက်ရတနာဈေးကို ၂၀၀၀ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံခြားသားဝင်ရောက်လိုပါက အမေရိကန်တစ်ဒေါ်လာပေးဆောင်ရကြောင်း သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# တက္ကသိုလ်တင်းနစ်ကွင်းများ ပုဂ္ဂလိကသို့ အပြီးပေးခြင်းမဟုတ်ဟုဆို

သီဟ

ရန်ကုန်၊ မေ - ၂၄

ရန်ကုန်တက္ကသိုလ်ပိုင် တင်းနစ်ကွင်းများအား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များလက်သို့ဝကွက်အပ်လိုက်ခြင်းမဟုတ်ဘဲ ကောင်းမွန်သောယှဉ်ပြိုင်မှုဖြင့် အရည်အသွေးမီသည့်တင်းနစ်ကွင်းများဖြစ်ပေါ်လာရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်နေဆဲသာဖြစ်သည်ဟု နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်ကပြောသည်။

လာမည့် ၂၀၁၃တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲရန်ပုံငွေမှ လက်ရှိတင်း နစ်ကွင်းများအား ပြိုင်ပွဲဝင်စံချိန်မီရေးအဆင့်မြှင့်တင်ခြင်းသာဖြစ်ပြီး အားကစားပြိုင်ပွဲပြီးပါက ပညာရေးဝန်ကြီးဌာန (သို့မဟုတ်)တက္ကသိုလ်အနေဖြင့် ရန်ပုံငွေမကုန်ရဘဲ ကွင်းသစ်အဆောက်အအုံအသစ်များအား ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး တက္ကသိုလ်မှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသာ ကစားရမည်ဖြစ်သည်ဟု ဦးကိုကိုလှိုင်ကပြောသည်။

ဦးကိုကိုလှိုင်က ယခုလ ၁၉ရက်နေ့က နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်၏ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ အိတ်ဖွင့်ပေးစာတွင်ပါရှိသည့် တင်းနစ်ကွင်းကိစ္စအား ပြန်လည်ရှင်းလင်းရာတွင် အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

အလားတူ အားကစားရုံအား စားသောက်ဆိုင်အဖြစ် ပြောင်းလဲပစ်မည်ဟုဆိုခြင်းမှာလည်း နားလည်မှုလွဲခြင်းသာဖြစ်ပြီး အားကစားပြိုင်ပွဲကာလအတွင်း အားကစားသမားများအတွက် စားသောက်ခန်းမအဖြစ် ယာယီအသုံးပြုခြင်းသာဖြစ်ပြီး ပြိုင်ပွဲပြီးပါက အားကစားရုံအဖြစ်သာပြန်လည်အသုံးပြုမည်ဖြစ်သည်ဟု ဦးကိုကိုလှိုင်က ပြောကြားသွားသည်။

ယခု အိတ်ဖွင့်ပေးစာပါ ကန့်ကွက်ပြောဆိုမှုသည် ရန်ကုန်တက္ကသိုလ်အတွက် စိတ်ကောင်း စေတနာဖြင့်ပြောခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့သော်ပြည့်စုံသည့် သတင်းအချက်အလက် မရရှိသောကြောင့် နားလည်မှုလွဲမှားကာ စိုးရိမ်မှုဖြင့်ပြောကြားခြင်းဖြစ်နိုင်သည်ဟု ဦးကိုကိုလှိုင်ကပြောသည်။

သို့သော် အဆိုပါကိစ္စသည် မူဝါဒဆိုင်ရာအရေးပါပြီး အထူးထိလွယ်ရှလွယ် အတိမ်းအစောင်းမခံသည့်ကိစ္စဖြစ်သဖြင့် အထင်လွဲမှားမှုများ ပြေလည်သွားရန် ယခုကဲ့သို့ ရှင်းလင်းရခြင်းဖြစ်ကြောင်း သိရသည်။

# ပုဂံ-ချောက် ကားလမ်းဘေးမြေကွက်များ ဈေးကြီးပေးဝယ်သူများရှိ

အောင်သူရ

ရန်ကုန်၊ မေ-၂၅

ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာ ပုဂံဒေသမှ ချောက်မြို့သို့သွားသည့် ခြောက်လမ်းသွားကား လမ်းမဘေးတစ်လျှောက်ရှိမြေကွက်များအား တစ်ဧကလျှင် ကျပ်သိန်းတစ်ထောင်ကျော်ထိ ပေး၍ ဝယ်ယူနေသူများရှိကြောင်း သတင်းရရှိသည်။

"ACEကုမ္ပဏီဝယ်ပြီးတဲ့နောက်ပိုင်း ဈေးတက်လာတာ။ ပြီးခဲ့တဲ့နှစ်လလောက်က ဇုန်လေး(ချောက်မြို့သို့ သွားသောလမ်း)မှာ တစ်ဧကကို ရာဂဏန်းပဲရှိသေးတယ်" ဟု ပုဂံဒေသခံ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

အဆိုပါဟိုတယ်ဇုန်လေး ရှိစရနတီဟိုတယ်အား ယခုနှစ်ဆန်းပိုင်းမှစ၍ ACE ကုမ္ပဏီမှလွှဲပြောင်းလုပ်ကိုင်ခဲ့ကြောင်းဒေသခံများကဆိုသည်။

ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် စင်ကာပူနိုင်ငံမှ ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများသည် ပုဂံမြို့သို့ လာရောက်၍ ဟိုတယ်တည်ဆောက်ရန် မြေဝယ်ယူမှုများရှိလာကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ထို့အပြင် တူရွင်းတောင်ခြေရှိ မြေကွက်များ အပါအဝင် ဇုန်လေးအတွင်းပိုင်းရှိ မြေကွက်များအား တစ်ဧကလျှင် ကျပ်သိန်း ၅၀၀ ထိ ဝယ်ယူသူများရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌဦးစိုးသိန်းက လည်း မေလဆန်းက သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရန် လာရောက်သူများထဲတွင် ဟိုတယ် လုပ်ငန်းလုပ်ကိုင်သူများလည်း များစွာပါဝင်ကြောင်း ပြောကြားခဲ့သည်။

# ရန်ကုန်မြို့တော်စည်ပင် တန်ဖိုးနည်းအိမ်ရာစီမံကိန်း ဆောင်ရွက်မည်ဟုဆို

ကျော်သီဟ

ရန်ကုန်၊ မေ-၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီက တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီအတွင်းရေးမှူးဦးကျော်စိုးက သတင်းထောက်များအား မေလ ၂၂ရက်တွင် ပြောကြားသည်။

"တန်ဖိုးနည်းအိမ်ရာ လုပ်ဖို့ရှိတယ်။ ဒဂုံမြောက် ၄၂ရပ် ကွက်မှာ။ မြေကွက်သစ်တွေဖော် တဲ့အခါ မူလ ၁၃ ဧက ဖော်ထုတ်ပြီးပြီ။ စာသင်ကျောင်းနဲ့ ဈေးမြေအတွက် ချန်ပြီး ကျန်တဲ့ ၉ ဒသမ ၅၂ ဧကကို အခန်းပေါင်း ၆၀၀ ကျော်ပါဝင်တဲ့ အဆောက်အအုံ ၂၇လုံး၊ စတုရန်းပေ ၁၀၀၀ရှိတဲ့ အိပ်ခန်းသုံးခန်းပါအဆောက်အဦ၇လုံး၊စတုရန်း၅၃၀ရှိအိပ်ခန်းပါအဆောက်အအုံအလုံး ၂၀ကိုမကြာမီစတင်ဆောက်လုပ်တော့မှာဖြစ်တယ်"ဟုဦးကျော်စိုးက ပြောသည်။

ရန်ကုန်မြို့ရှိ တန်ဖိုးနည်းအိမ်ရာများ ပေါ်ထွက်လာရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိပြီး ထပ်မံပေါ်ထွက်လာမည့် မြေကွက်များတွင်လည်း တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ထို့အပြင် ဒဂုံမြို့သစ်မြောက်ပိုင်း ဗိုလ်မင်းရောင်လမ်းတွင် ပြည်သူ့အိမ်ရာစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး၊ တန်ဖိုးနည်းအိမ်ရာများသာမက ဈေးနှုန်းမြင့်အိမ်ရာများအထိ ပါဝင်မည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

# ဟံသာဝတီကားရောင်းဝယ်ရေးစခန်းနေရာ အဆင့်မြှင့်ရေး ဆိုင်ခန်းရှင်များက အချိန်ပေးစေလို

ကျော်သီဟ

ရန်ကုန်၊ မေ-၂၃



ဟံသာဝတီကားပွဲစားတန်းကို မေလ ဒုတိယပတ်က တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း အဆင့်မြှင့်တင်ရေးစီမံကိန်းအား တစ်နှစ်ခန့် စောင့်ဆိုင်းပေးစေလိုကြောင်း ဟံသာဝတီစခန်းအား မှီခိုဖွင့်လှစ်ထားသည့် ဆိုင်ခန်းပိုင်ရှင်များ ဆန္ဒရှိနေကြောင်း 7Day News သို့ပြောသည်။

အထက်ပါယာဉ်ရောင်းဝယ်ရေးစခန်းကြီးတွင် ကားဝယ်ရောင်းများ၊ ကားပွဲစားများ၊ ကားရေဆေးလုပ်သားများ၊ အဆင့်မြင့်ဆိုင်ခန်း ၂၂ ခန်းနှင့် မြေစိုက်ဆိုင်ခန်းပေါင်း ၂၀၀ ခန့်ရှိကြကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း မပြောင်းရွှေ့ရေး ဦးစီးကော်မတီဦးမင်းကိုမြင့်ထံမှ သိရသည်။

"ကျွန်မတို့က လူကြီးခေါ်မှ လာတွေ့ရတာပါ။ ကျွန်မတို့က တွေ့ချင်တယ်ဆိုလို့ လူကြီးတွေကို မတွေ့ရပါဘူး။ ဒါကြောင့် တွေ့ဆုံတုန်း ဟံသာဝတီကားဝင်းကို အဆင့်မြှင့်တင်မှု စီမံကိန်းကို တစ်နှစ်လောက်တော့ အချိန်ပေးစေချင်ပါတယ်" ဟု အဆိုပါယာဉ်ရောင်းဝယ်ရေးစခန်းတွင် ဆိုင်ခန်းဖွင့်လှစ်ထားသည့် အမျိုးသမီးတစ်ဦးကပြောသည်။ မေ ၂၂ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကျင်းပသော ဟံသာဝတီကားဝင်ရှိ ဆိုင်ခန်းရှင်များနှင့် တွေ့ဆုံပွဲ၌ ဟံသာဝတီကားဝင်း ဆိုင်ခန်းပိုင်ရှင်တစ်ဦးက ကော်မတီအတွင်းရေးမှူးဦးကျော်စိုးထံ တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆိုင်ခန်းရှင်များမှ အဆင့်မြှင့်တင်ပြီးပါက ပြန်လည်ဝယ်ယူရမည့် ဆိုင်ခန်းဈေးနှုန်းများကြီးမြင့်မည်ကိုလည်း မလိုလားကြပေ။ ထို့အတူ ဖြစ်နိုင်ပါက အရစ်ကျဖြင့် ပြန်လည်ရောင်းချပေးစေလိုကြောင်း ယင်းအစည်းအဝေးတွေ့ဆုံပွဲ၌ တင်ပြခဲ့ကြသည်။

"ဟံသာဝတီကားဝင်း အဆင့်မြှင့်တင်ရေး စီမံကိန်း ၂ နှစ်၊ ၃ နှစ်အတွင်း အကောင်အထည်ဖော်လုပ်ကိုင်သွားမယ့် စီမံကိန်းပါ။ အဲဒီက ပေါ်ထွက်လာတဲ့ ငွေတွေကိုပြည်သူ့ဘဏ္ဍာအတွက်ပါ။ ဝိုင်စီပီစီ အကျိုးခံစားခွင့်ဆိုတာ ပြည်သူ့အကျိုးခံစားခွင့်ပါ။ ဒါတွေကို ပြည်သူတွေအတွက် သုံးစွဲသွားမှာပါ။ လာမယ့် ၂ နှစ်နဲ့ ၃ နှစ်အတွင်း ပြီးပြတ်အောင် ဖြတ်မယ့်လုပ်ငန်းတွေပါ"ဟုကော်မတီအတွင်းရေးမှူး တာဝန်ရှိဆိုင်ခန်းရှင်များနှင့် တွေ့ဆုံရာတွင် ရှင်းပြခဲ့သည်။

ဟံသာဝတီကားဝင်းအဆင့်မြှင့်တင်ရေး စီမံကိန်းအား ကုမ္ပဏီ ၁၁ ခုက တင်ဒါများ လျှောက်ထားပြီး စိစစ်ရွေးချယ်မှုများ မပြီးပြတ်သေးကြောင်း သိရသည်။ "ပြည်သူ့အသံကိုလည်း နားထောင်ပြီး ကော်မတီဂုဏ်သိက္ခာလည်း မထိအောင် ပြည်သူအကျိုးလည်း ဆောင်ရွက်ရာ ရောက်အောင် Win-Win စကျူရေးရှင်းဖြစ်အောင် ကြိုးစားလုပ်ကိုင်သွားပါမယ်" ဟု အတွင်းရေးမှူး ဦးကျော်စိုးက ဈေးဆိုင်ခန်းရှင်များအား ထပ်မံအာမခံပြောကြားခဲ့သည်။

# ရှေးဟောင်းကြေးပြားအပ်နှံသည့် ကလေးငယ်နှစ်ဦးကို ငွေကျပ်လေးသိန်းကျော် ချီးမြှင့်

ထူးသန့်

နေပြည်တော်၊

မေ-၂၀

နေပြည်တော်ပျဉ်းမနားမြို့ အရှေ့ဘက်ရှိ တောင်တန်းများမှ တွေ့ရှိရသော အလေးချိန် နှစ်ပိဿာခွဲရှိ ကြေးပုံလောင်း(ကြေးပြား)တစ်ခုကို သက်ဆိုင်ရာသို့ အပ်နှံခဲ့သည့် ကလေးငယ်နှစ်ဦးကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ချီးမြှင့်ငွေ ၄၀၃,၂၀၀ ကျပ်ကို ပေးအပ်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အလျား ၁၉ လက်မခွဲ၊ အနံ ၁၄ လက်မခွဲ၊ အထူ ၅ စင်တီမီတာခန့်ရှိသော အဆိုပါ ကြေးပြားတွင် တစ်ဘက်၌ နတ်ရုပ်သုံးရုပ်၊ ခြင်္သေ့ရုပ်တစ်ရုပ်၊ ပလ္လင်နောက်ခံပုံ ကြေးပုံလောင်းတစ်ခု ပါရှိကာ ပလ္လင်နောက်ခံပုံ တံကဲဟူ၍ ယူဆရကြောင်း ဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

"သားတို့ ထင်းခွေသွားရင်း တွေ့တာ။ ကျောက်တုံးအောက်မှာ ပိနေတာ။ အစလေးပေါ်နေလို့ ဆွဲထုတ်ပြီး ယူရတာ။ လိပ်ခွံတောင်ပေါ်က တွေ့တာပါ"ဟူ၍ အဆိုပါ ရှေးဟောင်းပစ္စည်းကို တွေ့ရှိသူ နှစ်ဦးအနက် အငယ်ဖြစ်သူအသက်ငါးနှစ်အရွယ်မောင်ရာဇာမောင်မောင်က ပြောကြားသည်။ ၎င်း၏ အစ်ကိုဖြစ်သူ မောင်ဖြိုးမောင်မောင်မှာ အသက်ခုနစ်နှစ်ခန့်ရှိကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုငွေ ပေးအပ်ပွဲကို နေပြည်တော် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ယမန်နေ့က ကျင်းပခဲ့ရာ ၎င်းကလေးငယ်များ အပါအဝင် ဆင်းတုတော်တစ်ဆူ အပ်နှံသော အလုပ်သမားအဖွဲ့ကို ငွေကျပ် ၂၇၀,၀၀၀၊ ပျူခေတ်ပုတီးစေ့ ၃၆ လုံး အပ်နှံသူ ဦးတင်စိုးလွင်ကို ငွေကျပ် ၂၁၆,၀၀၀ အသီးသီး ဂုဏ်ပြုပေးအပ်ခဲ့သည်။

"ဒီပစ္စည်းတွေဟာ ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ပြနေတဲ့ အလွန်အဖိုးတန်တဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ ဒါကိုတာဝန်သိ နိုင်ငံသားပီပီ အပ်နှံခဲ့လို့ ဆုငွေချီးမြှင့်ခြင်းဖြစ်ပါတယ်။ ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်"ဟူ၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က ပြောကြားသည်။

# ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်မှုကူညီရန် ဥရောပနိုင်ငံအချို့ လာရောက်လေ့လာ

မေဝင်းမွန်

ရန်ကုန်၊ မေ – ၂၁

ရန်ကုန်မြို့တွင်းရှိပြုပြင်ထိန်းသိမ်းရန်ကျန်ရှိသော ရှေးဟောင်းအဆောက်အုံများကို အင်္ဂလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ နိုင်ငံခြားပညာရှင်များက ကူညီပြင်ဆင်ပေးနိုင်ရေးအတွက် မကြာမီကာလအတွင်းက လာရောက်လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း ရှေးဟောင်းအဆောက်အအုံပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။



ရန်ကုန်မြို့ရှိ နာမည်ကျော်သမိုင်းဝင်လက်ရာတစ်ခုဖြစ်သော ဝန်ကြီးများရုံးအဆောက်အအုံ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"နိုင်ငံခြားအဖွဲ့အစည်းတွေက ဆန်းစစ်လေ့လာမှုတွေကို ဒီနှစ်ပိုင်းကစပြီးတော့ လုပ်နေကြတယ်။ သူ့တို့နိုင်ငံကအလှူငွေတွေနဲ့ဘယ်အဆောက်အအုံကိုပြင်ရင် ကောင်းမလဲဆိုတာကို ဆာဗေးလုပ်နေကြတယ်။ အရင်ဆုံးပြုပြင်ထိန်းသိမ်းပြီးသားဖြစ်တဲ့ အဆောက်အအုံ ငါးလုံးကလွဲလို့ကျန်တဲ့ထဲကပေါ့။ မကြာခင်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု အထက်ပါ တာဝန်ရှိသူက ပြောကြားသည်။

ရှေးဟောင်းအဆောက်အအုံများတွင် ရွှေတိဂုံစေတီတော်မှာ နှစ်ပေါင်း ၂၆၀၀ဖြင့်သက်တမ်းအ ရှည်ကြာဆုံးအဖြစ် ရပ်တည်လျက်ရှိပြီး ကျန်အဆောက်အအုံများမှာ နှစ် ၁၀၀ ကျော်သက်တမ်းရှိအဆောက်အအုံများဖြစ်ကာ အချို့မှာ အသုံးပြုနေဆဲဖြစ်သည်။

ရန်ကုန်မြို့သည်အရှေ့တောင်အာရှဒေသများတွင် ကိုလိုနီခေတ်လက်ကျန် ရှေးဟောင်းအဆောက်အအုံအများဆုံး တည်ရှိရာ နေ ရာတစ်ခုဖြစ်ပြီး လက်ရှိတွင် ရန်ကုန်မြို့၌ ကိုလိုနီခေတ်လက်ရာ အပါအဝင် ရှေးဟောင်း အဆောက်အအုံ ၁၈၉ ခုရှိသော်လည်း တောင်ဥက္ကလာပမြို့နယ်ဘက်မှ ကျောက်စာတိုက် တစ်ခုပြိုကျသွားခဲ့သဖြင့် လက်ရှိ တွင် ၁၈၈လုံးသာ ကျန်ရှိတော့သည်။

၎င်းအပြင် ရန်ကုန်မြို့တွင် ယနေ့အထိ ကျန် ရှိ နေ ဆဲ ဖြစ်သည့်ရှေးဟောင်းလက်ရာမြောက် အိမ်ကြီးများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံဗိသုကာပညာရှင်များက စတင်စာရင်းပြုစုမှတ်တမ်းတင်နေပြီဖြစ်ကြောင်းဗိသုကာပညာရှင်တစ်ဦးကပြောကြားသည်။

## ပြည်ပမိုဘိုင်းဖုန်းများသို့ အခမဲ့သတင်းတိုပို့နိုင်

အောင်သူရ

ရန်ကုန်၊ မေ – ၂၆

ပြည်ပနိုင်ငံတွင်ရောက်ရှိနေသောမိတ်ဆွေများ၏ လက်ကိုင်ဖုန်းများသို့ သတင်းတိုပို့လိုပါက http://www.dailysms.in ဝက်ဘ်ဆိုက် မှ အခမဲ့ပို့၍ ရကြောင်း သတင်းရရှိသည်။

SMS ပို့မည့်သူများအနေဖြင့် http://www.dailysms.in ဝက်ဘ်ဆိုက်အား ဖွင့်ပြီးနောက် Free SMS ကို click လုပ်ပါ။ ထို့နောက် Select Country တွင် မိမိပို့ချင်သော နိုင်ငံအားရွေးချယ်ပြီး ဖုန်းနံပါတ်နေရာတွင် မိမိပို့မည့်သူ၏ ဖုန်းနံပါတ်အား ရိုက်ထည့်ပါ။

ထို့နောက် Type Your Message နေရာတွင် မိမိပို့ချင်သောအကြောင်းအရာအား ရိုက်ပြီးနောက် အောက်ဘက်ရှိ Send ဆိုသော စာသားအား Click နှိပ်လိုက်ပါ။ ထိုကဲ့သို့ ပြုလုပ်ပြီး Sent (သို့မဟုတ်)Pending စာသားပေါ်လာပါက မိမိပို့လိုက်သော SMS မှာ ပို့သူထံသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

သို့သော် စမ်းသပ်သူများ အဆိုအရ ယခင်ကတည်းက မြန်မာနိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံမဆိုအခမဲ့ပို့၍ ရကြောင်းသတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## ၂၀၁၂ မေ ၃၀မှ ဇွန် ၅ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုဖြစ်လာနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ အလယ်ပိုင်းဒေသများကို ဝင်ရောက်နိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်း အနည်းငယ်(၁ ပေမှ ၂ပေခန့်)ရှိနိုင်ပြီး၊ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်(၃ပေမှ ၅ပေခန့်)ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ မေ ၁၈ ရက်မှ မေ ၂၄ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံ တောင်ပိုင်း၊မြစ်ကျွန်းပေါ် ဒေသ များနဲ့ မြေလတ်ပိုင်းဒေသတို့မှာ ၂-၆ လက်မနဲ့ ကျန်ဒေသများတို့မှာ ၀ ဒသမ ၈လက်မမှ ၂လက်မအထိ ရရှိခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ ၅ ရက်မှ ၆ ရက်ခန့်၊ ရခိုင်ပြည်နယ်၊ မန္တလေး တိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ ၃ ရက်မှ ၄ ရက်ခန့်၊ ကျန်ဒေသတွေမှာ ၁ ရက်မှ ၂ ရက်ခန့် နေရာကွက်ကျား ထစ်ချုန်းရွာသွန်းနိုင်ပါ တယ်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင် မှုအခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့် အခြေအနေများ ပိုမိုဖြစ်ထွန်းလာနိုင်ပါတယ်။ တစ်ပြည်လုံးမှာ ၄ ရက်မှ ၅ ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့်အခြေအနေများကို ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းအပြင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန် လိုအပ်ပါမည်။

### နေ့အပူချိန်များ အခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးတိမ်များ ဖြစ်ထွန်းမှု များပြားလာမှုကြောင့် အပူချိန်များ၏ အတက်အကျ ပိုမိုများပြားနိုင်ပြီး၊ အလယ်ပိုင်းဒေသများတွင် ၃၈ ၄၂ °C ခန့်၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ ၃၄-၃၈ °C ခန့်၊ ကျန်ဒေသများမှာ ၂၆ - ၃၀ °C ခန့်မှန်းရပါတယ်။

### မြစ်ရေအခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ရေအနည်းငယ် ပိုမိုမြင့် တက်လာနိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင်အခြေ အနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းတစ်လုံးဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

### အရေးကြီးသောအခြေအနေ

လာမယ့်ရက်သတ္တပတ်အတွင်း မုတ်သုံလေဝင်ရောက်ခြင်းနဲ့အတူ မိုးတိမ်တောင်များရဲ့ အန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်း အချိန်အခါတွေမှာ မိုးတိမ်တောင်များကြောင့်မိုးကြိုးပစ်ခြင်း၊မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကို ကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။ မုတ်သုံလေဝင်ရောက်ပြီး ရက်သတ္တတစ်ပတ်ခန့်အကြာမှာ မိုးထစ်ချုန်းမှုတွေ လျော့နည်းသွားပါလိမ့်မယ်။

**ဒေါက်တာထွန်းလွင်**

# ဆန္ဒပြပွဲတွေ ပိုပြီးများလာနိုင်တယ်

## လှိုင်သာယာစက်မှုဇုန်မှ လုပ်ငန်းရှင်ကြီးတစ်ဦးနှင့် တွေ့ဆုံခြင်း

**ပြည်သိမ်း၊ အေးမြတ်သူ**

လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံအပါအဝင်အလုပ်သမားအခြေခံသည့် စက်ရုံများမှ ဆန္ဒပြပွဲများမှာ တစ်နေ့တခြား တိုးပွားလာခြင်းနှင့်အတူ အခြေခံလစာတိုးမြှင့်ရရှိရန်၊ လုပ်ငန်းခွင်အခြေအနေ တိုးမြှင့်ပေးရန် တောင်းဆိုသံများ အသီးသီးထွက်ပေါ်လာသည်။ လုပ်ငန်းရှင်များဘက်ကလည်း အလုပ်သမားများ တောင်းဆိုမှုတချို့တစ်ဝက်သာ လိုက်လျောမှုများရှိသည်။ အလုပ်သမားများကလည်း ယင်းအခြေအနေကိုမကျေနပ်၍ ဆက်လက်ဆန္ဒပြနေကြသည်။ အလုပ်ရှင်နှင့်အလုပ်သမားများကြား လက်ရှိညှိနှိုင်းဆောင်ရွက်နေမှုများကို 7 Day News ဂျာနယ်မှ လှိုင်သာယာစက်မှုဇုန်ကုန်ထုတ်လုပ်ငန်းရှင်ကြီးတစ်ဦးအား တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**စက်မှုဇုန်တွေမှာ ဆန္ဒပြမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ တောင်းဆိုမှုတွေက နှစ်ဖက်ညှိလို့မရဖြစ်နေတော့ ဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင် စက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ဘာများ အကြံပြုပြောချင်ပါသလဲ။**

အလုပ်ရှင်နဲ့အလုပ်သမားကတော့ ဒီလိုပဲဖြစ်နေကြတာပဲ။ မနှစ်ကလည်း လစာတိုးပေးဖို့ ဆန္ဒပြတောင်းဆိုတာတွေ ရှိတယ်။ နှစ်ဖက်ညှိနှိုင်းလိုက်တဲ့ အခါမှာ နောက်ပိုင်းပြေလည်သွားတယ်။

အခုကိစ္စမှာလည်း ဒီလိုတောင်းဆိုတာမျိုးထက် လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဆင့် လွှတ်တော်မှာ တင်ပြတောင်းဆိုသင့်တယ်။ စီတန်းဆန္ဒပြခွင့်နှင့် ပတ်သက်ပြီးတော့လည်း နည်းဥပဒေမထွက်သေးတော့ အခုလိုလုပ်တာမကောင်းဘူး။ အလုပ်သမားတွေဘက်က သူတို့ တောင်းဆိုတာ တောင်းဆိုခွင့် ရှိတယ်။ တည်ဆဲဥပဒေအရ ပိုင်ရှင်မပေးနိုင်ရင် အလုပ်က နုတ်ထွက်သွားလို့ရတယ်။ အလုပ်သမားတွေက အရမ်းလွှတ်တောင်းနေရင် စက်ရုံပိတ်ရတာတွေဖြစ်လာနိုင်တယ်။ အရင်ကလည်း စက်ရုံပိတ်ခဲ့ရတာတွေ ရှိတယ်။ ဒါကြောင့် လစာတိုးပေးဖို့ တောင်းဆိုတဲ့အခါမှာဆိုရင် နည်းနည်းနဲ့ ဖြည်းဖြည်းမှန်မှန်ပဲ တိုးတောင်းသင့်တယ်။ ကိုယ်လိုတာကို တစ်ခါတည်းတောင်းဆိုတာထက် အရင်တစ်ဆင့်ပြီး တစ်ဆင့်တိုးပြီး တောင်းဆိုတာ ပိုကောင်းပါတယ်။

**အခုဆန္ဒပြပွဲတွေမှာ ကြားကအဖွဲ့အစည်းတွေဝင်ရောက်ဆောင်ရွက်ပေးနေတာကိုရော လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ဘယ်လိုမြင်လဲ။**

သူတို့တွေကလည်း ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် ဝင်ဆောင်ရွက်ပေးတယ်။ စည်းကမ်းရှိရှိလုပ်ဖို့လိုတာကို သူတို့လည်း သိပါတယ်။ အရင်က အလုပ်သမားတွေဖြစ်ခဲ့တာ အပြင်ကမသိဘူး။ လှိုင်သာယာမှာဆို စက်ရုံပိုင်ရှင်တွေကို မလေးမစားလုပ်ပြီး စက်ရုံအတွင်းက ပစ္စည်းတွေကို ဖျက်ဆီးတာတွေရှိတယ်။ မှန်ကို ထုခွဲတာတွေ မီးချောင်းတွေ ရိုက်ချိုးတာတွေရှိတယ်။ ဒီလို ကြမ်းတဲ့လူတွေကို သက်ဆိုင်ရာက ဖမ်းမှပဲ နည်းနည်းငြိမ်သွားတယ်။ အခုဟာက လိုချင်တာပဲ တောင်းပြီး အကြမ်းဖက်မှုမဖြစ်အောင် စည်းကမ်းရှိရှိလုပ်ကြတယ်။

**အလုပ်သမားဆန္ဒပြပွဲတွေက အစိုးရသစ်လက်ထက်မှာ များလာတယ်။ အရင်အစိုးရလက်ထက်မှာရော ရှိခဲ့လား။**

အရင်အစိုးရလက်ထက်မှာလည်း ဆန္ဒပြပွဲတွေရှိတယ်။ ဒါပေမဲ့ တပ်မတော်အစိုးရဆိုတော့ စက်ရုံပြင်ပကို ထွက်လို့မရဘူး။ ထွက်ခွင့်လည်းမပေးဘူး။ စက်ရုံဝင်းအတွင်းမှာပဲ အလုပ်မလုပ်ဘဲ ထိုင်နေကြတယ်။ အပြင်ကို ထွက်ရင်လည်း အိမ်တန်းပြန်ရတယ်။ အပြင်မှာက ရဲကားတွေ အခန့်သင့်စောင့်နေတယ်။ အတွင်းမှာပဲ အလုပ်ရှင်နဲ့ အလုပ်သမားတွေနဲ့ ကြားက အဖွဲ့အစည်းတွေနဲ့ ညှိရတယ်။ အခုအစိုးရသစ်လက်ထက်မှသာ ပြင်ပကိုထွက်ပြီး ဆန္ဒပြခွင့်ရတာ။ ဆန္ဒပြပွဲတွေက အရင်ကဆို ဇွန်၊ ဇူလိုင်လောက်မှ ပေါ်တာများတယ်။ ဒီနှစ်ကတော့ မေမှာကတည်းက စနေပြီဆိုတော့ ပိုပြီးများနိုင်တယ်။ ဒီမိုကရေစီအစိုးရဆိုတော့ လွတ်လွတ်လပ်လပ် ဆန္ဒဖော်ထုတ်ခွင့်ရတာလည်း ပါတာပေါ့။

**အစိုးရဝန်ထမ်းတွေလို ဆန္ဒပြဝန်ထမ်းတွေ အခြေခံလစာကို တောင်းဆိုကြတယ်။ ဒါတွေကို ပြုပြင်ဖို့ကိုရော ဘယ်လိုများ လုပ်သင့်ပါသလဲ။**

အထည်ချုပ်စက်ရုံတွေက အခြားသော ထုတ်ကုန်လုပ်ငန်းလုပ်တဲ့ စက်ရုံတွေနဲ့ သဘာဝခြင်းမတူဘူး။ အခြားစက်ရုံတွေက လစာကို ၅၀,၀၀၀၊ ၁၀၀,၀၀၀ အပြတ်ပေးထားတယ်။ သူက မီးလာလို့ မလုပ်ရရင်လည်း ထိုင်နေရင်လည်း ရတယ်။

**စာ(၁၉)သို့**

# ထိုင်းနိုင်ငံတွင် ပထမဆုံး မြန်မာစာသင်ကျောင်းဖွင့်လှစ်

**အေးမြကျော်**

**ရန်ကုန်၊ မေ - ၁၄**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် အလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများ ပညာရေးအတွက် ရည်ရွယ်၍ ကျောင်းသားဦးရေ ၅၀၀ အထိ လက်ခံသင်ကြားနိုင်သော မြန်မာစာသင်ကျောင်းတစ်ခုကို ယခုလ ၉ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင်၊ တကွာပါမြို့နယ်ရှိ ခီးခပ်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင်အတွင်းတွင် ရောက်ရှိအလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအတွက် အဓိက ရည်ရွယ်ဖွင့်လှစ်သည့် စာသင်ကျောင်းဖြစ်ပြီး ဖန်ငခရိုင်အခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (The Foundation for Education and Development)က ဆောက်လုပ်ဖွင့်လှစ်ပေးသော မြန်မာစာသင်ကျောင်းဖြစ်သည်။



**ထိုင်းနိုင်ငံ၏ပထမဆုံး မြန်မာစာသင်ကျောင်း**

"ကျွန်တော်တို့ကျောင်းမဖွင့်ခင်ကဆိုရင် ကလေးတွေဟာ မိဘတွေ အလုပ်လုပ်နေတဲ့ ပန်းရန်၊ ရာဘာခြံနဲ့ ငါးဖမ်းလှေတွေပေါ်မှာ ကလေးအလုပ်သမားဘဝနဲ့ ဖြတ်သန်းနေကြရပါတယ်"ဟု ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာဦးထူးချစ်ကပြောကြားသည်။ ဖွင့်လှစ်လိုက်သော စာသင်ကျောင်းတွင် သင်ရိုးညွှန်းတမ်းအနေနှင့် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေသိပ္ပံတို့ကို မြန်မာစာသင်ကျောင်းများ၏ သင်ရိုးညွှန်းအတိုင်း သင်ကြားသွားမည်ဖြစ်ပြီး အင်္ဂလိပ်စာတွင် ဗြိတိန်နိုင်ငံ Let's go seriesကိုသူငယ်တန်းကတည်းက စတင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဦးထူးချစ်က ပြောကြားသည်။

အဆိုပါစာသင်ကျောင်းတွင် သင်ရိုးညွှန်းများကို မြန်မာဆရာ၊ ဆရာမများက အများဆုံးသင်ကြားပေးသွားမည်ဖြစ်သည်။ ထိုင်းသင်ခန်းစာများကို ထိုင်းဆရာများနှင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် ကွန်ပျူတာ အသုံးပြုနည်းများကို လာရောက်သင်ကြားပေးမည့်စေတနာ့ဝန်ထမ်း နိုင်ငံခြားသားဆရာများလည်းရှိကြောင်း ဦးထူးချစ်ကပြောသည်။ အဆိုပါကျောင်းကို ငါးဧကခန့်ကျယ်ဝန်းသောမြေနေရာတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ကျောင်းသား ၅၀၀အထိ လက်ခံသင်ကြားပေးနိုင်ကာ မူကြိုအရွယ်ကလေးငယ် ၅၀ခန့် ထိန်းကျောင်းပေးနိုင်မည့် မူကြိုကျောင်းခန်းတစ်ခုလည်းပါဝင်သည်။ ကလေးများအတွက် ပညာရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုပါပေးသွားရန် စီစဉ်လျက်ရှိကြောင်း ဖောင်ဒေးရှင်းမှ သိရသည်။

ထို့အပြင် ယခုနှစ်အတွင်းတွင် ရပ်ဝေးမှ မြန်မာအလုပ်သမားများ၏ ကလေးများ ကျောင်းအိပ်၊ကျောင်းစားနေထိုင်ကာပညာသင်ကြားနိုင်ရန်အတွက် ကျောင်းသားဦးရေ ၅၀ဆံ့ ဘော်ဒါဆောင်တစ်ခုကိုလည်း ဆောက်လုပ်သွားရန် စီစဉ်နေကြောင်း ယင်းဖောင်ဒေးရှင်းမှသိရသည်။

"မိဘတွေ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားရင်လည်းကလေးတွေအနေနဲ့ကျောင်းဆက်တက်နိုင်အောင် ရည်ရွယ်တာပါ"ဟုဦးထူးချစ်ကပြောသည်။

ထိုင်းနိုင်ငံသည်မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ ရောက်ရှိအလုပ်လုပ်နေသော အိမ်နီးချင်းနိုင်ငံဖြစ်ပြီး အလုပ်သမားအရေအတွက် နှစ်သန်းကျော်ရောက်ရှိအလုပ်လုပ်ကိုင်နေကြောင်း အလုပ်သမားများကို အကူအညီပေးနေသော အဖွဲ့အစည်းများထံမှသိရသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ လွင့်ပျံ့နေဦးမည်

ချမ်းငြိမ်း


**ကမ္ဘာအရပ်ရပ်တွင် ဆင်းရဲမွဲတေမှုကို အလျင်အမြန်ပပျောက်စေလိုလျှင်၊ အတိဒုက္ခရောက်ရန် ကြုံနေရသော အခြေအနေဆိုးသည့် ဘ၀က လွတ်မြောက်စေလိုလျှင် ပညာရေးကိုသာ အထူးအလေးပေးမြှင့်တင်ကြရမည်။**
**(ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်)**

(၁)

ရေ၀တီမြစ်၀ကျွန်းပေါ် အစွန်အဖျား ရွာလေးတစ်ရွာတွင် သားသမီးလေးယောက်ရှိသော မုဆိုးမလယ်သူမကြီးတစ်ဦးရှိပါသည်။ လယ်သူမဟုဆိုရသော်ငြား ကိုယ်ပိုင်လယ်မရှိ၍ သူရင်းငှားအဖြစ် လုပ်ကိုင်ရသော လယ်သူမမျိုးသာဖြစ်ပါ၏။ ရပ်ထဲရွာထဲ နေစရာ အိမ်ဝိုင်းမရှိ၍ ရွာပြင်ထွက် လယ်ကန်သင်းရိုးပေါ် တဲထိုးနေကြရပါသည်။ သူတို့မိသားစုတွင် အငယ်ဆုံးကလေးမှာ နှစ်နှစ်ခွဲ သုံးနှစ်မျှသာရှိသေးပြီး အကြီးဆုံးသမီးကြီးမှာ ဆယ်နှစ်သာသာရှိသေးသည်။ လယ်ယာလုပ်ငန်းခွင်ရှိနေစဉ်အတွင်း သူရင်းငှားအလုပ်ဖြင့် အ တန်ငယ် အသက်ရှူချောင်သော်လည်း လယ်ယာလုပ်ငန်းခွင်ပြီးဆုံးပါက သူတို့မိသားစုလေးမှာ စားဖို့သောက်ဖို့ အခက်ခဲကြုံရလေသည်။ ဒါကလည်း တစ်နှစ်မဟုတ်၊ နှစ်နှစ်မဟုတ်. . .၊ ထိုအခါမျိုးတွင် ရွာထဲကြုံရာကျပန်းလုပ်ကြရသည်။ ဒေသအခေါ်ကတော့ယင်းအလုပ်မျိုးကို ‘ဘောက်’ လုပ်သည်ဟုဆိုကြ၏။ သို့ပေမဲ့ အလုပ်အကိုင်ရှားပါးသော ရွာသိမ်ရွာငယ်လေးမို့ တစ်ခုခုခေါ်ခိုင်းစေလိုသော်လည်း လုပ်စရာအလုပ်က သိပ်မရှိလှ၊ တစ်ခုခုခေါ်ခိုင်းတာကိုပင် ကျေးဇူးတင်ရသည်။ ဒါမှဆန်ကလေးဆီကလေး ၀ယ်နိုင်မည်။ ဗိုက်ဆာ၍ ငိုယိုနေသော အငယ်ဆုံးကလေးကို တစ်ခုခုကျွေးနိုင်မည်။ အကယ်၍ နှစ်ရက်သုံးရက်ဆက်၍ အလုပ်မရှိပါက ဒုက္ခရောက်တော့သည်။ မိသားစုစားစရာဆန်လေးကို အလုပ်ပေါ်ပါက အလုပ်ကြွေးဖြင့် ပေးဆပ်ရန် တောင်းပန်တိုးလျှိုးပြီး ချေးငှားရသည်။ ဖန်တီးရသည်။ သည်လိုနဲ့ အကြွေးတင်ခဲ့သော အလုပ်တစ်ခုခုကို နောက်တစ်နေ့ လုပ်အားဖြင့် ပြန်လည်ဆပ်ရပါက လုပ်ခမရတော့၊ ဆိုရလျှင် စားစရာဆန်မရတော့၊ ထိုနေ့စားဖို့ဆန်ကို ရွာထဲလှည့်ကာ ချေးရပြန်သည်။ ရသည့်နေ့မှာ ချက်ပြုတ်ခွဲဝေစား၊ မရသည့်နေ့မှာလက်ကျန်ဆန်လေးပြုတ်ကာ တစ်ယောက်တစ်ဇွန်း၊ တစ်ယောက်တစ်ဖတ် ၀ေမျှစားရသည်။ သည်လိုမိသားစုမျိုးတွင် ‘ပညာရေး’ ဆိုတာမတွေးအား၊ နောက်နေ့၊ နောက်တစ်နေ့တွေမှာ စားဖို့သောက်ဖို့ မတွေးအား၊ လက်ရှိတစ်နေ့တာ၀မ်းရေး၊ တစ်နေ့တာ အသက်ဆက်ရေးကိုသာ ပူပန်လုံးပန်းနေရသည်။ အလတ်ကောင် ငါးနှစ်ပြည့်သွားသော်လည်း ကျောင်းမထားနိုင်သေး၊ အကြီးကောင် ရှစ်နှစ်ပြည့်သွား သော်လည်း ပညာမသင်ပေးနိုင်သေး၊ အကြီးမ ဆယ်နှစ်ကျော်ကျော်ကတော့ ခိုင်းလို့ပြုလို့ ရလေပြီ။

မြန်မာပြည်တစ်၀န်း နေရာတော်တော်များများတွင် ထိုလယ်သူမကြီးမိသားစုလို သူတို့ဘ၀တွေလို ဘ၀ပေါင်း မြောက်မြားစွာ ရှိပါသည်။ အညာဒေသ ရွာကလေးတွေမှာ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲဝေးလံသော တောင်ပေါ်ဒေသအချို့မှာ ထိုသို့သော မိသားစုလေးတွေ ထောင်သောင်းမကရှိပါ၏။ ကျောင်းနေအရွယ်တိုင်း မူလတန်းပညာ သင်ကြားနိုင်ရမည် ဆိုသော်ငြား၊ အခမဲ့ ပညာရေး စနစ်ရှိသည်ဆိုသော်ငြား ပညာရေးနှင့် အလွန်အလှမ်းဝေးနေသော ဆင်းရဲနွမ်းပါးသည့် မိသားစုများ မြန်မာပြည်အနှံ့ မြင်တွေ့နိုင်ပါသည်။ ပိုပြောခြင်း မဟုတ်ပါ။

စာ(၁၁)သို့





## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ကျော်စံကေး ကင်ပွန်းချဉ်ကြော်



ဒီတစ်ပတ်ဝိုက်ဖီက တောဟင်းလေးတစ်ခွက် ချက်ထားပါတယ်။ တောဟင်းလို့ပြောရတာက စားဖားအသေးတစ်မျိုးဖြစ်တဲ့ ကျော်စံကေးကို ပုံစံမျိုးစုံနဲ့ ခုလိုမိုးဦးရာသီ ကြော်ချက်စားကြတာကတော့ ဓလေ့တစ်ခုလိုပါပဲ။

ဒီဟင်းလေးချက်ဖို့ ကျော်စံကေး (၁၀)ကျပ်သားနဲ့ ကင်ပွန်းချဉ်ရွက်နွှင်ပြီးသား ငါးကျပ်သားလောက်ပဲလိုတာပါ။

ဈေးကနေ အကောင်လိုက်ဝယ်လာတဲ့ ကျော်စံကေးလေးတွေကို ဗိုက်ခွဲ၊ ဗိုက်ထဲက ကလီစာတွေ ဖယ်ထုတ်ပြီး ရေနွေးဖျောပါမယ်။ ရေနွေးဖျောပြီး အရေခွံပေါ်က အရိအခွဲတွေကို ဓားနဲ့ခြစ်ထုတ်ဖယ်ပစ်ပါမယ်။ ပြီးရင် နှုတ်သီးဖျားနဲ့ ခြေလက်အဖျားတွေ ဖြတ်ထုတ်ပြီး၊ စဉ်းတီတုံးပေါ် တင်နုတ်နုတ်စင်းပါမယ်။

ကြက်သွန်ဖြူနီနဲ့ ငရုတ်သီးခွဲခြမ်းကို ဆီသတ်ပြီး အဲဒီအထဲကို ခုနကဖားစင်းကောလေးထည့်မွှေပါ။ ဆီပြန်ရင် ရေလေးပါရုံထည့်ပြီး နူးရေထွက်အောင်ခဏထားပြီးမှ နွှင်ပြီးသားကင်ပွန်းချဉ်ရွက်တွေထည့်အုပ်လိုက်ပါ။ ဆီပြန်ပြီး မွှေးနေအောင် မွှေပြီး မီးဖိုပေါ်က ချလို့ရပါတယ်။

ဒီတစ်ပတ် ဝိုက်ဖီရဲ့ ဖားချဉ်စပ်ကြော်လေးကို စမ်းပြီးချက်ပြုတ်စားသုံးကြပါဦးလို့ ပြောပါရစေ. . ။

## ဈေးဝယ်ထွက်မယ်

# မိုးရေအစိုခံနိုင်တဲ့ အမျိုးသားစီး ဖိနပ်မျိုးစုံ ဝယ်နိုင်မယ့်နေရာ

မေပယ်လ်

ယခုရက်ပိုင်းတွေမှာ မိုးကနေ့စဉ်ဆိုသလိုရွာလာတာကြောင့် မိုးရာသီနဲ့သင့်တော်မယ့်ဖိနပ်တွေကို ရွေးချယ်ဝတ်ဆင်ဖို့လိုအပ်လာပါပြီ။ အမျိုးအစားကောင်းပြီး ဒီဇိုင်းလှလှတွေ ရွေးစရာများတဲ့ အမျိုးသားစီးဖိနပ်တွေချည်းပဲ သီးသန့်ရောင်းတဲ့ဆိုင်ကို ဒီတစ်ပတ်အတွက် ဈေးဝယ်ထွက်ဖို့ရွေးချယ်ထားပါတယ်။

ထိုင်းနိုင်ငံကထုတ်လုပ်တာဖြစ်ပြီး ရေစိုခံတဲ့အတွက် မိုးရေထဲမှာစီးတဲ့အခါ သက်သောင့်သက်သာလည်းဖြစ် စတိုင်လည်းတစ်မျိုးဆန်းမယ့်ဖိနပ်တွေဖြစ်ပါတယ်။ ခြေညှပ်ကြိုက်သူတွေ၊ ကွင်းထိုးအစွပ်ပုံစံကြိုက်သူတွေ စိတ်ကြိုက်ရွေးချယ်နိုင်မယ့် ဒီဇိုင်းအမျိုး ၅၀ လောက်ရှိတဲ့အပြင် ရှူးဖိနပ်ပုံဆန်းလေးတွေလည်းရှိပါတယ်။ အမျိုးသားကြီးငယ်မရွေး အရွယ်စုံနဲ့သင့်တင့်တဲ့ဒီဇိုင်းတွေရှိတာကြောင့် တစ်နေရာထဲနဲ့ဝယ်ယူလို့ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဖိနပ်ဈေးနှုန်းတွေက အမျိုးအစားနဲ့ပုံစံအလိုက် ၆၉၀၀ ကျပ်ကနေ ကျပ် ၁၆၀,၀၀၀လောက်အထိသတ်မှတ်ထားတယ်လို့ဆိုပါတယ်။

ပစ္စည်းကောင်းကြိုက်တဲ့အမျိုးသားတွေ၊ နေရာစုံမှာဖိနပ်လိုက်ရှာပြီးမဝယ်ချင်တဲ့အမျိုးသားတွေအတွက် အဆင်ပြေမယ့်နေရာကတော့ Casual အမှတ်တံဆိပ်ဖိနပ်တွေ သီးသန့်ရောင်းချပေးတဲ့ Capital Hyper Mart ပထမထပ်မှာ ဖွင့်လှစ်ထားတဲ့ Casual Shoe Box ပဲဖြစ်ပါတယ်လို့လမ်းညွှန်ပေးလိုက်ပါတယ်။









ဓာတ်ပုံ-ဇေယျမောင်မောင်(အမရပူရ)

7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012






# ရေချိုရေအေး ကမ်းပေးကြပါ

**သန်းဌေး**

သောက်ရေပုံး ရောင်စုံလေးတွေ ကိုယ်စီကိုင်ကာ ကလေး၊လူကြီးအရွယ်စုံတို့ တန်းစီစောင့်မျှော်နေကြသည်။ သူတို့အားလုံးမှာ အလှူရှင်သောက်ရေကားများ လာမည့်လမ်းမဆီသို့လည်တဆန့်ဆန့်ဖြင့် မျက်နှာမူထားကြ၏။

ယခုနောက်ပိုင်းနှစ်များတွင် နွေရာသီရောက်တိုင်း ဒီလိုမြင်ကွင်းများက ရန်ကုန်မြို့ ပြင်ပမြို့နယ်များတွင် တွေ့ကြရသည်။ အထူးသဖြင့် မြို့ပေါ် နှင့် အလှမ်းကွာဝေးသော ကျေးလက်များတွင် သောက်ရေဒုက္ခပိုဆိုးသည်။ မိုးရေကိုကန်များဖြင့် လှောင်ကာသောက်ကြရသောကြောင့် မိုးနောက်ကျသော နှစ်များတွင် သောက်ရေအလှူရှင်များကိုသာ အားကိုးကြရသည်။

**တစ်ဖက်သို့**






7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## ရေချိုရေအေး ကမ်းပေးကြပါ မှ

နွေရာသီ အပူချိန်မြင့်မားသောကြောင့် သောက်ရေကန်များ ခန်းခြောက်ကာ မုတ်သုံမိုးနောက်ကျသောနှစ်များ ဆက်တိုက်ဖြစ်ပေါ်လာ၍ သောက်ရေဒုက္ခမှာပြဿနာကြီးတစ်ခုဖြစ်လာကြသည်။ ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ်များဖြစ်သော သုံးခွ၊ ဒလ၊ ကော့မှူးနှင့် ကွမ်းခြံကုန်း မြို့အတွင်းရှိ ကျေးရွာများတွင် သောက်ရေပြတ်လပ်မှု ကြုံတွေ့နေရသည်။

"ရေတွင်းတူးရင် ရေထွက်တယ်။ ကြည့်လိုက်ရင်တော့ ကြည်ပြီးဖြူနေတာ၊ ဒါပေမဲ့ ရေပေါ့တွေဖြစ်နေတယ်။ သောက်လို့မရဘူး။ သုံးရေအတွက်ပဲရတယ်"ဟု သုံးခွ မြို့နယ်မှ သောက်ရေနှင့် အဝီစိရေတွင်းတူးဖော်လှူဒါန်းရာတွင် လုပ်အားပေးနေသော ဦးမြင့်အောင်ကပြောသည်။

အဆိုပါ ရေတွင်းများမှ ထွက်ရှိလာသော ရေများအားလုံးသောက်လို့ရပါက ယခုကဲ့သို့ အခက်အခဲများ ကြုံတွေ့ရတော့မည်မဟုတ်ကြောင်း သုံးခွမြို့ ဒေသခံတစ်ဦးကလည်းပြောသည်။

သုံးခွမြို့နယ်အတွင်းရှိမုတ္တမပင်လယ်ကွေ့အနီးကျေးရွာပေါင်း ၂၀ ကျော်တွင် ပေ ၆၀၀ နီးပါးတူးထားသည့် ၂ လက်မအကျယ် အဝီစိရေတွင်း ပေါင်း ၁၄ တွင်းအား စေတနာရှင်များက ယခုနှစ်တွင် တူးဖော်လှူဒါန်းထားကြသည်။ အဆိုပါကျေးရွာများတွင် ကလေးလူကြီး စုစုပေါင်းတစ်သောင်းကျော် နေထိုင်ကြသည်။

အလားတူ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင်လည်း အဝီစိတွင်းများ တူးဖော်လှူဒါန်းမှုရှိကြသည်။ သို့ရာတွင် သုံးခွမြို့နယ်ကျေးရွာများနည်းတူပင် ရေပေါ့များသာ ထွက်နေသည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းတစ်ဖက်ကမ်းရှိ ဒလမြို့တွင်လည်း ၎င်း နည်းတူပင် ရေချိုရရှိမှုပြဿနာ ကြုံတွေ့နေရခြင်းဖြစ်သည်။

"ဒလက ရန်ကုန်မြို့ကြီးရဲ့ တစ်ဖက်ကမ်းမှာတင်ရှိပြီး သောက်ရေပြဿနာ နှစ်တိုင်းကြုံနေရတယ်။ သောက်ရေကန်တွေကလည်း ခန်း၊ မိုးကလည်း ကောင်းကောင်း မရွာသေးရင် သောက်ရေအလှူရှင်တွေကိုပဲ မျှော်နေရပြီ။ ဟိုးအရင်တုန်းကတော့ အစိုးရက သောက်ရေတင်သင်္ဘောကြီးတွေနဲ့ လာပေးဖူးတယ်။ အနှစ် သုံးလေးဆယ်တုန်းကပေါ့ဗျာ"ဟု အသက်(၅၀)အရွယ် ဒလမြို့နေ အမျိုးသားကြီးတစ်ဦးကပြောသည်။

အင်န်ဂျီအိုတစ်ခုဖြစ်သော AMI မှ ဒလမြို့တွင် ကွန်ကရစ်မိုးရေလှောင်ကန် ၇၀ ကျော် တည်ဆောက်ပေးထားသော်လည်း မိုးကောင်းကောင်း မရွာသေး၍ သောက်ရေအလှူရှင် လိုအပ်နေသေးကြောင်း ဒေသခံများက ပြောသည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းမှ ဒလမြို့တစ်ဖက်ကမ်းသို့ ရန်ကုန်မြစ်အား ကန့်လန့်ဖြတ်၍ ရေပိုက်လိုင်းကြီးတစ်ခု သွယ်တန်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်ပါက ဖြစ်နိုင်ခြေရှိကြောင်း ဒလမြို့ သမ္မတကမ်းခြေမှ ဦးထွန်းရင်ကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်နှင့် ဒလကို ဥမင်လိုဏ်ခေါင်းတစ်ခု ဆက်သွယ်ရန်လည်း စီစဉ်နေရာ ၎င်းဥမင်အတွင်း သောက်ရေပိုက်တစ်ခု ထည့်သွင်းပေးပါကလည်း အဆင်ပြေနိုင်ပေမည်။

ဆောင်းတွင်းကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း ရေချိုချိန်၌ မိုးရေလှောင်ကန်များအတွင်းသို့ ရေစုပ်စက်ဖြင့် မောင်းသွင်းပြီး အနည်ထိုင်ကာ သောက်ကြသည်။ ရန်ကုန်မြစ်သည် ပင်လယ်ဝနှင့်တိုက်ရိုက်ဆက်နေသောကြောင့် ရေငန်များနှင့် ပြည့်နေခြင်းဖြစ်သည်။ မိုးရာသီတွင် မိုးရေများမြစ်အတွင်း ရှိနေသောကြောင့် အထက်ပါအတိုင်း လုပ်ဆောင်ခဲ့ကြောင်း ဒလမြို့မှ အမျိုးသားကြီးတစ်ဦးက ပြောသည်။ ထိုသို့လုပ်ဆောင်ရင်း ၁၉၈၆ ခုနှစ်တွင် မသန့်ရှင်းသော သောက်ရေများကြောင့် ဒလမြို့တစ်မြို့လုံး ဝမ်းပျက်ဝမ်းလျှော ခံစားခဲ့ရဖူးကြောင်းလည်း သိရှိရသည်။

ဒလမြို့ပေါ် ၂၃ ရပ်ကွက်နှင့် တွံတေးမြို့မှ ၃၂ ရွာကို ၂၃ ရပ်ကွက်အဖြစ် ပေါင်းလိုက်သောကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာပေါင်း၄၆ရပ်ကွက်ရှိသည်။ မြို့ပေါ်တွင်နေထိုင်သူများမှာသောက်ရေသန့်ကို ဝယ်သောက်ကြသော်လည်း ကျေးရွာများမှာ သောက်ရေအခက်အခဲ ဖြစ်နေကြရသည်။

"ရန်ကုန်မြို့ စတည်ကတည်းက ကျောက်လွှာတွေက အထပ်လိုက်ဖြစ်နေပြီး တွန့်ခေါက်နေတဲ့ကြားထဲမှာ ရေချိုတွေက ရှိနေတာ။ ရေပေါ့ဆိုတာ ရေချိုပါပဲ။ သူတို့ကို တူးပြီး ရေပန်းဖွားအနေနဲ့ လေထဲက ကျလာတာကို အောက်မှာ ကျောက်ခဲတစ်ထပ်၊ မီးသွေးတစ်ထပ်ခံပြီး သောက်ရင် ရေချိုဖြစ်ပြီ" ဟု ဒဂုံတက္ကသိုလ်မှ ဘူမိဗေဒပညာရှင်ဦးစိုးသိန်းက ပြောသည်။

ထိုသို့လုပ်ဆောင်နိုင်လျှင်ဖြင့်နှစ်စဉ်ကြုံတွေ့နေရသောသောက်ရေပြတ်လပ်မှု ဒုက္ခဘေးမှ ကင်းဝေးကြရပေတော့မည်။ နှစ်စဉ်နွေရာသီရောက်တိုင်း ရေပုံးရောင်စုံလေးများကိုင်ကာ ရေချိုရေအေးအလှူရှင်များကို တန်းစီစောင့်ဆိုင်းနေရသောဒုက္ခဆင်းရဲမှလည်း သက်သာရာ ရရှိပေတော့မည် ဖြစ်ပါသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ခန္ဓာငါးပါး ကမ်းနားသစ်ပင် ဆွဲမိလျှင် ...

ရေနစ်တဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ ရေမျောတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ အဆွဲမှားပြီး သစ်ကိုင်းခြောက်ကို ဆွဲမိရင် ပြုတ်ကျတာပဲ။ ရေမျောလာတဲ့ပုဂ္ဂိုလ်လည်း ထို့အတူပဲ၊ မိရာ ဖမ်းဆွဲသော်ငြားလည်း သစ်ပင်မခိုင်လို့ရှိရင် ဒီသစ်ပင်က ဆွဲတဲ့လူကိုပြန်ပိတယ်။ ဗုဒ္ဓဘုရားရှင်က ဒကာ၊ ဒကာမတို့ဖြစ်စဉ်ဟာ ဆရာကောင်း သမားကောင်း မတွေ့မကြုံခဲ့ရင် စွဲမိစွဲရာ လမ်းမိလမ်းရာ ဆိုသလို စွဲလမ်းမှုတွေနဲ့အချိန်ကုန်ပြီး နေကြမယ်ဆိုရင် သူတို့ ဆွဲကိုင်ရာ နဲ့ သူတို့ပိပြီး သူ-တို့ပဲ ဒုက္ခရောက်မယ်လို့ ဟောကြားတော်မူတယ်။ အခု လူ့ဘဝထဲ မျောလာတာ ဆုတောင်းနဲ့ မျောလာခဲ့ကြခြင်းဖြစ်တယ်။ ဆုတောင်းဆိုတာ တဏှာဖြစ်တယ်။ တဏှာရေနဲ့ မျောလာကြတဲ့ လူ့ဘဝမှာ လူဖြစ်လာကြပြန်ပြီဆိုတော့ အားကိုးတွေ ရှာကြတယ်။ အဲဒီ အားကိုးတကြီး ရှာမိ၊ ဆွဲနေမိတဲ့၊ ငင်နေမိတဲ့ဟာတွေဟာ အနိစ္စလို့ မမြင် တော့ ဆွဲလိုက်မိကြတာပေါ့။ ဆွဲမိတဲ့အခါ ပြုတ်ကျတယ်။ ပြုတ်ကျတဲ့အ ခါ ဆွဲမိတဲ့ပုဂ္ဂိုလ်မှာ အပိခံလိုက်ရတယ်။ ပိတဲ့အခါ မျောရုံမကဘဲ မြုပ်တဲ့အထိဖြစ်သွားပါတော့တယ်။ ဒါကြောင့် သံသရာကျင်လည်ရတဲ့၊ သံသရာရေထဲ မျောနေတဲ့ပုဂ္ဂိုလ် ဘယ်ရောက်သွားကြပါလိမ့်လို့ ပြန်ကြည့်ရင် သံသရာမှာ မြုပ်သွားတာပဲ ဖြစ်တယ်။

မျောနေတဲ့အထဲမှာ အားကိုးလွဲပြီး ဆွဲလိုက်ပြန်လို့ အဲဒီပုဂ္ဂိုလ်ကိုပဲ ပိပြီး၊ အဖိခံရ၊ အမြုပ်ခံရဖြစ်မှာ စိုးရိမ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက တရားထူးတရားမြတ်တွေကို ဟောကြားဆုံးမတဲ့အခါ ငါပစ်ထားရင် မြုပ်ချေသေးရဲ့၊ အားကိုးတဲ့ ဆွဲမိဆွဲရာတွေဟာ အနိစ္စအမျိုး ကမ်းနားသစ်ပင်မျိုးလို့ မှတ်ယူ၊ လောကကြီးမှာ ခိုကိုးရာ၊ အားထားရာ၊ ကိုးစားရာ၊ ဆွဲကိုင်စရာမရှိဘူးလို့ဆိုတယ်။ လောကအပြင်ဘက်မှာတော့ နိဗ္ဗာန်သာလျှင် နိစ္စနိဗ္ဗာန်မို့ ခိုင်တယ်၊ မြဲတယ်၊ ဘယ်လိုအခြေအနေမျိုးမှာ ဘယ်ပုဂ္ဂိုလ်ပဲခိုလှုံ နိဗ္ဗာန်ဖြင့် ညွှိုးလာတယ်၊ ကိုင်းလာတယ်၊ ပြုတ်ကျတယ်လို့မရှိဘူး။ ဒါကြောင့် နိစ္စနိဗ္ဗာန် ခုဝနိဗ္ဗာန်ကို ဒကာ ဒကာမတွေ ဆွဲမိမှသာလျှင် လောကသံသရာမှာ ပြုတ်ကျနစ်မြုပ်တဲ့ ဒဏ်ချက်တွေနဲ့ အသက်မထွက်မှာ ဖြစ်တယ်လို့ မြတ်ဗုဒ္ဓဟောကြားတော်မူတယ်။



ရည်ညွှန်း- မိုးကုတ်ဆရာတော်ဘုရားကြီး၏ 'ခန္ဓာငါးပါးကမ်းနားသစ်ပင်'မှ

## PSA မိသားစုက မြန်မာနိုင်ငံရှိ လူမှုရေးဂေဟာများသို့ ငွေလှူဒါန်း

**ရန်ကုန်၊မေ – ၂၆**

စင်ကာပူနိုင်ငံဆိပ်ကမ်း အာဏာပိုင်တွင်အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုက ဖေဖော်ဝါရီမတ်နှင့် ဧပြီလအတွက် အလှူငွေများအား ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်း၊လူမှုရေးဂေဟာတစ်ခုနှင့် ကချင်စစ်ဘေးဒုက္ခသည်များထံသို့ 7Day News ဂျာနယ်မှတစ်ဆင့်ပေးအပ်လှူဒါန်းခဲ့သည်။

PSA မြန်မာမိသားစုက ဖေဖော်ဝါရီလအတွက် အလှူငွေအား ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာရှိ နိကြောခါရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ်တစ်ဆယ့်ငါး သိန်းသုံးသောင်းအား လှူဒါန်းခဲ့သည်။

အလားတူ မတ်လအတွက် အလှူငွေကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ကောင်းသောရှုမရိ ရင်ခွင်ပိုက် မိဘမဲ့ကလေးများဂေဟာသို့ အလှူငွေကျပ် တစ်ဆယ့်ခြောက်သိန်းနှစ်သောင်းအား လှူဒါန်းခဲ့သည်။

ကချင်စစ်ဘေးဒုက္ခသည်များအတွက် အလှူငွေကို ကချင်နှစ်ခြင်း ခရစ်ယန်အသင်းတော်မှတစ်ဆင့် ကချင်ပြည်နယ်ရှိစစ်ဘေးဒုက္ခသည်ကလေးငယ်များ၏ ပညာရေးအသုံးစရိတ်အတွက် အလှူငွေ တစ်ဆယ့်ငါးသိန်းနှစ်သောင်းကိုလည်း ရန်ကုန်မြို့ ကမ္ဘောဇဘဏ်မှတစ်ဆင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကမ္ဘောဇဘဏ်ခွဲသို့ လွှဲအပ်ကာ ကချင်နှစ်ခြင်းအသင်းတော်မှ တာဝန်ရှိသူထံလှူဒါန်းခဲ့သည်။

## စာ-ဇ၊ ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ လွင့်ပျံ့နေဦးမည် မှ

(၂)

မကြာမီအခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်။ ခေါင်းလောင်းသံတလွင်လွင်နဲ့ အဖြူအစိမ်းဝတ်ကျောင်းသား၊ ကျောင်းသူလေးများကို ပျားပန်းခတ်မြင်တွေ့ရတော့မည်။ အနာဂတ်တိုင်းပြည်၏ အသီးအပွင့်လေးများ၊ ရတနာလေးများကို ဖူးပွင့်ဝေဆာမြင်တွေ့ရတော့မည်။ သို့သော် သည်လိုအချိန်မျိုးမှာ စာသင်ခန်းထဲအရောက် မလှမ်းနိုင်သော၊ စာသင်ခန်းနှင့် တစ်စထက်တစ်စ ဝေးကွာသွားသော ကျောင်းသား၊ ကျောင်းသူများရှိပါ၏။ အထူးသဖြင့် ထိုကျောင်းသား၊ ကျောင်းသူလေးများသည် မူလတန်းပညာအလွန်၊ ဆိုရလျှင် ရေးတတ်ဖတ်တတ် တတ်ကျွမ်းပြီးစ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းအရွယ်များ ဖြစ်ကြသည်။ အဖေဆုံးသွား၍ ကျောင်းမှနုတ်လိုက်ရတာ၊ အိမ်က အငယ်ကောင်တွေ ပညာသင်ရေးအတွက် ပညာတစ်ပိုင်းတစ်စနဲ့ထွက်ပြီး လက်ဖက်ရည်ဆိုင်မှာ ဝင်လုပ်ကြတာ၊ စားသောက်ဆိုင်မှာ လုပ်ကြရတာ၊ ဈေးထွက်ရောင်းကြတာ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်လေးတွေမှာ ဝင်ရောက်လုပ်ကိုင်ကြရတာ အဲသည်လို လူငယ်လူရွယ်တွေများလှပါသည်။

စာရင်းဇယားများအရတော့ မူလတန်းကျောင်း စတက်သည့် ကလေးငယ် တိုးမြင့်ကောင်း တိုးမြင့်နိုင်ပါသည်။ သို့သော် ပညာတစ်ပိုင်းတစ်စနဲ့ လုပ်ငန်းခွင်ထဲဝင်ရောက်သွားသော၊ ပညာရေးတန်းလန်း ကျောင်းနုတ်လိုက်ရသော စာရင်းဇယားတွေ မည်သို့ရှိသည်မသိ၊ မြင်ကွင်းများမှာတော့ (ထိုအရွယ်) ခိုင်းကောင်းသည့် အရွယ်လေးတွေ ကုန်ထမ်းနေကြ၊ ဈေးရောင်းနေကြတာ၊ ယာဉ်နောက်လိုက်၊ လှေနောက်လိုက် လုပ်ကိုင်နေကြရတာ အထင်းသားမြင်နေရသည်။ မိန်းကလေးတွေဆိုလျှင်လည်း အရွယ်မတိုင်ခင် လုပ်ငန်းခွင်ထဲ ဝင်သွားရတာ၊ စက်ရုံဝန်ထမ်း၊ အထည်ချုပ်ဝန်ထမ်းဖြစ်သွားကြတာ၊ အချို့လည်း ငွေရလွယ်သည့် အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်းများဆီ ရောက်သွားကြတာ မြင်တွေ့ကြားသိနေရသည်။ ထိုသို့ဖြစ်ရခြင်း၏နောက်ကွယ်တွင် အကြောင်းရင်းများစွာရှိနေသော်လည်း သူတို့၏ နေ့စဉ်ဝင်ငွေလေးများသည် မိသားစုစားဝတ်နေရေးအတွက် တစ်တပ်တစ်အား အရေးပါသည့် ပမာဏဖြစ်ပါ၏။ မိသားစုတွင် ထိုသို့တစ်ဦးစ နှစ်ဦးစက ရရှိသည့် ငွေကြေးလေးများ စုပေါင်းကာ ဝမ်းတစ်ထွာကို ဖြေရှင်းကြရသည်။ အချို့သော မိဘတွေမှာ မှားယွင်းအားနည်းသော အသိအမြင်နှင့် လုပ်ဆောင်မှုတွေ ရှိသော်လည်း ထိုသို့မှ မဖြေရှင်းလျှင် ဘာမှမတတ်နိုင်သော မိသားစုဘဝတွေဖြစ်ပါသည်။ ကြီးကောင်ပေါက်အရွယ် ခိုင်းကောင်းသည့် အချိန်တွင် မိသားစုတာဝန်၊ မိသားစုဘဝတွေကို ဘဝပေးအခြေအနေအရ ခွဲဝေယူကာ ထမ်းရွက်ကြရသည်။ ထို့ကြောင့် မြင်တွေ့နေရသည့် မြင်ကွင်းတွေအရ ကျောင်းဖွင့်ချိန် ကျောင်းမတက်နိုင်သူများ စာရင်းကောက်ယူကြည့်ပါက အခြေခံပညာမူလတန်းအဆင့်တွင် နည်းပါးပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် များပြားနေမည်လားဟု ဆင်ခြင်ဆင့်ပွား တွေးမိပါသည်။ ပညာရေးနှင့် ဆက်နွှယ်သည့် တာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားခွင့် ရရှိအောင် လုပ်ဆောင်နေသလို တစ်ဖက်၌လည်း အတန်းပညာတန်းလန်း အလယ်တန်း၊ အထက်တန်းပညာမကုန်ဆုံးဘဲ ခုနစ်တန်း၊ ရှစ်တန်းမျှသာဖြင့် ကျောင်းပြင်ပရောက်သွားသော ကျောင်းသားကျောင်းသူများအရေး၊ ထိုသို့ရောက်မသွားလေအောင် ဝိုင်းဝန်းလုပ်ဆောင်ဖို့အရေး အဖြေရှာကြရပါမည်။ သို့မှသာလျှင် အနာဂတ်အတွက် ပညာရည်ပြည့်ဝသော၊ ပညာတတ်ပေါများသော နိုင်ငံဖြစ်ထွန်း လာပါလိမ့်မည်။

(၃)

ရန်ကုန်မြို့တွင် ကမာရွတ်လှည်းတန်းဝန်းကျင်သည် ပညာရေးနယ်မြေ ဟုပင် ဆိုနိုင်ပါသည်။ တက္ကသိုလ် ပရိဝုဏ်နှင့်နီးသလို စာရင်းကိုင်သင်တန်း၊ အဝေးသင်သင်တန်း၊ ဘာသာစကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်း စသည်ဖြင့် ပညာရပ်ပေါင်းစုံ ဆည်းပူးနိုင်သောဝန်းကျင်ဖြစ်၍ ပညာရေးနယ်မြေဟုဆိုရခြင်းဖြစ်ပါ၏။ နံနက်မိုးလင်းသည်မှ နေဝင်မိုးချုပ်အထိ သက်ဆိုင်ရာပညာရပ်များကို အပတ်တကုတ် သင်ယူလေ့လာနေကြသော ကျောင်းသားကျောင်းသူမြောက်မြားစွာ မြင်တွေ့ နိုင်ပါသည်။

ထိုသို့မြင်ရလေတိုင်း အရွယ်ကောင်းချိန်တွင် ပညာရေးကိုကျောခိုင်းခဲ့ရသူများ၊ ပျိုရွယ်စဉ်မှာပင် ပညာရေးကို စွန့်လွှတ်ကာ စားဝတ်နေရေး ဖြေရှင်းရရှာသည့်ကျောင်းပညာသင်အရွယ် လူငယ်လေးများကို အောက်မေ့တသမိပါသည်။ တကယ်တမ်း ကျွန်တော်တို့ဝန်းကျင်မှာ သည်လိုလူငယ်တွေ အများကြီးရှိနေပါသည်။ ယခုလို ကျောင်းဖွင့်ချိန်ရောက်တိုင်း သူတို့ကိုယ်တိုင်လည်း ကျောင်းခေါင်းလောင်းသံကို လွမ်းဆွတ်နာကျင်စွာ ကြားယောင်နေကြပါလိမ့်မည်။

ကျောင်းခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ လွင့်ပျံ့နေဦးမည်မသိ၊ ဘဝဝမ်းကျောင်း ခေါင်းလောင်းသံကတော့ လူတိုင်းလူတိုင်းထံ လွင့်ပျံ့နေပါလိမ့်မည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## စာ-၅၊ ကျယ်လောင်လာသော လယ်ယာအငြင်းပွားမှုပြဿနာ မှ

ယခင်အစိုးရလက်ထက်က မြေများအသုံးပြုရန်အတွက် ဒေသခံလယ်သမားများထံမှ မြေများကို သိမ်းယူခဲ့သော်လည်း လျော်ကြေးတစ်စုံတစ်ရာ ပေးလျော်ခြင်းနှင့် လူမှုစီးပွားရေးကို စောင့်ကြည့်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် လွှတ်လပ်ပွင့်လင်းလာသည်ဟု ထင်ရသော အစိုးရသစ်လက်ထက်တွင် နှစ်ပေါင်းများစွာက ၎င်းတို့မြေများကို ပွင့်လင်းစွာ ပြန်လည်တောင်းဆိုလာကြသည်။

လယ်ယာမြေသိမ်းခံရခြင်းနဲ့ ပတ်သက်သည့် အမှုတိုင်ကြားစာများသည် အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ရောက်ရှိသည့် တိုင်စာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး လွှတ်တော်ရှိရေးရာကော်မတီများတွင် ၅၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။ တိုင်ကြားစာများကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တုံ့ပြန်မှုအပိုင်းမှာ လွှတ်တော်သည် ဥပဒေပြုရေး အာဏာသာရှိပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာမရှိသည့်အတွက် လွှတ်တော်ရှိ ရေးရာကော်မတီများသို့ ရောက်ရှိသည့် တိုင်ကြားစာများကို ရောက်ရှိကြောင်းပြန်ကြားခြင်း၊ အချက်အလက်မှန်ကန်ခြင်းကို စိစစ်၍ နှစ်နာသူမှာမည်သူဖြစ်သည်ဆိုသည့် တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သမ္မတရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် သက်ဆိုင်သည့် ဌာနများသို့ လွှဲလာချက်များကို စိစစ်၍ ပို့ဆောင်ပေးခြင်းများကိုသာပြုလုပ်ပေးနိုင်သည်ဟု ရေးရာကော်မတီများတွင် ပါဝင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကရှင်းပြသည်။

“အခုဦးလေးတို့မှာ လုပ်စားကိုင်စားစရာ မရှိဘူးဆိုတော့ ဦးလေးတို့မှာ ရပ်တည်ဖို့ ငွေရယ်မရှိပါဘူး။ အခုသမ္မတကို စာတင်ထားတယ်။ အကယ်၍ အကြောင်းမပြန်ရင်တော့ ပြောမပြတတ်အောင် ခံစားရမှာဖြစ်ပါတယ်”ဟု ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဝါးရုံလဲကျေးရွာမှ တောင်သူဦးမြသိန်းက ပြောသည်။

တောင်သူလယ်သမားများကလည်း နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော ဥပဒေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပိုင်ဆိုင်သော မြေအသုံးချမှုများကို နားလည်သဘောပေါက်မှု အားနည်းသောကြောင့် တရားဥပဒေအရ ရင်ဆိုင်ရာတွင် နှစ်ပေါင်းမြောက်မြားစွာ သည်မြေတွင် ထွန်ယက်စိုက်ပျိုးခဲ့သော်လည်း ရုံးတွင်ဖြေရှင်းရာ၌ တရားရှုံးသည်က များသည်။ တောင်သူများ မသိနားမလည်မှုကြောင့် တရားရင်ဆိုင်ပါက ဒေါသနှင့်ဖြေရှင်း၍ ထောင်ကျခဲ့သည်များလည်း ရှိကြောင်း အသိပညာနည်းပါးမှုကို အခွင့်ကောင်းယူကာ အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းရှင်များ ရဲတင်းစွာ သိမ်းယူလာကြကြောင်း လယ်ယာမြေအငြင်းပွားမှုများကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများက ဆိုသည်။

“ပြဿနာတွေက အများကြီးပဲ။ မြေသိမ်းတာလည်း ပုံစံအမျိုးမျိုး။ တချို့လယ်သမားတွေဆိုရင် သူတို့ကိုယ်တိုင်က မှားနေတယ်ဆိုတာလည်းမသိဘူး။ ဥပမာပြောရရင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမှာဖြစ်တဲ့ မြေသိမ်းမှုပါ။ အဲဒီမြေက နွားတွေ ကျွဲတွေ လှန်ဖို့ ကျောင်းဖို့ထားတာ။ နှစ်တွေကြာလာတော့ လယ်မြေတွေ ချဲ့ထွင်လာတယ်။ လယ်သမားသုံးဦးက ဒီမြေကို ကျူးကျော်ပြီး စိုက်ပျိုးမြေလုပ်လိုက်တယ်။ အဲဒီမြေကို မြို့နယ်အာဏာပိုင်နဲ့ပေါင်းပြီး မြို့ပေါ်ကသူဌေးတစ်ယောက်ကလာသိမ်းတယ်။ လယ်သမားသုံးဦးက နှစ်ပေါင်းများစွာ ကြာအောင်လုပ်လာတော့ သိမ်းယူတယ်လို့ ထင်တာပေါ့။ အမှန်တော့ သူဌေးလည်းမပိုင်ဘူး။ လယ်သမားသုံးဦးလည်းမပိုင်ဘူး။ တစ်ရွာလုံးက ပိုင်တဲ့ စားကျက်မြေပဲ။ အဲဒါကို နားလည်အောင် ပြောပြတော့ လယ်သမားသုံးဦးလုံး နားလည်သဘောပေါက်လာတယ်။ သူဌေးက မပေါက်သေးဘူး။ လယ်သမားတွေရဲ့ အားနည်းချက်ကို သူဌေးတွေက ကောင်းကောင်းသိတယ်။ သိမ်းတယ်ဆိုရင် သူတို့က ငွေရေးကြေးရေးရော အကုန်ပြင်ဆင်လာတာ”ဟု လယ်မြေသိမ်းဆည်းမှုများကို လေ့လာပြီး တတိယအဖွဲ့အစည်းအနေနဲ့ ကြားခံလုပ်ဆောင်ပေးနေသူ ဒေါ်ဝေဝေလွင်ကပြောသည်။

တောင်ယာလုပ်ငန်းများကို တောင်ပေါ်ဒေသများရှိတိုင်းရင်းသားများက လုပ်ကိုင်ကြသောကြောင့် မြေပြန့်ဒေသရှိ လယ်မြေပိုင်ဆိုင်မှုများ ရေးဆွဲသကဲ့သို့ တိုင်းရင်းသားများ လုပ်ကိုင်ရန် တောင်ယာပိုင်ဆိုင်မှုများကိုပါ ရေးဆွဲရန် လိုအပ်ကြောင်း လယ်ယာမြေများနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများက ပြောသည်။

လက်ရှိမြေယာအငြင်းပွားမှုများကို လုပ်ကိုင်ဆောင်ရွက်ပေးသူများမှာ နိုင်ငံရေးပါတီအချို့နှင့် လူမှုရေးအဖွဲ့အစည်းများဖြစ်သည်။ ထို့ကြောင့် လယ်ယာမြေအငြင်းပွားမှုများကို လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ဖြေရှင်းမှုများ နည်းပါးကြောင်း လုပ်ကိုင်ဆောင်ရွက်သူများက ထောက်ပြသည်။

“အခုလယ်ယာအသိမ်းခံရလို့ စာတင်ထားတော့ အကုန်လုံးကို တင်ထားတယ်။ သမ္မတကြီးဆီရော၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တွေရော အကုန်တင်ထားတယ်။ ဒီမြို့နယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကတော့ အခုချိန်ထိ ဘာမှမဆောင်ရွက်ပေးသေးဘူး။ လောလောဆယ်တော့ ဦးတို့ NLDကပဲ ဆောင်ရွက်ပေးနေတာ”ဟုNLDပါတီနတ်တလင်းမြို့နယ်ရုံးခွဲမှ အမှုဆောင်ဦး ခင်အေးက ပြောသည်။

“မြေယာဥပဒေပေါ်လာပြီး နောက်ပိုင်းဘာတွေ နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်လဲဆိုတာ လယ်မြေလုပ်သူရယ်၊ စီးပွားရေးသမားတွေ အားလုံးပါဝင်ပြီး လုပ်သင့်တယ်။ ဥပဒေအသစ်မှာရော ဘာတွေချို့ယွင်းချက်တွေ ရှိနေလဲဆိုတာ စောင့်ကြည့်ရဦးမှာပေါ့။ ဥပဒေကို ဆွဲတဲ့သူတွေနဲ့ တကယ်လုပ်နေတဲ့သူ ထိတွေ့ဖို့လိုတယ်။ အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ ဒီဟာကိုလုပ်ပေးတဲ့ကြားထဲက လူတွေကပဲ လုပ်နေတယ်။ နိုင်ငံရေးပါတီအချို့၊ အင်ဂျီအိုတွေက လုပ်တယ်ပေါ့။ တကယ်က ဥပဒေကို ရေးဆွဲတဲ့သူတွေနဲ့ တကယ်လုပ်တဲ့သူတွေနဲ့ သေသေချာချာ လက်မတွဲနိုင်သေးဘူးဖြစ်နေတယ်”ဟု ဒေါ်ဥမ္မာခိုင်က ပြောကြားသည်။

မြေယာအငြင်းပွားမှုများကို နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ စသည်တို့ တစ်စားပွဲထဲတွင် တွေ့ဆုံ ဆွေးနွေးရန်လိုအပ်ပြီး ဥပဒေဆိုင်ရာ သဘောသဘာဝများကိုလည်း လယ်သမားများနှင့် ဒေသခံပြည်သူများ နားလည်စေရန် အသိပညာပေးသင့်သည်ဟု ဆိုသည်။

“ဒီကိစ္စမျိုးကို လွှတ်တော်အမတ်ကကြားဝင်စေ့စပ်တာ တအားနည်းတယ်။ အတော့်ကို နည်းတာ။ လွှတ်တော်ရဲ့အခန်းကဏ္ဍကလည်း အရေးကြီးတော့ သူတို့တွေလည်း အမှန်ဆိုရင် ပါဝင်လာရမှာပေါ့။ ခိုင်ခိုင်မာမာ ပြည်သူ့ဘက်က ရပ်တည်ပေးမယ့် လွှတ်တော်အမတ်တွေကလည်း တစ်ရာခိုင်နှုန်းပဲရှိတော့ လုပ်နေရတဲ့သူကလည်း တော်တော့်ကို အားနည်းတယ်။ သူတို့ကိုလည်း ပါဝင်လာစေချင်တယ်။ မြေယာသိမ်းဆည်းမှုကို ၁၉၉၂ နောက်ပိုင်းမှ သိမ်းပိုက်မှုများလာတယ်။ မြေလွတ်မြေရိုင်းဥပဒေထွက်ပြီး နောက်ပိုင်းများလာတယ်။ တောင်သူတွေ ၅၀ ကိုတော့ ပေးမယ်လို့ ပြောတယ်။ သေသေချာချာ ကာကွယ်နိုင်မှုမရှိသေးဘူး။ အတော့်ကို နည်းတယ်”ဟု ဒေါ်ဥမ္မာခိုင်က ဆက်လက်ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ခံ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟက “မြေယာနဲ့ ပတ်သက်ပြီးလည်း Data တွေစုပြီး လုပ်နေပါတယ်။ ဘယ်အချိန်မှာ ဘယ်လိုလုပ်ရမလဲ ဆိုတာတော့ NLD အမတ်တွေနဲ့ဥပဒေပညာရှင်တွေ ပေါင်းပြီး ဆွေးနွေးကြမယ်။ ကျွန်တော်တို့လုပ်နိုင်သလောက်တော့ လုပ်သွားမယ်”ဟု ပြောကြားသည်။

လယ်ယာမြေများသည် မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးမည်ဆိုပါက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပါက နှစ်ရှည်သီးနှံဖြင့် စိုက်ပျိုးလိုပါက ဧက ၅၀၀၀ ထက်မပိုသော မြေဧက၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးပါက ဧက ၃၀၀၀ ထက်မပိုသော မြေဧက၊ ရာသီ သီးနှံပင်ဖြစ်ပါက ဧက ၁၀၀၀ ထက်မပိုသော ဧကနှင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်မည့်ကျေးလက်တောင်သူလယ်သမားများအတွက် ဧက ၁၀ ထက် မပိုသော မြေဧက လျှောက်ထားနိုင်ကြောင်း မြေလွတ်မြေရိုင်းဥပဒေတွင် ဖော်ပြထားသည်။

မြေလွတ်မြေရိုင်းဥပဒေတွင် စီးပွားရေးလုပ်ငန်းရှင်နှင့်တောင်သူလယ်သမားခွင့်ပြုသည့် မြေဧကကွာဟချက်ရှိမှုများသောကြောင့် ယင်းဥပဒေသည် အခွင့်ထူးခံစီးပွားရေးလုပ်ငန်းရှင်များ အကျိုးကိုသာကြည့်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းလယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်ပြီး ဥပဒေစောင့်ကြည့်လေ့လာသူများအကြား ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

## မျက်နှာဖုံး-သမီးရည်းစားချင်းစကားများရာမှ နေအိမ်နှင့် ချစ်သူကို မီးရှို့ မှ

၎င်းအမျိုးသမီးမှာ မင်းလှမြို့မှ ရန်ကုန်မြို့သို့လာရောက်နေထိုင်သူဖြစ်ပြီး မီးလောင်ခံရသော တိုက်ခန်းတွင် ညီမဖြစ်သူနှင့်အတူ နေထိုင်ကြောင်း သိရသည်။

မီးလောင်မှုမှာ ညနေ ၆ နာရီ ၁၅ မိနစ်တွင် စတင်ဖြစ်ပွားပြီး ၆ နာရီမိနစ် ၅၀မှသာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကောင်လေးက အိမ်ရှေ့ကနေ ဓာတ်ဆီနဲ့ မီးလာရှို့တဲ့အချိန်မှာ တံခါးဖွင့်ပြီး ကြည့်တဲ့အချိန် လူပါဓာတ်ဆီစဉ်ပြီး မီးလောင်တယ်။ မီးလောင်နေတဲ့အချိန်မှာ သူ့ညီမက Sunshade ကနေတစ်ဆင့် တခြားတိုက်ကိုကူးခဲ့လို့ ခြေထောက်မှာပဲ နည်းနည်းမီးလောင်ဒဏ်ရာရသွားတယ်”ဟု အတူနေထိုင်သူ ညီမ၏ သူငယ်ချင်းဖြစ်သော အမျိုးသားတစ်ဦးကပြောသည်။

အမျိုးသမီးမှာ မီးလောင်မှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းတော်တော်များများ၌ မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာခန်းတွင် ခွဲစိတ်ခန်းဝင်ရန် ည ၁၀ နာရီဝန်းကျင်ထိ သတိကောင်းစွာဖြင့် စောင့်ဆိုင်းနေဆဲဖြစ်သည်။

မီးလောင်မှုကို ဖြစ်ပေါ်စေရန်မီးရှို့ခဲ့သော ထိုလူငယ်ကို မီးလောင်နေစဉ် လှူအုပ်ကြားအတွင်း၌ပင် ဖမ်းမိခဲ့သည်ဟု မီးလောင်ရာသို့လာရောက်ကြည့်ရှုသူတစ်ဦးကပြောသည်။ ၎င်းကို ကမာရွတ်ရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကမာရွတ်ရဲစခန်းသို့ ယနေ့နံနက်ပိုင်းက ဆက်သွယ်မေးမြန်းရာတွင် “အဲဒီကိစ္စကို ပြောလို့မရဘူး”ဟု ပြန်လည်ဖြေကြား၍ ဘာကြောင့်လဲဟုထပ်မံမေးမြန်းရာတွင် “မဖြေချင်လို့မဖြေတာ”ဟု အဆိုပါရဲစခန်းမှဖုန်းကိုင်သူတာဝန်ကျရဲတစ်ဦးက ပြန်လည်ပြောကြားခဲ့သည်။

ထို့အတူ မီးလောင်မှုအသေးစိတ်ကို မီးသတ်ဌာနသို့ မေးမြန်းရာတွင် ယင်းမီးလောင်မှုနှင့် ပတ်သက်၍ ရဲစခန်းက စစ်ဆေးနေဆဲဖြစ်၍ မီးသတ်ဌာနအနေဖြင့် အသေးစိတ်အချက်အလက်များ မသိရသေးကြောင်း မီးသတ်ဌာနက ပြန်လည်ဖြေကြားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ထိုလူငယ်ကို(ပ) ၂၃၀၊ ၂၀၁ ၂ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

## စာ-၄၊ ဆက်တိုက်ဆန္ဒပြမှုများအပေါ် စိုးရိမ်မှုများရှိနေ မှ

သို့သော် ဥပဒေ၏ နောက်ဆက်တွဲဖြစ်သော နည်းဥပဒေများ ရေးဆွဲရာတွင် ကြန့်ကြာနေပြီး မထွက်ရှိသေးသောကြောင့် ယခု ဖြစ်ပေါ်နေသော ဆန္ဒဖော်ထုတ်မှုများသည် ဥပဒေအရ တရားမဝင်ဟု သက်ဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့ညက ဆူးလေဘုရားတွင် ဆန္ဒပြသူများကို ပြောကြားခဲ့သည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံတွင် ဆန္ဒဖော်ထုတ်မှုများမှာ မလွဲမသွေကြုံတွေ့ရမည့်ကိစ္စသာဖြစ်ပြီး သက် ဆိုင်ရာမှ ကိုင်တွယ်ဖြေရှင်းမှု တစ်စုံတစ်ရာ လွဲမှားပါက ပြဿနာများ ပိုမိုကြီးထွားသွားနိုင်သည်ဟု နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

ဆန္ဒပြသူများကို နည်းဥပဒေ မထွက်ရှိသေး၍ တရားမဝင်ဟု ပြောနိုင်သလိုနည်းဥပဒေမရှိသေး၍ အရေးယူ၍မရဟုလည်းပြောနိုင်ကြောင်း ဒေါက်တာမြတ်ဉာဏစိုးက ပြောကြားသည်။

# ယာဉ်လိုင်းအများစု ယုဇနဥယျာဉ်မြို့တော်သို့ ခေါက်ရေတိုးပြေးဆွဲ

မေပယ်လ်

**ရန်ကုန်၊ မေ – ၂၃**

ယခုလ ၁၅ ရက်က ပါရမီ ၂၃၂ ယာဉ်လိုင်း ပိတ်သိမ်းလိုက်ပြီးနောက် ယုဇနဥယျာဉ်မြို့တော်သို့ လက်ရှိတွင် ယာဉ်လိုင်းသစ်အစားထိုးပြေးဆွဲပေးခြင်းမရှိသော်လည်း အဆိုပါလမ်းကြောင်း ပြေးဆွဲသည့်ယာဉ်များကိုသာ ခေါက်ရေတိုး၍သာ ပြေးဆွဲပေးနေကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါရမီ ၂၃၂ ယာဉ်လိုင်းကို ရုတ်တရက်ဖျက်သိမ်းလိုက်ခြင်းကြောင့် ယုဇနဥယျာဉ်မြို့တော် လမ်းကြောင်းတွင် သွားလာသည့် ခရီးသည်များမှာ ယာဉ်စောင့်ဆိုင်းချိန်ကြာမှု၊ ကားကျပ်မှုစသည့်အခက်အခဲများရှိလာသည်ဟု သိရသည်။

“အခြေကျပြီးသားယာဉ်လိုင်းတစ်ခုလျော့သွားတာနဲ့ ရုံးတက်ရုံးဆင်းချိန်တွေမှာဆိုသိသာတယ်။ လာတဲ့ကားကိုအလုပ်ချိန်မီဖို့အတွက် တိုးစီးရတာမျိုးတွေရှိလာတယ်။ တချို့ကားကြီးတွေက ယာဉ်ကြွခိုင်မှု သိပ်မရှိတဲ့အတွက် ခရီးသည်တွေ အပြည့်နဲ့ လမ်းမှာပျက်မှာလည်း စိုးရိမ်ရသေးတယ်”ဟု ယုဇနဥယျာဉ်မြို့တော်မှ ခရီးသည်တင်ယာဉ်လိုင်းဖြင့်နေ့စဉ်ရုံးတက်နေသူတစ်ဦးက ပြောသည်။

လက်ရှိတွင်မော်တင်မှယုဇနဥယျာဉ်မြို့တော်သို့ သာကေတလမ်းကြောင်းမှပြေးဆွဲသည့် မထသ ၃၂ ယာဉ်လိုင်းမှ ၂၇ စီး၊ သဃ်န်းကျွန်းလမ်းကြောင်းမှပြေးဆွဲသည့် မထသ ၅၆ ယာဉ်လိုင်းမှ ၃၂ စီး ပြေးဆွဲလျက်ရှိပြီး သန်မြန်သူယာဉ်လိုင်း၊ ကန္တာရဝတီ ယာဉ်လိုင်းတို့ကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဟုသိရသည်။

### ပြင်ဆင်ဖတ်ရှုပါရန် –

7Day News ဂျာနယ် အတွဲ ၁၁၊ အမှတ် ၁၁ တွင်ပါသည့် **‘ကားဝယ်ရောင်းများ အလုပ်ပြောင်းရမည့်ကိန်းဆိုက်နေ’** သတင်းတွင် ပါရှိခဲ့သည့် Super Roof (ဖင်ကောက်) အစား Super Roof ဟူ၍လည်းကောင်း၊ ပါရာဒို (T2) အစား TZ၊ ရွှေငါး 2.0 ဒီဇယ်အစား ရွှေငါး 2.0 (ဓာတ်ဆီ) ဟုပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် Mynamar Polestar Auto Center မှကားများနှင့်ပတ်သက်၍ Toyota Elta အမျိုးအစား အစား Toyota VElta၊ Toyota Vigz အစား Toyota Vitz ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်။

Health
7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ကလေးဆို ဝမှ ဆိုသူများသို့...



ဝတ်ရည်အောင်

**မိမိတို့သားသမီးများအတွက် အကောင်းဆုံးသောအစားအသောက်နေထိုင်မှုပုံစံများဖြင့် ကြီးပြင်းလိုသည့် စေတနာ မိဘတိုင်းတွင် ရှိကြသည်။ သို့သော် ထိုသို့သော အကောင်းဆုံးသည် မထင်မှတ်ဘဲ ကလေးဘဝ တစ်လျှောက်လုံးအတွက် အဆိုးဆုံးဖြစ်သွားတတ်သည်မှာ မမေ့လျော့သင့်သည့် အရာတစ်ခုပင်ဖြစ်သည်။**

ကလေးမွေးဖွားလာသည့် အချိန်မှစတင်ပြီးမိမိကလေးအား ကျန်းမာရုံမျှမက ကိုယ်ခန္ဓာဝဖြိုးနေသည်ကိုလည်း မိဘတိုင်း သဘောကျကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ စတင်မွေးဖွားသည့်အချိန်ကတည်းကပင်စပြီး မိခင်နို့တစ်မျိုးတည်းကိုသာ ကလေး ၆ လအထိ တိုက်ကျွေးသင့်သည်ဟု ဆိုသော်လည်း မိခင်အများစု အထူးသဖြင့် တောရွာများတွင် ကလေး သုံးလခန့်လောက်မှ စတင်ပြီး မိခင်နို့အပြင် ထမင်းပါ ကျွေးမွေးခြင်းဖြင့် ဝတုတ်လာသည့် ကလေးငယ်အတွက် ဂုဏ်ယူကြလေ့ရှိကြသည်။

"ကလေးက နို့ပဲ စို့နေတော့ သိပ်မထွားဘူး။ အတူမွေးတဲ့ တခြားကလေးတွေက သုံးလကျော်လောက်ကတည်းက တခြားဖြည့်စွက်စာတွေပါ ကျွေးနေတော့ ပိုထွားကြတယ်။ အဲဒါနဲ့ ထမင်းကို သုံးလလောက်ကတည်းက ကျွေးဖြစ်တယ်" ဟု သဃ်န်းကျွန်း လေးထောင့်ကန်မြို့နယ်၌ နေထိုင်သော ကလေးမိခင်တစ်ဦးက ပြောသည်။

ကလေးငယ်ခြောက်လအထိ မွေးဖွားသည့်ကိုယ်အလေးချိန်၏ တစ်ဝက်အထိ ကိုယ်အလေးချိန်တက်ရန်သာ လိုအပ်ပြီး ငယ်ရွယ်သည့်အရွယ်ကတည်းမှ စတင်၍ မိမိကလေးအား ကိုယ်အလေးချိန် အလွန်အမင်း တက်စေရန် ပြုလုပ်ခြင်းသည် ကလေးငယ်အား ခန္ဓာကိုယ်အတွင်း အဆီများပြားခြင်းကြောင့် ဖြစ်ပေါ်စေသည့် ရောဂါများအား ဖြစ်ပွားစေရန် အခြေပြုပေးသည်နှင့် တူနေကြောင်း ကလေးအထူးကုဆရာဝန်များက ပြောသည်။

အဝလွန်ခြင်းမှာ ကလေးငယ်များအား အထူးခြိမ်းခြောက်နေသည့်အရာတစ်ခုဖြစ်ပြီး လေ့လာမှုများပြုလုပ်ထားသည့်တရုတ်နိုင်ငံတွင် တစ်နှစ်ထက် တစ်နှစ် အဝလွန်မှုများပြားလာကာ နောက်ငါးနှစ်တွင် စုစုပေါင်း လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် အဝလွန်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ၌ မကြာသေးမီက ထုတ်ဝေထားသည့် စာအုပ်အား ကိုးကား၍ Lifestyle မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

သုတေသနပြုလေ့လာထားချက်အတိအကျမရှိသောကြောင့်မြန်မာနိုင်ငံတွင်အဝလွန်လာသည့်ကလေးမည်မျှရာခိုင်နှုန်း ရှိနေကြောင်းမသိရှိနိုင်သော်လည်း ကျွမ်းကျင်ဆရာဝန်များ၏ အဆိုအရ နှစ်အနည်းငယ်အတွင်းကူးစက်ရောဂါများကြောင့်သေဆုံးမှုအများဆုံးအခြေအနေမှကူးစက်ရောဂါများ မဟုတ်သည့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကြောင့် သေဆုံးမှုများပြားလာမည်ဖြစ်ကြောင်း ပြောကြားထားသည်။


ကလေးငယ်များ စားသုံးသည့် အစားအစာများသည် သင့်တော်သည့် အစားအစာများထက် ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများစားသုံးနေမှုပိုမိုများပြားနေပြီး ထိုအစားအစာများအား ခြေဖျက်နိုင်သည့် လှုပ်ရှားမှုနည်းပါးလာခြင်းတို့ကလည်း အဝလွန်လာသည့် အဓိကအကြောင်းရင်းများဖြစ်သည်။ ကလေးများ၏ အစားအသောက်ပြောင်းလာသည့်အပြင် အချိန်ပြည့်စာသင်ချိန်များ၊ တီဗီကြည့်ခြင်း၊ ဂိမ်းကစားခြင်းတို့ဖြင့်အချိန်ကုန်လာသည့်အခါလှုပ်ရှားမှုနည်းပါးလာခြင်းတို့ကလည်း အဝလွန် ကလေးများ ဖြစ်လာစေခြင်းဖြစ်သည်။

လူငယ်များကြားတွင် အဝလွန်မှုအား အထူးဂရုပြု ဂရုစိုက်ရန်လိုအပ်ပြီး ငယ်ရွယ်ကြီးထွားနေဆဲ ကလေးများ၏ မိဘများတွင် အဝလွန်သည့် ကလေးအရေအတွက်တိုးလာခြင်းအားတိုက်ဖျက်ရန် အဓိကတာဝန်ရှိကြောင်း သိရသည်။

"အသင့်စားမုန့်တွေမှာ ကျန်းမာရေးနဲ့ မညီညွတ်တာကို သိပေမယ့် ကလေးတွေကလည်း အဲဒီမုန့်တွေပဲ ကြိုက်ကြတယ်။ လူကြီးတွေကလည်းလွယ်လွယ်ရတဲ့ သူတို့လည်းကြိုက်တဲ့မုန့်တွေပဲကျွေးဖြစ်တယ်။

စာ(၁၄)သို့

## အပူချိန်မြင့်မားပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပိုမိုဖြစ်ပွားနိုင်



**ဒါးလက်စ်၊ မေ - ၂၁**

လေထုညစ်ညမ်းမှု မြင့်မားလာခြင်းကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် အဆုတ်ကင်ဆာ ရောဂါများသာမက အသက်ဆုံးရှုံး ခြင်းပင်ဖြစ်နိုင်ကြောင်း အမေရိကန်ဆရာဝန်တစ်ဦးက ပြောကြားသည်။

နွေရာသီကာလများတွင် အပူချိန် ၁၀၀ဒီဂရီဖာရင်ဟိုက်ကျော်လာပါက လေထုအရည်အသွေးကို ဆိုးရွားလာစေနိုင်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ ဇီဝဆေးပညာသုတေသနစင်တာမှ ညွှန်ကြားရေးမှူးဒေါက်တာဂျွန်နသန်ဝိုက်စ်လာက ပြော သစည်။

နေရောင်ခြည်နှင့် အပူရှိန်ကြောင့် လေထုကို ပူပွလာစေပြီး လေထုထဲ ဓာတုဗေဒပစ္စည်းများကိုလည်း ပျံ့နှံ့လွယ်စေကြောင်း ယင်းဓာတုဗေဒပစ္စည်းများသည် လေထုထဲ သဘာဝအတိုင်းဖြစ်ပေါ်သော နိုက်ထရိုဂျင်အောက်ဆိုက်များနှင့် ပေါင်းစပ်၍ မီးခိုးမည်းများ ဖြစ်ပေါ်လာကာ ယင်းမီးခိုးမည်းများမှာ မြေပြင်တွင်ဖြစ်ပေါ်သည့် အိုဇုန်းများပင်ဖြစ်ကြောင်း ဒေါက်တာဝိုက်စ်လာက ပြောကြားသည်။

"နိုက်ထရိုဂျင်အောက်ဆိုက်၊ ကန့်နဲ့ မီးခိုးငွေ့၊ အိုဇုန်းတွေဟာ အသက်ရှူလမ်းကြောင်းကို ယားယံစေတဲ့အရာတွေဖြစ်ပြီး အဆုတ်နဲ့ပတ်သက်ပြီး ဘယ်လိုရောဂါမျိုးကိုမဆို ပိုမိုဆိုးဝါးစေပါတယ်" ဟု ဒေါက်တာဝိုက်စ်လာက ဆက်လက်ပြောပြီး အပူချိန်မြင့်မားပါက အဆုတ်ရောဂါရှိသူများ အိမ်ပြင်ထွက်ခြင်းကို လျှော့ချသင့်သည်ဟု ၎င်းကအကြံပြုသည်။

—Ref: UPI



7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## စာ-၁၃၊ ကလေးဆို ဝမှ ဆိုသူများသို့ မှ

အခြား အစားအစာ စီစဉ်ပေးဖို့ကလည်း ငွေကြေးကုန်ကျတာတွေ အလုပ်ရှုပ်တာတွေနဲ့သူတို့လည်းမုန့်ဆိုင်မှာလွယ်လွယ်ရတဲ့မုန့်တွေပဲ စားကြရတယ်” ဟု တောင်ဒဂုံမြို့နယ်တွင် နေထိုင်သူ မဝါဝါက ပြောသည်။

ငယ်ရွယ်သည့်အချိန်ကတည်းမှ စတင်ပြီး အဝလွန်ခြင်းအား မထိန်းချုပ်နိုင်ခြင်းသည် ကိုယ်တွင်းဇီဝဖြစ်ပျက်မှုအား စနစ်တကျထိန်းချုပ်ခြင်း၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ ထိန်းချုပ်ခြင်းအား မကူညီနိုင်တော့ဘဲ အဝလွန်ခြင်း၏ မလွဲမသွေ ဆိုးကျိုးများဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ သွေးလွှတ်ကြောမာရောဂါနှင့် အသားပိုရောဂါများအား အသက်(၄၀)၊(၅၀)နှစ် ခန့်တွင် ထင်ထင်ရှားရှားပေါ် လာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဝလွန်ခြင်းဖြင့် ကြီးပြင်းလာသည့် ကလေးများသည် အဝလွန်သည့် လူကြီးများအဖြစ်လည်း ကြီးပြင်းသွားကြမည်ဖြစ်သည်။

ကလေးအများစုသည် ဆိုဒါပါဝင်သည့် အချိုရည်များအား အများအပြား သောက်ကြလေ့ရှိကြပြီး အဝလွန်သည့် ကလေးများစားသည့် အစားအစာများသည် ပုံမှန်ကလေးများထက် ပမာဏလည်း များပြားကြသည်။ ထိုအရာများအား စားသုံးမှုကန့်သတ်ပြီး မိသားစုနှင့် ပုံမှန်လမ်းလျှောက်ခြင်းများ၊ အပြင်ထွက်ကစားခြင်း၊ စက်ဘီးစီးခြင်း စသည့်လှုပ်ရှားမှုများဖြင့်လည်း ကိုယ်အတွင်းရှိ ပိုလျှံနေသည့် ကယ်လိုရီများအား လျော့ပါးသွားစေနိုင်သည်။

“အဝလွန်ကလေးတွေက သူတို့စားနေကျ အဆီများတဲ့ အစားအစာတွေကို ချက်ချင်းကြီးတော့ ဖြတ်လို့ရမှာ မဟုတ်ပါဘူး။ လျှော့စားတာကိုတဖြည်းဖြည်းနဲ့အချိန်ယူပြီး ကျင့်ယူရမှာပါ။ ကျန်းမာရေးနဲ့ မညီတဲ့ အစားအစာကနေ ညီညွတ်တဲ့အစားအစာကို ပြောင်းတယ်ဆိုတာ ဆယ်လလောက် အချိန်ယူရမယ့် ရေရှည်အလုပ်တစ်ခုပါ။ ပိုလျှံနေတဲ့ အလေးချိန်ကိုကျအောင် လုပ်တယ်ဆိုတာ ဆေးလုံးအနည်းငယ်ကို ဖောက်သောက်ရုံနဲ့ ညှိယူလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ ကိုယ်တွင်းဇီဝ ဖြစ်ပျက်မှုနဲ့ ပတ်သက်တဲ့ ပြဿနာပါ။ အဝလွန်ခြင်းကို ဆေးဝါး ကုသဖို့အတွက် ကုနည်းမရှိပါဘူး။ ပုံမှန်အားကစားတစ်ခုခုကသာ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ လှုပ်ရှားမှုဖြစ်တဲ့အတွက် ကျန်းမာရေးပိုကောင်းစေပြီး အလေးချိန်လျှော့ချတဲ့နေရာမှာ တော်တော့ကို ထိရောက်ပါတယ်” ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

ထို့အပြင် နွားနို့သောက်ခြင်းသည် အရိုးအဆစ် သန်မာစေရန်လိုအပ်သည့် ကယ်ဆီယမ်ကို အားဖြည့်စေနိုင်သည် မှန်ကန်သော်လည်း အသားအရေလှစေရန်အတွက်ဖြစ်သော်လည်း အခြားအခြားသော ကိစ္စများအတွက် မိခင်များ၊ ကလေးများအား နွားနို့အများအပြား တိုက်ခြင်းသည် အဝလွန်လာစေသည့်အကြောင်းရင်းတစ်ခုဖြစ်ပြီး ကလေးတစ်ဦးသည်တစ်နေ့လျှင်နွားနို့၁၆အောင်စမှ ၂၄ အောင်စသာ လိုအပ်ကြောင်း သိရသည်။

မိဘများသည် မိမိကလေး မည်သည့်အစားအစာများ စားသုံးနေပြီး အဝလွန်ခြင်းအား ဖြစ်ပေါ်စေသည့် ကယ်လိုရီများ မည်သည့်အစားအစာမှ အများဆုံး လာရောက်နေကြောင်း သိရှိသင့်ပြီး ငယ်ရွယ်သည့်အချိန်တွင် ဂရုမပြုမိသော အကြောင်းအရာများသည် မိမိကလေးနောင်အချိန်တွင် ရောဂါများအတွက် အုတ်မြစ်ဖြစ်မသွားစေရန် ဂရုပြုသင့်ကြောင်း ပညာရှင်များကလည်း အကြံပြုပြောကြားထားသည်။

## အိမ်တွင်နေသော မိခင်များ စိတ်ကျရောဂါ ပိုမိုခံစားရနိုင်

**ဝါရှင်တန်၊ မေ - ၂၁**

အလုပ်လုပ်သော မိခင်များထက် အိမ်တွင်နေသော မိခင်များမှာ ပို၍ စိတ်ကျရောဂါ ခံစားရနိုင်ကြောင်းအမေရိကန် နိုင်ငံတွင်ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်အရ တွေ့ရှိခဲ့ကြသည်။

ဂေးလပ်(Gallup)စစ်တမ်းကောက်ယူရေးအဖွဲ့မှ အရာရှိများက မိခင်များ၏ စိတ်ကျရောဂါနှင့် ပတ်သက်၍ ပို၍ ခွဲခွဲခြားခြား သိရှိနိုင်ရန် အလုပ်မရှိသောကြောင့် အလုပ်ရှာနေသော မိခင်များနှင့် အလုပ်မရှာဘဲ အိမ်မှာပင် နေထိုင်သောမိခင်များကို ခွဲခြားလေ့လာခဲ့သည်။ သို့သော် ၎င်းမိခင်အုပ်စုနှစ်စုစလုံးမှာ အလုပ်လုပ်သော မိခင်များထက် ဝမ်းနည်းမှု၊ ဒေါသထွက်မှုနှင့် စိတ်ကျရောဂါ ပို၍ ခံစားရနိုင်ကြောင်း စစ်တမ်းက တွေ့ရှိခဲ့သည်။

အိမ်တွင်ကလေးငယ်များ ရှိပြီးအလုပ်မလုပ်သော အမျိုးသမီးများမှာ အလုပ်လုပ်သော အမျိုးသမီးများထက် ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း ပို၍ကြုံတွေ့ရသည်ဟုစစ်တမ်းတွင် ဖြေကြားကြသည်။

ထို့အပြင် အလုပ်မလုပ်ဘဲ အိမ်တွင် အမြဲနေထိုင်သောမိခင်များမှာ အလုပ်လုပ်နေသောမိခင်များထက် အကောင်းမြင်ခံစားမှု တွေ့ကြုံရခြင်းနည်းပါးသည်ဟု စစ်တမ်းတွင် ဆိုထားသည်။

ယခုစစ်တမ်းမှာ အသက်၁၆ နှစ်နှင့် ၆၄ နှစ်ကြားအမျိုးသမီးပေါင်း ၆၀,၇၉၉ ဦးအားလေးလအတွင်း ကောက်ယူ၍ ရရှိသော အချက်အလက်များကို ထုတ်ပြန်ခြင်းဖြစ်သည်။

—Ref: UPI

## ငှက်ဖျားဆေးဝါး သုံးပုံတစ်ပုံမှာ အတုများဖြစ်နေဟုဆို

**လန်ဒန်၊ မေ - ၂၃**

ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသောငှက်ဖျားရောဂါပျောက်ဆေး သုံးပုံတစ်ပုံမှာ အတုများဖြစ်နေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ သုတေသီများက အရှေ့တောင်အာရှခုနစ်နိုင်ငံမှငှက်ဖျားရောဂါဆေးခုနစ်မျိုး၏ နမူနာပေါင်း ၁,၅၀၀ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အရည်အသွေးမမီသော ဆေးများနှင့် ဆေးဝါးအတုများကြောင့် ကုသမှုများ မအောင်မြင်ဘဲ ဆေးယဉ်ပါးသောပြဿနာပါ ရှိလာကြောင်း သုတေသီများက ပြောသည်။




အာဖရိကတိုက်ရှိနိုင်ငံပေါင်း ၂၁နိုင်ငံမှ ရရှိသော အချက်အလက်များအရလည်း အလားတူ ရလဒ်များ ထွက်ပေါ်ခဲ့ကြောင်း လန်းဆက်ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည့် ကူးစက်ရောဂါများ သုတေသနစစ်တမ်း၌ ရေးသားထားသည်။

ပကတိအခြေအနေမှာ သုတေသနက တွေ့ရှိခဲ့သော အနေအထားထက်ပင် ပိုမိုဆိုးရွားဖွယ်ရှိကြောင်း သုတေသီများက ဆက်လက်သတိပေးထားသည်။ ပြဿနာအများစုကို သတင်းမပို့ခြင်း၊ ဌာနလွဲ၍ သတင်းပို့ခြင်းနှင့် ဆေးဝါးကုမ္ပဏီများက ဖုံးကွယ်ထားခြင်းများလည်း ရှိနိုင်ကြောင်း အမေရိကန်ကျန်းမာရေးဌာနမှ သုတေသီများကပြောကြားသည်။

ငှက်ဖျားရောဂါသည် ကမ္ဘာပေါ်တွင်၁၀၆နိုင်ငံ၌ပျံ့နှံ့နေပြီးလူပေါင်း၃ဒသမ၃ဘီလီယံအတွက် အန္တရာယ်ရှိကြောင်း သုတေသနခေါင်းဆောင် ဂွါဗီကာနေယာက ပြောကြားသည်။ —Ref: BBC

## ကိုယ်လက်လှုပ်ရှားမှုဖြင့် သွေးတိုးရောဂါ အန္တရာယ်လျှော့ချနိုင်

**ကိုလံဘီယာ၊ မေ - ၂၁**

မိဘများတွင်သွေးတိုးရောဂါရှိသူများသည်လေ့ကျင့်ခန်းအသင့်အတင့်လုပ်ခြင်းအားဖြင့် သွေးတိုးရောဂါအန္တရာယ်ကို လျှော့ချနိုင်ကြောင်း အမေရိကန်သုတေသီများကပြောကြားသည်။

အသက် ၂၀ နှင့် ၈၀ ကြားလူပေါင်း ၆,၂၇၈ ဦးအားပျမ်းမျှနှစ်ပေါင်း ၄ ဒသမ ၇ နှစ်ကြာ လေ့လာခဲ့ပြီးနောက် ယခုအချက်အလက်များကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း တောင်ကယ်ရိုလိုင်းနားတက္ကသိုလ် လူထုကျန်းမာရေးကျောင်းမှ ဒေါက်တာဘွဲ့စာတမ်းရှင်ရောဘင်ဂွတ်က ပြောကြားသည်။

လေ့လာမှုတွင် ပါဝင်သူ သုံး ပုံတစ်ပုံမှာ မိဘမျိုးရိုး၌ သွေးတိုးရောဂါရှိသူများ ဖြစ်ကြသည်။ စတင်လေ့လာချိန်တွင် အားလုံးမှာ ကျန်းကျန်းမာမာပင် ရှိနေပြီး အသက်အရွယ်အလိုက် လေ့ကျင့်ခန်း လုပ်ကိုင်နိုင်မှုနှင့် နှလုံးခုန်နှုန်း ၈၅ရာခိုင်နှုန်း ပုံမှန်ပင်ဖြစ်သည်။ ထို့နောက် ငါးနှစ်ခန့်အတွင်း လေ့လာမှုတွင် ပါဝင်သူ ၁,၅၄၅ ဦးမှာ သွေးတိုးရောဂါရှိလာကြသည်။

သွေးတိုးရောဂါဂျာနယ်တွင် ဖော်ပြထားသော လေ့လာချက်အရ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း များများလုပ်သူများတွင် သွေးတိုးရောဂါဖြစ်နိုင်ခြေ ၄၂ ရာခိုင်နှုန်းနည်းပါးသွားပြီး အသင့်အတင့် လေ့ကျင့်ခန်းလုပ်သူများတွင် ၂၆ရာခိုင်နှုန်း လျော့ကျသွားကြောင်းသုတေသီများကရေးသားသည်။

ထို့အပြင် မိဘများတွင် သွေးတိုးရောဂါရှိသူများသည် ကိုယ်လက်လှုပ်ရှားမှု နည်းပါက မျိုးရိုးတွင်သွေးတိုးရောဂါမရှိသူများနှင့် နှိုင်းယှဉ်လျှင် သွေးတိုးရောဂါဖြစ်နိုင်ခြေ ၇၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သုတေသီများက ရေးသားသည်။ —Ref: UPI


## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်)

၁။ **လက်ထောက်အင်ဂျင်နီယာ (အမျိုးသား)**
- A.G.T.I (E.P) အောင်မြင်သူ
- အသက် (၂၅) မှ (၃၀) နှစ်အတွင်း၊ အကျင့်စာရိတ္တကောင်းမွန်၍ ကျန်းမာသန်စွမ်းရမည်။
- ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။

၂။ **ယာဉ်မောင်း**
- အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
- ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၅) နှစ်ရှိရမည်။
- အော်တိုဂီယာမောင်းနိုင်သူ၊ မော်ဒယ်အနိမ့်/အမြင့်ကားမျိုးစုံကျွမ်းကျင်စွာ မောင်းနိုင်သူဖြစ်ရမည်။

၃။ **လုံခြုံရေး**
- ပညာအရည်အချင်း (၈) တန်းအောင်ရမည်။ စစ်မှုထမ်းဟောင်းများလည်း လျှောက်ထားနိုင်ပါသည်။
- အသက် (၂၅) မှ (၄၅) နှစ်အတွင်း အကျင့်စာရိတ္တကောင်းမွန်၍ ကျန်းမာသန်စွမ်းရမည်။
- လုံခြုံရေး အတွေ့အကြုံအနည်းဆုံး (၁) နှစ်ရှိ၍ နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

-လိုအပ်သော စာရွက်စာတမ်း၊ လိုင်စင်ဓာတ်ပုံ (၁) ပုံနှင့်အတူ ခနသီဟကုမ္ပဏီလီမိတက်၊ အမှတ် (၇၉၀)၊ အခန်းအမှတ် (၂၀၁)၊(ဒုတိယထပ်)ခနသီဟစင်တာ၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ (၁) ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။



## မွန်မြတ်ဆေးခန်း

မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၆၅

# Regional

7Day News Journal

Vol.11, No.12 • MAY 31 , 2012


## မန္တလေးတွင် ယာဉ်ငယ်ဖြင့်ပြေးဆွဲမည့် ယာဉ်လိုင်းသစ်များ ထွက်ပေါ်

**ညီညီဇော်**

**မန္တလေး၊ မေ-၂၄**

မန္တလေးမြို့တွင် ယာဉ်ငယ်များဖြင့် ပြေးဆွဲမည့် ယာဉ်လိုင်းအသစ်များ ထွက်ပေါ်လာကြောင်း သတင်းရရှိသည်။

ဇီးအုပ်ရွာ၊ ရတနာပုံမြို့သစ်၊ ဘုရားကြီး၊ ဈေးချို၊ ဘူတာကြီး၊ ဆေးရုံကြီး၊ ရုံးပေါင်းစုံ၊ ယာဉ်ပျံရပ်၊ အောင်ပင်လယ်ကန်ရိုး ခရီးစဉ်များကို ဒိုင်နာ၊ ဟိုင်းလပ်၊ လိုက်ထရပ် ယာဉ်ငယ်များဖြင့် ပြေးဆွဲမည်ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီ(ယကက) မှ မန္တလေးမြို့တွင် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် သတင်းထုတ်ပြန်သည်။




အဆိုပါ ယာဉ်လိုင်းသည် ယကက(၁၂) ယာဉ်ငယ်လိုင်းအဖြစ်ပေါ်ထွက်လာမည်ဖြစ်ပြီး အသင်းဝင်ရောက်ပြေးဆွဲလိုသော ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယာဉ်လိုင်းငယ်အသစ်ပြေးဆွဲမည့်ကိစ္စနှင့်ပတ်သက်ပြီး အသေးစိတ်မေးမြန်းရန် ယကက (မြို့တွင်း) ဌာနသို့ သွားရောက်တွေ့ဆုံရာတွင် အဆိုပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က မီဒီယာသို့ ဖြေကြားရန် ငြင်းဆန်သည်။

အလားတူ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ပထမဆုံး Super Custom ကားများဖြင့် စတင်ပြေးဆွဲနေပြီဖြစ်သည်။

ချယ်ရီမြေဟု အမည်ရသည့် အဆိုပါ ယာဉ်လိုင်းသည် နေ့စဉ် အသွားအပြန် ပြေးဆွဲနေပြီဖြစ်ပြီး တစ်ဦးလျှင် ၅,၀၀၀ ကျပ်နှုန်းဖြစ်သည်။ တစ်စီးလျှင် ခရီးသည် ခြောက်ဦးသာ လက်ခံမည်ဖြစ်ပြီး မိုးကုတ်နှင့် မိတ္ထီလာမြို့များသို့လည်း Super Custom ကားများဖြင့် ဇွန်လကုန်ပိုင်းတွင် ပြေးဆွဲသွားမည်ဟု သတင်းရရှိသည်။

## နေပြည်တော်ဒေသ အချို့တွင်လည်း ရေအခက်အခဲကြုံ

**ထူးသန့်**

**နေပြည်တော်၊ မေ-၂၅**

ရာသီဥတု ပူပြင်းကာ မိုးရွာသွန်းမှု နောက်ကျနေသောကြောင့် နေပြည်တော်ရှိဒေသအချို့တွင်လည်း အခြားဒေသများကဲ့သို့ သောက်ရေ၊ သုံးရေအခက်အခဲနှင့် ကြုံတွေ့နေကြောင်း ဒေသခံပြည်သူများက ပြောသည်။

အထူးသဖြင့်မြို့ပေါ် ရပ်ကွက်များတွင် ကြုံတွေ့နေရခြင်းဖြစ်ပြီး နေပြည်တော်တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့များရှိရေတွင်းအချို့၌ ရေခန်းသွား၍ သောက်သုံးရေကို စီးပွားဖြစ်တူးဖော်ထားသော အဝီစိတွင်းများမှ ဝယ်ယူသုံးစွဲနေရကြောင်း အဆိုပါ ဒေသခံများကပြောသည်။ နေပြည်တော်ပျဉ်းမနားမြို့ရှိပုဂ္ဂလိကဝန်ထမ်းတစ်ဦးဖြစ်သူကိုအောင်နိုင်ဦးက "ကျွန်တော်တို့ရုံးမှာ ရေမောင်းတင်လို့မရတော့လို့ဝယ်သုံးနေရတာကြာပြီ။ ရေဖိုးတစ်နေ့၃၀၀၀ ကျပ်လောက်သုံးစွဲနေရတယ်"ဟုပြောကြားသည်။ ယမန်နှစ်ကမူမိုးမပြတ်ရွာသွန်းခဲ့သောကြောင့် ယခုကဲ့သို့ဝယ်ယူသုံးစွဲရခြင်းမရှိကြောင်းလည်း ၎င်းကပြောသည်။ မြို့ပေါ် ရပ်ကွက်နေ အခြားအိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်မိုးမိုးကလည်း "ကျွန်မတို့လည်း ရေတွင်းက ရေခန်းတော့ ဝယ်သုံးနေရတယ်။ တစ်နေ့ ၁,၀၀၀ ကျပ်လောက်တော့ကုန်တယ်" ဟု ပြောသည်။

နေပြည်တော်တပ်ကုန်းမြို့မှ ဦးထွန်းကြိုင်ကလည်း "တပ်ကုန်းက ပိုဆိုးတာပေါ့။ ရေတွင်းတွေ ရေခန်းလို့ ဝယ်သုံးနေရတာကြာပြီ။ မိုးမြန်မြန်ရွာပြီး အောက်ရေတက်လာပါစေလို့ပဲ ဆုတောင်းနေရတယ်"ဟုဆိုသည်။ နေပြည်တော်လယ်ဝေးမြို့တွင်လည်း ယခုအခြေအနေမျိုး ကြုံနေရသည့်အတွက် ရေတွန်းလှည်းသမားများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း မြို့ခံတစ်ဦးက ပြောသည်။

နေပြည်တော်ပျဉ်းမနားမြို့တွင် ဂျပန်နိုင်ငံ ကူဘိုတာကုမ္ပဏီက ၁၉၈၉ ခုနှစ်၌ လှူဒါန်းခဲ့သော အဝီစိတွင်း ၁၂ တွင်းအနက် စည်ပင်က ပြုပြင်ကာ တွင်းခုနစ်တွင်းမှ ရေပေးဝေလျက်ရှိကြောင်း၊ သို့သော်လည်းလူဦးရေထူထပ်လာ၍ ပြည်သူအချို့မှာ ပုဂ္ဂလိကတွင်းများမှသာ ဝယ်ယူအသုံးပြုနေရကြောင်း ယခင်နှစ်ပေါင်းများစွာကတည်းက တူးခဲ့သော ကိုယ်ပိုင်ရေတွင်းများမှာ ရေသယံဇာတများ လျော့နည်းသွားသည့်အတွက် ယခုကဲ့သို့ နွေရာသီ(ယမန်နှစ်မှလွဲ၍)တွင် ရေခန်းခြောက်မှုများဖြစ်ပေါ်လာကြောင်းလည်း သိရသည်။

## မုံရွာ-ယာကြီးကားလမ်းဘေးတောင်သူများ လယ်ယာမြေဥပဒေသစ်အရ လယ်ယာမြေပိုင်ဆိုင်ခွင့် လျှောက်ထား

**ရန်နိုင်ကျော်**


**မုံရွာ၊ မေ-၂၁**

မုံရွာခရိုင် ကနီမြို့နယ် သမင်ခြံကျေးရွာအုပ်စုအတွင်း မုံရွာ-ယာကြီးကားလမ်းမကြီး ဘေးဝဲယာကျေးရွာများတွင် မြေလွတ်မြေရိုင်းများအား ဖော်ထုတ်လုပ်ကိုင်ခဲ့သည့် တောင်သူများ၏ လယ်ယာမြေများအား ကုမ္ပဏီများမှကြက်ဆူပင်စိုက်ပျိုးရေးစီမံကိန်းလုပ်ကိုင်ခဲ့သည့်အတွက် ကနဦးလယ်ယာမြေ လုပ်ကိုင်ခဲ့သော တောင်သူများက လယ်ယာမြေ ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနသို့ မေလဆန်းမှစ၍ လျှောက်ထားခဲ့ကြောင်း သိရှိရသည်။

"မုံရွာ-ယာကြီးကားလမ်းက မိုင်တိုင်အမှတ် ၃၂ မိုင်က ပေါက်အင်းတောင်ကျေးရွာက တောင်သူ ၁၀၂ ဦးက လယ်ယာမြေပိုင်ဆိုင်ခွင့် (တောင်သူဦးပိုင်အမည်ပေါက်) လျှောက်ထားပြီးပြီ။ နောက်ထပ် မိုင်တိုင်အမှတ် ၂၉ မိုင်နဲ့ ၂၈ မိုင်က တောင်သူတွေ တောင်ယာခါးမခုတ် လုပ်ကိုင်သူတွေ လျှောက်ထားဖို့ စီစဉ်နေပြီ။ မိုင်တိုင်အမှတ် ၂၇ မိုင်က တောင်သူအချို့ လယ်ယာမြေ ဦးပိုင်လျှောက်ထားဖို့အတွက် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေက နေထိုင်ကြောင်း ထောက်ခံစာမပေးတဲ့အတွက် မြေစာရင်းမှာ လျှောက်ထားဖို့အခက်တွေ့နေပြီ။ အဘတို့၁၉၉၇ ခုနှစ် လောက်ကတည်းက မုံရွာ-ယာကြီး လမ်းစဖောက်တဲ့အချိန်မှာ တောထဲတောင်ထဲမှာသဘာဝတောကြီးကို ရှင်းလင်းပြီး လယ်ယာမြေ ဖော်ထားတာ စိန်တစ်လုံးသရက် စိုက်ပျိုးတဲ့အထိ ကုမ္ပဏီတွေကိုသီးစားချပြီး လုပ်ကိုင်နေရတဲ့အတွက် သမ္မတသစ်လက်ထက်မှာမြေယာဥပဒေသစ်အရတောင်သူတွေ ဦးပိုင်အမည်ပေါက် လျှောက်ထားတာဖြစ်ပါတယ်"ဟု ကနီမြို့နယ် သမင်ခြံကျေးရွာအုပ်စု ပေါက်အင်းတောင်ကျေးရွာ ဒေသခံ အသက် ၆၇ နှစ်အရွယ် တောင်သူကြီးတစ်ဦးက ပြောသည်။

"ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတွေ ချမ်းသာသထက် ချမ်းသာအောင် အခြေခံစားရမယ့် သောက်ရမယ့် တောင်သူတွေရဲ့ ချွေးနဲ့စာကို လုစားတာလည်း ခံခဲ့ရတယ်။ အခုအစိုးရသစ် လက်ထက်မှာ လယ်ယာမြေကာကွယ်ပေးမယ့် တောင်သူတွေရဲ့ အကျိုးစီးပွားကို စောင့်ရှောက်မယ့် ဥပဒေကို မျှော်လင့်နေတာ ရုပ်လုံးပေါ်လာပြီလို့ ပြောရတော့မယ်"ဟု လယ်ယာမြေဥပဒေသစ်အရ တောင်သူဦးပိုင်စာရင်း လျှောက်ထားသော မုံရွာ-ယာကြီး ကားလမ်း မိုင်တိုင်အမှတ် ၃၂ မှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မုံရွာ-ယာကြီး ကားလမ်းမကြီး ဘေးရှိမိုင်တိုင်အမှတ် ၂၄ မှ ၃၅ မိုင်အတွင်း ကနီမြို့နယ် သမင်ခြံကျေးရွာအုပ်စုတွင် လမ်းဘေးဝဲယာတွင် တဲစုများဖြင့် ဖွဲ့စည်းထားသော ခတ္တာအေးကျေးရွာ၊ ရွှေပြည်သာကျေးရွာ၊ ပေါက်အင်းတောင်ကျေးရွာ၊ အင်တိုင်းကျေးရွာ၊ အင်းရွာသစ်ကျေးရွာ စသည့်ကျေးရွာများ တည်ရှိပြီး တောင်သူများ ခုတ်ထွင်ရှင်းလင်းထားသော လယ်ယာမြေများအား ၂၀၀၆ ခုနှစ်မှစ၍ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူစိုက်ခင်း စီမံကိန်းနယ်မြေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ကျေးရွာများသို့ ၁၉၉၇ ခုနှစ်ခန့်မှစ၍ ကနီမြို့နယ်၊ အရာတော်မြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ တောင်သူများ ပြောင်းရွှေ့၍ လယ်ယာမြေ လုပ်ကိုင်စားသောက်ခြင်း၊ ထင်း၊ မီးသွေး ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်စားသောက်လျက်ရှိကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# မုံရွာမြို့တွင် လျှပ်စစ်မီးအပြည့်အဝသုံးစွဲခွင့်ရရှိရေးအတွက် ဒေသခံများစုပေါင်းတောင်းဆို

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၂၁**

မုံရွာမြို့တွင် ယခုနှစ် နွေရာသီ၌ လျှပ်စစ်ဓာတ်အား ခွဲတမ်းစနစ်ဖြင့် အလှည့်ကျ သုံးစွဲခွင့် ရရှိခဲ့သော်လည်း တစ်ရက်လျှင် အလှည့်ကျ သုံးစွဲခွင့်ရရှိသော ခြောက်နာရီအား လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲခွင့်မရရှိခဲ့သဖြင့် မုံရွာမြို့ဒေသခံများ စုပေါင်းတောင်းဆိုခြင်းကို မေလ ၂၁ ရက် ည ၇ နာရီခွဲအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ရှေ့၌ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

"လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲခွင့်ရရှိရေးအတွက် တောင်းဆိုပွဲကို မေလ ၂၁ ရက် ည ၇ နာရီခွဲအချိန်တွင် မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ရုံးကြီးလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့တွင် လူ ၃၀ ခန့်စုပေါင်းတောင်းဆိုခဲ့ကြသည်။ မုံရွာမြို့ ဇေယျာရွှေမြေ အားကစားကွင်းမြောက်ဘက်၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့ စုပေါင်းတောင်းဆိုသောလူအုပ်ကြီးသည်စုပေါင်းတန်းစီ လမ်းလျှောက်ခဲ့ရာ ရုံးကြီးလမ်းမှဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် အားကစားကွင်းရှေ့၊ မြို့တော်ခန်းမ၊ ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်၊ နာရီစင်အထိ၊ ရုံးကြီးလမ်း အတိုင်း နာရီစင်မှ ရွှေစည်းခုံစေတီတော်၊ မြစန္ဒာရုပ်ရှင်ရုံ၊ တိုင်းဒေသကြီးအစိုးရရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ စီတန်းလှည့်လည်ခဲ့ရာ လျှပ်စစ်ဓါတ်အား အပြည့်အဝရရှိရေး ဆန္ဒပြတောင်းဆိုသူ လူအင်အား ၅၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ည ၉ နာရီခွဲအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့တွင် မိနစ် ၃၀ ခန့်ကြာ ငြိမ်သက်စွာဆန္ဒပြခြင်း၊ တောင်းဆိုချက်များ တောင်းဆိုခြင်း၊ နိုင်ငံတော်သီချင်းသီဆို၍ ဆန္ဒပြတောင်းဆိုပွဲအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရရုံးရှေ့မှ ဆန္ဒပြတောင်းဆိုသူ ၃၀၀ ကျော်သည် ရုံးကြီးလမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ရာ တမာတန်းလမ်းဆုံမှဗိုလ်ချုပ်မြင်းစီးကြေးရုပ်အထိ လမ်းတစ်လျှောက်တွင် "ပြည်သူတွေအတွက် လျှပ်စစ်မီးတောင်းဆိုတာပါ။ မုံရွာမြို့ကြီး မီးမလာလို့ပါ"စသည့်ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ကာ ဆန္ဒပြတောင်းဆိုခြင်း အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

မုံရွာမြို့တွင် လျှပ်စစ်မီးအပြည့်အဝ သုံးစွဲခွင့်ရရှိရေး တောင်းဆိုသူများ ဒုတိယနေ့အဖြစ် မေလ ၂၈ ရက် ည ၈ နာရီအချိန်ခန့်တွင် ကျင်းပခဲ့ရာ မုံရွာမြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာန (တိုင်းအင်ဂျင်နီယာရုံး) ရှေ့တွင် စီတန်းလှည့်လည် ဆန္ဒပြတောင်းဆိုသူ ၂၀၀ ခန့်ဖြင့် စတင်ထွက်ခွာကြောင်း သိရသည်။ ရုံးကြီးလမ်း တိုင်းအင်ဂျင်နီယာရုံးရှေ့မှ ဗိုလ်ချုပ်လမ်းအတိုင်း ဆိုင်းတန်းလမ်း၊ ဆိုင်းတန်းလမ်းမှ တရုတ်တန်းလမ်း၊ တရုတ်တန်းလမ်းအတိုင်း ဘုရားကြီးလမ်း၊ ဘုရားကြီးလမ်းမှ ရုံးကြီးလမ်း၊ ရုံးကြီးလမ်းမှ ဘူတာလမ်းအတိုင်း ဗိုလ်ချုပ်ကြေးရုပ်၊ ဗိုလ်ချုပ်ကြေးရုပ်မှ သာစည်လမ်းအတိုင်း ပြည်ထောင်စုလမ်း၊ ပြည်ထောင်စုလမ်းမှဒေါနခြံရေစင်ကြီးလမ်း (လယ်တီလမ်း)၊ လယ်တီလမ်းအတိုင်း ရုံးကြီးလမ်း(မုံရွာမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၊ တိုင်းအင်ဂျင်နီယာရုံး)ရှေ့တွင် ဆန္ဒပြတောင်းဆိုမှုကို ည ၁၀ နာရီ ၁၅ မိနစ် အချိန်တွင် ရပ်နားခဲ့ကြောင်း သိရသည်။




## မန္တလေးမြို့တော်တွင် ရေဆိုးများ စနစ်တကျစွန့်ပစ်ရန် တိုက်တွန်း

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၂၂**

မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ အထူးသဖြင့်အရက်ချက်စက်ရုံ၊ သကြားစက်ရုံများမှ စွန့်ထုတ်သော စွန့်ပစ်ရေဆိုးများ စွန့်ထုတ်စနစ်ကို ယာယီဖြေရှင်းသည့် နည်းဖြင့် အသုံးပြုခြင်းကို လျှော့ချ၍ ခေတ်မီသန့်စင်သည့် နည်းစနစ်ဖြင့် စွန့်ပစ်မှသာလျှင် ရေအရင်းအမြစ် ထိန်းသိမ်းနိုင်ပြီး၊ ရေနေသတ္တဝါများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်းကလည်း မန္တလေးစက်မှုဇုန်ရှိစက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ကိုယ်ကျိုးစီးပွားများအတွက်စက်ရုံမှစွန့်ပစ်ရေများကို စနစ်တကျ စွန့်ပစ်စေလိုကြောင်း မေလ ၁၆ ရက်က ကျင်းပပြုလုပ်သော မန္တလေးစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြောကြားသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြတ်နိုးရေးအဖွဲ့မှ သတင်းစာ ဆရာတစ်ဦးက မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့နှင့်အတူ စက်ရုံများ ပိုမိုများပြားလာသလို စိုက်ခင်းများတွင် ဓာတုဗေဒဆေးများ ပိုမိုသုံးစွဲလာသဖြင့် ချောင်းများ၊ မြောင်းများအတွင်းသို့ စီးဝင်ပြီး ပတ်ဝန်းကျင်ရှိ ရေများ ညစ်ညမ်းမှု ပိုမိုတိုးပွားလျက်ရှိကြောင်း၊ အဆိုပါ ရေများ သောက်သုံးခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ ဒေသခံ ငါးမျိုးစိတ်များသေကျေပျောက်ကွယ်မှုများ ဖြစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ ရေများအား သံသယရှိပါက ရေတွင်ပါဝင်သည့် ချဉ်ငန်ဓာတ်နှင့် ဓာတ်ပစ္စည်း ၁၄ မျိုးအား နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနတွင် နမူနာပေးပို့ စစ်ဆေးနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အမရပူရမြို့ တောင်သမန်အင်းမှ ဈေးသည်တစ်ဦးက လွန်ခဲ့သော ၁၀ နှစ်ခန့်က စက်မှုဇုန်ရှိ အရက်ချက်စက်ရုံများ၊ သကြားစက်ရုံများက စွန့်ပစ်ရေများ တောင်သမန်အင်းအတွင်း စီးဝင်သဖြင့် အင်းအတွင်းရှိငါးများ သေဆုံးခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်ကြောင့် ရေဆိုးများ ချောင်းအတွင်း စွန့်ပစ်ခြင်းကို မြို့တော်စည်ပင်မှ ကန့်သတ်တားမြစ်ခဲ့ကြောင်း ပြောသည်။

အလားတူ ကျောက်ဆည်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ ဒေသခံလယ်သမားများက "စပါးအထွက်တိုးဖို့အတွက် တောင်သူတွေက ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေကို ၁၉၉၀ ပြည့်နောက်ပိုင်းမှာ ပိုသုံးလာကြတယ်။ အဲဒါတွေ သုံးစွဲမှုများလာလို့ဒေသခံမျိုးစိတ်ငါးများဖြစ်တဲ့ ငါးခူ၊ ငါးရံ့၊ ငါးခုံးမ၊ ငါးသလဲထိုး၊ ငါးကျည်း၊ ငါးပတ်တို့ မျိုးတုံးပျောက်ကွယ်သွားကြပြီး အခုအခါ မွေးမြူရေးငါးများကိုသာ ဝယ်စားနေရတယ်" ဟုလည်း ပြောသည်။

မန္တလေးစက်မှုဇုန်(၁)နေပြည်သူတစ်ဦးက လွန်ခဲ့သော တစ်နှစ်ခွဲခန့်က သစ်အချောထည်ကြိတ်စက်ရုံမှ စွန့်ပစ်ရေဆိုး ကန်သို့ ရေဆိုးစွန့်လွှတ်သည့် ပိုက်၊ ကနောင်မင်းသားကြီးလမ်းနှင့် စက်မှု ပန်းခြံလမ်းတွင် ပိုက်ပေါက်ခဲ့ပြီး စွန့်ပစ်ရေများ ပတ်ဝန်းကျင်သို့ပျံ့နှံ့ခဲ့ရာ အဆိုပါစွန့်ပစ်ရေနှင့်ထိမိသော သစ်ပင်များအားလုံး သေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်စက်ရုံ၊ အလုပ်ရုံများ အရက်ချက်စက်ရုံ၊ သကြားစက်ရုံများသည် မိမိတို့စွန့်ပစ်ရေများကို စနစ်တကျ စွန့်ပစ်သင့်ကြောင်း 7Day News သို့ပြောသည်။

# အင်းလေလံဈေး ပြီးခဲ့သည့်နှစ်ထက် အဆတစ်ရာကျော်ရသည့်အင်းတစ်ခု ပေါ်ထွက်

**သန်းဌေး**

**ရန်ကုန်၊ မေ - ၂၃**

ယခုနှစ်အင်းလေလံပွဲတွင် ဈေးပြိုင်ပေးကြရာမှ ယခင်နှစ်လေလံဈေးနှုန်းထက် အဆတစ်ရာကျော်မြင့်တက်သည့် အင်းတစ်ခုပေါ်ထွက်လာကြောင်း ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးရုံး တာဝန်ရှိသူတစ်ဦးက 7Day Nws သို့ ပြောသည်။

"ခေါင်ဖူးအင်းကို မနှစ်က ကျပ်တစ်သိန်းရှစ်သောင်းကနေ ဒီနှစ် ကျပ်တစ်ရာ့နှစ်သိန်းငါးသောင်းနဲ့ ဦးမြင့်သိန်းက လေလံအောင်သွားပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အင်းသည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ တာလောကြီးအပိုင်ရှိခေါင်ဖူးမြစ်ကျိုးအင်းဖြစ်သည်။ အဆိုပါအင်းအား ယမန်နှစ်က ကချင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကျပ်တစ်သိန်းရှစ်သောင်းဖြင့် လေလံအောင်ကာ စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။ ယခုနှစ်တွင်မူ တစ်ဦးချင်းစီသာ လုပ်ကိုင်လို၍ ဈေးပြိုင်ပေးကြရာမှအဖွဲ့ချုပ်ဒုတိယအတွင်းရေးမှူး ဦးမြင့်သိန်းက တစ်ရာ့နှစ်သိန်းငါးသောင်းကျပ်ဖြင့် လေလံအောင်သွားခြင်းဖြစ်သည်။

အလားတူဗန်းမော်မြို့နယ်အတွင်းရှိ ကျပ်သိန်းဆယ်ဂဏန်း အင်းများမှာလည်း ကျပ်သိန်းလေးဆယ်၊ သိန်းငါးဆယ်အထိ လေလံဈေးများမြင့်တက်ခဲ့ကြောင်း ကချင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဗန်းမော်ကအင်းတွေရောတနိုင်းက အင်းတွေရော မတန်တဆဈေးနဲ့ဖြစ်ကုန်တာ အချင်းချင်းအပြိုင်လုပ်ကြတာကိုး၊ ဒီနှစ်လေလံပေါက်ဈေးက နောင်နှစ်ကြမ်းခင်းဈေးဖြစ်တော့ ကြေးကုန်နေပြီ။ ဒီအတိုင်းဆို အင်းဆွဲမယ့် လူမရှိရင် ပစ်ထားရတော့မှာ။ ဒါဆို အင်းကောတွေဖြစ်ကုန်တော့မှာပဲ" ဟုမိုးကောင်းမြို့မှ ရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကချင်ပြည်နယ်တွင် ဧရာဝတီတိုင်းဒေသကြီးကဲ့သို့ ကျပ်သိန်းရာချီတန် သောအင်းကောင်းအင်းကြီးများ မရှိဘဲ တစ်နိုင်တစ်ပိုင်အင်းများသာရှိသည်။

အင်းတော်ကြီးအင်းနှင့် တာလောကြီးအင်းမှ အပ မိုင်းခွဲရာမှဖြစ်လာသော အင်းနှင့် ကျောက်ကြိုကျောက်ကြားတွင် ဖြစ်နေသော အင်းများသာ အများစုရှိသည်။ ၎င်းအင်းများမှာ ဖြစ်သင့်သည့်ဈေး ကျပ်သိန်းနှစ်ဆယ်၊ သုံးဆယ်ခန့်သာ တန်ကြေးရှိကြောင်း အင်းလုပ်သားကြီးတစ်ဦးက ပြောသည်။

# ကျူးကျော်တောင်ယာများကြောင့် သစ်ထုတ်ရေးဆင်များ အစာရေစာရှားပါးလာ

**စိုင်းလူမင်း**

**ပင်လည်ဘူး၊ မေ-၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်ရှိနန်းလုံးကြိုင်ကာကွယ်တောကြိုးဝိုင်း၊ သဖန်းတောင်ကြိုးဝိုင်း၊ ခံစားလာကာကြိုးဝိုင်းတို့တွင် ဆင်များကို အဓိကအားထားကာ ပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းစနစ်ဖြင့် သစ်ထုတ်လျက်ရှိရာ ထိုသစ်တောကြိုးဝိုင်းများတွင် ဒေသခံများက လယ်ယာမြေကျူးကျော် တိုးချဲ့စိုက်ပျိုးလာသဖြင့် ဆင်စခန်းများမှ ဆင်များ သဘာဝအလျောက် ရှာဖွေစားသောက်သည့် စားကျက်များလျော့နည်းလာပြီး အစာရေစာရှားပါးလာကြောင်း စုံစမ်းသိရသည်။



*သစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ဆင်များကိုတွေ့ရစဉ်*

ဒေသခံများ လယ်ယာမြေကျူးကျော်ရခြင်းမှာလည်း ကျေးရွာများတွင် စိုက်ပျိုးသည့် လယ်ယာမြေများသည် နှစ်စဉ်တိုးတက်လာသည့်လူဦးရေနှင့်မလုံလောက်၍သဖြင့် ကြိုးဝိုင်းကြိုးပြင်တောများ၌လယ်ယာမြေများတိုးချဲ့စိုက်ပျိုးလာရခြင်းဖြစ်သည်။ ထိုသို့ကျူးကျော်ရာတွင် သစ်တောဦးစီးဌာန၏ ၂၀၁၀ ပြည့်နှစ်ထိ စာရင်းများအရကျူးကျော်တောင်ယာ ၄၂၈၈ ဒသမ ၇၅ ဖြစ်ပြီး နန်းလုံးကြိုင်ကာကွယ်တောကြိုးဝိုင်းနှင့် ခံစားလာကာကြိုးဝိုင်း အကွက်အမှတ်(၅၂)နှင့် အကွက် အမှတ်(၈၀)တို့၌ ဝဲလာကျေးရွာနှင့် ရွာသာရွာကျေးရွာတို့မှ ကျူးကျော်တောင်ယာ လုပ်ကိုင်သူအများဆုံးဖြစ်သည်ဟု သိရသည်။

သစ်တောကြိုးဝိုင်းများတွင် မြန်မာ့သစ်လုပ်ငန်းများမှဆင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အလုပ်ခိုင်းခြင်း၊ လေ့ကျင့်ခြင်းတို့အတွက်အလုပ်ဆင်စခန်း၊ အခြေစိုက်ဆင်စခန်း၊ မှိန်းကျင့်ဆင်စခန်း၊ ဆင်နာရုံစခန်း၊ နွေရာသီဆင်ကျောင်းစခန်းများစသည့် စခန်းများကို ရေစီးရေလာကောင်းမွန်ခြင်း၊ ဆင်စားကျက်နှင့် အစာရေစာပေါများခြင်း၊ အရိပ်အာဝါသ ကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကျရောက်ဖူးသော နယ်မြေမဖြစ်စေခြင်း စသည်တို့ကိုအဓိကရွေးချယ်၍ ဆင်ကြီး၊ ဝန်တင်ဆင်၊ အမြီးနောက်လိုက်ဆင် ၂၀၇ ကောင်တို့အား ထိန်းသိမ်း ဆောင်ရွက်လျက် ရှိကြသည်။

သစ်တောကြိုးဝိုင်းမှဆင်များ၏ ကျန်းမာခြင်းနှင့် အလုပ်လုပ်နိုင်သည့်စွမ်းအားသည်နေ့စဉ်စားသောက်ရသောအာဟာရပေါ်တွင် မူတည်သောကြောင့် ကြိုးဝိုင်းဧရိယာအတွင်းရှိ မြက်အမျိုးမျိုး၊ ဝါးအမျိုးမျိုး၊ ညောင်ပင်နှင့် နွယ်များကို ရှာဖွေစားသောက်ရာမှ ဒေသခံများ ကျူးကျော်တိုးချဲ့ စိုက်ပျိုးထားသော စပါးနှင့်အခြားသီးနှံတို့ကို စားသောက်မိသဖြင့် လယ်ယာပိုင်ရှင်များမှ ဆင်နှင့် ဆင်ထိန်းသိမ်းသူတို့ကို ရန်ပြုခြင်း၊ မတန်တဆလျော်ကြေးများ တောင်းခံကြသဖြင့် ဆင်နှင့် လူပဋိပက္ခများ နှစ်စဉ်ဖြေရှင်းရသည်ဟု ဒေသခံများထံမှ သိရသည်။

မြန်မာ့သစ်လုပ်ငန်းမှမြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်နှင့် သစ်ထုတ်ခြင်းကြောင့်ရေရှည်တည်တံ့သော သစ်ထုတ်လုပ်ငန်း (Sustainable Forest Havesting) ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဆင်များသည် မြန်မာ့သစ်လုပ်ငန်း၌ အစားထိုး၍ မရနိုင်သောအင်အားစုတစ်ရပ်အဖြစ်တည်နေဦးမည်ဖြစ်သည်။

ထိုဆင်များ၏ သဘာဝအလျောက် ရှာဖွေစားသောက်သည့် ဧရိယာများတွင်ကျူးကျော်တောင်ယာများအား ထပ်မံမတိုးချဲ့စေရန်နှင့် ဆင်များသောက်သုံးသည့် ရေဝေရေလဲချောင်းများတွင် ရွှေများတူးဖော်သည့်အတွက် ရွှေတူးဖော်ရာ၌ အသုံးပြုသည့် ပြဒါးများနှင့် ဓာတုဗေဒပစ္စည်းများ မြေထဲသို့စိမ့်ဝင်ပြီး ထိုရေများ ညစ်ညမ်းလာကာ မသန့်ရှင်းသော ရေများကိုဆင်များသောက်မိပါကဆင်များ၏ အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်းတို့တွင်ရောဂါများဖြစ်ပွားစေနိုင်သောကြောင့် စနစ်တကျလုပ်ကိုင်စေရန်နှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်နေကြောင်း သိရသည်။

# ပုသိမ်တွင် မီးလောင်၍ အိမ်သုံးလုံး ဆုံးရှုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၂၆**

ပုသိမ်မြို့တွင် မီးလုံးမှ အပူလွန်ကဲရာမှတစ်ဆင့်လောင်ကျွမ်းသော မီးကြောင့်နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမှတ်(၂)ရပ်ကွက်လယ်တီဒုလမ်းနေအိမ်တွင်ဝပ်၅၀ရှိသောမီးလုံးကိုထွန်းထားရာမှ အပူလွန်ကဲပြီး အနီးရှိခန်းဆီးအား မီးစတင်လောင်ကျွမ်းစေခဲ့ရာ မှ မီးလောင်မှုဖြစ်ပွားစေခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ သွပ်မိုး၊ ပြင်ကာ၊ ပြင်ခင်းတစ်ထပ်အိမ်မှ စတင်လောင်ကျွမ်းပြီး အနီးရှိသွပ်မိုး၊ပြင်ကာ၊ပြင်ခင်း နှစ်ထပ်အိမ်တစ်လုံးနှင့် ဓနိမိုး၊ပြင်ကာ၊ပြင်ခင်း အိမ်တစ်လုံးကိုကူးစက်၍ အိမ်သုံးလုံးမီးလောင်ခဲ့သည်။ ထိုနေအိမ်သုံးလုံးလောင်ကျွမ်းမှုကြောင့်ဆုံးရှုံးမှု ၃၆၅၀၀၀ ကျပ်ဖိုးခန့်ရှိသည်ဟု ခန့်မှန်းသတ်မှတ်ထားကြောင်း သိရသည်။

မီးလောင်မှုမှာယခုလ ၂၃ ရက်နေ့လယ်၃နာရီမိနစ် ၂၀က စတင်ဖြစ်ပွားခဲ့ပြီး နေ့လယ် ၃ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း အဆိုပါဌာနတာဝန်ရှိသူက ပြောသည်။ မီးလောင်ရာသို့မီးသတ်ယာဉ် ၇ စီး၊ ရေသယ်ယာဉ် ၁ စီး၊ အုပ်ချုပ်မှု ၁ စီးနှင့် မြို့မရေသန့် အလှူတော်အသင်းမှ ရေသယ်ယာဉ် ၁ စီး၊ စုစုပေါင်း ၁၀ စီးဖြင့် သွားရောက်ကာ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန် ၃၀ ဦးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ယင်းနေအိမ်တွင်နေထိုင်သူအသက်(၁၄)နှစ်အရွယ်လူငယ်တစ်ဦးကိုပုဒ်မ ၂၈၅ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# လေးမြို့ဒေသတွင် အစားထိုးသီးနှံ စိုက်ပျိုးမှုများလာ

**မင်းသိန်းအောင်**

**လေးမြို့၊ မေ-၂၃**

ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သော လေးမြို့ဒေသတွင် ယခုအခါ ဥယျာဉ်ခြံများကို ဖျက်သိမ်းပြီး အစားထိုးသီးနှံ စိုက်ပျိုးမှုများပြားလာကြောင်း သိရသည်။

"ဒီလိုဥယျာဉ်ခြံတွေကိုဖျက်သိမ်းပြီး အစားထိုးသီးနှံ စိုက်ပျိုးမှုများလာတာက ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ပိုများလာတယ်။ အရင်က ဒီလိုမျိုးမရှိခဲ့ဘူး။ အရင်က အပင်တစ်ပင်ကို ခုတ်ပစ်လိုက်ဖို့ ဆိုတာတောင် ဥယျာဉ်ခြံရှင်တွေအတွက် တော်တော်စဉ်းစား ဆင်ခြင်ပြီး လုပ်ရတဲ့ အလုပ်ဖြစ်တယ်" ဟုလေးမြို့ဒေသ၌သီတင်းသုံးသည့်ဆရာတော်တစ်ပါးက မိန့်ကြားသည်။

လေးမြို့ဒေသတွင် ယင်းသို့ဥယျာဉ်ခြံများကို ဖျက်သိမ်းမှု ပိုမိုများလာခြင်းသည် ခြံထွက်သီးနှံများအထွက်နှုန်းလျော့ကျလာခြင်း၊ ထွက်ရှိသော သီးနှံများမှာလည်း ဈေးနှုန်းအလွန်နည်းပါးခြင်းတို့မှာ အဓိကအကြောင်းရင်းများပင်ဖြစ်ကြောင်း သိရသည်။

"လေးမြို့ဒေသမှာ ငါးဧကလောက်ရှိတဲ့ ဥယျာဉ်ခြံတစ်ခုက တစ်နှစ်တာထွက်ရှိတဲ့ သီးနှံက မိသားစု စားဝတ်နေရေးကို မလောက်ငဘူး။ သရက်သီးတစ်လုံးကို အခုဆိုရင် ဒေသတွင်းမှာ လေးကျပ်လောက်ပဲရှိတယ်။ မရမ်းသီးအချိန်ခါဆိုရင် မရမ်းသီးတစ်တောင်း (နို့ဆီဘူး ၅၂ ဘူး)ကို ကျပ် ၁၀၀၀ ပဲ ရှိတယ်။ တညင်းသီးအချိန်ဆိုလည်း တညင်းသီးအလုံးရေ ၁၀၀ ကိုမှ ငွေ ၅၀၀ ကျပ်ပဲ ဈေးပေါက်တယ်။ ငါးဧကရှိတဲ့ ဥယျာဉ်ခြံက တစ်နှစ်မှာ ငါးသိန်းဝင်ငွေရှိဖို့ဆိုတာမလွယ်ဘူး။ ပြီးတော့ အပင်တစ်ပင်ဟာ တစ်နှစ်ညွတ်နေ အောင်သီးပြီဟော့ဆိုရင် နောက်နှစ်နှစ်လောက် ဆက်တိုက်သီးချင်မှ သီးတော့တယ်။ အပင်တစ်ပင်ဟာ တစ်နှစ်နဲ့တစ်နှစ် အသီးသီးတဲ့ နှုန်းမတူဘူး။ အဲဒီငါးဧကလောက် မြေပေါ်မှာ တခြားသီးနှံပင်တွေ စိုက်ပျိုးရင် မိသားစု စားဝတ်နေရေးအတွက်ဝင်ငွေပိုရတာပေ့ါ" ဟုလေးမြို့ဒေသ အထက်လေညင်းတောင်ကျေးရွာမှဥယျာဉ်ခြံကို ဖျက်သိမ်းပြီး အစားထိုးသီးနှံပြောင်းလဲစိုက်ပျိုးထားသူ ဦးဇော်နိုင်က ပြောသည်။

လေးမြို့ဒေသရှိ ဥယျာဉ်ခြံစိုက်ပျိုးရေးစနစ်များမှာ မိရိုးဖလာနည်းစနစ်များ ဖြစ်ကြပြီး သီးနှံအထွက်နှုန်း တိုးလာစေရန်အတွက် ဒေသခံများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာရပ်များကို သိရှိရန်လိုအပ်ကြောင်း မြောက်ဦးမြို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ကျောင်းဖွင့်ချိန်တွင် ဆိုင်ကယ်ပေါ၍ စက်ဘီးအရောင်းထိုင်း

**ထူးသန့်**

**နေပြည်တော်၊ မေ- ၂၄**


ဓာတ်ပုံ-ထူးသန့်

စက်ဘီးရောင်းအား အမြင့်ဆုံး အချိန်ဖြစ်သည့်အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန် ရောက်လာသော်လည်း ယခုနှစ်တွင်မူ ဆိုင်ကယ်များ ဈေးနိမ့်နိမ့်ဖြင့် ဝင်ရောက်လာသောကြောင့် စက်ဘီး အရောင်းထိုင်းလျက်ရှိကြောင်း နေပြည်တော်ရှိ စက်ဘီးအရောင်းဆိုင်များထံမှ သတင်းရရှိသည်။

နေပြည်တော် ပျဉ်းမနားမြို့ ရှိနာမည်ရစက်ဘီးအရောင်းဆိုင်မှ အမျိုးသမီးတစ်ဦးက "အရင်လတွေနဲ့စာရင် နည်းနည်းပိုရောင်းရတာပဲ ရှိတယ်။ အရင်နှစ်တွေကို မမီဘူး။ အရင်တုန်းကဆို ဒီအချိန်လက်မလည်အောင် ရောင်းရတယ်" ဟု ပြောကြားခဲ့သည်။ စက်ဘီးဈေးကွက်အတွင်း ဂျပန်တစ်ပတ်ရစ်ဘီးများနှင့် ကိုရီးယားဘီးများ အများအပြား ဝင်ရောက်လျက်ရှိသည်။

နေပြည်တော် တပ်ကုန်းမြို့မှ ကျောင်းသားမိဘဒေါ်နှင်းကလည်း "စက်ဘီးတွေပေါသလိုဆိုင်ကယ်တွေလည်း ပေါတယ်လေ။ ဆိုင်ကယ်တစ်စီးနှစ်သိန်းလောက်နဲ့စီးလို့ရနေတော့ကလေးတွေက စက်ဘီးကို မလိုချင်တော့ဘူး။ သူများနည်းတူ ဆိုင်ကယ်လေးနဲ့ပဲ ကြွားကြွားလွှားလွှား သွားချင်နေကြတယ်" ဟု ပြောသည်။

နေပြည်တော် လယ်ဝေးမြို့နယ်မှ တောင်သူဦးငွေးဝင်းကမူ "မြို့ပေါ်မှာတော့ ဆိုင်ကယ်ကြောင့် စက်ဘီးမစီးချင်ကြတော့ဘူး။ တောမှာ ကျတော့လည်း မစီးနိုင်လို့ကို မစီးကြတာများတယ်။ ဒီနှစ်လိုမျိုးဆိုရင် တောင်သူအများစုက ကလေးတွေအတွက် ကျောင်းစရိတ်တောင် အနိုင်နိုင်ပဲ" ဟု ကျေးလက်ဒေသကျောင်းသားမိဘများ၏ အခြေအနေကို ပြောဆိုသည်။

ဈေးကွက်အတွင်း ကိုရီးယားစက်ဘီးတစ်စီးလျှင် အမျိုးအစားအလိုက်ရှစ်သောင်းကျပ်ဝန်းကျင်၊ ဂျပန်စက်ဘီးတစ်ပတ်ရစ် အမျိုးအစား ကျပ်ငါးသောင်းမှ တစ်သိန်းကျော်အထိ အမျိုးအစားပေါ်မူတည်၍ ရှိတတ်သော်လည်း ဆိုင်ကယ်(အောက်ဘီး)ဘီး တစ်စီးလျှင်ကျပ် နှစ်သိန်းကျော်သာရှိကြောင်း၊ အသစ်စက်စက် (လိုင်စင်ပါ) ဘီးတစ်စီးလျှင်လည်း ကျပ်ငါးသိန်းကျော်သာ ရှိတော့ကြောင်း သိရှိရသည်။

**One More**

၂၀၁၂၊ ဧပြီလ

၁၃,၅၆၄ ဦး

၁၃,၅၆၄,၀၀၀ ကျပ်

၁။ တွံတေးမြို့၊ ရွှေဆံတော်ဘုရားအနီးရှိ ဓမ္မလက်ာရ (ပရဟိတ)ကျောင်းသို့ ကျပ်သိန်း(၂၀)။
၂။ ရွှေပြည်သာမြို့နယ်၊ မြို့ဦးထန်းတပင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ်သိန်း(၂၀)။
၃။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ ရှဲရွာဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျပ်သိန်း(၂၀)။
၄။ HIV/AIDS နှင့်ဆက်နွယ်နေသော မိသားစုဝင်များ၏ ကလေးငယ်များ ကျောင်းအပ်နှံရေးနှင့် ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးနေသော ပြည်ကြီးဧင် (Empowering Women and Children) အဖွဲ့သို့ ကျပ် သိန်း(၂၀)။
၅။ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ် အရေးပေါ်ရေအကူအညီပေးဝေရေး အဖွဲ့သို့ ကျပ်သိန်း(၂၀)။
၆။ မကွေးတိုင်းဒေသကြီး၊ ကျောက်ထောင်တန်းရပ်ကွက်၊ မန်းချောင်းရေတိုက်စားမှု ကာကွယ်ရေးအတွက် ၃,၅၆၄,၀၀၀ (သုံးဆယ့် ငါးသိန်းခြောက်သောင်းလေးထောင်ကျပ်) လှူဒါန်းသည်။

၂၀၁၂၊ဧပြီလ အလှူငွေထည့်ဝင်သူများတွင် စင်ကာပူရောက်မြန်မာ (၁၇၈) ဦး ပါဝင်သည်။

# ခရိုင်ရုံးစိုက်ရာ မြို့များတွင် ဆရာအတတ်သင် ဝင်ခွင့်စာမေးပွဲများ ကျင်းပပေးစေလို

**မောင်ကံ**

**မောင်တော၊ မေ- ၂၃**

ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် နှစ်စဉ် ဖွင့်လှစ်သင်ကြားလျက်ရှိသော လုပ်ငန်းခွင်ကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းများ၏ ဝင်ခွင့်စာမေးပွဲများကို ခရိုင်ရုံးစိုက်ရာမြို့များ၌သာ ကျင်းပပေးစေလိုကြောင်း အဆိုပါသင်တန်းဝင်ခွင့်လျှောက်ထားသူများက ပြောကြားသည်။

"အရင်နှစ်တွေက ဝင်ခွင့်စာမေးပွဲတွေကို သက်ဆိုင်ရာ ခရိုင်ရုံးစိုက်မြို့တွေမှာ လုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ကစပြီး ပြည်နယ်မှာ စစ်ဆေးတာဖြစ်ပါတယ်။ မောင်တောခရိုင်မှာ စစ်လို့ရှိရင် ဘူးသီးတောင်က ဝင်ခွင့်လျှောက်ထားသူတွေ မောင်တောကိုလာဖြေလို့ အဆင်ပြေကြပါတယ်။ ခရီးစရိတ်လည်း သိပ်မကုန်သလို နေ့ချင်းပြန်သွားလာလို့ ရတဲ့အတွက် နေထိုင်စားသောက်စရိတ်လည်း ဒီလောက်မကုန်ကြပါဘူး။ ပြည်နယ်မှာလုပ်တော့ သင်္ဘောခနဲ့ နေထိုင်စရိတ်နဲ့က တစ်ယောက်ကိုအနည်းဆုံး ငွေ သုံးသောင်းလောက်ကုန်ကျပါတယ်" ဟု သိပ္ပံဘွဲ့ရပြီး သင်တန်းဝင်ခွင့်လျှောက်ထားသူတစ်ဦးက ပြောသည်။

ဆရာအတတ်သင် သင်တန်းတက်ရောက်ခွင့် ရှိသူများ၏ ဘွဲ့နှင့် ဘာသာတွဲများကိုသက်ဆိုင်ရာက ကြေညာထားသော်လည်း သွားရောက်ဖြေဆိုချိန်တွင် ဖြေဆိုခွင့်မရရှိဘဲ ပြန်လာခဲ့ရခြင်းများရှိခဲ့ကြောင်း လွန်ခဲ့သည့်နှစ်က အဆိုပါသင်တန်းသို့ဝင်ရောက်ခွင့် လျှောက်ထားခဲ့သူတစ်ဦးက ပြောကြားသည်။ "ကြေညာထားတဲ့မေဂျာတွေထဲမှာ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊(စာရင်းအင်းပညာ)လို့ကြေညာထားပြီးတော့သွားဖြေတဲ့အခါ စာရင်းအင်းသမားတွေ မပါဘူးဆိုလို့ပြန်လာခဲ့ရပါတယ်။ သွားတဲ့ခရီးစရိတ်ကုန်တာသာ အဖတ်တင်ခဲ့ပါတယ်"ဟုငင်း၏အတွေ့အကြုံကို ပြောကြားသည်။

# အက်ဒမန်ကျွန်းတွင် မျှော့ငုပ်သူများ ဥပဒေဖြင့် အရေးယူတော့မည်

**သန်းဌေး**

**ရန်ကုန်၊ မေ - ၂၃**

အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းစုများတွင် ပင်လယ်မျှော့ငုပ်သူများကို အိန္ဒိယနိုင်ငံ၏ သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးအက်ဥပဒေနှင့် တရားမဝင်ရေပိုင်နက်ကျူးကျော်မှု အက်ဥပဒေတို့ဖြင့် အရေးယူတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြန်မာပြည်တွင်းက ရေလုပ်သားတွေအနေနဲ့ အိန္ဒိယရေပိုင်နက်တွင်းမှာ ပင်လယ်မျှော့သွားငုပ်လို့ ဖမ်းမိရင် ကျခံရမယ့်ပြစ်ဒဏ်က ပြင်းထန်တယ်။ ရေလုပ်သားတွေဟာ မရှိဆင်းရဲလို့ စွန့်စားပြီးတော့ အသက်မွေးဝမ်းကျောင်းပြုရတာ၊ မသိနားမလည်လို့သူများထောင်ထဲမှာနှစ်ရှည်ကျခံရရင် မတန်တော့ဘူးပေါ့ဗျာ" မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

အိန္ဒိယနိုင်ငံအစိုးရ၏ ၁၉၄၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော အက်ဥပဒေအရ ၎င်းရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်လာသော ရေလုပ်သားများအား ထောင်ဒဏ်ခြောက်လနှင့် လှေသူကြီးအား ထောင်ဒဏ် ဆယ်နှစ်လ ကျခံစေသည်။ ၂၀၀၄ ခုနှစ်တွင်ပြင်ဆင်ခဲ့သော နိုင်ငံခြားသားဆိုင်ရာ အက်ဥပဒေအရ ထောင်ဒဏ် ရှစ်နှစ်နှင့် ငွေဒဏ်ပါပေးဆောင်ရန် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ်မေလတွင် ကျင်းပခဲ့ သော မြန်မာ - အိန္ဒိယ နယ်စပ်ဘက် အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက်နိုင်ငံတော်အဆင့် အစည်းအဝေးသဘောတူညီမှုအရသဘာဝတောရိုင်း တိရစ္ဆာန်များ ကာကွယ်ရေးအက်ဥပဒေဖြင့်ပါ နှစ်ရပ်ပေါင်းပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်အတွင်း ပင်လယ်မျှော့ဖမ်းဆီးကြသည်။ ထို့ကြောင့် ယခုအချိန်အထိပို့ဘလဲလ်မြို့ အကျဉ်းထောင်ထဲတွင် ထောင်ဒဏ်ကျခံနေသူ မြန်မာရေလုပ်သား တစ်ထောင်နီးပါးရှိနေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ဝန်ထမ်းအလိုရှိသည်

1. **Senior Marketing Executive** - မ (၂)ဦး - ဘွဲ့တစ်ခုခုရရှိပြီးသူ၊ Marketing နှင့် ပတ်သတ်သော အတွေ့အကြုံ(၃)နှစ်ရှိသူ၊ အဖွဲ့အစည်းနှင့် လုပ်ကိုင်နိုင်ပြီး တိကျသေသပ်စွာအချိန်ဇယားဖြင့်လုပ်ကိုင်နိုင်သူ အသက် (၂၅)နှစ်မှ (၃၀)နှစ်ကြား။
2. **Marketing Assistant** - မ (၈)ဦး - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အသက် (၂၀)နှစ်မှ (၂၅)နှစ် ကြား ရုပ်ရည်အသင့်အတင့်ရှိပြီး စကားပြောပြေပြစ်သူ၊ လိုအပ်ပါက မှန်ကန်သည့်ဆုံးဖြတ်ချက်ကို လျှင်မြန်စွာချမှတ်နိုင်သူ။
3. **Receiptionist & Office Staff** - မ (၁)ဦး - ဘွဲ့ရ၊ အသက်(၂၅) နှစ်မှ (၃၀) နှစ်ကြားနှင့် English - Myanmar လက်ကွက်ကျွမ်းကျင်သူ၊ (MS Office, MS Excel, MS Word, Pagemaker)Software များကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ၊ ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြောပြေပြစ်သူ။
4. **Web Developer** - ကျား/မ (၁)ဦး - ဘွဲ့ရ၊ အသက်(၂၈) နှစ်မှ (၃၀) နှစ်ကြား PHP, CMS, Flash, Adobe Photoshop Software များကိုကျွမ်းကျင်သူ။
5. **DTP** - မ (၂)ဦး - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အသက် (၂၀)နှစ်မှ (၂၅)နှစ်ကြား English - Myanmar လက်ကွက်ကျွမ်းကျင်သူ၊ (MS Excel, MS Word,Pagemaker Software) များကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ။
6. **Data Collector** - ကျား (၂)ဦး - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ အသက် (၁၈)နှစ်မှ (၂၅)နှစ်ကြား။
7. **Layout Designer** - ကျား (၁)ဦး - Adobe CS3(Indesign, Illustrator, Photoshop) များကိုကျွမ်းကျင်စွာအ သုံးပြုနိုင်ပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိသူ။
8. **Graphic Designer** - ကျား (၂)ဦး - Adobe CS3 Photoshop, Illustrator, InDesignကျွမ်းကျင်စွာအသုံးပြု နိုင်ရမည်။ ကိုယ်ပိုင်ဖန်တီးမှုရှိပြီး၊ Layout design စိတ်ဝင်စားသူဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။
9. **Production Assistant** - ကျား (၁)ဦး - Press နှင့် Color Seperation အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ Graphic Designကိုစိတ်ဝင်စားပြီး(Adobe CS3,Acrobat Reader,Illustrator,InDesign)အသုံးပြုနိုင်သူဖြစ်ရမည်။

လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အထက်ဖော်ပြပါ လစ်လပ်ရာထူးနေရာများ၌ တာဝန်ထမ်းဆောင်ရန်အတွက် စိတ်အားထက်သန်စွာ အလုပ် လုပ်လိုသောဝန်ထမ်းများအလိုရှိပါသည်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ပညာရေး ထောက်ခံချက်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ဓာတ် ပုံ(၂)ပုံနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများယူဆောင်၍ အောက်ပါလိပ်စာသို့ ( ၃၀. ၆. ၂၀၁၂ ) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်သည်။

**Logistics Media Services Co., Ltd.**
အမှတ်(၂)၊ အခန်း(9-D/E)၊ စကားဝါအိမ်ယာ၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း -၀၁-၅၅၄၇၇၆, ၅၅၉၇၆၈, ၀၉၄၉၃၁၆၇၀၂ , ၀၉၇၃၁၅၀၈၆၉

ဘယ်သူပြောလဲ မြန်မာပြည်မှာနေရတာမကောင်းဘူးလို့? ဇွန်လအတွင်း MacBook Air သို့ MacBook Pro ၁ လုံးကြိုတင်မှာယူသူများကို စင်္ကာပူ online ဈေးနှုန်း ထက် စင်္ကာပူ ဒေါ်လာ ၃၀ သက်သာမည်

Nütech Mac, iPod, iPad

Premium Reseller

New iPad (3) စင်္ကာပူ online ဈေးအတိုင်း ကြိုတင်မှာယူနိုင်ပါသည် (ဇွန်လအတွင်းသာ)

"You can't connect the dots looking forward you can only connect them looking backwards."
- Steve Jobs

အနာဂတ်မှာ ရှိလာမည့် အစက်များ ကို မျဉ်းစွဲကြည့် လို့မရဘာဘူး၊ ပေါ်ပြီးသာအစက် များ သာစက်စွဲ လို့ရပါတယ်။ - စတိဗ်ဂျော့



ဇွန်လ အတွင်း iPad, iPod Touch ဝယ်ယူ သူ အားလုံး အတွက် Free Jailbreak ၊ epub book နှင့် Jailbroken App များကြိုက်သလောက်ထည့်၊



iPad 2 16GB Wifi 380,000(ဇွန်လအတွင်းသာ)


MacBook Pro MC700ZP/A (SG Import)
980,000 Ks



Windows ကို Boot Camp ဖြင့် သုံး နေသူများ Scan Disk တွင် ရပ်နေ၍ စိတ်မညစ်ပါနှင့်၊ အလွယ်တကူ ပြင်၍ရသည်။



Mac Mini MC815LL/A (USA Import)
480,000 Ks



အမှတ် ၁၀၆ (A)၊ စဥ့်အိုးတန်းလမ်း (အပေါ်ဘလောက်)၊ လသာမြို့နယ်။
ဖုန်း (၀၁)၂၅၀၇၉၂၊ (၀၁) ၃၇၇၂၀၂ ၊(၀၉) ၅၁၆၇၉၁၁

# စာ-ဂ၊ "ဆန္ဒပြပွဲတွေ ပိုပြီးများလာနိုင်တယ်" လှိုင်သာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း မှ

အထည်ချုပ်ကျတော့ အထည်မရရင် ငွေမရဘူး။ အထည်ချုပ်ကနိုင်ငံတကာအတွေ့ အကြုံတွေရှိတော့ အခြေခံလစာကို သီးသန့်ခွဲပေးတာ။ ချုပ်ထည် မထွက်ဘူးဆိုရင်အခြားအခွင့်အရေးတွေဖြစ်တဲ့ အချိန်ပိုကြေးတို့ ရက်မှန်ကြေးတို့ ဖြတ်လိုက်တယ်။ မီးမလာလို့ ရပ်ထားတဲ့အအေးခန်းစက်ရုံတွေ အများကြီးပဲ။ အလုပ်သမားတွေကို လခပေးထားတယ်။ ဒါပေမဲ့ သူတို့ဆီမှာတော့ အမြဲတမ်းဝန်ထမ်းနဲ့နေ့စားဝန်ထမ်းဆိုပြီး နှစ်မျိုးခွဲထားတယ်။ အထည်ချုပ်တွေက ပိုလုပ်နိုင်သူပိုရတယ်။ အခြေခံလစာတော့ အတူတူပဲ ဒါပေမဲ့ နည်းတယ်။ သူက လူတိုင်းတစ်ပြေးညီပေးဖို့ဆိုတာ မလွယ်ဘူး။ လူတိုင်းက လုပ်နိုင်အားချင်း မတူတော့ ညှိလို့မရဘူး။

**■ လက်ရှိဖြစ်ပေါ်နေတဲ့ အလုပ်သမားဆန္ဒပြမှုတွေ ဒီထက်မကြီးအောင် လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ဘယ်လိုဖြေရှင်းသင့်တယ်လို့ ထင်လဲ။**

အထက်လူကြီးတွေက ဝင်ပြီး ညှိနှိုင်းပေးတာတောင် အဆင်မပြေသေးတာ။ အန်ကယ်တို့က ဘယ်လိုလုပ်ပြီး ဖြေရှင်းရမှာလည်း ဒါကို မကြီးလာအောင် လုပ်ဖို့က မလွယ်ဘူး။ တစ်စတစ်စနဲ့ လှိုင်သာယာကနေ မှော်ဘီထိတောင် ဖြစ်နေပြီ။ ဒဂုံဆိပ်ကမ်းစက်မှုဇုန်တို့ ဘာတို့ဆိုရင်လည်း စက်ရုံအတွင်းထဲမှာပဲ ဖြစ်နေတာတွေရှိတယ်လို့ ကြားတယ်။ အလုပ်သမား တိုးတောင်းတာကို ပိုင်ရှင်က ပေးနိုင်တဲ့ ပမာဏနဲ့ ညှိနှိုင်းရတာတွေ အများကြီးရှိတယ်။ မတည်ငြိမ်ဘဲ အခုလို ဆက်သွားရင် အထွေထွေသပိတ်ထိ ဖြစ်သွားနိုင်တယ်။ ဒါဆိုရင် မကောင်းဘူး။ အားလုံးပဲ နစ်နာကုန်မယ်။

**■ အခုလို အလုပ်သမားတွေ ဆန္ဒပြမှုတွေကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှုကိုရော ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိစေမလဲ။**

အဟန့်အတား တစ်ခုလိုတော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေက လျှပ်စစ်မီးကို ပိုကြောက်တယ်။ မီးမရလို့ မီးစက်နဲ့ လည်ရရင် ဒီဇယ်ဖိုးကုန်တယ်။ ထုတ်လုပ်မှုစရိတ်မြင့်လာမယ်။ ဈေးကွက်မှာ ယှဉ်နိုင်ဖို့ခက်မယ်။ တခြားသော အခြေခံအဆောက်အအုံတွေရဲ့ အားနည်းမှုတွေနဲ့ဆို အလုပ်သမားကိစ္စထက် ပိုပြီး ရင်ဆိုင်ရမယ်။

**■ အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေကို မလိုက်လျောဘဲ စက်ရုံတွေသာ ပိတ်ပစ်မယ်လို့ လုပ်ငန်းရှင်တချို့က ပြောတယ်။ စက်ရုံတစ်ရုံကို အလွယ်တကူရော ပိတ်လို့ ရပါသလား။**

ပိတ်မယ်ဆိုရင် ပိတ်လို့ရတယ်။ အလုပ်သမားတွေ ဆန္ဒပြလို့ ပိတ်မယ်ဆိုရင် အလုပ်သမားတွေကို နစ်နာကြေးလျော်ကြေး ပေးရမယ်။ ပေးစရာမရှိရင် စက်ရုံနဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ ရောင်းပြီး ပေးရတာတွေရှိတယ်။ အရင်ကလည်း ဒါမျိုး လုပ်ခဲ့ရတဲ့ စက်ရုံတွေရှိတယ်။ ဒါတွေကိုလည်း အလုပ်သမားတွေ သိပါတယ်။ အလုပ်သမားတွေကိုလျော်ကြေးမပေးဘဲနဲ့တော့ ပိတ်လိုက်လို့မရဘူး။ တစ်ယောက်ပိတ်သွားရင်လည်း နောက်လူက အခြေအနေကောင်းရင် ဝင်လာမှာပါ။ အရင်အမေရိကန် စီးပွားရေး ပိတ်ဆို့မှု မဖြစ်ခင်က စက်ရုံ ၉၀ ရှိတယ်။ နောက်ပိုင်းမှာ ၃၀ ထိကျသွားတယ်။ ဒီနေ့ဆို ၄၅ ရုံထိ ပြန်ဖြစ်လာတယ်။ ဒါလှိုင်သာယာစက်မှုဇုန် တစ်ခုတည်းပဲ ရှိသေးတယ်။

**■ စက်ရုံပိတ်သွားတဲ့ ပိုင်ရှင်တွေ အနေနဲ့ လက်ရှိလုပ်ငန်းကို အခြားအမည်တစ်ခုနဲ့ ပြောင်းလုပ်တာပဲဖြစ်ဖြစ် ဒါမှမဟုတ် နောက်ထပ်တခြား လုပ်ငန်းကို ပြောင်းလုပ်မယ်ဆိုရင်ရော ခွင့်ပြုထားတာမျိုး ရှိပါသလား။**

တခြားလုပ်ငန်းပြောင်းလုပ်ရင် နာမည်ပြောင်းပြီး အခြားခေါင်းစဉ်အောက်မှာ ရှယ်ယာထည့်ပြီး ဝင်လုပ်လို့ရတယ်။ သူက ပိတ်သွားတယ် ဆိုပေမယ့် ပိတ်ချင်လို့ ပိတ်သွားတာ မဟုတ်ဘူး။ မတတ်နိုင်လို့ ပိတ်လိုက်ရတာ။ လုပ်ခလည်း တိုးပေးရမယ်။ လျှပ်စစ်မရလို့ မီးစက်နဲ့ လည်ရမယ်ဆိုရင် လုပ်ငန်းရှင်အတွက်က မလွယ်ဘူး။ လုပ်ငန်းကောင်းလာရင် လုပ်ခကတက်လာတာပဲ။ လုပ်ငန်းရှင်တွေဆိုတာကလည်း ဒီလုပ်ငန်းတစ်ခုတည်း လုပ်တာမဟုတ်ဘူး။ စက်ရုံက မကိုက်ရင် ပိတ်ပစ်ကြမှာပဲ။

**■ အလုပ်သမားတွေ ဆန္ဒပြမှုဖြစ်နေရတာ လစာမကောင်းလို့ လုပ်ငန်းခွင်အခြေအနေ မကောင်းလို့ ပြောတယ်။ ဒါတွေကိုပြုပြင်ဖို့ဘာလုပ်လို့ ရနိုင်လဲ။**

အခြေခံလစာကိစ္စတွေက အစိုးရက သတ်မှတ်ပေးရမှာ အခြေခံလစာကို သတ်မှတ်နှုန်း နည်းရင် အစိုးရကို အလုပ်သမားနဲ့ ကြားမှာ ထိပ်တိုက်တွေ့ဆုံမှုတွေ ရှိလာနိုင်တယ်။ အစိုးရက လစာသတ်မှတ်နှုန်းထားများနေရင်လည်း စက်ရုံလုပ်ငန်းရှင်တွေက စက်ရုံပိတ်သွားနိုင်တယ်။ ကိုယ့်အလုပ်သမားကိုကိုယ်ကျေနပ်အောင် လစာပေးကြဖို့ လိုတယ်။ အစိုးရအနေနဲ့ကြားမှာဝင်ပြီးပဲ ဖျန်ဖြေပေးသင့်တယ်။ နှစ်ဦးနှစ်ဖက်ရှင်သန်နိုင်အောင်အလုပ်သမားလည်းထမင်းဝဝစားနိုင်အောင် အလုပ်ရှင်ဘက်ကလည်း မဆုံးရှုံးအောင် အစိုးရအနေနဲ့ ပံ့ပိုးဖျန်ဖြေပေးရမယ်။

**■ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
MWE Co.,Ltd
(၁) Exp/Imp Staffs ကျား (၂) ဦး(MFTB ဘဏ်/ကုန်သွယ်ရေး)
(၂) အရောင်းမြှင့်တင်ရေး/လက္ကားဖြန့်ချီရေး ကျား/မ (၅) ဦး
(၃) မက္ကင်းနစ် ကျား (၃) ဦး
(၄) ယာဉ်မောင်း ကျား (၃) ဦး (အသက် ၃၀ မှ ၄၅ နှစ်)၊ ကားကြီး၊ သေး ကျွမ်းကျင်စွာမောင်း နှင်နိုင်၊ အတွေ့အကြုံ(၄-၅)နှစ် ရှိရမည်။
အမှတ် (၁၄၅)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း (မဟာ ဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့နယ်။

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Exotic Myanmar Travels & Tours
Sales Manager (1) Female
#225, Room No.1502, 15th Floor, Olympic Towr, Bo Aung Kyaw Street, Kyauktada Tsp, Yangon.
**Ph: 95-1-392886**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Production Manager (1) M
2. HR Manager (1) M/F
3. Sales/ Marketing Manager (1) M/F
အမှတ်(၁၆၄)၊ဗိုလ်ရွဲလမ်း၊လသာမြို့နယ်။
**ဖုန်း - ၀၉၇၃၁၉၂၉၃၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
(၁) ဒီဇိုင်းပညာရှင် (၁) ဦး ကျား/မ
(၂) စာရင်းကိုင် (၁) ဦး ကျား/မ
အမှတ် (၅၅၇)၊ ၁၆/၃ ရပ်ကွက်၊ အာဇာနည်လမ်း VIP2 ရွှေပြည်သာ။
**ဖုန်း - ၀၉-၈၆၂၁၂၈၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Marketing Manager ကျား/မ (၂) ဦး
2. Marketing Executive ကျား/မ (၁၀) ဦး
3. Sales Promoter မ (၁၀) ဦး
အမှတ်(၂၅)၊ အခန်း(၉၀၁-၉၀၂) ၉လွှာ၊ ယုဇနစီးပွားရေး တာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Asia Masks Services Co.,Ltd
Admin Manager မ (၁) ဦး
(တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အတွေ့အကြုံ (၃) နှစ်ရှိရမည်။ အသက် (၃၅) မှ (၄၅) နှစ်ကြားဖြစ်ရမည်။
အမှတ် (၂၅၃-ဘီ)၊ အင်းစိန်လမ်းနှင့် ပါရမီလမ်းဒေါင့်၊ လှိုင်မြို့နယ်။
**ဖုန်း - ၀၉၇၃၁၄၀၅၃၈**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Speedy Internet Centre
အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ တစ်ဦးအလိုရှိသည်။ ရှစ်မိုင်အနီး တစ်ဝိုက်နေထိုင်သူကို ဦးစားပေးမည်။
တိုက် (၃)၊ အခန်း (၄)၊ မြိုင်ဟေဝန် မြို့ပြအိမ်ရာ မြောက်ဘက်ခြမ်း၊ မရမ်းကုန်းမြို့နယ်၊ (၈) မိုင်လမ်းဆုံ။
**ဖုန်း - ၀၁-၆၆၀၁၆၃**

--------------------------

**Hotel ဝန်ထမ်းအလိုရှိသည်**
1. Manager M/F (1) Post
2. Supervisor M/F (1) Post
3. Receptionist M (2) Posts
(သင်တန်းဆင်းဦးစားပေးမည်)
အမှတ် (၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
**ဖုန်း - ၀၁-၂၁၁၁၂၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
သိန်းသန်းပွဲရုံ
ဘွဲ့ရ၊ ရိုးသားကြိုးစား နှစ်ရှည်လုပ်လိုသော ပွဲရုံစာရေး အလိုရှိသည်။
**ဖုန်း - ၀၉၄၃၁၃၃၄၈၉**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ကြီးကြပ်ရေးမှူး ကျား၊မ (၁) ဦး
(ဘွဲ့ရ၊ အုပ်ချုပ်မှုတွေ့အကြုံ (၃) နှစ်ရှိရမည်။ အစည်းအဝေးမှတ်တမ်းများရေးသားနိုင်ရမည်။ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြီးကြပ်လုပ်ကိုင်နိုင်ရမည်။)
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်။

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Summer Collections
စက်ချုပ်ကျွမ်းကျင် မ (၁) ဦး
(လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။)
**ဖုန်း - ၀၉-၇၃၉၀၁၂၈၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၁) ဦး
(တောင်ဥက္ကလာပ၊ သင်္ကန်းကျွန်း၊ တာမွေနေသူများ လျှောက်ထားရန်)
စာရေးဝန်ထမ်း ကျား (၁) ဦး
(ဘွဲ့ရ၊ ကွန်ပျူတာအခြေခံ တတ်မြောက်ရမည်)
အမှတ်(၃၈)၊ ၅ လွှာ၊ ရွှေသရဖီ ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး။
**ဖုန်း - ၅၃၀၇၁၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း မ (၁) ဦး
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ ပြောဆိုဆက်ဆံရေးကောင်းမွန်ရမည်။
**ဖုန်း - ၀၁-၅၂၆၉၀၁**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
D&D Group Co., Ltd
(Design & Decoration)
1. Project Manager M/F (အသက် ၄၅ နှစ်အောက်၊ B.E Civil)
2. Site Engineer - M/F (AGTI (Civil) or BE (Civil) အသက် ၂၅ နှစ်မှ ၄၀ နှစ်
3. Site Supervisor - M/F AGTI (Civil) or BE (Civil)
4. Architect - M/F B.Arch, B.Tech (Architecture)
5. Auto CAD - M/F
6. Chif Accountant - F
7. Driver - M
**ဖုန်း - ၃၈၁၉၈၄၊ ၃၈၁၉၈၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Valuestar Computer Training Center
၁။ Computer Lecturer (၅) ဦး (Basic,D.T.P, Grphic, Advanced Excel) သင်ကြားနိုင်ရမည်။ အခြေခံလစာ (၈၀၀၀၀) နှင့် အထက်ရရှိမည်။
**ဖုန်း - ၀၉၅၁၆၁၉၈၄**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
မြေနီကုန်းတွင် အသစ်ဖွင့်မည့်ဆိုင်အတွက် အကြော်ဆရာ၊ အဖျော်ဆရာ၊ အချက်အပြုတ်၊ အသုပ်ကျွမ်းကျင်၊ စားပွဲထိုး၊ မီးဖိုချောင်အကူ၊ သန့်ရှင်းရေး ဝန်ထမ်းအလိုရှိသည်။
**ဖုန်း- ၀၉၅၀၉၅၂၈၄**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
စတိုတာဝန်ခံ
(ဘွဲ့ရ၊ စတိုလုပ်ငန်းကျွမ်းကျင်၊ အသက် ၃၀ မှ ၄၀ နှစ်အတွင်း၊)
ဖုန်း- ၀၉၄၂၀၀၃၆၂၇၄
**လှိုင်သာယာစက်မှုဇုန် (၄)**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale Executive မ (၁) ဦး ဘွဲ့ရ၊ အင်္ဂလိပ်စာ၊ ရေး၊ ပြော၊
၂။ Graphic Designer ကျား/မ (၂) ဦး၊ ဘွဲ့ရ၊ အင်္ဂလိပ်စာရေး၊ ပြော
၃။ Technical Support ကျား (၂) ဦး ဘွဲ့ရ (သို့) IT diploma အင်္ဂလိပ်စာ ရေး၊ ပြော။
**ဖုန်း - ၅၀၂၂၈၆**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
(ကျား/မ) လျှော်၊ ညှပ်၊ ကောက်၊ ဖြောင့်၊ မိတ်ကပ်၊ ဆံထုံး၊ ခြေ၊ လက် ပန်းချီ (ဘက်စုံကျွမ်းကျင်) မ (၃) ဦး၊ လစာ (၆၀၀၀၀- ၁၀ (သို့) ၉၀၀၀၀)
အမှတ် (၃၆)၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။
**ဖုန်း - ၀၁-၅၁၂၂၈၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
B.L.ACTY Co.,Ltd
Japanese Language Trainner (2) Post
အသက် ၂၀-၃၀ အတွင်း၊ ဂျပန်ဘာသာ Level (2) နှင့်အထက် အောင်မြင်ထားသူ
Room (507). 5th Floor, La Pyayt Wun Plaza, Dagon Tsp. **Ph: 01-382529**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Yangon Development Co., Ltd တွင်တာဝန်ထမ်းဆောင်ရန် ကွန်ပျူတာကျွမ်းကျင် ကျား/မ (၅) ဦးအလိုရှိသည်။
**ဖုန်း - ၀၁-၃၇၆၁၈၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
မန္တလေးရွှေရည်ကုမ္ပဏီလီမိတက်
ယာဉ်မောင်း ကျား (၅) ဦး
(အသက် ၂၀ မှ ၄၀ နှစ်အတွင်း၊ ၁၀ တန်းအောင်/ ဘွဲ့ရဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ ရန်ကုန်ဧရိယာအတွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်)
အမှတ် (၃၄)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း- ၀၉-၇၃၀-၄၈၃၀၂**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Pink Lotus
1. Tour Operation and Sale (1) Post
2. Reservation Staff (1) Post
38th St, Zay Plaza 1st Floor, Kyauktada Tsp.
**Ph - 377693**

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


AIR KBZ
FLYING BEYOND EXPECTATIONS
Your Airline
of Choice
AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon 11182, Myanmar
Office: (01) 372977~80, 373774~76, Reservation: (01) 373766, Facsimile: (01) 372983
Email: info@airkbz.com.mm web: www.airkbz.com : www.facebook.com/AIRKBZ


Palmolive
Naturals
INTENSIVE MOISTURE
နူးညံ့ချောမွေ့တဲ့
ဆံနွယ်လေးတွေက
အမှန်တကယ်
နှစ်သက်စရာပါ
KC Concepcion
Palmolive
NATURALS
INTENSIVE MOISTURE
ဆံပင်များကိုပြီးသင်ရလွယ်ကူစေပြီး
(၃)ဆ ပိုမိုချောမွေ့နူးညံ့စေပါသည်။


Einzali Phyo Trading Co.ltd
ယခင် ရောဝတီ ကားကုမ္ပဏီလီမိတက်
(ခင်မောင်လင်း - KOBE/Japan)(၁၉၇၉ခုနှစ်မှ ယနေ့အထိ)
လူကြီးမင်းတို့ စိတ်တိုင်းကျ ကားများကို အပိုးနှုန်းချိုသာစွာဖြင့် တင်သွင်းပေးနေပါသည်။
ကားဟောင်းအပ်နှံသူများအတွက် ၁၉၉၆ - ၂၀၀၆
ဘဏ်စာရင်းဖွင့်လှစ်ထားသူများအတွက် ၂၀၀၇-၂၀၁၁ အထိ
TRUCK(2T,3T), BUS, MINIBUS, SEDAN, VAN, WAGON, HATCHBACK
အငှားယာဉ်(Taxi)ကားဟောင်းအပ်နှံသူများအတွက် ဆီစားသက်သာသော1350CCအင်ဂျင် VANကားများ
ကားတင်သွင်းခွင့်ရရှိသူ မည်သူမဆို ရယူလိုသော ဝန်ဆောင်မှုကို အဆင်ပြေသက်တောင့်သက်သာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးပါသည်။
ဂျပန်မှ လေလံကားများကို တိုက်ရိုက်ကြည့်ရှုနိုင်ပြီး ယာဉ်များကို စိတ်တိုင်းကျရွေးချယ်နိုင်ပါသည်။ သွင်းကုန်ပါမစ်လျှောက်ခြင်း၊ LC ဖွင့်လှစ်ခြင်း၊ဆိပ်ကမ်းမှ ကားထုတ်၍ က.ည.န လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးခြင်း အစရှိသောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပါသည်။
HONDA INSIGHT-2007
NISSAN AD VAN - 2007
TOYOTA PROBOX-2007
TOYOTA BELTA - 2007
TOYOTA VITZ - 2008
SUZUKI SWIFT - 2009
Einzali Phyo Trading Co.ltd
အမှတ်(၃၆/E)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၅၀၀ - ၄၈၉၁၊ ၀၉ - ၅၁၀ - ၇၉၈၃၊ ၀၉ - ၄၃၀ - ၃၀၈၀၇၊
၀၉ - ၅၁၇ - ၄၅၉၀၊ ၀၁ - ၂၄၉၉၁၈၊ ၀၁ - ၃၈၀၈၀၇

# Education

7DAY NEWS JOURNAL

Vol.11, No.12 • MAY 31 , 2012




## ကိုယ်ပိုင်ကျောင်းဖွင့်ရန် ပြင်ဆင်ကြချိန်

**နေလင်းထွန်း**

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေထုတ်ပြန်ပြီး ငါးလခန့်အကြာ၌ ဘော်ဒါဆောင်ပိုင်ရှင်များ၊ ပုဂ္ဂလိကပညာရေးလုပ်ငန်း လုပ်ကိုင်လိုသူများ မျှော်လင့်နေသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေထွက်ရှိလာပြီဖြစ်သည်။ ပညာသင်နှစ်စတင်ချိန် နီးကပ်လာခြင်းကြောင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နိုင်ရန် ပြင်ဆင်နေသူများအတွက် အချိန်ကိုက်ဖြစ်နေသည်။ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများတွင် ဇွန်လ ၁၂ ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားသည်။

"အစ်ကိုတို့ကတော့ ဇွန်လ ၃ရက် လျှောက်လွှာတင်ဖို့ ပြောထားတယ်။ တခြားစမ်းသပ်ကျောင်း စာရင်းမှာ မပါတဲ့သူတွေက ဇွန်လ ၁၂ ရက်နောက်ဆုံးလျှောက်ဖို့ပြောထားတယ်။ နည်းဥပဒေ ထွက်လာတာ အချိန်မီလေးပါပဲ။ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့်ရရှိရန် စမ်းသပ်ကျောင်းအနေဖြင့် ၂နှစ်ကြာစောင့်ဆိုင်းခဲ့ရသောဘော်ဒါဆောင်ပိုင်ရှင်တစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းအတွက် မှတ်ပုံတင်ကြေးမှာ ကျပ်ငါးသိန်းနှင့် နှစ်စဉ်ကြေးမှာ ကျပ်သုံးသိန်းဖြစ်ပြီး ကိုယ်ပိုင်ကျောင်းဆရာအတွက် မှတ်ပုံတင်ကြေးမှာ ကျပ်ငါးသောင်းနှင့် နှစ်စဉ်ကြေးမှာ ကျပ်သုံးသောင်းဖြစ်သည်။

"မှတ်ပုံတင်ကြေးရော၊ နှစ်စဉ်ကြေးပါ တော်တော်သင့်တော်ပါတယ်။ ကျွန်တော်တို့က ဒီထက် ပိုမျှော်လင့်ထားတာပါ။ အားကစားကွင်း/ရုံလို့သုံးထားတဲ့အတွက် အဆောက်အအုံထဲမှာဆိုလည်း ရတဲ့သဘောဖြစ်ပါတယ်။ ဘယ်လောက်အကျယ်အဝန်းရှိရမယ်လို့ အတိအကျမသတ်မှတ်ထားပါဘူး။ ကျောင်းသားတစ်ဦးရရှိတဲ့ ပျမ်းမျှဧရိယာ ၁၂ စတုရန်းပေထက် လျော့နည်းမှု မရှိစေရဆိုတော့ ကိုယ့်မှာရှိတဲ့ ကျောင်းသားနဲ့မြှောက်လိုက်ရုံပါပဲ။ ကျွန်တော်တို့ကတော့ ဘောလုံးကွင်းအကျယ် မတတ်နိုင်တဲ့အတွက် စားပွဲတင်တင်းနစ်နဲ့ ဘတ်စကက်ဘောကွင်း လုပ်ပေးထားပါမယ်"ဟု ရန်ကုန်မြို့ရှိ ကျောင်းသားနှစ်ရာခန့်ကို ဘော်ဒါဆောင်ဖွင့်လှစ်သင်ကြားနေသော ကျောင်းဆရာတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းဆရာသည် အထက်တန်းအဆင့် အတွက် ပညာရေးဘွဲ့(သို့မဟုတ်)သင်ကြားမည့်ဘာသာရပ်နှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်ဘွဲ့(သို့မဟုတ်) မဟာဘွဲ့နှင့် အထက်ဘွဲ့ကို ရရှိထားရမည်ဖြစ်ပြီး သို့မဟုတ်ပါက ဘွဲ့တစ်ခုရရှိ၍ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ်သင်ကြားမှု အတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိထားရန်လိုအပ်သည်။ တွဲဖက်သင်ရိုးဝင်ဘာသာရပ်(စာရိတ္တ)နှင့်ပြည်သူ့နီတိ၊ ဘဝအတွက်တာသိမှတ်စရာ၊ ပန်းချီ၊ ဂီတ စသည့် စာမေးပွဲဖြေဆိုရန် မလိုအပ်သော ဘာသာရပ်များ)ဆိုင်ရာ ဘာသာရပ်ဘွဲ့ (သို့မဟုတ်) ဒီပလိုမာရရှိထားပါက အဆိုပါဘာသာရပ်ဖြင့် အထက်တန်းအဆင့် ကိုယ်ပိုင်ကျောင်းဆရာလျှောက်ထားနိုင်မည်ဖြစ်သည်။

မူလတန်းနှင့်အလယ်တန်းအဆင့်ကိုယ်ပိုင်ကျောင်းဆရာသည် ပညာရေးဘွဲ့ သို့မဟုတ် သင်ကြားမည့်ဘာသာရပ်ဘွဲ့အပြင်သင်ကြားမည့်အဆင့်နှင့် ကိုက်ညီသော ဆရာအတတ်သင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်တစ်ခုရရှိထားရန်လိုအပ်ပြီး တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဆိုင်ရာ ဘာသာရပ်ဘွဲ့ သို့မဟုတ် ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်ရရှိထားပါက အဆိုပါဘာသာရပ်ဖြင့်လျှောက်ထားနိုင်မည်ဟု နည်းဥပဒေတွင် ဖော်ပြထားသည်။

ကိုယ်ပိုင်ကျောင်းဆရာကို ဘာသာရပ်နှစ်ခုထိ သင်ကြားခွင့်ပြုမည်ဖြစ်ပြီး သင်ကြားခွင့်ပြုထားသည့်ဘာသာရပ်ကိုသာ သင်ကြားရမည်ဖြစ်ကာ ဆရာ၏ ဂုဏ်သိက္ခာနှင့်အညီ ဝတ်စားဆင်ယင်ခြင်း၊ ပြောဆိုသင်ကြားခြင်းပြု၍ သရုပ်ပျက်ဟန်ပန်အမူအရာနှင့် မဖွယ်မရာပြောသည့် ပြောဆိုသုံးနှုန်းမှုများ ကင်းရှင်းရန် သတ်မှတ်ထားသည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေအရ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၄၀ဦးထက် မပိုဘဲထားရှိရန် သတ်မှတ်ထားခြင်းသည် လက်ရှိသင်ကြားပို့ချနေသော ဘော်ဒါဆောင်နှင့် ကျူရှင်များအတွက် အဓိကသက်ရောက်မှုရှိစေမည်ဖြစ်သည်။

"ခြောက်ဆယ်ရှိတဲ့အတန်းဆို ကျောင်းသားသုံးဆယ်စီ ခွဲထားရမှာပေါ့။ ငါးဆယ်ရှိတဲ့အတန်းဆို ကျောင်းသားအစိတ်စီခွဲထားမယ်။ ဆရာ၊ဆရာမတွေတော့အများကြီးထပ်လိုပါတယ်"ဟုကိုယ်ပိုင်ကျောင်းမှတ်ပုံတင်မည့် မြိတ်မြို့မှ ဘော်ဒါဆောင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

စာ(၂၂)သို့

## အင်္ဂလန်တက္ကသိုလ်တစ်ခုက မြန်မာကျောင်းသားများအား တစ်နှစ်စာနေစရိတ် အခမဲ့ပေးရန် ကမ်းလှမ်း

သီဟ

**ရန်ကုန်၊မေ - ၂၆**

ဗြိတိန်နိုင်ငံရှိ Glyndwr University တက္ကသိုလ်တွင် ဝင်ခွင့်လိုအပ်ချက်ပြည့်မီသည့်ကျောင်းသားများအတွက်တစ်နှစ်စာရာနှုန်းပြည့်နေထိုင်စရာ အခမဲ့စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့်ကျောင်းသား၊ကျောင်းသူများအတွက် ဗြိတိန်နိုင်ငံရှိဗြိတိန်နှင့် ဝေး(လ်စ်)ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန်အတွက် Wales International Stydy Center တွင်တက္ကသိုလ်ဝင်အခြေခံအတန်း တစ်နှစ်တက်ရောက်ရမည်ဖြစ်သည်။

အဆိုပါဗြိတိန်နှင့်ဝေး(လ်စ်)ရှိတက္ကသိုလ်များထဲမှဝေး(လ်စ်)ရှိသက်တမ်းအရင့်ဆုံးတက္ကသိုလ်တစ်ခုဖြစ်သည့် Glyndwr University မှမြန်မာနိုင်ငံမှ ကျောင်းသား၊ကျောင်းသူများအတွက် အထက်ပါအတိုင်း တစ်နှစ်စာအခမဲ့နေထိုင်ခွင့်ပေးရန် ကမ်းလှမ်းခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်တွင် Computer Network,Aeronautical and Mechnical Engineering, Electronic and Electrical Engineering,Anim ation,Information Technology, စီးပွားရေးနှင့် စီမံခန့်ခွဲမှုအစရှိသည့် ဘာသာရပ်များသင်ကြားနိုင်ကြောင်း သိရသည်။

အထက်ပါ ဘာသာရပ်များအတွက် တစ်နှစ်စာ စာသင်နှစ်ကုန်ကျစရိတ်မှာ ပေါင် ၆၅၀၀ ခန့်ကျသင့်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ပညာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် Crown Education သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## တက္ကသိုလ်လေးခုကို စံပြပညာရေးဗဟိုဌာနအဖြစ် မြှင့်တင်ရန် စီစဉ်

သီဟ

**ရန်ကုန်၊မေ - ၂၄**

နိုင်ငံတကာတက္ကသိုလ်များ၏ အကူအညီဖြင့် ရန်ကုန်တက္ကသိုလ်၊ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကိုလည်းကောင်း၊ မန္တလေးတွင် မန္တလေးတက္ကသိုလ်ကိုလည်းကောင်း စံပြပညာရေးဗဟိုဌာန Center of Excellence များအဖြစ်မြှင့်တင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရန်အတွက် အမေရိကန်နိုင်ငံရှိJohn Hopkins တက္ကသိုလ်၊တောင်ကိုရီးယားနိုင်ငံမှတက္ကသိုလ်များ၊ဥရောပမှ တက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိတက္ကသိုလ်များ၏ ပညာရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာနည်းလမ်းတစ်ရပ်မှာ တက္ကသိုလ်ဆရာ၊ဆရာမများ၏အရည်အသွေးမြှင့်တင်ပျိုးထောင်ရေးဖြစ်ပြီး၊ ဆရာ၊ဆရာမများအားအရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲမြှင့်တင်ပေးရန်ဖြစ်သည်ဟု သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များနှင့် John Hopkins တက္ကသိုလ်တို့ပူးပေါင်းကာ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

## အိန္ဒိယအကူအညီဖြင့် အိုင်တီတက္ကသိုလ်တစ်ခု မန်းတွင်ဖွင့်မည်

**သီဟ**

**ရန်ကုန်၊ မေ - ၂၃**

လာမည့် ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် Information Technology University တစ်ခု မန္တလေးမြို့တွင် ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ လက်ရှိစွယ်တော်ဘုရားအနီး ဖွင့်လှစ်ထားရာမှ စစ်ကိုင်းသို့ ပြောင်းရွှေ့သွားသည့် တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နေရာတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ကို သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားသူ ပညာရှင်များအပါအဝင် ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီး မြန်မာနိုင်ငံမှ ဆရာများက ကောင်းစွာသင်ကြားပေးနိုင်သည့်အချိန်တွင်တက္ကသိုလ်အား အပြီးလွှဲပြောင်း ရယူမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ အကြံပေး ဦးကိုကိုလှိုင်က ပြောသည်။

အလားတူတောင်ကိုရီးယားနိုင်ငံရှိ Korea Development Institute (KDI) ကဲ့သို့ Myanmar Development Institute တစ်ခုကိုလည်း တောင်ကိုရီးယားနိုင်ငံ၏အကူအညီဖြင့် ၂၀၁၃ခုနှစ်တွင် စတင်တည်ထောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်စတီကျုဒ် တည်ထောင်ခြင်းသည် နိုင်ငံအတွက် လိုအပ်နေသည့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ရန် လိုအပ်နေသော သင်ကြားရေးအစီအစဉ် မြှင့်တင်မှုပင်ဖြစ်သည်ဟု ဦးကိုကိုလှိုင်ကပြောသည်။

ဦးကိုကိုလှိုင်က ရန်ကုန်မြို့ ချင်းတွင်းလမ်းရှိနိုင်ငံတော်သမ္မတအကြံပေးအဖွဲ့ရုံး၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ တစ်ခုတွင် အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# အမေရိကန်တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားရန် Bridging Fundအစီအစဉ်လျှောက်နိုင်

**ရန်ကုန်၊ မေ - ၂၃**

အမေရိကန်တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားရန် အရည်အချင်းပြည့်မီသော်လည်း ကျောင်းလျှောက်ထားရန် ငွေကြေးမတတ်နိုင်သော ကျောင်းသားများအနေဖြင့် Bridging Fund အစီအစဉ်ကိုလျှောက်ထားနိုင်မည်ဖြစ်ကြောင်း အမေရိကန်စင်တာ၌ ကျင်းပသော ပညာရေးဟောပြောပွဲတွင် တာဝန်ရှိသူက ပြောသည်။

အဆိုပါအစီအစဉ်ကို အမေရိကန်အစိုးရမှ ပေးအပ်သော ပညာသင်ဆုအစီအစဉ်များတွင် ပဏာမရွေးချယ်ခံရသောသူများလည်း လျှောက်ထားနိုင်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် သွားရောက်ပညာမသင်ယူမီ ကြိုတင်ပြင်ဆင်မှုများအတွက် ငွေကြေးပံ့ပိုးမှုများရရှိမည်ဖြစ်သည်။

“ကျောင်းကတော့ ကိုယ့်ဘာသာလျှောက်ရမယ်။ သတ်မှတ်ချက်နဲ့ မကိုက်ညီရင် ထပ်မပေးတော့ဘူး။ ကုန်ကျစရိတ်တွေကို ပြန်ထုတ်ပေးတဲ့ပုံစံဖြစ်ပါတယ်။ အဲဒီတော့ ပိုက်ဆံတော့ ကြိုစိုက်ထားရမယ်။ အမေရိကန်မှာ ပညာသင်ကြားဖို့ အရည်အသွေးပြည့်မီသူတွေကို ရွေးချယ်ပေးအပ်တာဖြစ်ပါတယ်။ ထူးခြားချက်က လျှောက်လွှာတင်ဖို့ သတ်မှတ်ရက်မရှိပါဘူး။ အချိန်မရွေး လျှောက်ထားနိုင်ပါတယ်”ဟုရင်းက ပြောသည်။

Bridging Fund အစီအစဉ်တွင် ရွေးချယ်ခံရပါက TOEFL၊ SAT၊ GRE စသည့် လိုအပ်သောစာမေးပွဲကြေးများ၊ အမေရိကန်သို့ အသွားအပြန် လေယာဉ်ခ၊ နယ်မှ ကျောင်းသားများအတွက် ရန်ကုန်မြို့သို့ လာရောက်ရမည့် နေထိုင်စားသောက်စရိတ်၊ ကျောင်းလျှောက်လွှာကြေး၊ ပညာရေးနှင့် အခြားအထောက်အထား၊ ဘာသာပြန်ခ၊ ဗီဇာကြေး၊ အင်္ဂလိပ်ဘာသာစကား သင်တန်းကြေး စသည့် အထောက်အပံ့များ ရရှိနိုင်မည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးအစီအစဉ် လျှောက်ထားလိုသူများသည် http://burma.usembassy.gov/scholarships.html တွင် လေ့လာကြည့်ရှုလျှောက်ထားနိုင်မည်ဖြစ်သည်။

# သိပ္ပံနှင့်ဝိဇ္ဇာဘာသာရပ်များ ကွဲလွဲပုံ စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

သီဟ

**ရန်ကုန်၊မေ - ၂၆**

သိပ္ပံနှင့်ဝိဇ္ဇာဘာသာရပ်နှစ်ခုကွဲပြားပုံစကားရည်လုပွဲနှင့်အင်္ဂလိပ်စာစာစီစာကုံးပြိုင်ပွဲကို လာမည့် ဇွန်၁၆တွင် Chatrium Hotel ၌ ပညာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Search International(MSI) နှင့်နိုင်ငံတကာတက္ကသိုလ်နှစ်ခုတို့ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို MSI နှင့်အတူ Kaplan Higher Education Academy နှင့် PSB Academy တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆုရရှိသူများအား အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၁၀၀ မှ ၄၀ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်း စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲအား တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ၊ဖြေဆိုထားဆဲ ကျောင်းသား၊သူများနှင့် အခြားပြည်တွင်းပြည်ပ ဘာသာရပ်များ သင်ယူလျက်ရှိသည့် ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ နိုင်ငံတကာကျောင်းသားများ နှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှ ကျောင်းသားများသည် စကားရည်လုစွမ်းရည်တွင် လိုအပ်ချက်ရှိနေသေးသည့်အတွက် ထိုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်းပွဲစီစဉ်သည့် MSI မှတာဝန်ရှိသူတစ်ဦးကပြောသည်။ ပြိုင်ပွဲနေ့တွင် ရလဒ်များအား တစ်ပါတည်းကြေညာပေးသွားမည်ဖြစ်ပြီးဆုလည်းချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၂၁၊ ကိုယ်ပိုင်ကျောင်းဖွင့်ရန် ပြင်ဆင်ကြချိန် မှ

ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်သူသည် ကျောင်းသား၊ ကျောင်းသူများအား အတင်းအကျပ်ခိုင်းစေခြင်း၊ ပိတ်လှောင်ခြင်း၊ ပြင်းထန်စွာ အပြစ်ပေးခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းတို့ကို မပြုလုပ်ရန်(သို့မဟုတ်) မပြုလုပ်စေရန်နှင့် ကျောင်းသား၊ကျောင်းသူ တစ်ဦး၏ အိပ်စက် အနားယူချိန်သည် နေ့စဉ်ခြောက်နာရီအောက် မလျော့နည်းစေရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စည်းကမ်းချမှတ်ထားသည်။

အခြေခံပညာကျောင်းများမှဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းများမှ ဖြစ်စေ တရားဝင်ထုတ်ပေးသည့် ကျောင်းပြောင်းလက်မှတ် တင်ပြနိုင်သူကို သာစိစစ်၍ သက်ဆိုင်ရာအတန်းတွင်လက်ခံသင်ကြားရမည်ဖြစ်ပြီး ပညာသင်နှစ် မကုန်ဆုံးမီ မိမိကျောင်းမှ ကျောင်းပြောင်းလက်မှတ်ရယူလိုသည့် ကျောင်းသားအတွက် ကျောင်းပြောင်းလက်မှတ် ထုတ်ပေးပြီး အဆိုပါ ကျောင်းသားများ၏ ကျောင်းခေါ်ကြိမ်စာရင်း၊ လစဉ်ပညာရည် တိုးတက်မှုမှတ်တမ်း၊ ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ်တို့ကို သက်ဆိုင်ရာ ကျောင်းသို့ ဆက်လက်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း နည်းဥပဒေတွင် ဖော်ပြထားသည်။

ကိုယ်ပိုင်ကျောင်းများ၏ ကျောင်းလခ၊ ကျောင်းဝင်ကြေးများနှင့် ပတ်သက်၍နည်းဥပဒေတွင်ဖော်ပြထားခြင်းမရှိဘဲ သက်ဆိုင်ရာကိုယ်ပိုင်ကျောင်းများနှင့် ကျောင်းသားများ၏ ဈေးကွက်တောင်းဆိုမှုပေါ် မူတည်၍ ကျောင်းစရိတ်များဖြစ်ပေါ်လာဖွယ်ရှိနေသည်။ လက်ရှိစမ်းသပ်ဖွင့်လှစ်ခွင့်ရရှိထားသော ကျောင်းများသည် ရန်ကုန်မြို့၌ တစ်နှစ်စာဘော်ဒါစရိတ် ကျပ်သိန်းသုံးဆယ်နှင့် လေးဆယ်ကြား၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့တို့တွင် ကျပ်သိန်းနှစ်ဆယ်နှင့် သုံးဆယ်ကြားရှိနေကြောင်း ဘော်ဒါဆောင်ဖွင့်လှစ်တည်ထောင်ထားသူများထံမှ သိရသည်။

ကိုယ်ပိုင်ကျောင်းများ တရားဝင်ဖွင့်လှစ်ခွင့်ရရှိရန် လာမည့် ပညာသင်နှစ်အမီ နည်းဥပဒေထွက်ရှိလာခြင်းသည် ပုဂ္ဂလိကပညာရေးလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသော လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဆရာ၊ ဆရာမအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ ပုဂ္ဂလိကပညာရေးတွင် မိမိရင်သွေး အနာဂတ်ကို ပုံဖော်လိုသော ကျောင်းသားမိဘများအတွက် အခွင့်အလမ်းများ ရရှိလာခြင်းပင်ဖြစ်သည်။

**နိုင်ငံတော်ကြီးတိုးတက်ရေးအတွက် အကျိုးပြုအားကောင်းသော လုပ်ငန်းတစ်ခု တည်ထောင်လိုပါ၍ ဖိတ်ကြားအပ်ပါသည်။**

**ရည်ရွယ်ချက်**

**တောင်သူကြီးများချမ်းသာဖို့ လုပ်ငန်းတည်ထောင်သူများချမ်းသာဖို့၊မြန်မာပြည်စိုက်ပျိုးမြေများပြန်လည်ကောင်းမွန်လာဖို့၊နိုင်ငံခြားပို့ကုန်သီးနှံများ ဈေးကောင်းရဖို့၊နိုင်ငံတော်မှပြည်တွင်းငွေယိုဖိတ်မှုသက်သာဖို့၊ဆန်နှင့်အခြားသီးနှံကြီး၊ပို့ကုန်များမှ ‘အရည်အသွေးမြင့်ခြင်း’ သိက္ခာကောင်းရဖို့**

**သုံးစွဲပါလျှင် [ လယ်စပါး . . . ဥပမာ ]**

လယ် (၁)ဧကမှ လက်ရှိစံနှုန်းထက် တင်း(၂၀)ကျော်(၃၀)အထွက်တိုးစေရပါမည်။(၁)ဧကမှ တင်း(၁၀၀)ထွက်ဖို့ အသာလေးပါ။ **အချိန်တိုအတွင်း** (၁)ဧကမှ တင်း(၁၅၀)ဝန်းကျင် ထွက်ရှိစေရပါမည်။ သီးနှံစုံ စိုက်ပျိုးရေးမှ ဝင်ငွေ (၃၀%)ဝန်းကျင် ပိုမို၍ အကျိုးရှိစေရပါမည်။

**တည်ထောင်မည်ဆိုပါက**

အထက်ပါအချက်အလက်များကို အပြည့်အဝ အာမခံချက်ပေးနိုင်သော **“အော်ဂဲနစ်ဓါတ်မြေဩဇာထုတ်လုပ်ရေး”** လုပ်ငန်းကြီးတည်ထောင်လိုပါသည်။ ရင်းနှီးတည်ထောင်ငွေကျပ် သိန်း(၃၀၀၀)မှ ကျပ်သိန်း(၅၀၀၀)ခန့်အထိ လိုအပ်ပါမည်။ [သီးနှံစုံမှာ နှစ်(၂၀)ခန့်အောင်မြင်ပြီး]

**ကြီးမားသောအကျိုးကျေးဇူးရလဒ် [ အခြေခံ . . . ဥပမာမျှသာ ]**

(၁)နှစ်မှာ မြေဩဇာ အိတ်ပေါင်း (၅၀၀၀၀)ထုတ်လုပ်မည်ဆိုပါက (၁)အိတ်သုံးတိုင်း(၁)ဧကမှ တင်း(၂၀)ကျော် အထွက်တိုး၍(၁)တင်းကို (၃၀၀၀ိ/-) နှင့် တန်ဘိုးတွက် ပြရပါလျှင် . . .

( ၅၀၀၀၀ အိတ် × ၂၀ တင်း × ၃၀၀၀ ကျပ် ) **ကျပ်ငွေကုဋေ (၃၀၀)ကျော် (၁)နှစ်တိုင်းမှာ ဝင်ငွေတိုးတက်စေပါမည်။** ထို့အပြင် ထုတ်လုပ်မည့် မြေဩဇာမှာ အရည်အသွေးမြင့်မားပါ၍ (၁)အိတ်သုံးတိုင်း ပုလဲ(၁)အိတ်လျှော့သုံးလို့ရပါသည်။ ထို့ကြောင့် (ထုတ်လုပ်အိတ် ၅၀၀၀၀ × ပုလဲ တန်ဘိုး ၂၀၀၀ိ/-) ပုလဲဖိုးကျပ်ငွေ ကုဋေ (၁၀၀)ကျော် သက်သာခွင့်ရပါသည်။ **နှစ်ရပ်ပေါင်း ကျပ်ငွေကုဋေ (၄၀၀)ကျော် တိုင်းပြည်တွင်းမှာ အကျိုးရှိလာစေပါမည်။**

သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေကောင်းပေးနိုင်သော မပြောင်း...မလဲ...အမြဲ လိုအပ်သည့် လုပ်ငန်းကြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံတဝှမ်းလုံး စိုက်ပျိုးပင်၊ သီးနှံပင်များ အားလုံး . . . အားလုံး စိမ်းလန်းစိုပြေဖို့ အောင်မြင်ဖြစ်ထွန်းစေဖို့ အပြည့်အဝ တာဝန်ယူပါသည်။**

**တစ်ဦးချင်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီကြီးများ အထူးပြု ကုမ္ပဏီကြီးများမှ စိတ်ဝင်စားပါရန် တိုက်တွန်းဖိတ်ကြားအပ်ပါသည်။**

**လေးစားစွာဖြင့်၊ စောင့်မျှော်လျှက် . . . .။** 09-402530666, 09-444015078

Technology
7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ''Infrastructure ကို တစ်ခါတည်းနဲ့ ကောင်းကောင်းသာလုပ်''

## HTC မိုဘိုင်းဖုန်းကုမ္ပဏီ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံခြင်း

နေလင်းအောင်၊ ယုဇနကိုကို

မန္တလေးမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က အီလက်ထရွန်နစ်ပြင်ဆိုင် ဖွင့်လှစ်လုပ်ကိုင်ခဲ့ဖူးသူ ဦးဝင်းသန်းဆိုသူသည် ယနေ့ကမ္ဘာ့စမတ်ဖုန်း ထုတ်လုပ်မှုတွင် ထိပ်တန်းရောက်နေသည့် HTC ဖုန်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်တစ်ဦးဖြစ်နေပြီး နိုင်ငံတကာစီးပွားရေးဂျာနယ် The Wall Street က သူ့အား The Next Steve Jobs ဟု သုံးနှုန်းခဲ့သည်။ ယခု ပီတာချူးဟု တစ်ကမ္ဘာလုံးတွင် လူသိများနေသည့် ဦးဝင်းသန်းခေါ် Mr. Peter Chou သည် ရန်ကုန်မြို့ရှိ၎င်း၏ သူငယ်ချင်းမိတ်ဆွေများနှင့် လာရောက်တွေ့ဆုံခဲ့စဉ် မြန်မာမီဒီယာများနှင့် ခေတ္တတွေ့ဆုံခိုက် 7Day News က ယနေ့ မြန်မာ့ဆက်သွယ်ရေးနှင့် ပတ်သက်၍ မေးမြန်းထားသည့် အချို့ကို ဖော်ပြပေးလိုက်ပါသည်။



ဓာတ်ပုံ - နေလင်းအောင်

**အန်ကယ့်အနေနဲ့ မြန်မာနိုင်ငံရောက်တဲ့အချိန်မှာ အိုင်စီတီအသိုင်းအဝိုင်းက သူတွေနဲ့လည်း စကားပြောဖြစ်တယ်။ နောက်ပြီးတော့ဒီကအခြေအနေတွေကိုလည်း အထိုက်အလျောက် လေ့လာပြီးပြီဆိုတော့ အိုင်စီတီ Business ကို သုံးသပ်မယ်ဆို ဒီမှာဖြစ်နေတဲ့ အခြေအနေတွေကိုဘယ်လိုမြင်ပါသလဲ။**

ကျွန်တော့်အနေနဲ့ ဒါကိုသုံးသပ်နိုင်ဖို့က စောပါသေးတယ်။ ကျွန်တော့်သူငယ်ချင်းသောင်းတင်နဲ့ သူငယ်ချင်းတွေဆီကနေ ဒီက အခြေအနေတွေကို အများကြီးလေ့လာဖို့ လိုပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်မြင်တာ လမ်းကြောင်းမှန်ပေါ်ကတော့ ကောင်းနေပါပြီ။ ခု အင်တာနက်တွေလည်း ပွင့်နေပြီ။ 3G တွေလည်း ရနေပြီဆိုတော့ တကယ့်အချိန်ကောင်းပါပဲ။

**အဲဒါဆို အားရလောက်အောင် တိုးတက်လာတဲ့ ပြောင်းလဲမှုတွေကို ဘာတွေများ တွေ့မိပါသလဲ။**

ကျွန်တော့်အမြင်အရတော့ မြန်မာပြည်အနေနဲ့ 4G နက်ဝ့ါခ်ကိုတိုက်ရိုက်ပြောင်းသင့်ပါတယ်။ ဒါရသွားရင်တော့ အရမ်းကောင်းမှာပါ။ ဘယ်လိုပြောရမလဲ။ လူတွေကို ပေးဖို့အတွက် သောက်ရေတွေ ပို့ပေးမယ်ဆိုရင် သောက်ရေကောင်းလည်းကောင်းရမယ်။ လမ်းလည်း ကောင်းရမယ်။ သောက်ရေလည်း မကောင်း၊ သောက်ရေကိုသယ် သွားရမယ့်လမ်းကလည်း မကောင်းရင် ကျန်တာတွေ အကုန်မကောင်းနိုင်ဘူးလေ။ အဲဒီသဘောပါပဲ။ ဒါကြောင့် ကျွန်တော်ထင်တာက လမ်းကောင်းကောင်းနဲ့ရေကောင်းကောင်းလုပ်ဖို့က အရေးကြီးတယ်ဆိုတာပဲ။ ကျွန်တော်အဲ့ဒါကို လူကြီးတွေကို ပြောနေတာ သူတို့ကလည်း သဘောတူပါတယ်။

**တကယ်လို့များ ကျွန်တော်တို့နိုင်ငံမှာ Show Room တွေ ဘာတွေလုပ်လာနိုင်မယ်ဆိုရင် မြန်မာနိုင်ငံသားတွေအတွက် Special Discount တွေဘာတွေ လုပ်ပေးဖို့ အစီအစဉ်ရှိများရှိပါသလား။**

Show Room မျိုးက လောလောဆယ် အစီအစဉ်မရှိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဒါကို ပြန်ပြီးတော့ကြည့်ရပါဦးမယ် (ရယ်လျက်)။

**အန်ကယ်အနေနဲ့ အခုလက်ရှိ ဒီကိုရောက်နေတဲ့ အချိန်လေးအတွင်းမှာ သိထားရသလောက် မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍကို ဘယ်လိုသုံးသပ်ပါလဲ။ အဓိက အကြံပြုချင်တဲ့အချက်တွေများ ရှိပါသလား။**

အဲဒါနဲ့ပတ်သက်ပြီး နှစ်ခုရှိပါတယ်။ တစ်ခုက ဒီ Infrastructure ကို တစ်ခါတည်းနဲ့ ကောင်းကောင်းသာလုပ်။ တစ်ခါတည်းနဲ့ ကမ္ဘာပေါ်မှာအကောင်းဆုံး Infrastructure ဖြစ်အောင်သာလုပ်။ အဲဒါမျိုးက အရေးကြီးတယ်လေ။ မကောင်းတဲ့ Infrastructure တော့သွားမလုပ်နဲ့ပေ့ါ။ အကောင်းဆုံးလုပ်။ မြန်မာစာကို မိုဘိုင်းထဲမှာ ဘယ်လိုလွယ်လွယ်ကူကူ သုံးလို့ရမလဲဆိုတာလည်း အရေးသိပ်ကြီးပါတယ်။

**ပြည်တွင်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ ဖုန်းတွေဈေးအပေါ်ဆုံးဖြစ်ဖို့ မီဒီယာတွေကမေးရင် သူတို့ဘက်က ပြန်ဖြေတာက Infrastructure မလုံလောက်တာရယ်၊ ဥပဒေအရမဖြစ်နိုင်သေးတာရယ်ဆိုပြီး ပြောနေကြတယ်။ ဒီမှာ ၈၈ နောက်ပိုင်းမှာ Infrastructure တွေလည်း တောက်လျှောက်ဆောက်လာတယ်။ အဲဒီအပေါ်မှာ မလုံလောက်ဘူးဆိုတဲ့ အကြောင်းပြချက်ကို အန်ကယ်အနေနဲ့ ဘယ်လိုများ ထင်မြင်ချက်ပေးချင်ပါသလဲ။**

အခု ဝန်ကြီးတွေက Infrastructure Frame Work အသစ်တွေ လုပ်နေတယ်။ အဲဒီ Frame Work အသစ်တွေပြီးသွားရင်တော့ သူ့အလိုလို ကောင်းသွားမှာပါ။ အခုဟာက ဈေးကွက်က အရမ်းကျဉ်းနေတယ်လေ။ Only 5 Percent ပဲရှိတယ်။ အဲဒီတော့ အခြေခံ အဆောက်အအုံဆိုတာက အရမ်းနည်းပြီး ကွာလတီလည်း မကောင်းဘူး။ နက်ဝ့ါခ်လွှမ်းခြုံနိုင်မှုကလည်း မကောင်းဘူး။ အဲဒါတွေကြောင့် ခင်ဗျားခေါ်တဲ့အချိန်မှာ ခေါ်မရတာတို့၊ ပြတ်ကျတာမျိုးတွေ ဖြစ်နေတာပေါ့။ အခု အရည်အသွေးက အရမ်းဆိုးတယ်။ ဒါကြောင့်မို့ ကျွန်တော်ပြောနေတာက ဒါတွေကို အကြံပေးနေတာလေ။

**အန်ကယ် လေ့လာမိသလောက်က အခုလက်ရှိ မြန်မာနိုင်ငံရဲ့ နက်ဝ့ါခ်အခြေအနေက တော်တော်လေးဆိုးနေတယ်လို့ ဆိုချင်တာပေ့ါ။**

ဟုတ်တယ်။ မကောင်းဘူး။ မကောင်းဘူး။

**ဒါဆို အန်ကယ်ပြောသလို ကမ္ဘာပေါ်မှာအကောင်းဆုံးနက်ဝ့ါခ်ကို ရဖို့အချိန်ဘယ်နှနှစ်လောက်ယူရမှာလဲ။**

၂နှစ်၊ ၃နှစ်လောက်ဆိုရပြီ။ တကယ်လုပ်ချင်တယ်ဆို ၂နှစ်၊ ၃နှစ်လောက်ဆိုရပြီ။

**ဒါဆို ဒါနဲ့ပတ်သက်ပြီး လူကြီးတွေနဲ့လည်း စကားပြောဖြစ်တယ်ဆိုတော့ အစိုးရကရော လုပ်ချင်စိတ်ရှိတယ်လို့ မြင်ပါသလား။**

စာ(၂၄)သို့

# မိုဘိုင်းဖုန်း အသုံးပြုနိုင်သူဦးရေ နှစ်သန်းကျော်ရှိဟုဆို

ယုဇနကိုကို

ရန်ကုန်၊ မေ-၂၄

ယခုလက်ရှိအချိန်တွင် မိုဘိုင်းဖုန်းများ၏ ဈေးနှုန်းများ တဖြည်းဖြည်းချင်း ကျဆင်းလာခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့် လူဦးရေ ၂ ဒသမ ၅ သန်းနီးပါးရှိလာပြီးဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

ယခုကဲ့သို့ ပြည်တွင်း၏ မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့် ပမာဏသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၀-၁၁ ထက် သိသိသာသာ တိုးတက်လာမှုမှာ ယခုလက်ရှိ ဈေးကွက်အတွင်း ရောင်းချနေသည့် ကျပ်နှစ်သိန်းဝန်းကျင်တန် မိုဘိုင်းဖုန်းများကြောင့် အဓိကဖြစ်လာသည်ဟု ရန်ကုန်မိုဘိုင်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မိုဘိုင်းအသုံးပြုသူဦးရေမှာ ၂ ဒသမ ၅ သန်းကျော်ရှိလာပြီးဖြစ်သည့်အချိန်တွင် အဓိက အသုံးပြုသည့် ရန်ကုန်မြို့တွင်လည်း သုံးစွဲသူ ၆ သိန်းကျော်ရှိပြီဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

၂၀၀၈ ခုနှစ်မှ စတင်ကာ တဖြည်းဖြည်းချင်း တိုးတက်လာခဲ့သည့် ပြည်တွင်း၏ မိုဘိုင်းဖုန်းအသုံးပြုမှုနှုန်းသည် ယခုနှစ်အနည်းငယ်တွင်းတွင် သိသိသာသာ တစ်ဟုန်ထိုး တိုးတက်လာခဲ့ခြင်းဖြစ်သည်ဟု မြန်မာ့ဆက်သွယ်ရေး၏ တရားဝင်စာရင်းဇယားများအရ သိရသည်။

ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းက ဂျီအက်စ်အမ်ဖုန်းအသုံးပြုသူမှာ တစ်နိုင်ငံလုံးတွင် အလုံးရေငါးသိန်းကျော်သာ ရှိခဲ့ရာမှ ယခုအချိန်တွင် သန်းဂဏန်းအထိ တိုးတက်လာခြင်းဖြစ်သည်။

တဖြည်းဖြည်းချင်းကျဆင်းလာသည့် မိုဘိုင်းဖုန်းဈေးနှုန်းများကြောင့် နိုင်ငံ၏မိုဘိုင်းဖုန်းသုံးစွဲသူဦးရေတစ်ဟုန်ထိုးတိုးတက်လာနေခြင်းနှင့် တစ်ချိန်တည်းမှာပင် ပြည်တွင်းဆက်သွယ်ရေး ဝန်ဆောင်မှုကဏ္ဍတွင် ဝယ်ယူသုံးစွဲ

စာ(၂၄)သို့

# ISP များ ထပ်မံတည်ဆောက်သင့်

ယုဇနကိုကို

ရန်ကုန်၊ မေ - ၂၃

ပြည်တွင်းအင်တာနက်ဆက်သွယ်မှုမြန်နှုန်းများကို နိုင်ငံတကာအတိုင်းဖြစ်စေရန်မြှင့်တင်မည်ဆိုပါက နောက်ထပ် အင်တာနက်ထောက်ပံ့သည့် ဝန်ဆောင်မှုလုပ်ငန်းများ (Internet Service Provider-ISP) ကို ယခုအချိန်မှစ၍ ထပ်မံတည်ဆောက်ရတော့မည်ဖြစ်ကြောင်း ပြည်တွင်း၊ ပြည်ပကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်အချို့က အကြံပြုပြောဆိုကြသည်။

ထိုင်းနိုင်ငံသည် ISP အရေအတွက် ၁၅ခုခန့်တည် ဆောက်ထားသဖြင့် ၎င်းတို့နိုင်ငံ၏ လိုအပ်သည့် အင်တာနက်ဆက်သွယ်မှုမြန်နှုန်းကို ကောင်းမွန်စွာ ရရှိနေကြသည်ဟု ယင်းနိုင်ငံရောက်ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးမျိုးထွန်းဟန်က သုံးသပ်ပြောကြားသည်။

“ဆီးဂိမ်းမတိုင်မီ အင်တာနက်မြန်နှုန်းတွေ မြှင့်မယ်ဆိုတာ ဒီတိုင်း ပြောနေလို့မရဘူး။ ခုကစပြီး ISP တွေ စဆောက်ရတော့မယ်။ တစ်ခု၊ နှစ်ခုဆောက်လို့မရဘူး။ နောက်ထပ် ငါးခုနဲ့အထက်ကိုတည်ဆောက်မှဖြစ်မယ်လို့ထင်တယ်။ မြန်မာနိုင်ငံရဲ့ အင်တာနက်မြန်နှုန်းက ခုအချိန်ထိ ထူးထူးခြားခြားမပြောင်းလဲသေးပါဘူး။ တခြားပြောင်းလဲမှုတွေကြားမှာ ဆက်သွယ်ရေးစနစ်ကို သိသိသာသာ ပြောင်းလဲဖို့လိုနေပြီ”ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် နီးစပ်သည့်

စာ(၂၄)သို့



# Tech

## ကွန်ပျူတာတစ်လုံးဝယ်တိုင်း တစ်ဒေါ်လာ လှူဒါန်းပြီးဖြစ်မည့် အစီအစဉ် KMD စတင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၂၃**

KMD ကွန်ပျူတာဂရု(ပ်)ကုမ္ပဏီက ၎င်းတို့၏ အရောင်းဆိုင်ခန်းများတွင် ရောင်းချနေသည့် မည်သည့်ကွန်ပျူတာကိုမဆို တစ်လုံးဝယ်ယူသည်နှင့် အလိုအလျောက် တစ်ဒေါ်လာလှူဒါန်းပြီးသားဖြစ်နေမည့် အစီအစဉ်တစ်ခုကို လာမည့် ဇွန်လမှ စတင်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးသောင်းတင်က ပြောသည်။

ကွန်ပျူတာ(သို့)လက်(ပ်)တော့ တစ်လုံးဝယ်ယူသည်နှင့်ဝယ်ယူသူက တစ်ဒေါ်လာလှူဒါန်းပြီးဖြစ်နေသည့် အစီအစဉ်သည် KMD ကွန်ပျူတာကုမ္ပဏီနှင့် တရုတ်နိုင်ငံတိုင်ပေအခြေစိုက် ကမ္ဘာကျော် HTC မိုဘိုင်းကုမ္ပဏီ၏ စီအီးအိုဖြစ်သူတို့ ပူးပေါင်းတည်ထောင်မည့်စဉ့်ကူဖောင်ဒေးရှင်းအတွက် ဖြစ်ကြောင်း သိရသည်။

အဆိုပါစဉ့်ကူဖောင်ဒေးရှင်းသည် အိုင်စီတီပညာကို ဝါသနာအရင်းခံ လေ့လာနေကြသည့် ပရော်ဖက်ရှင်နယ် ဖြစ်လိုသူ မြန်မာနိုင်ငံသားလူငယ်များကို မြေတောင်မြှောက်ပေးမည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ဦးသောင်းတင်ကပြောသည်။

"ကျွန်တော်တို့မြန်မာလူငယ်တွေကို မြေတောင်မြှောက်ပေးရမယ်လေ။ သူတို့ကို ကြိုးစားချင်စိတ်တွေ ပိုရှိလာအောင် အားပေးရမယ်။ ဒါကြောင့် ဒီဖောင်ဒေးရှင်းကို သူငယ်ချင်းဖြစ်သူသောင်းတင်နဲ့ တည်ထောင်ဖြစ်ရတာပါ" ဟု HTC ၏စီအီးအို မစ္စတာပီတာချူး(ခေါ်)ဦးဝင်းသန်းက ပြောသည်။

ထို့ကြောင့် ယင်းအစီအစဉ်တွင် အဓိကတည်ထောင်သူအဖြစ်ပါဝင်သည့် KMD ကုမ္ပဏီက ၎င်းတို့ရောင်းချသည့် ကွန်ပျူတာတစ်လုံးကိုဝယ်ယူရုံဖြင့် ပြည်တွင်းအိုင်စီတီကဏ္ဍကို အထောက်အပံ့တစ်ခုပေးနိုင်မည့် စဉ့်ကူဖောင်ဒေးရှင်းအတွက် အလှူငွေထည့်ဝင်ပြီးသားဖြစ်နေမည့် အဆိုပါအစီအစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်သည်ဟု ဦးသောင်းတင်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ လူငယ်နည်းပညာရှင်များ ပေါ်ထွက်လာစေရန်ရည်ရွယ်မည့် အဆိုပါစဉ့်ကူဖောင်ဒေးရှင်းကို ယခုနှစ်အတွင်း တည်ထောင်သွားမည်ဖြစ်သည်။




စာ(၂၃) - မိုဘိုင်းဖုန်း အသုံးပြုနိုင်သူဦးရေ နှစ်သန်းကျော်ရှိဟုဆို မှ

သူများအတွက် အခက်အခဲအချို့ရှိနေသေးသည်ဟု သိရသည်။

အစိုးရသတ်မှတ်ဈေးနှုန်းများအတိုင်း ဆက်သွယ်ရေး၏ ဝန်ဆောင်မှုများကို မဝယ်ယူနိုင်ကြသေးခြင်း၊ ဂျီအက်စ်အမ်ဖုန်းများ၏ ဆက်သွယ်မှုများ တစ်ခါတစ်ရံလိုင်းကျပ်ခြင်းများ ရှိနေဆဲဖြစ်ခြင်းများက လက်ရှိအချိန်ထိ သုံးစွဲသူများ ကြုံတွေ့နေရသည့် အခက်အခဲအချို့ဖြစ်သည်။

"အရင်ကတော့ မိုဘိုင်းဖုန်းဆိုတာ အိပ်မက်ထဲလောက်ပဲရှိခဲ့တာ။ ဆယ့်ငါးသိန်းခေတ်လောက်ကပေါ့။ အခုနှစ်သိန်းအထိ ကျလာတော့ လက်တွေ့ကိုင်နိုင်ပြီ။ ဒါပေမဲ့ အခက်အခဲကအစိုးရက သတ်မှတ်ဈေးအတိုင်းမဝယ်နိုင်ကြတာ။ ပြီးတော့ တစ်နေရာနဲ့တစ်နေရာဝန်ဆောင်မှုတွေမတူညီကြတာ။ ဂျီအက်စ်အမ်ဖုန်းလိုင်းတွေပြီးခဲ့တဲ့ နှစ်ရက်လောက်ကအထိ တော်တော်ကျပ်နေခဲ့တာ။ အဲဒီအခက်အခဲတွေတော့ ရှိသေးတယ်" ဟု ရန်ကုန်မြို့တွင်း နေထိုင်သောပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးမှတာဝန်ရှိသူများကမူ ပြည်တွင်း၏ မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍကို တဖြည်းဖြည်းချင်းကောင်းမွန်လာအောင် ပြုပြင်ပြောင်းလဲပေးသွားမည်ဟု ပြည်တွင်း ပြည်ပ မီဒီယာများသို့ ပြောဆိုထားသည်။

စာ(၂၃) - ISP များ ထပ်မံတည်ဆောက်ရမည် မှ

ရန်ကုန်မြို့ရှိပုဂ္ဂလိက နည်းပညာကုမ္ပဏီတစ်ခုမှလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

အစိုးရကမူ လာမည့် ၂၀၁၃ တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ မြန်မာနိုင်ငံ၏ အင်တာနက်မြန်နှုန်းများကို 15 GB မှ 30 GB အထိ မြှင့်တင်မည်ဟု ပြည်တွင်းမီဒီယာများသို့ ပြောဆိုထားသည်။

"အင်တာနက်မြန်နှုန်းတွေတိုးဖို့အတွက် နောက်ထပ် ဖိုက်ဘာဆက်ကြောင်းတွေ အသစ်တည်ဆောက်ဖို့နဲ့ ရေအောက်ဆက်သွယ်ရေးစနစ်တွေ တိုးချဲ့ဖို့လုပ်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတချို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောကြားသည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှု Band-width ပမာဏသည် ဖွံ့ဖြိုးဆဲအိမ်နီးချင်းနိုင်ငံများထက်ပင် နိမ့်ကျနေသည်ဟု ပြည်တွင်းကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူကဆိုသည်။

ဂျပန်မှာဆိုရင် Local ISP တွေက သောင်းချီပြီးရှိတာ။ ဒီမှာကပုဂံဆိုက်ဘာတက်ခ်ပေါ်ကအစ အမြန်နှုန်းနဲ့ ဈေးနှုန်းက ထိုင်းနဲ့အတူတူပဲ။ ဒီမှာအဓိကဖြစ်နေတာက ISP တွေကို လက်ဝါးကြီးအုပ်ထားတဲ့ ပြဿနာပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာ(၂၃) - HTC မိုဘိုင်းဖုန်းကုမ္ပဏီ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံခြင်း မှ

ရှိပါတယ်။ လုပ်ချင်စိတ် ရှိပါတယ်။ ဝန်ကြီးတွေက အင်မတန်မှ လုပ်ချင်ပါတယ်။

**အဲဒီလိုဆိုရှိပြီးသား** Infrastructure **တွေကို အကုန်လုံးဝဖြုတ်ပစ်လိုက်ရမှာလား။ အသစ်ပြန်ဆောက်ရမှာလား။**

ဒါက နည်းနည်းရှုပ်တယ်လေ။ အဲဒါက ခဏလေးတော့ ရှုပ်မှာပေါ့။ ဒါပေမဲ့ အနာဂတ်မှာဆိုရင် ကောင်းမှာပေါ့။ အဲဒါက ရေရှည်ကိုကြည့်ရမယ်လေ။ ခဏရှုပ်တာက ကိစ္စမရှိပါဘူး။

Infrastructure **အသစ်ဆိုရင် အကောင်းဆုံးပဲလို့ ပြောချင်တာပေါ့။**

ဟုတ်တယ်။ ဟုတ်တယ်။ အမှန်ဆို ကျွန်တော်လာလုပ်ဖြစ်ရင် ကျွန်တော်အဲဒါကို လုပ်ဖြစ်မှာ။ ဒါဆို လူတွေလည်း ဝမ်းသာမှာပဲလေ။ ငါတို့ဆီကကမ္ဘာပေါ်မှာ အကောင်းဆုံး နက်ဝ့ါခ်ဆိုပြီးတော့။

**အန်ကယ်တို့ ငယ်ငယ်က ဗရုတ်လုပ်တတ်တာလေးတွေနဲ့ပတ်သက်ပြီး စင်ပေါ်မှာလည်း ပြောသွားတော့ ငယ်စဉ်ကျောင်းသားဘဝတုန်းက ဒီက အခုပြန်တွေ့နေတဲ့ သူငယ်ချင်းတွေနဲ့ အမှတ်တရ အဖြစ်အပျက်လေးတွေများ ရှိခဲ့ရင် ပြောပြပေးပါဦး။**

မှတ်မှတ်ရရက ဒီမှာတက်ခဲ့တဲ့ မန္တလေးတက္ကသိုလ် နောက်ဆုံးနှစ်မှာ ကျွန်တော်နဲ့ သောင်းတင်(KMD ကွန်ပျူတာကုမ္ပဏီ ဥက္ကဋ္ဌဦးသောင်းတင်)က စဉ့်ကူဆောင်မှာ နေခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်တော်တို့ အပျော်လွန်ခဲ့ကြတယ်။ ရုပ်ရှင်တွေလည်း သွားကြည့်ခဲ့ကြတယ်။ သူက စာတော်တယ်။ အရင်ကဆို ပထမပဲ။ အဲဒီနှစ်က သူအဆင့် အများကြီးကျတာပဲ။ အဲဒီနောက် ကျွန်တော်ထိုင်ဝမ်သွားတော့ သူကစာရေးတယ်။ ကျွန်တော့်ကို ငါပထမပြန်ရပြီတဲ့။ အဲ့တုန်းက သိပ်ပျော်တယ်လေ။ သူငယ်ချင်းတွေနဲ့။ ရုပ်ရှင်တွေ သွားကြည့်ကြတယ်။ (အားပါးတရ ရယ်မောလျက်)။



# မိုးကြိုးပစ်ခြင်းနှင့် လျှပ်စစ်အန္တရာယ်

သိပ္ပံစာရေးဆရာကိုကိုအောင်

**မိုးဦးကျကာလများ၊ မိုးတွင်းကာလများနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသော အချိန်အခါမျိုး၌ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးကြိုးမုန်တိုင်းကျရောက်ခြင်းများကို လူတိုင်းကြုံဖူးကြပေလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ မိုးကောင်းကင်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော အခြေအနေများအရတိမ်တိုက်တစ်ခုနှင့်တစ်ခုအကြားတွင်သော်လည်းကောင်း၊ မိုးတိမ်တိုက်နှင့် မြေလွှာအကြားတွင်သော်လည်းကောင်း လျှပ်စစ်ဖိအားခြားနားမှု ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။**

ယင်းကာလမျိုးတွင် မိုးတိမ်တိုက်၏အောက်ခြေပိုင်း၌ လျှပ်စစ်အမဓာတ်များဖြစ်ပေါ်လာပြီး တစ်ချိန်တည်းမှာပင် မြေပြင်ပေါ်၌လည်း လျှပ်စစ်အဖိုဓာတ်များ စုဝေးဖြစ်ပေါ်လာကာ ရင်ဆိုင်မိကြသည်။ မိုးဥတုအခါများနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန် ပြောင်းလဲသောအခါများ၌ မိုးသက်မုန်တိုင်းကြောင့် တိမ်လွှာ၏ အောက်ခြေပိုင်းတွင် စုဝေးနေကြသော လျှပ်စစ်အမဓာတ်များသည် ဝေဟင်မှနေ၍ ရွေ့လျားကြသည်။ မြေပြင်ပေါ်ရှိ လျှပ်စစ်အဖိုဓာတ်တို့ကလည်း လျှပ်စစ်အမဓာတ်များ ရွေ့လျားသည့်အတိုင်း လိုက်ပါရွေ့လျားကြသည်။

ယင်းသို့ ရွေ့လျားကြရင်း လျှပ်စစ်အမဓာတ်တို့၏ဆွဲဆောင်မှုကြောင့်လျှပ်စစ်အဖိုဓာတ်တို့သည် မြင့်သော နေရာများဖြစ်သည့် လျှပ်စစ်ဓာတ်တိုင်များ၊ လျှပ်စစ်ဝါယာလိုင်းကြိုးများ၊ အလံတိုင်နှင့် သစ်ပင်များ၊ ထိုးထိုး ထောင်ထောင်ရှိနေသည့် အဆောက်အအုံများ၏ ထိပ်ဖျားဆီသို့ တက်ရောက်လာကြသည်။ ယင်းသို့ တက်ရောက်လာမှုကြောင့် လျှပ်စစ်အမဓာတ်နှင့် အဖိုဓာတ်တို့ နီးကပ်စွာစုဝေးမိကြသည်။ စုဝေးမှု အစိုင်အခဲ ကြီးမားလာသော အခါ ခုန်ကူးပေါင်းစပ်မှုပြုကြသည်။ ဤသို့ဖြစ်ပျက်သည်ကို မိုးကြိုးပစ်သည်ဟု ခေါ်ဆိုကြသည်။

## မိုးကြိုးအန္တရာယ်

သို့ဖြစ်၍ မြင့်မားသော အဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ ချွန်ထက်နေသော ထိုးထိုးထောင်ထောင် ရှိနေသည့် အဆောက်အအုံစသည်တို့သည်မိုးဥတုအခါများနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲ၍ မိုးသက်မုန်တိုင်းကျရောက်သောအခါများ၌ မိုးကြိုးပစ်ခံရရန် အခွင့်အလမ်း ပို၍များသည်။ ယင်းတို့နှင့် နီးကပ်စွာရှိနေသော လူနှင့် တိရစ္ဆာန်များ၊ ဝတ္ထုပစ္စည်းများသည်လည်း မိုးကြိုးစက်ကွင်းအတွင်း ကျရောက်နေသည်ဖြစ်၍ အန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့် လျှပ်စီးလက်၍ မိုးခြိမ်းသောအခါမျိုးများ၌ ကျယ်ပြန့်သောနေရာများ၊ လွင်တီးခေါင်ဖြစ်သောနေရာများ၊ လယ်ကွင်းပြင်များတွင် မနေသင့်ပေ။ ထိုအခါမျိုးတွင် ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်၌ ရပ်နေသောလူ(သို့မဟုတ်) တိရစ္ဆာန်တို့သည် အဆိုပါနေရာများ၏ အမြင့်ဆုံးသော တည်ရှိမှုများဖြစ်နေသည့်အတွက် လျှပ်စစ်အဖိုဓာတ်နှင့် လျှပ်စစ်အမဓာတ်တို့ခုန်ကူးပေါင်းစပ်မှုပြုရာ ဗဟိုချက်မဖြစ်သွားနိုင်သည်။ တစ်နည်းအားဖြင့် မိုးကြိုးပစ်ရန်အတွက် ပစ်မှတ်နေရာဖြစ်သွားနိုင်သည်။

မိုးဥတုအခါများတွင် လယ်ကွင်းပြင်များ၌ လယ်ထွန်နေသူများနှင့် ကျွဲ၊ နွား စသည်တို့ မိုးကြိုးထိမှန်ခံရတတ်ခြင်းမျိုးသည် အထက်ပါသဘောတရားကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ ယင်းသို့သော အခြေအနေမျိုးတွင် မလွဲမရှောင်သာဘဲ ကွင်းပြင်နှင့်လွင်တီးခေါင်၏ အလယ်တွင် ရောက်နေပါက လျှပ်စီးလက်၍ မိုးထစ်ချုန်းသံများကြားလျှင် ရပ်မနေဘဲ မြေပြင်ပေါ်သို့ဝမ်းလျားမှောက်၍ ဝပ်တွားနေကြရမည်ဖြစ်သည်။ သို့မှသာလျှင် မိုးကြိုးပစ်ခံရခြင်း အန္တရာယ်မှ လွတ်ကင်းနိုင်သည်။

## လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းသံ

တိမ်လွှာ၏ အောက်ခြေရှိ လျှပ်စစ်အမဓာတ်နှင့် မြေပြင်မှ လျှပ်စစ်အဖိုဓာတ်တို့ခုန်ကူးပေါင်းစပ်မှုပြုလုပ်သည့်အခါ(တစ်နည်းအားဖြင့်)မိုးကြိုးပစ်သည့်အခါမိုးကြိုးဖြစ်ပေါ်သည့်နေရာတွင် အလင်းရောင်နှင့် အသံတို့ တစ်ပြိုင်တည်းဖြစ်ပေါ်လာသည်။ မိုးကြိုးဖြစ်ပေါ်နေရာမှ ထွက်ပေါ်လာသော အလင်းရောင်နှင့် အသံတို့သည် အတော်အတန် ဝေးကွာသော နေရာများသို့ ပျံ့နှံ့ရောက်ရှိချိန်တွင် အမြန်နှုန်း မတူခြင်းကြောင့် မိုးကြိုးဖြစ်ပေါ်ရာနေရာမှ အလွန်ဝေးကွာသော နေရာများရှိ လူနှင့်သတ္တဝါတို့သည် အလင်းရောင်ကို ဦးစွာမြင်ကြရပြီး အသံကို နောက်ကျမှကြားကြရသည်။ တစ်နည်းဆိုရသော်လျှပ်စီးလက်ခြင်းကို ဦးစွာမြင်ကြရပြီး မိုးခြိမ်းသံကို နောက်မှကြားရသည်။

မိုးကြိုးဖြစ်ပေါ်ရာနေရာနှင့် နီးသောနေရာရှိလူနှင့်သတ္တဝါတို့ကမူ လျှပ်စီးလက်ခြင်း (အလင်းရောင်) နှင့် မိုးခြိမ်းခြင်း(အသံ)တို့ကိုမရှေးမနှောင်းကြားကြရသည်။ မိုးကြိုးဖြစ်ပေါ်ရာနေရာတွင် ရှိနေသော လူနှင့်သတ္တဝါတို့သည်ကား လျှပ်စီးလက်ခြင်းကိုပင် မြင်ခွင့်မရလိုက်တော့ဘဲ မိုးကြိုးထိမှန်ခံရခြင်းနှင့် မိုးကြိုးစက်ကွင်းမိခြင်းများ ဖြစ်ကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ အလင်းသည် လေဟာနယ်အတွင်း၌ တစ်စက္ကန့်လျှင် ကီလိုမီတာ သုံးသိန်း (၁၈၆၀၀၀ မိုင်/စက္ကန့်)နှုန်းဖြင့် ပြေးပြီး အသံကမူ လေထုအတွင်း၌ တစ်စက္ကန့်လျှင် ၃၃၂ မီတာ (၁၀၉၀ ပေ/စက္ကန့်)မျှသာ ပြေးသည်ဖြစ်ရာ အလင်း၏အလျင်က အသံ၏အလျင်ထက်များစွာပို၍မြန်သောကြောင့် ဖြစ်သည်။

အဆိုပါ သိပ္ပံပညာသဘောတရားကြောင့် မိုးတွင်းအခါ လျှပ်စီးလက်၍ မိုးခြိမ်းသံကြားလျှင်ကြောက်တတ်သူများသည်မိုးကြိုးပစ်ရာနေရာနှင့် မိမိတို့ရှိနေသောနေရာ မည်မျှကွာလှမ်းသည်ကို တွေးဆနိုင်ကြပြီး စိုးရိမ်ပူပန်မှုများကို ထိန်းချုပ်နိုင်ကြမည်ဖြစ်သည်။ လျှပ်စီးလက်ခြင်းကို ကောင်းစွာမြင်ကြရသူများသည် မိုးကြိုးဖြစ်ပေါ်ရာနေရာနှင့်ဝေးကွာလှသော နေရာတွင် ရှိနေသူများ ဖြစ်ကြသည်။

## မိုးကြိုးလျှပ်စီးအင်အား


မိုးကြိုးပစ်ခြင်းသည် တိမ်လွှာအောက်ခြေနှင့် မြေပြင်အကြား လျှပ်စစ်ဖိအားခြားနားမှုကြောင့်ဖြစ်ပေါ်ရခြင်းဖြစ်သည်။ မိုးကြိုးပစ်ချိန်တွင် လျှပ်စီးအင်အားသည် ပျမ်းမျှအားဖြင့် အမ်ပီယာသုံးသောင်းခန့်ရှိနေပြီး အမြင့်ဆုံးအားဖြင့် အမ်ပီယာနှစ်သိန်းအထိပင် ဖြစ်ပေါ်လာတတ်သည်။ လျှပ်စစ်သံဂဟေဆက်ရာတွင် အသုံးပြုသော လျှပ်စီးအင်အားပမာဏမှာ ၂၀၀ အမ်ပီယာမှ ၄၀၀ အမ်ပီယာခန့်အထိသာရှိရာ မိုးကြိုးလျှပ်စီးအင်အား ပမာဏမှာမည်မျှကြီးမားသည်ကို ခန့်မှန်းနိုင်သည်။

မိုးဥတုကာလရှည်ကြာသော ဒေသနိုင်ငံများ၊ မိုးသက်မုန်တိုင်းမကြာခဏ ကျရောက်တတ်သော ဒေသနိုင်ငံများနှင့် အီကွေတာရာသီဥတု(ခေါ်)မိုးရွာလိုက်၊ နေပူလိုက် တစ်လှည့်စီဖြစ်သော ရာသီဥတုရှိသည့် ဒေသနိုင်ငံများတွင် မိုးကြိုးပစ်သော အကြိမ်ရေ ပမာဏ များပြားတတ်သည်။

မိုးကြိုးပစ်သည့်အခါကောင်းကင်ဓာတ်အားလိုင်းများကို မိုးကြိုးထိမှန်ပါက ဓာတ်အားလိုင်းများတွင် ပို့လွှတ်ထားသော လျှပ်စစ်ဖိအားထက် အဆများစွာကြီးမားသော လျှပ်စစ်ဖိအားတစ်ရပ်ဝင်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကောင်းကင်ဓာတ်အားလိုင်းတိုင်များမှ ကြွေသီးများနေရာတွင် လျှပ်စစ်ဖိအားသည် ဝါယာကြိုးများမှ တစ်ဆင့် ကြက်ခြေတန်းများ အတွင်းသို့လည်းကောင်း၊ ဓာတ်တိုင်များ၏ အတွင်းသို့လည်းကောင်း ခုန်ကူးမှုများဖြစ်ပေါ်ပြီး ကွဲအက်ပျက်စီးမှုများဖြစ်ပေါ်နိုင်သည်။ အလားတူပင် ထရန်စဖော်မာများအတွင်းသို့ မိုးကြိုးလျှပ်စစ်ဖိအားဝင်ရောက်ပါက လျှပ်ကာများ ကျိုးပေါက်မှုဖြစ်ပြီး ချွတ်ယွင်းပျက်စီးသွားနိုင်သည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများကို မိုးကြိုးတိုက်ရိုက်ထိမှန်လျှင် လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန် မလွယ်ကူပေ။ သို့ရာတွင် သဘာဝအခြေအနေများအရ ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများကို ပြင်းထန်သော မိုးကြိုးများ တိုက်ရိုက်ထိမှန်မှုမှာ ဖြစ်ခဲလှပြီး မိုးကြိုးစက်ကွင်းမိခြင်းမျိုးသာ ဖြစ်တတ်သည်။ မိုးကြိုးပစ်သည့်အချိန်တွင် ဝင်ရောက်လာတတ်သည့် အလွန်မြင့်မားသော လျှပ်စစ်ဖိအား၏ အန္တရာယ်ကို ကောင်းကင်မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲတို့ တပ်ဆင်ထားခြင်းဖြင့် ကာကွယ်နိုင်သည်။

## ကောင်းကင်မြေစိုက်ကြိုးတပ်ဆင်ခြင်း




မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် ကောင်းကင်မြေစိုက်ကြိုးအဖြစ် သွပ်ရေစိမ်သံမဏိကြိုးကိုသော်လည်းကောင်း၊ ကြေးအုပ်ထားသော သံမဏိကြိုးကိုသော်လည်းကောင်း လျှပ်စစ်ဓာတ်တိုင်များ၏ ထိပ်အစွန်းများ၌ သွယ်တန်း တပ်ဆင်လေ့ရှိကြသည်။ ကောင်းကင်ဓာတ်အားလိုင်းတိုင်များအတွက် ကောင်းကင်မြေစိုက်ကြိုးတပ်ဆင်ရာတွင် ပထဝီမြေဓာတ်ကောင်းစွာရရှိစေရန် ကောင်းကင်ဓာတ်အားလိုင်းကြိုး အရှည်တစ်မိုင်အတွင်း အနည်းဆုံး လေးနေရာခန့်တွင် မြေမြုပ်ကြိုးများနှင့် ကောင်းစွာ ဆက်သွယ်ပေးထားရသည်။


မြေစိုက်ကြိုးများက ကောင်းကင်လျှပ်စစ်ဓာတ်အားလိုင်းများကို မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော နယ်ပယ်မှာ အဆိုပါကောင်းကင်မြေစိုက်ကြိုး ထိပ်စွန်း၏ ဝဲယာ တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီစီ အသီးသီးရှိသော နယ်ပယ်အတွင်း၌သာ ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်မြေစိုက်ကြိုး၏ မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော အဆိုပါနယ်ပယ်အတွင်း၌သာ လျှပ်စစ်ဝါယာကြိုးများကိုသွယ်တန်းတပ်ဆင်ကြရသည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို ဓာတ်အားလိုင်းတိုင်ထောင်မတ်နေသည့်အတိုင်း အထက်အောက် သွယ်တန်းထားပါက ယင်းတို့သည် ကောင်းကင်မြေစိုက်ကြိုး၏ အောက်တည့်တည့်တွင် ရောက်ရှိနေကြခြင်းကြောင့် မိုးကြိုးအန္တရာယ်မှ ကာကွယ်မှု အပြည့်အဝ ရရှိနေမည်ဖြစ်သည်။ ယင်းသို့မဟုတ်ဘဲ ဓာတ်အားလိုင်းတိုင်များတွင် ကန့်လန့်ကြက်ခြေတန်းများကို အသုံးပြုသွယ်တန်းမည်ဆိုပါက ကောင်းကင်မြေစိုက်ကြိုး၏ အောက်တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီအသီးသီးရှိသော နယ်ပယ်အတွင်း၌ သွယ်တန်းလိုင်းကြိုးများ ရှိနေကြရန် လိုအပ်သည်။

ကောင်းကင်မြေစိုက်ကြိုးသည် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် အသုံးဝင်ရုံမျှမက လူနှင့်သတ္တဝါများအား လျှပ်စစ်ဓာတ်လိုက်ခြင်း အန္တရာယ်မှလည်း ကာကွယ်နိုင်သည်။ အဆောက်အအုံများသို့ ဓာတ်အားသယ်ဆောင်သော ဝါယာများသွယ်တန်းရာတွင် ယင်းကြိုးများကို သယ်မထားသော ဝန်ထမ်းကြိုး(Bearer Cable)ကို ကောင်းကင်မြေစိုက်ကြိုးနှင့် ဆက်သွယ်ပေးထားခြင်းဖြင့်

စာ(၃၆) သို့

7 DAY NEWS JOURNAL
Vol.11, No.12 ▪ MAY 31 , 2012



လူသားတို့သည် Homo Sapiens ခေါ် ယခုခေတ် လူသားအဖြစ် စတင်ဖြစ်ပေါ်သည့် အချိန်မှစ၍ ကိုးကွယ်မှုများရှိခဲ့ကြောင်းကို ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြပါသည်။ လူသားတို့သည် ပထမဦးဆုံးသော အဆင့်တွင် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် သစ်ဥသစ်ဖုများ ရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။ ထိုအသက်မွေးဝမ်းကျောင်းပြုလုပ်သောသူများကို Hunters and gatherers ဟု သတ်မှတ်ကြ၍ ထိုခေတ်ကာလတွင် လူသားတို့သည် အိုးအိမ်အတိအကျမရှိဘဲ ယင်းတို့ကိုးကွယ်သည်မှာလည်း သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း စသည်တို့မှ ကာကွယ်ရန်နှင့် အမဲလိုက်သည့်အခါ သားကောင်များရရှိရေးအတွက် ပူဇော်ပသခြင်းသည်သာ ယင်းတို့၏ ကိုးကွယ်မှုဖြစ်ခဲ့သည်။ ယင်းတို့နေထိုင်ခဲ့ကြသောကျောက်ဂူများအတွင်း ယင်းတို့ကိုးကွယ်ခဲ့ပုံများကို ပညာရှင်များကတွေ့ရှိလေ့လာခဲ့ကြသည်။ BC ၄၀၀၀ ပတ်ဝန်းကျင်ခန့်တွင် ကမ္ဘာ၏ အချို့သောနေရာများ၌ ကြေးလက်နက်ပစ္စည်းများ စတင်သုံးစွဲလာကြပြီး Civilization ခေါ် လူ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြသည်။

ဒေါက်တာကျော်လတ်

# လူသားတို့ ကိုးကွယ်သော ဘာသာရေးများနှင့် သွန်သင်ဆုံးမချက်များ

ထိုBC ၄၀၀၀ပတ်ဝန်းကျင်ခန့်တွင် ယခုအီဂျစ်ပြည်၊ နိုင်းမြစ်ဝှမ်းတစ်လျှောက်၊ ယခု အီရန်နှင့်အီရတ်ပြည်တွင်ရှိသော Tigris နှင့် Euphrates မြစ်ဝှမ်းတစ်လျှောက်နှင့် Indus Valley ခေါ် ယခုပါကစ္စတန်ပြည်နှင့် အိန္ဒိယပြည်မြောက်ပိုင်းတို့ကြားတွင် မြို့ပြကြီးများ တည်ဆောက်နေထိုင်ခဲ့ကြသော ယဉ်ကျေးမှုများပေါ်ပေါက်ခဲ့သည်။ ထိုကြေးလက်နက်ပစ္စည်းများကို စတင်သုံးစွဲသော ယဉ်ကျေးမှုအခြေအနေတွင်လည်း ကိုးကွယ်မှုများရှိခဲ့သည်။ ယင်းယဉ်ကျေးမှုများတွင် အုပ်ချုပ်သူများနှင့် အဖိနှိပ်ခံသူများ၊ ကြားခံလူများ စသည်ဖြင့် လူတန်းစားအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ကြ၍ ယင်းတို့၏ ကိုးကွယ်မှုများမှာလည်း အဓိကအားဖြင့် အုပ်ချုပ်သူများအတွက် အုပ်ချုပ်ရန်လွယ်အောင်၊ အဖိနှိပ်ခံ အလုပ်လုပ်ရသူများအတွက်လည်းနောင်တမလွန်ဘဝအတွက် မျှော်လင့်ချက်ရှိအောင်တို့သည်အဓိကရည်ရွယ်ချက်များဖြစ်ခဲ့သည်။

ထိုသို့ မြို့ပြယဉ်ကျေးမှုကြီးများ ပေါ်ပေါက်ခဲ့ပြီး နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီး BC ၇ ရာစုနှစ်ခန့်တွင် လူသားတို့ယနေ့တိုင် ကျင့်သုံးကိုးကွယ်နေကြသော အဆင့်မြင့် ဘာသာများ စတင်ပေါ်ပေါက်ခဲ့သည်။ ပထမဦးစွာဟု သတ်မှတ်နိုင်သော ဘာသာများတွင် ဟိန္ဒူဘာသာ ပါဝင်ပေမည်။ ဗုဒ္ဓဘာသာ၊ ကွန်ဖြူးရှပ်အယူအဆနှင့် အိန္ဒိယပြည်ရှိဂျိမ်းဘာသာတို့သည် တစ်ချိန်တည်းခန့်ဖြစ်သော BC ၆ရာစုခန့်တွင် စတင်ပေါ်ပေါက်ခဲ့ပေသည်။

များစွာသော ပညာရှင်များက အထက်တွင် ဖော်ပြခဲ့သော Hunters and gatherers လူ့အသိုင်းအဝိုင်းနှင့် ဖိနှိပ်သူများနှင့် ဖိနှိပ်ခံသူများဖြင့် မြို့ကြီးပြကြီးများ တည်ဆောက်ခဲ့ကြသော လူ့အသိုင်းအဝိုင်းတို့ ကိုးကွယ်ကြသော ဘာသာရေးများကို Primitive religion ဟု ခေါ်ဆိုသတ်မှတ်ကြ၍ ထို Primitive religion ၏ တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုမူ စာရေးသူ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ ထို့ကြောင့် ထိုအခြေခံရှေးကျသော ကိုးကွယ်မှုဟု သတ်မှတ်နိုင်သော Primitive religion ကိုစာရေးသူက အောက်ပါအတိုင်း ဖွင့်ဆိုမည်ဖြစ်ပါသည်။

'Primitive religion' နှင့် ယခု လူသားအများစုတို့ ကိုးကွယ်လျက်ရှိကြသော ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာ၊ အစ္စလာမ်ဘာသာအစရှိသောဘာသာကြီးတို့၏ ကွာခြားချက်မှာ Primitive Religion များတွင် လူအုပ်စုတစ်စု(သို့မဟုတ် )လူတန်းစားတစ်ခုတို့အတွက် ကောင်းစေကြောင်းကို အထောက်အကူပြုရန်နှင့် မစပါရန် ပူဇော်ပသခြင်းသာဖြစ်၍ အထက်တွင် တင်ပြခဲ့သော ယခုလူသားများကိုးကွယ်နေကြသော ဘာသာကြီးများတွင်မူ လူသားများ ကောင်းစေလိုခြင်း၊ လူသားအားလုံးတို့ကောင်းမွန်စွာ ပြုမူနေထိုင်ခြင်းတို့ကို အဓိကထား၍ ထိုဘာသာကြီးများကို စတင်ခဲ့သော ပုဂ္ဂိုလ်ကြီးများက သွန်သင်ဆုံးမခဲ့သည်။ ထို့ကြောင့် ပထမဦးစွာ ဘာသာရေးခေါင်းဆောင်တို့ လူသားများအတွက် သွန်သင်ဆုံးမခြင်းများကိုလေ့လာပါလျှင် အောက်ပါအချက်(၄)ချက်သည် အဓိကဖြစ်မည်ဟု စာရေးသူတွေ့ရှိရပါသည်။

ပထမအချက်အနေနှင့် လူအုပ်စုများ၊ တိုင်းပြည်များ၊ ဒေသများအချင်းချင်း စစ်မဖြစ်ကြရေး၊ တိုက်ကြ၊ ခိုက်ကြခြင်းများကို ရှောင်ကြဉ်ရေး၊ တစ်နည်းဆိုသော် ငြိမ်းချမ်းရေးဖြစ်ပေမည်။

ဒုတိယအချက်အနေနှင့် လူများ၊ လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ပြဿနာမတက်ကြရန် ကြည်ကြည် ဖြူဖြူ ချစ်ချစ်ခင်ခင်နေထိုင်သွားနိုင်ကြရန်ဖြစ်ပေမည်။

တတိယအချက်အနေနှင့် မည်သည့် လူ့ဘောင်အသိုင်း အဝိုင်းတွင်မဆို အခြေအနေ မလှသောသူများ၊ ကံဆိုးသူများရှိကြ၍ ထိုလူများနှင့် ဘာသာရေးကို ဆက်လက်ထိန်းသိမ်းသည့် သူတော်စင်များကို ကူညီဖေးမဖို့ လှူကြတန်းကြရန်ဖြစ်ပေမည်။

စတုတ္ထအချက်အနေနှင့် ပထမအချက်၊ ဒုတိယအချက်နှင့် တတိယအချက်များ ရရှိနိုင်ရန် အခြေခံကျသော လူသားအချင်းချင်း၊ လူအချင်းချင်း မေတ္တာတရားထားရှိကြရန်ဖြစ်ပေမည်။ (ထိုတင်ပြချက် (၄) ချက်တို့သည် ခြုံငုံပြီးဖော်ပြသော အဓိကအချက်ကြီးများဖြစ်ပြီး ထိုအထဲတွင် အသေးစိတ်အချက်များ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။)

**■ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော ဆုံးမချက်များ**

လူသားတို့၏ လုပ်ရပ်များတွင် စစ်တိုက်ခြင်း၊ စစ်ဖြစ်ခြင်းတို့သည် လူသားတို့အားလုံးကို ပြန်လည် ဒုက္ခပေး၍ လူများစွာတို့ကို အသက်အိုးအိမ်စည်းစိမ်တို့ ဆုံးရှုံးစေသောလုပ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဘာသာများကို စတင်သွားသော ပုဂ္ဂိုလ်များဖြစ်သည့် သခင်ယေရှု ခရစ်တော်နှင့် တမန်တော် မိုဟာမက်တို့ကလည်း ငြိမ်းချမ်းရေး တရားဟောခဲ့ကြသည်။ ဗုဒ္ဓရှင်တော်မြတ်သည် ကပ္ပိလပြည်နှင့် ကောလိယပြည်တို့ မြစ်ရေကိစ္စနှင့် ပတ်သက်၍ စစ်ဖြစ်လုဆဲဆဲတွင် ဝင်ရောက်ဖျန်ဖြေပေးခဲ့သည်။ လူအုပ်စုတို့၊ တိုင်းပြည်တို့ ငြိမ်းချမ်းရေးရရန် အဓိကလိုအပ်ချက်သည် သည်းခံခြင်း၊ ရန်သူကို ခွင့်လွှတ်ခြင်း၊ ရန်ကိုရန်ချင်း မတုံ့ပြန်ခြင်းနှင့် ကလဲ့စားမချေခြင်းတို့ပင်ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားက 'ခန္တီစတရား' ကို ဟောကြားခဲ့ပြီး ယေရှုခရစ်တော်နှင့် တမန်တော်မိုဟာမက်တို့က ယင်းအဓိပ္ပာယ်နှင့် တူညီသောတရားများ ဟောကြားခဲ့သည်။ ယေရှုခရစ်တော်က 'Love for enemies' 'ရန်သူကို မေတ္တာဝေပါ" ဟု ဟောကြားခဲ့သည်။ (Matthew 6, Luke 6:27-28, 32-36, Good News Bible, American Bible Society 1976) ထို့အပြင် ယေရှုခရစ်တော်က 'Do not take revenge on someone who wrongs you, if anyone slaps you on the right cheek, let him slap your left cheek too' ယင်းအဓိပ္ပာယ်မှာ မိမိအပေါ် မှားယွင်းသောသူကို ကလဲ့စားမချေရန်နှင့် တစ်ဦးတစ်ယောက်က မိမိ၏ ညာဘက်ပါးကို ရိုက်လျှင် မိမိက ဘယ်ဘက်ပါးကို ရိုက်ခွင့်ပေးလိုက်ပါ။ (Matthew 6, Luke 6:29-30) တမန်တော်မိုဟာမက်ကလည်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍များစွာ ဟောကြားခဲ့ပြီး ယင်းတို့မှ တစ်ချက်သည် 'The strong one is not he who knocks out his adversary, the strong one is he who keeps control over his temper' ယင်း၏ အဓိပ္ပာယ်မှာ "သန်မာသန်စွမ်းသောသူသည် တစ်ဖက်သားကို အလဲထိုးကြိတ်နိုင်သူမဟုတ်ဘဲ ယင်း၏ ဒေါသကို ထိန်းချုပ်နိုင်သူဖြစ်သည်"။ (#45, Recorded by Iman Bukhari and Muslim, from various sayings of Prophet Mohamed, http://www.islamandomand.com/trueteachings.html) ရန်သူကို ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ တမန်တော် မိုဟာမက်၏ အခြားဆုံးမချက် တစ်ချက်မှာ "Help your brother whether he is an oppressor on an oppressed person" လူတစ်ဖက်သားကို ကူညီပါ။ သူသည် ဖိနှိပ်သူပင် ဖြစ်ပါစေ၊ ဖိနှိပ်ခံရသူပင် ဖြစ်ပါစေ (Recorded by Imam Bukhari # 237) ငြိမ်းချမ်းရေးတရားနှင့်ပတ်သက်၍ ဂေါတမမြတ်စွာ ဘုရားဟောကြားသွားခြင်း၊ သမ္မာကျမ်းစာနှင့် ကိုရမ် ကျမ်းစာတို့တွင် များစွာပါရှိခဲ့ပြီး အမှန်စင်စစ် မည်သည့် ဘာသာရေးခေါင်းဆောင်ကမှ စစ်ဖြစ်ခြင်း၊ စစ်တိုက်ခြင်းတို့ကို အားမပေးခဲ့ပေ။ သို့သော်လည်း ကမ္ဘာ့သမိုင်း၊ လူ့သမိုင်းတွင် အထက်တွင်တင်ပြခဲ့သည့်"Hunters and gatherers" တို့ ပြုကျင့်သော အချိန်ကာလမှစ၍ လူအချင်းချင်း၊ လူအုပ်စု အချင်းချင်း စစ်ပွဲများ ပေါ်ပေါက်ခဲ့သည်။ လူသားတို့သည် ထိုသို့ ကျောက်လက်နက် ကိုင်ဆောင်၍ သော်လည်းကောင်း၊ ကြေးလက်နက်ကိုင်ဆောင်၍ သော်လည်းကောင်း တိုက်ခိုက်ခဲ့ကြသော အချိန်ကာလမှ ယခုကဲ့သို့ ဗြုံးတူများကို တင်လွှတ်အသုံးချပြီး နည်းပညာအမျိုးမျိုးတို့ တတ်မြောက်လာခဲ့ကြသော်လည်း လူသားတို့သည် နည်းပညာနှင့် ပတ်သက်သောပညာ၊ Technical knowledge သည်သာ တိုးပွားလာခဲ့ကြသည်။ Humane ideas and wisdom ခေါ် လူသားဆန်သော တွေးခေါ်မှုနှင့် ပတ်သက်၍မူ လူသားတို့ ပေါ်ပေါက်ရပ်တည်ခဲ့သော နှစ်သန်းနှင့်ချီသော အချိန်ကာလအတွင်း များစွာတိုးတက်ပြောင်းလဲလာခြင်း မရှိဟု ဝမ်းနည်းစွာ သုံးသပ်ရပေမည်။ ထို့ကြောင့်သာ ရှေးအခါက စစ်ပွဲများတွင် စစ်တိုက်ကြလျှင် လူအနည်းငယ်သာ သေကြေထိခိုက်ဒဏ်ရာ ရနိုင်ကြသော်လည်း ယခုအခါ ခလုတ် တစ်ချက်နှိပ်လိုက်လျှင် လူသန်းပေါင်းများစွာ သေကျေပျက်စီးသွားနိုင်သောနည်းပညာနှင့် လက်နက်များကို လူသားတို့ ကိုင်ဆောင်ထားလျက်ရှိကြသည်။ တစ်နည်းဆိုသော် လူသားတို့၏ လူသားဆန်သော လူနှင့် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့အတွက် တိုးတက်ကောင်းမွန်စေရန် တွေးခေါ်မှုများတွင် များစွာအဆင့်မြင့်ခြင်းမရှိဟု သုံးသပ်ရပေမည်။ လူ့သမိုင်းတွင် ဘာသာရေးကို အကြောင်းပြု၍ စစ်ပွဲများ ပေါ်ပေါက်ခဲ့သော်လည်း အမှန်စင်စစ် ထိုစစ်ပွဲများသည် ဘာသာရေးကို အကြောင်းပြ ခုတုံးလုပ်ခြင်းသာဖြစ်ပြီး ဘာသာရေးခေါင်းဆောင်တို့၏ အဆုံးအမဩဝါဒများကို မလိုက်နာ၍သာဖြစ်သည်။

**■ လူသားအချင်းချင်း အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ဆုံးမချက်များ**


လူသားအချင်းချင်း အဆိုးဆုံးပြုကျင့်ကြသော စစ်ပွဲများ လျှော့ချရေးနှင့် ပပျောက်ရေးတို့ပြီးလျှင် ဒုတိယအရေးကြီးဆုံးသောအချက်မှာ လူအချင်းချင်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်စားသောက်နေထိုင်ရေးပင်ဖြစ်သည်။ ထိုလူအချင်းချင်း အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် အရေးကြီးသော အချက်များမှာ တစ်ပါးသူ၏ ပစ္စည်းကိုမခိုးခြင်း၊ မလုခြင်း၊ တစ်ပါးသူ၏ သားမယားကို မပြစ်မှားခြင်း စသည်တို့ဖြစ်ပြီး ယင်းကိစ္စများနှင့်ပတ်သက်၍ ကမ္ဘာ့ဘာသာကြီးများကို စတင်ခဲ့သောပုဂ္ဂိုလ်တိုင်းပင် ဆုံးမဩဝါဒပေးခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားက ငါးပါးသီလနှင့် ဆုံးမခဲ့သည့် နည်းတူ အခြားသောဘာသာရေးများတွင်လည်း တားမြစ်ချက်များရှိခဲ့သည်။ အစ္စလာမ် ဘာသာဝင်များအတွက် တမန်တော်မိုဟာမက်က အတိုချုံး၍ "A perfect Muslim desires for his brother that which he desires for himself" ယင်းအဓိပ္ပာယ်မှာ စစ်မှန်သော မွတ်ဆလင်သည် သူ၏ညီအစ်ကို(အခြားလူသား) တို့အတွက် သူ့အတွက်ဖြစ်စေချင်တာနှင့် တူညီရမည်ဟု ဆုံးမခဲ့သည်။ (# 183- Recorded by Iman Bakhari and Muslim) ထိုတမန်တော် မိုဟာမက် ဟောကြားခဲ့သည့် အဓိပ္ပာယ်နှင့် တူညီသော ခရစ်ယာန်ဘာသာဝင်တို့၏ ဆုံးမချက်မှာ "Treat your neighbour as thou want to be treated" ဖြစ်ပြီး ယင်း၏အဓိပ္ပာယ်မှာ "သင်သည် အခြားလူသားများကို သင့်ကို သူ့တို့က ပြုမူဆက်ဆံစေလိုသလို သင်ကလည်း အခြား လူသားများကို ပြုမူဆက်ဆံပါ" ဟူ၍ဖြစ်သည်။

ထိုလူသားအချင်းချင်း အဆင်ပြေစွာ အတူတကွ နေထိုင်ကြရေးနှင့်ပတ်သက်၍ အခြားအရေးကြီးသော အချက်များမှာ တစ်ဦးအပေါ် တစ်ဦး မနာလိုခြင်း၊ ကိုယ်ချင်းစာတရား ကင်းမဲ့ခြင်း၊ မကောင်းမတရား ပြောခြင်း စသောအချက်တို့လည်း ပါဝင်ပေသည်။

စာ(၂၇) သို့

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012





# ကတ်(card) ဆိုက်နေကြသူများသို့

■ မောင်သာချို

(တစ်)

နယ်တက္ကသိုလ်တစ်ခုတွင် တာဝန်ကျစဉ်က ကျောင်းသူကလေးတစ်ဦးနှင့် ရင်းနှီးခဲ့ပါသည်။ အတန်းတွင်း ဆရာတပည့် ဆက်ဆံရေးမျှသာမကဘဲ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းများပမာ သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာခဲ့ကြသည့် အဆင့်အထိ ရင်းနှီးခဲ့ရသော ကျောင်းသူလေးပဲ ဖြစ်ပါသည်။ နောက်တော့ ထိုကျောင်းသူလေး ဒုတိယနှစ်လောက်မှာပင် ပညာတစ်ပိုင်းတစ်စနှင့်အိမ်ထောင်ရေးနယ်ထဲသို့ရောက်သွားပါတော့သည်။ ဘယ်တက္ကသိုလ်ပညာကိုမှ သူဆက်၍ မသင်ပါလေတော့။ ထို့ကြောင့် မည်သည့်ဘွဲ့ဒီဂရီကိုမှ လည်း သူမရပါလေတော့။

သို့သော် တစ်နေ့ သူ့အိမ်သို့ ကျွန်တော်ရောက်သွားခိုက် ဧည့်ခန်းနံရံတစ်နေရာ၌ သူ့ဓာတ်ပုံကြီးတစ်ပုံကို ခံ့ညားသပ်ရပ်စွာ လှမ်းတွေ့လိုက်ရပါသည်။ ဘွဲ့ဝတ်စုံကြီးနှင့်။ ထူးဆန်းသည်မှာ သူ့မျက်နှာပေါ်၌ ဘွဲ့မရပါဘဲနှင့် ဘွဲ့ဝတ်စုံကြီးလွှမ်းခြုံကာ ဓာတ်ပုံရိုက်ပြီး ချိတ်ဆွဲထားရသည့်အတွက် မသိုးမသန့်ဖြစ်သည့် အနေအထား တစိုးတစိမျှ ရှိပုံမပေါ်ခြင်းပင်။ ငါဟာသည်ဘွဲ့နဲ့ထိုက်တန်တယ်ဟု မိမိဘာသာ မိမိသတ်မှတ်ပြီး ကျေနပ် လက်ခံထားသည့်ပုံ။ သူအနေခက်မည်စိုးသဖြင့် ကျွန်တော်လည်း မသိလိုက်မသိဘာသာ စကားစမြည် ပြောဆိုကာပြန်လာခဲ့သည်ပဲဖြစ်ပါသည်။

နောက်တစ်ယောက်ကတော့ တော်တော့ကို ဆိုးပါသည်။ တက္ကသိုလ်၌ ဒုတိယနှစ်လောက်အထိတက်၊ လုပ်ငန်းခွင်ထဲသို့ဝင်၊ အိမ်ထောင်ကျ၊ သားတွေ သမီးတွေရနှင့် ယခုဆိုလျှင် လူ့လောကထဲ၌ပင် သူမရှိတော့ပါ။ သို့သော် သူ့ဇနီး မူလတန်းပြဆရာမလေးအပါအဝင် သူ့မိသားစုက သူ့ကို မဟာဝိဇ္ဇာဘွဲ့ဝတ်စုံနှင့် ဓာတ်ပုံကို နံရံပေါ်၌ သက်ဆုံးတိုင်ချိတ်ဆွဲသွားခဲ့ပါလေသည်။ အားနာတတ်သူမိတ်တွေတစ်ယောက်စနှစ်ယောက်စတို့က မမြင်ယောင် မသိယောင်ဆောင်ကြရစမြဲ။

လူသည်ဘွဲ့ဝတ်စုံကိုခြုံလိုက်၊ ဘွဲ့လက်မှတ်ကို ကိုင်ထားရုံ၊ သင်တန်းဆင်းလက်မှတ်ကို ဆောင်ထားရုံမျှနှင့် ပညာတတ်သွားရောတဲ့လား။

(နှစ်)

နိုင်ငံတကာသတင်းစာမျက်နှာများပေါ်တွင်ကားပညာရေးဆိုင်ရာ မရိုးမသားသတင်းတွေက ပလူပျံ၍ နေသည်။

ဂျာမန်ကာကွယ်ရေးဝန်ကြီးကားလ်သီအိုဒိုဂူးဂတ်တင်ဘတ်အသက်က ၃၉ နှစ် ၂၀၀၆ ခုနှစ်၌ ပါရဂူဘွဲ့အတွက် စာတမ်းတင်သွင်းရာ စာမျက်နှာ ၄၇၅ မျက်နှာရှိသည်။ သို့သော် ၂၀၁၁ ခု၌မူ သူ့ပါရဂူဘွဲ့ယူစာတမ်းအတွင်းတွင် စာမျက်နှာ တစ်ဝက်ကျော်ကျော်မှာ အင်တာနက်တွင် တင်ထားသော သူတစ်ပါးစာတမ်းထဲမှ ခိုးယူကူးချထားကြောင်းကို ဘာရီမင်တက္ကသိုလ်က ဥပဒေပါမောက္ခကြီးက ရှာဖွေတွေ့ရှိသွားခဲ့သည်။ ဤတွင် သူ့ပါရဂူဘွဲ့ကို ပြန်ရုပ်သိမ်းကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက် စသည် စသည်။

နောက်တစ်ဦးက ဆာအစ်ဖ် အယ်လ် အစ္စလာမ်ကဒါဖီ။ သွားလေသူ လစ်ဗျားအာဏာရှင် ကဒါဖီ၏သား။ သူက ၂၀၀၃မှ ၂၀၀၈ အတွင်း ကမ္ဘာကျော် London School of Economic တွင် တက်ရောက်ခဲ့ကာ ပါရဂူဘွဲ့ကို ယူခဲ့သူဖြစ်ပါသည်။ သို့သော် ၂၀၁၁ ခုနှစ်အတွင်းတွင်ကား ထိုပုဂ္ဂိုလ်၏ကျမ်းမှာ ကူးချသည်က တစ်ဝက်သူတစ်ပါးကို ရှုဒိုးရေး ခိုင်းသည်က တစ်ဝက်ဖြစ်ကြောင်း ကျောင်းက ထုတ်ပြန်ခဲ့လေရာ တက္ကသိုလ်ဒါရိုက်တာ ဆာဟားဝပ်ဒေဗီးစ်ကလည်း ဝန်ခံခဲ့ပါလေသည်။ ဘွဲ့ပြန်ရုပ်သိမ်း၊ ဒါရိုက်တာ ဆာဟားဝပ်ဒေဗီးစ် နုတ်ထွက်။

နောက်တစ်ယောက် ပြောပါရစေဦး။ ဟန်ဂေရီသမ္မတ ပေါလ်ရမစ်။ သူက ၁၉၉၂ ခုနှစ်၌ ပါရဂူဘွဲ့ရခဲ့သူဖြစ်ပါသည်။ သူ့စာတမ်းက အိုလံပစ်သမိုင်းဆိုင်ရာ စာတမ်း။ သို့သော် စာတမ်းထဲမှာ က အခြားသုတေသီတို့၏ စာပိုဒ်များ စာတမ်းများကို ဖြတ်ပြီး ကူး ရေးထားသည်များက တစ်ပုံတစ်ခေါင်း။ အခုတော့ ၂၀၁၂ ခုနှစ်ထဲမှာပင် ဘွဲ့ပြန်ရုပ်သိမ်းကာ သမ္မတအဖြစ်မှပါ နှုတ်ထွက်လိုက်ပြန်ပါပြီ။

ကမ္ဘာပေါ်၌ အသားအတု၊ ဆေးဝါးအတု၊ မျက်ရည်အတု၊ သစ်ပင်အတု၊ ဆံပင်အတု၊ သွားအတု၊ စိန်အတု၊ ရင်အတု၊ တင်အတု၊ အရက်အတု၊ မိုးအတု၊ ရေတံခွန်အတု၊ ကျည်ဆန်အတု စသည် စသည်ဖြင့် အတုအထွေထွေနှင့် အမှုပွေနေကြသည့်ကြားထဲ အခုတော့ ပညာတတ်အတုတွေက မှိုလိုပေါက်လာလေ၏။

တက္ကသိုလ်အတုတွေက ဘွဲ့အတုတွေကို ပေးကြ၏။ သင့်တင့်သည့်ငွေပေးလျှင်ကိုယ်ကြိုက်သည့်လက်မှတ် (Certificate)ကို ရွေးဝယ်နိုင်သည့်လမ်းဘေးပညာရေးအုပ်စုကလေးတွေ ရှိလာကြ၏။ ဟိုစာတမ်းက နည်းနည်းဖြတ်၊ သည်စာတမ်းက နည်းနည်းညှပ်၊ ကော်ကလေးနှင့် ဟိုကပ်သည်ကပ်လုပ်ရုံနှင့် ပါရဂူဖြစ်သွားသူတွေရှိလာကြ၏။ ခေါင်းစဉ်ပေးလျှင် သုံးလနှင့်အပြီး ရေးပေးသူ၏ စာတမ်းကြီးကို တောင်းသည့်ဈေးနှင့် ပေးဝယ်လာကာ ငါပါရဂူပေါ့ဟု မျက်နှာပိုးသေသူတွေလည်း ရှိလာကြ၏။

ရောဂန္ထရကပ်၊သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဟူ၍ လူသားတို့ မကြုံတွေ့လိုသော ကပ်ကြီးသုံးပါးအကြောင်းကို ကျွန်တော်တို့ကြားဖူးကြပါ၏။ ရောဂါဆိုးတို့၏ ကပ်၊ ဓားလှံသေနတ်လက်နက်ကပ်၊ အစားအစာငတ်မွတ်သော ကပ်တဲ့။ လူသားတိုင်းကပ်မဆိုက်လိုကြ။

အခုတော့ လူတွေ၊ လူတွေဘာပညာမှ မတတ်ဘဲ လက်ထဲမှာ ကတ် (card) ကိုင်ထားရုံနှင့် အလုပ်ဖြစ်မည်ဟု ထင်လာခဲ့ကြပြီ။ အင်္ဂလိပ်စကား မပြောတတ်ဘဲ အင်္ဂလိပ်စကားပြောသင်တန်းဆင်းကတ်ကို ကိုင်ထားတော့။ ကွန်ပျူတာ မကျွမ်းကျင်ဘဲ ကွန်ပျူတာသင်တန်းဆင်းကတ်ကို ကိုင်ထားတော့။ မော်တော်ကား မမောင်းတတ်ဘဲ ကားမောင်းသင်တန်းဆင်းကတ်ကို ကိုင်ထားတော့။ လူ့အဖွဲ့အစည်းအတွင်း၌ကတ်(card) ဆိုက်ခြင်း။

(သုံး)

ကျွန်တော် ဂျက်ကွမ်းခြံကုန်းအမည်ဖြင့် သရော်စာ (satire) တစ်ပုဒ်ရေးဖူးပါသည်။ လူနှစ်ယောက်။ တစ်ယောက်က ရေကူးကျွမ်းကျင်သည်။ သို့သော် ရေကူးသင်တန်းဆင်း လက်မှတ်မရှိ။ နောက်တစ်ယောက်က ရေလုံးဝ မကူးတတ်။ သို့သော် သူ့မှာက ရေ ကူးသင်တန်းဆင်းလက်မှတ်ရှိနေ သည်။ ရေနစ်သူကို သူတို့နှစ်ယောက်ပေါင်း ကယ်သောကတ်။ ကတ်ရှိသူက ပါးစပ်ကပြောပေး၊ ကတ်မရှိသူက လက်တွေ့ဆင်းကယ်။

(လေး)

လူ့အဖွဲ့အစည်းတစ်ခု ရေ၌ မွန်းနစ်လေသောအခါမည်သူတွေက ကယ်ယူဆယ်မ,ကြမှာပါလေလဲ။ ကတ်မရှိသည့် ရေကူးကျွမ်းကျင်သူတွေလား။ ရေကူးမတတ်ပါဘဲနှင့် ကတ်ပြားကိုင်ထားသူတွေလား။

ကျွန်တော်ကတော့ လူငယ်တွေကို ကတ်(card)ပြားနောက်ကို တစ်ကောက်ကောက် လိုက်မနေဘဲ တကယ့်ပညာရသူ စွမ်းသူများအဖြစ် ကိုယ့်ကိုယ်ကိုယ် ထုဆစ်စေချင်မိနေပါလေသည်။ ။

## စာ – ၂၆၊ လူသားတို့ ကိုးကွယ်သောဘာသာရေးများနှင့် သွန်သင်ဆုံးမချက်များ မှ

ယင်းအချက်များနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားကပြဟ္မစိုရ်တရားလေးပါးနှင့် ဆုံးမခဲ့သည်။ ယင်းတို့မှာ-(၁)မေတ္တာ - တစ်ပါးသူကို မေတ္တာထားခြင်း၊ (၂) ကရုဏာ - တစ်ပါးသူကိုကရုဏာထားသနားကြင်နာခြင်း၊(၃)မုဒိတာ - တစ်ပါးသူကောင်းစားခြင်းကို လိုလား ရှုစိမ့်ခြင်း၊(၄)ဥပေက္ခာ - တစ်ပါးသူ၏ကံကြမ္မာလုပ်ရပ်တို့ကိုဥပေက္ခာပြုနိုင်ခြင်း။

ထိုဗုဒ္ဓအဆုံးအမဖြစ်သော ပြဟ္မစိုရ်တရား လေးပါးနှင့်တူညီသော ဆုံးမချက်များမှာ အခြားဘာသာတို့တွင်လည်း တွေ့ရှိရပါသည်။ မနာလို ဝန်တိုခြင်းနှင့် ပတ်သက်သော တမန်တော်မိုဟာမက်၏ ဆုံးမချက်မှာ " Avoid jealously, for this destroys good deeds as fire destroys wood"ယင်း၏အဓိပ္ပာယ်မှာမနာလို ဝန်တိုခြင်းကို ရှောင်ပါ။ ဤသည်။ကောင်းမှုလုပ်ရပ်များကိုမီးသည်သစ်တုံးကို ဖျက်ဆီးသကဲ့သို့ ပျက်စီးစေလိမ့်မည်။ (# 1569, recorded by Iman Abu Daud) ဗုဒ္ဓ၏ပြဟ္မစိုရ်တရားလေးပါးမှမုဒိတာတရား၊ အခြားသူ ကောင်းစားခြင်းကို လိုလားရှုစိမ့်ခြင်းနှင့် နီးစပ်သော ကိုရ်အာရ် ကျမ်းစာတွင် "Look at the person who is inferior to you; and do not look at one who is superior to you" "သင့်ထက်အခြေအနေဆိုးသောသူကိုကြည့်ပါ။သင့်ထက်အခြေအနေ ပိုကောင်းမွန်သောသူကိုမကြည့်ပါနှင့်" ဟုဖြစ်သည်။ (Recorded by Imam Muslim #467)

■ **လျှုဒါန်းခြင်းနှင့်ပတ်သက်သော ဆုံးမသွန်သင်ချက်များ**

မည်သည့်လူ့ဘောင်အသိုင်းအဝိုင်းတွင်မဆို အကူအညီ လိုအပ်သူများနှင့်အခြေအနေ မလှသောသူများ ရှိကြသည်။ ထို့ပြင် လူသားများအတွက် တန်ဖိုးရှိသော ဘာသာကြီးများ ဆက်လက်ရှင်သန်နိုင်ရေးအတွက် လုပ်ကိုင်ကြသော သူတော်စင်များကိုလည်း လှူဒါန်းခြင်းများလည်း လိုအပ်လျက်ရှိပေသည်။ ထိုသို့ လှူဒါန်းခြင်းအတွက် ဘာသာကြီးများကလည်း အားပေးကြသည့်အပြင် အလှူဒါနပြုလုပ်ခြင်း၊ ကူညီရိုင်းပင်းကြခြင်း စသောလုပ်ရပ်များသည် လူသားတို့၏ မွန်မြတ်သောလုပ်ရပ်များ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာတွင် ဒါန၊ သီလ၊ ဘာဝနာဟူ၍ လွန်စွာ အခြေခံကျသော နိဗ္ဗာန်ရောက်ကြောင်း တရားအဖြစ် သတ်မှတ်ထားသည်။ မွတ်ဆလင်ဘာသာဝင်များ၏ ကိုရ်အာရ်ကျမ်းစာတွင်လည်း အခြားသူများကို ကြင်နာသနားရန် ဆုံးမချက်များရှိသည်။ ကိုရ်အာရ်ကျမ်းစာ၏ # 227 တွင် "God the Dignified has no mercy for one who has no mercy for others" ဟု ပါရှိ၍ အဓိပ္ပာယ်မှာ "ကြီးမြတ်သောဘုရားသခင်သည် အခြားသူများအပေါ်မှာ ကြင်နာခြင်း မရှိသူများကို ကြင်နာသနား လိမ့်မည်မဟုတ်" ဟုဖြစ်သည်။ ထို့ပြင် စစ်မှန်သောမွတ်ဆလင်များသည် နှစ်စဉ် ယင်းတို့ ရှာဖွေရရှိထားသော ပစ္စည်းများမှ ရာခိုင်နှုန်းအချို့တစ်ဝက်ကို အစ်နေ့များတွင် လှူတန်းကြရသည်။ အထက်ပါ ကိုရ်အာရ်ကျမ်းစာ # 227 နှင့် တူညီသော ယေရှုခရစ်တော်၏ ဆုံးမချက်မှာ " Happy are those who are merciful to others; God will be merciful to them" ဖြစ်၍ ယင်း၏ အဓိပ္ပာယ်မှာ "အခြားသူများကို ကြင်နာသူများသည် လူကောင်းများဖြစ်ကြသည်။ ဘုရားသခင်သည် ထိုသူတို့ကို ကြင်နာ သနားတော်မူလိမ့်မည်" ဟူ၍ဖြစ်သည်။ (Matthew 5, True Happiness, Luke 6-20-23)

■ **မေတ္တာတရားနှင့်ပတ်သက်သော ဆုံးမချက်များ**

မေတ္တာတရားသည်အထက်တွင် တင်ပြခဲ့သည့် လူသားတို့ ကိုးကွယ်ကြသော ဘာသာကြီးတို့ သွန်သင် ဆုံးမချက်များဖြစ်သည့် (၁) ငြိမ်းချမ်းရေး၊ (၂) လူသားအချင်းချင်း အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊(၃)ကြင်နာသနားစိတ် ထားရှိရန်နှင့် လှူဒါန်းရန်၊ အထက်ပါအချက် အားလုံးအတွက်အခြေခံ လိုအပ်ချက်ဖြစ်ပေသည်။ ဤမေတ္တာတရားထားရှိရေးသည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားချက်များတွင် အခြေခံဖြစ်သည့်နည်းတူ တမန်တော်မိုဟာမက်၊ ယေရှုခရစ်တော် စသော ကမ္ဘာ့ဘာသာကြီးများကို စတင်သွားသူများ အားလုံးကလည်း မေတ္တာတရားသည် အခြေခံဖြစ်ကြောင်း ဟောကြားခဲ့ကြသည်။

ဤဆောင်းပါးတွင် ကမ္ဘာ့ဘာသာကြီးများ အားလုံးတို့၏ သွန်သင်ဆုံးမချက်များမှာ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ကြရေး၊ လူသားတို့တစ်ဦးနှင့် တစ်ဦး ကြည်ဖြူစွာ ပေါင်းသင်းဆက်ဆံနိုင်ကြရေး၊ အလှူဒါနပြုကြရေးတို့ဖြစ်၍ ယင်းအချက်(၃)ချက်ကို ဖြည့်တင်းနိုင်ရန် အခြေခံလိုအပ်ချက်မှာ မေတ္တာတရား ထားရှိကြရေးဖြစ်ကြောင်းတင်ပြခြင်းဖြစ်ပါသည်။

တင်ပြခဲ့သည်တို့ကို အခြေခံ၍ လူအားလုံးတို့ သဘောတူညီသင့်သည်မှာ ဘာသာတိုင်း၏ ဆုံးမချက်များသည် လူသားအားလုံးတို့အတွက် အကျိုးရှိစေသည်ဖြစ်သည်။ ထို့ပြင် လူအများစုတို့သည် မိမိတို့ မွေးဖွားကြီးပြင်းလာရသော အသိုင်းအဝိုင်းကို ချစ်ခင်တွယ်တာကြသကဲ့သို့ မိမိဘာသာအယူအဆကိုလည်း မှန်ကန်ကောင်းမွန်သည်ဟုယုံကြည်လက်ခံကြသည်။

ဤသည်ကိုအခြေခံ၍ လူတို့သည် မိမိ၏ ဘာသာသည်သာ မှန်ကန်ကောင်းမွန်သည်၊ အခြားဘာသာသည် မမှန်မကန်၊ မဟုတ်မမှန်ဟုဝါဒဖြန့်ချိခြင်းသည်လည်း လက်တွေ့မဆန် အကျိုးမရှိသော လုပ်ရပ်ဖြစ်ပေသည်။ ဤသည်ကို အခြေခံ၍ အချို့ပုဂ္ဂိုလ်များသည် အခြားဘာသာဝင်တို့ကို မိမိတို့ဘာသာသို့ သိမ်းသွင်းရန် ကြိုးစားကြခြင်းသည်လည်း အောင်မြင်မည်မဟုတ်သည့်အပြင် လူသားအချင်းချင်း၊ ဘာသာရေးအချင်းချင်း မကျေနပ်မှုများသာ ပေါ်ပေါက်စေမည်ဖြစ်ပေသည်။ အကောင်းဆုံးမှာ လူသားတို့ အချင်းချင်း လေးစားကြ၍ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရေးပင်ဖြစ်သည်။ ။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# တက္ကသိုလ် ဝင်သူများ

ရွှေဖြိုးမောက်

မြန်မာနိုင်ငံတွင်ရှိသော ဘွဲ့ရပြီးသူတိုင်းသည် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကျော်ဖြတ်ကြရပါသည်။ ထိုစာမေးပွဲအပေါ် ဝင်ရောက်ဖြေဆိုသူများသာမက သူတို့၏ မိဘဆွေမျိုးများကပင် စိတ်ဝင်စားအာရုံစိုက်ကြပါသည်။ ပညာသင်နှစ်အစမှစကာ ကူညီပံ့ပိုးဖြည့်ဆည်းမှုများ၊ ချဉ်းကပ်နည်းလမ်း ရှာဖွေမှုများကို အချိတ်အဆက်ရှိလျှင် ရှိသလောက်၊ ငွေကုန်ခံနိုင်လျှင်ခံနိုင်သလောက် အားတိုက်လှုပ်ရှားကြပါသည်။ စာမေးပွဲကြီးနီးသည့် အချိန်နှင့် စာမေးပွဲတွင်း အချိန်များဆိုလျှင် မေးခွန်းကြိုတင်သိရဖို့အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြံဆရယူကြပါသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုသူ လွယ်ကူသက်သာစွာဖြင့် စိတ်တိုင်းကျဖြေဆိုနိုင်ရန်အတွက်ကိုလည်း ‘ချောင်သောမြို့နယ်၊ ချောင်သော ကျောင်း’ များအား စုံစမ်းရှာဖွေကာ အပ်နှံထားတတ်ကြပါသည်။ စာမေးပွဲပြီးဆုံး၍ အဖြေလွှာများ စစ်ဆေးနေချိန်၊ တရားဝင်အောင် စာရင်းမထွက်သေးချိန်တွင်လည်း ကြိုကြိုတင်တင် အောင်ရှုံးသိရရန်၊ ရမှတ်သိရရန်၊ ဂုဏ်ထူးထွက် မထွက်သိရရန်၊ တစ်မှတ်၊ နှစ်မှတ်ရလိုရငြား ဖြည့်ပေးနိုင်ရန်အတွက် အထက်လမ်း၊ အောက်လမ်းများသုံးကာ လမ်းစဉ်မမှန်သည့် ဆန္ဒကို ငွေကြေးဖြင့် လဲလှယ်ရယူကြပါသည်။

ထိုလုပ်ဆောင်မှုမျိုးသည် ရှေးယခင်ကတည်းက အစဉ်အဆက်ရှိခဲ့ပုံရပြီး ယခုထိတိုင်ရှိနေသေးသည်ဟု ကြားသိကြရပါသည်။ မေးခွန်း၊ အဖြေလွှာစာအုပ်၊ အမှတ်ပေးစည်းမျဉ်း၊ အဖြေလွှာစစ်ဆေးခြင်းနှင့် ရမှတ်စာရင်းများကို လုံခြုံမှုအဆင့်ဆင့်ဖြင့် အချိန်အား၊ ငွေအား၊ လူအားအမြောက်အမြား အကုန်အကျခံကာ မည်သို့ပင် ဆောင်ရွက်ထားပါစေ။ ထိုအဆင့်အသီးသီးတွင် ပါဝင်သူအချို့၏ တာဝန်မကျေမှု၊ ဘေးပေါက် အပိုဝင်ငွေရှာမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် ကြိုတင်ပေါက်ကြားခြင်းများ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ယခုနောက်ပိုင်းနှစ်များတွင် မေးခွန်းပေါက်ကြားမှုမှာ ဟိုယခင်တုန်းကလို မရှိတော့ဟု ဆိုနိုင်မည်ထင်ပါသည်။ သို့သော် စာမေးပွဲဖြေဆိုမှုများတွင်မူ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပမှုအားနည်းသော စာဖြေဌာနအချို့မှာ ယနေ့အထိ ရှိနေပါသေးသည်။ အဖြေလွှာ စစ်ဆေးသူ ဆရာ၊ ဆရာမများသည် သူတို့အတွေ့အကြုံအရ အဖြေလွှာအများစုကို စစ်ဆေးကြည့်ရှုဖြင့် ချောင်သော၊ လွှတ်လပ်ခွင့်ပေးသော စာဖြေဌာနမှ အဖြေလွှာများဟု ကောက်ချက်ချနိုင်ပါသည်။ “၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာစစ်တုန်းက ကျွန်တော်တို့စစ်ရတဲ့ အဖြေလွှာစာအုပ်လေးရာလောက်ထဲမှာ နံပါတ်တူ အပုဒ်ရှည်ကြီးတစ်ပုဒ်ဖြေတဲ့သူတိုင်းဟာ တစ်ပုဒ်လုံး အစအဆုံး၊ သည်မရွေး တူနေတယ်။ ပိုပြီးသိသာသွားတာက အဲဒီအပုဒ်ရဲ့ အလယ်လောက်မှာ သူတို့ဖြေနေတဲ့ ဘာသာနဲ့မဆိုင်တဲ့ မြန်မာစာပြဋ္ဌာန်းစာအုပ်ထဲက စာတစ်ပုဒ်ကိုပါ ကူးရေးထားကြတယ်။ မိုက်ကရိုကွန်ပျူတာစာစီပေးသူက စာပိုဒ်တွေ ရောထွေးပြီး မှားယွင်း ပရင့်ထုတ်ပေးလိုက်တာကို တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကလည်း ကိုယ်ဖြေနေတဲ့ ဘာသာမှ စာမဟုတ်မှန်းပင် မသိတော့ဘဲ တွေ့ရာကူးရေးပေးလိုက်ကြပုံပေါ်ပါတယ်။ ကျွန်တော်တို့စစ်နေတာက အခြားဝိဇ္ဇာဘာသာရပ်တစ်ခု၊ စစ်ဆေးတွေ့ရှိနေရတာက မြန်မာစာဆိုတော့ စာစစ်ရင်း အမောပြေရယ်ကြရပါတယ်။ ဒါပေမဲ့ နိုင်ငံနှင့် အနာဂတ်အတွက် တွေးကြည့်လိုက်မယ်ဆိုရင် အမောမပြေနိုင်တော့ဘဲ အမောတွေ ပိုလာစေပါတယ်။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာပါ”ဟု ဝါရင့်အထက်တန်းပြဆရာကြီးတစ်ဦးက ပြောပြပါသည်။

“အခုနောက်ပိုင်း တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာတွေကို သင်္ကြန်မတိုင်ခင် ၁၀ ရက်နဲ့ အပြီးစစ်ကြရပါတယ်။ တစ်နိုင်ငံလုံးမှာ စာစစ်ဌာန ၉ ခုပဲ ရှိပါတယ်။ လာစစ်ကြရတဲ့သူ အများစုက ရပ်ဝေးမှ လာကြရတာပါ။ တချို့ဆို လမ်းမှာတင် သုံး၊ လေးရက်ကြာပါတယ်။ စာစစ်လာကြရတဲ့အတွက် ခရီးအနီးအဝေးအပေါ် မူတည်ပြီး အနည်းဆုံးစရိတ်စက ကျပ်ငါးသောင်းမှ ကျပ်သုံးသိန်းလောက်အထိ ကုန်ကျပါတယ်။ စာစစ်ခရတာပြောရရင် ကျပ်တစ်သောင်းမှ နှစ်သောင်းဝန်းကျင်ပဲ ရကြတာပါ။ စာစစ်တော့လည်း မိုးလင်းမိုးချုပ်၊ တချို့နေရာတွေဆို ညဘက်မှာတောင် စစ်ကြရတယ်။ သင်္ကြန်တွင်းထိအောင် စစ်ကြရတဲ့ နေရာတွေလည်း ရှိပါတယ်။ အဲဒီလိုအခြေအနေမှာ ပင်ပန်းဒဏ် မခံနိုင်လို့ဘဲ ဖြစ်ဖြစ်၊ စာစစ်ခြင်းအပေါ် စိတ်ဝင်စားမှုနည်းသွားလို့ဘဲ ဖြစ်ဖြစ် ခပ်ပေါ့ပေါ့လုပ်တဲ့သူတွေ ရှိတယ်။ မှားယွင်းပြီး အမှတ်ပေးမိ၊ လျှော့မိတာတွေရှိတယ်။ ၁၀ ရက်နဲ့အပြီးစစ်ရမယ်လို့ညွှန်ကြားထားတော့ နောက်ပိုင်းရက်တွေမှာ အချိန်မရလို့ ခပ်သုတ်သုတ် လုပ်ပေးလိုက်ကြရတာတွေလည်း နှစ်တိုင်းကို ရှိနေပါတယ်။ ရမှတ်တွေ မညီမျှဘူးလို့ဆိုနိုင်တာပေါ့။ စာစစ်တဲ့သူတွေကလည်း တာဝန်အရ မလွဲသာ မရှောင်သာလို့သာ လုပ်နေကြရတာလေ”ဟု ကထိကအဆင့်တက္ကသိုလ်ဆရာတစ်ဦးက ပြောပြပါသည်။

“အမှန်တော့ ဒီကိစ္စတွေကို သိတဲ့ဆရာ၊ ဆရာမတွေက ဟိုအရင်တုန်းကတည်းက လူသိရှင်ကြား ထုတ်မပြောခဲ့ကြလို့သာပါ။ ဒီလိုနဲ့ပဲ တက္ကသိုလ်ဝင်တန်းအဆင့်ကို ကျော်သွားပြီးသူတွေ မနည်းတော့ပါဘူး။ တစ်မှတ်၊ နှစ်မှတ်ကအစ နစ်နာခဲ့ရသူတွေ၊ ပိုရသွားကြသူတွေ အများကြီးရှိခဲ့မှာပါ။

အခုလက်ရှိမှာ စည်းဖောက်နေကြတာကတော့ တက္ကသိုလ်ဆရာ၊ ဆရာမအချို့တွေပါပဲ။ သင်္ကြန်အပြီး ကုတ်ခွာ(Decoding)လုပ်တဲ့အခါမှာ ခုံနံပါတ်နဲ့ ရမှတ်တွေကို ကြည့်နိုင်၊ သိနိုင်ကြပြီလေ။ သူတို့ဘက်ကလည်း လစာမလောက်လို့ စားဝတ်နေရေးအတွက် အပိုဝင်ငွေရအောင်လုပ်တာလို့ ပြောကြမှာပဲ။ ရမှတ်သိချင်ရင် ဘယ်လောက်၊ အောင်ရှုံး သိချင်ရင် ဘယ်လောက်ဆိုပြီး သူ့အဆက်အသွယ်နဲ့သူ လုပ်စားနေကြသူတွေလည်း ရှိနေပါတယ်။ တင်းကျပ်တဲ့စည်းကမ်းတွေ၊ ဝန်ခံကတိတွေ ဘယ်လိုပဲ လုပ်လုပ်၊ ရမှတ်ကြည့်ပေးတဲ့ သူကလည်းဖြစ်အောင် ကြည့်ပေး၊ ငွေပေးလုပ်ခိုင်းသူကလည်း အောင်စာရင်း မထွက်မီ နှစ်လလောက်ကို မစောင့်နိုင်ဘဲ လုပ်ခိုင်းနေသူတွေ ရှိနေပါတယ်။ တချို့ မြို့ကြီးတွေမှာဆို ဘာသာစုံ ကျပ်သုံးသိန်းနှုန်းတောင် ဈေးကွက်ပေါက်နေပါတယ်။ တချို့ တက္ကသိုလ်ဆရာ၊ ဆရာမတွေကဆို ‘မအောင်လျှင် ငွေပြန်အမ်းမယ်’ လို့ပြောပြီး ခပ်တည်တည် လုပ်စားနေကြသူတွေကလည်း ရှိနေပါတယ်။ မရမက တကယ်သိအောင် လုပ်ပေးတဲ့သူတွေ ရှိနေသလို ရိုက်စားလုပ်နေတဲ့သူတွေလည်း ရှိနေကြပါတယ်။ အောင်စာရင်းထွက်ခါနီးပြီဖြစ်တဲ့ အခုမေလထဲ ထိအောင်ကိုပဲ ကျောင်းသားမိဘတွေဘက်က ငွေပေးပြီး လိုက်နေကြတုန်းပဲ” ဟုလည်း အငြိမ်းစား ပါမောက္ခဆရာကြီး တစ်ဦးကပြောပြပါသည်။

> စာမေးပွဲပြီးဆုံး၍ အဖြေလွှာများစစ်ဆေးနေချိန်၊ တရားဝင်အောင်စာရင်းမထွက်သေးချိန်တွင်လည်း ကြိုကြိုတင်တင် အောင်ရှုံးသိရရန်၊ ရမှတ်သိရရန်၊ ဂုဏ်ထူးထွက် မထွက်သိရရန်၊ တစ်မှတ်၊ နှစ်မှတ်ရလိုရငြား ဖြည့်ပေးနိုင်ရန်အတွက် အထက်လမ်း၊ အောက်လမ်းများသုံးကာ လမ်းစဉ်မမှန်သည့် ဆန္ဒကို ငွေကြေးဖြင့် လဲလှယ်ရယူကြပါသည်

“ဒီလိုကိစ္စမျိုးတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဝင်ငွေလစာ မလုံလောက်တဲ့ နိုင်ငံတွေ၊ ခြစားမှုကြီးမားတဲ့နိုင်ငံတွေမှာ တွေ့ရတတ်တဲ့ဖြစ်စဉ်တွေပါ။ ပပျောက်ဖို့အတွက်ဆိုရင်တော့ ပညာရှင်တွေ ပူးပေါင်းပြီး လက်တွေ့ကျကျ၊ နည်းလမ်းသစ်များနဲ့ ထိထိရောက်ရောက် လုပ်မှရမှာပါ။ ဒီအတိုင်းသာ ဆက်သွားနေဦးမယ်ဆိုရင် အနာဂတ်မျိုးဆက်သစ်တွေနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေရှည်မှာ မလွယ်ပါဘူး။ ငွေပေးနိုင်ရင် ဘာမဆို လုပ်လို့ရတယ်ဆိုတဲ့ အတွေးမျိုး လူငယ်တွေမှာ ကိန်းအောင်းသွားမယ်ဆိုရင် တိုင်းပြည်က ထောင်တက်လာမှာ မဟုတ်တော့ဘူး။ စာမေးပွဲ လုံခြုံမှုစနစ်တွေ၊ အဆင့်တွေ များပြားနေရုံနဲ့ ဘာမှဖြစ်မလာနိုင်ပါဘူး”ဟု ပညာရေးဝန်ထမ်းတစ်ဦးက သုံးသပ်ပြပါသည်။

အမှန်စင်စစ် စာစစ်နေသူများအားလုံးသည် တက္ကသိုလ်ဝင်စာမေးပွဲကို ကျော်ဖြတ်လာခဲ့ပြီးသူများ ဖြစ်ပါသည်။ သူတို့ကိုယ်တိုင် မည်သို့ကျော်ဖြတ်ခဲ့သည်ဆိုသည်မှာ သူတို့အသိဆုံးပင်ဖြစ်ပါသည်။

လူအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးဖြင့် စာစစ်ခြင်းကြောင့် မသမာမှုများ ရှိနေခြင်းဖြစ်ပါသည်။ စာစစ်သူများနှင့် သက်ဆိုင်ရာ အဆင့်ဆင့်တာဝန်ရှိသူများ၏ အမျိုးမျိုးသော လုပ်ဆောင်ချက်များကြောင့် တက္ကသိုလ်ဝင်ရောက်ခွင့်ရကြသူများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးကို နှေးကွေးစေပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်ကြသူများ၏ စစ်မှန်သော ပင်ကိုအရည်အချင်းများ ပိုမိုတောက်ပြောင်မြင့်မားလာစေရန် ရည်သန်လျက် အကဲဖြတ်ထိန်းကျောင်းဖော်ဆောင်နိုင်မည့်မူဝါဒများကိုပြုပြင်ချမှတ်ကာ ‘ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်အံ့’ ဟူသည့် မြန်မာ့ပညာရေးရည်မှန်းချက်ကို ပီပီပြင်ပြင်ဖြစ်စေရေးအတွက် မြန်မြန်ဆန်ဆန် ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## JOKE

### မယုံဘူး

ခရီးသည် ငါးဦးသယ်ဆောင်နိုင်သော ရဟတ်ယာဉ်တစ်စီးသည် ပျံသန်းနေရင်း ရုတ်တရက် အင်ဂျင်ပါဝါဆုံးရှုံးလာရာ ရဟတ်ယာဉ်မှူးက ရေပြင်ပေါ်သို့ အရေးပေါ် ဆင်းသက်ရန် ဆုံးဖြတ်လိုက်ပြီး ရဟတ်ယာဉ်ပေါ်တွင်ပါလာသော ခရီးသည်များအား ယခုလို ရှင်းပြသည်။

“ဒီရဟတ်ယာဉ်က အရေးပေါ်အခြေအနေမှာ တံခါးတွေအားလုံးပိတ်ထားရင်နာရီဝက်ရေပေါ်ပေါ်နေအောင် ဒီဇိုင်းထုတ်ထားပါတယ်။ အကူအညီမရခင် အားလုံးနေရာမှာ ငြိမ်ငြိမ်လေး ထိုင်နေကြပါ” ဟု ပြောလို့ မဆုံးခင်မှာပင် လူတစ်ဦးက ထိုင်ရာမှထ၍ တံခါးဆီသို့သွားတော့သည်။ လေယာဉ်မှူးလည်း ဒေါသထွက်သွားကာ “တံခါးတွေ ပိတ်ထားမှ နာရီဝက်ရေပေါ် ပေါ်နေနိုင်တယ်လို့ ကျွန်တော်ပြောလိုက်တယ်မဟုတ်လား” ဟု ဆိုရာ “ဟုတ်တယ်လေဗျာ၊ ဒါပေမဲ့ ရဟတ်ယာဉ်က လေထဲပျံဖို့ ဒီဇိုင်းထုတ်ထားတာတောင်ပျံမှမပျံနိုင်တော့တာ။ ရေပေါ်မှာ ပေါ်နေမယ်လို့ ဘယ်လိုယုံရမလဲ” ဟု ဆိုပါတော့သည်။

### တမလွန်ကလူ

“လူတစ်ယောက် သေသွားပြီးရင် လူပြန်ဖြစ်တယ်ဆိုတာကို မင်းယုံကြည်လား”ဟု ဂျိမ်းအား သူ့သူဌေးက မေးလိုက်သည်။

“ယုံပါတယ်။ လူကြီးမင်း” ဟု ဂျိမ်းက ပြန်ဖြေသည်။

“ကောင်းတယ်။ ဒါကြောင့်နဲ့တူတယ်။ မနေ့က မင်းအသုဘသွားပို့ခဲ့တဲ့ အဘွားဒီနေ့မနက်ရုံးကို လာသွားတယ်” ဟု သူဌေးဖြစ်သူက ပြောလိုက်သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL
# Business
Vol.11, No.12 • MAY 31 , 2012

## မြို့စွန်တွင် ကန်ထရိုက်တိုက် ပိုဆောက်လာ

**မေဝင်းမွန်**

**ရန်ကုန်၊ မေ - ၂၂**

ကန်ထရိုက်လုပ်ငန်းများအတွက် လိုင်စင်အာမခံကြေးများ ပြီးခဲ့သည့် ဧပြီလပိုင်းမှစကာ တိုးမြှင့်သတ်မှတ်လိုက်ပြီးနောက် ကန်ထရိုက်လုပ်ငန်းအချို့မှာ မြို့အစွန်အဖျားရပ်ကွက်များတွင် သတ်မှတ်ချက်အဆင့်မမီသည့်တိုက်ခန်းများတည်ဆောက်မှုများရှိလာကြောင်းစုံစမ်းသိရသည်။

ရန်ကုန်ရှိလိုင်စင်ရကန်ထရိုက်လုပ်ငန်းအားလုံးအတွက် လိုင်စင်အာမခံကြေးကိုကျပ်သိန်း ၁၀၀ မှသိန်း ၅၀၀ သို့ တိုးမြှင့်သတ်မှတ်လိုက်သဖြင့်ကန်ထရိုက်လုပ်ငန်းငယ်များအတွက် အခက်အခဲရှိလာပြီး၊ ကန်ထရိုက်မဟုတ်သည့်ကန်ထရိုက်များ၊ ကန်ထရိုက်လိုင်စင်မရှိသည့်လုပ်ငန်းအချို့မှာ မြို့အစွန်ပိုင်းနေရာများတွင် ကန်ထရိုက်လိုင် စင်မလိုအပ်သည့် ၃ ထပ်ခွဲလုံးချင်းများဆောက်လုပ်မှုများပြုလုပ်လာကြသည်ဟု ဆိုသည်။

"မရမ်းကုန်းမြို့နယ် ၂ရပ်ကွက်တို့၊ တောင်ဥက္ကလာပမြို့နယ်တွေမှာအဆင့်မမီတဲ့တိုက်တွေဆောက်တာမျိုးတွေ အခုတလောဖြစ်နေတယ်။ အဲလိုဘက်တွေမှာ ကန်ထရိုက်မဟုတ်တဲ့ကန်ထရိုက်တွေ၊ ကန်ထရိုက်လိုက်စင်လည်းမရှိတဲ့ သူတွေက စည်ပင်ဥပဒေအရ၃ထပ်ခွဲအထိဆိုရင် ကန်ထရိုက်လိုင်စင်မလိုတဲ့အတွက် ၃ ထပ်ခွဲလုံးချင်းတွေဆောက်လာတယ်။ မြေရှင်တွေအနေနဲ့လည်းသူတို့လိုချင်တဲ့ဈေးကို ပေးဝယ်မယ့်သူကလည်းမရှိဘူး။ ကိုယ့်မြေလည်းမရောင်းရ၊ ကိုယ်လည်းတိုက်ခန်းရတယ်ဆိုပြီးလက်ခံကြတာ။ သူတို့က တိုက်ခန်းပဲသိတာ အဲဒီတိုက်ခန်းကကြံ့ခိုင်မှုမရှိတာတွေဘာတွေကိုနားမလည်ဘူး။ အဲလိုနေရာတွေမှာ အဆင့်မမီတဲ့တိုက်မျိုးတွေဝင်လာတယ်"ဟုအဆောက်အအုံအရည်အသွေးစစ်ဆေးမှုဆိုင်ရာကျွမ်းကျင် ဗိသုကာပညာရှင်တစ်ဦးက ပြောသည်။

ကန်ထရိုက်လိုင်စင်ကြေးများကို ကျပ်သိန်း ၁၀၀ မှ ၅၀၀ အထိ တိုးမြှင့်သတ်မှတ်လိုက်ပြီး ပေးသွင်း ရန်အခက်အခဲရှိပါက တစ်ကြိမ်လျှင် အနည်းဆုံးကျပ်သိန်း ၁၀၀ ဖြင့် လေးကြိမ်ခွဲ၍ပေးသွင်းရန် သတ်မှတ်ထားကာ ပျက်ကွက်ပါကအဆောက်အအုံလုပ်ငန်းလိုင်စင်ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြို့တွင်းနေရာများ၌အဆင့်မြင့်တိုက်ခန်းများ၊ ကွန်ဒိုများတည်ဆောက်မှုများလာသည့်အတွက်မြို့တွင်းတွင်လုပ်ငန်းရှင်ကြီးများသာ ရပ်တည်နိုင်ပြီး အချို့သောကန်ထရိုက်လုပ်ငန်းငယ်များမှာ မြို့ထဲနေရာများသို့ ဝင်ရောက်နိုင်ခြင်းမရှိတော့ဟုဆိုသည်။ ကန်ထရိုက်လိုင်စင်ကြေးတိုးမြှင့်လိုက်ခြင်းက ဆောက်လုပ်ရေးလောကကို သန့်သွားစေခြင်းဖြစ်သည်ဟုဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။



ဆောက်လုပ်ဆဲကန်ထရိုက်တိုက်တစ်လုံး

ဓာတ်ပုံ - [illegible]

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၃၄ | ၈၄၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၄ | ၈၄၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၃ | ၆၆၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၃ | ၁၀၆၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၆ | ၂၆. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၈ | ၁၂၉ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၄ | ၈၃၅ | ကျပ် |

၂၀၁၂ မေ ၂၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၈၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၆၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၄၃၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၃၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၀၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၈၅. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၂၃၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၂၄၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၀၈၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၇၁. ၂၀၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၈၃၀ |
| ငွေ | ၁ အောင်စ | ၂၈. ၃၈၆ |
| ကြေးနီ | ပေါင် | ၃၄၄. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၅၆၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ မေ ၂၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## အဝေးပြေးကုန်တင်ကားများ သတင်းပို့စနစ် လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ - ၂၆**

အဝေးပြေး ကုန်တင်ကားများ သတင်းပို့စနစ် လိုက်နာမှု ရှိ၊ မရှိကို ရန်ကုန်မြို့အဝင်တွင် ဂိတ်တစ်ခုထားရှိပြီး ဇွန် ၁ ရက်မှ စတင်၍ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အဲဒီဂိတ်ကနေ ကားတွေ သတင်းပို့စနစ် လုပ်လာ၊ မလာတာကို စစ်ဆေးသွားမှာ။ သတင်းပို့စနစ်လုပ်လာတဲ့ ကားတွေဆီက ချလန်တောင်းယူမယ်။ သတင်းပို့စနစ်လုပ်တာ အားနည်းလို့စည်းကမ်းလိုက်နာလာအောင် လုပ်တဲ့သဘောပဲ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါသတင်းပို့စနစ်စစ်ဆေးသောနေရာမှာ ရန်ကုန်မြို့နှင့် ၃၂ မိုင် ၇ ဖာလုံအကွာတွင်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အဆောက်အအုံတွင်ပြုလုပ်သွားမည် ဖြစ်သည်။

ကုန်တင်ကားများအနေဖြင့် သတင်းပို့ခြင်းကို အဝေးပြေး ကုန်စည်ပို့ရေး လုပ်ငန်းရှင်များအသင်း၌ပင် လုပ်ရမည်ဖြစ်ပြီး ယခင်နှုန်းအတိုင်းပင်သတင်းပို့ကြေးအတွက် ၄၀၀ ကျပ်နှင့် စာရွက်စာတမ်းကြေး ၁၀၀ ကျပ် ကုန်ကျမည်ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်မှ ဒေသအသီးသီးသို့ထွက်ခွာသောကုန်တင်ကား နေ့စဉ်အစီး ၁၀၀၀ ဝန်းကျင်ရှိသော်လည်း သတင်းပို့စနစ်ဖြင့် ထွက်ခွာသော ကားအရေအတွက်မှာ အစီး ၃၀၀ ဝန်းကျင်ရှိသည်။

သတင်းပို့စနစ် လိုက်နာခြင်းမရှိသေးသော ကားများကို တစ်လတိတိ ပညာပေးကာလသတ်မှတ်၍ စည်းကမ်းလိုက်နာအောင် လုပ်ဆောင်သွားမည်ဖြစ်ပြီး နောက်ပိုင်းကာလတွင် ဒဏ်ကြေးများ တပ်ရိုက်သွားမည်ဟု ၎င်းကပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ဗီယက်နမ်က ရေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်း

**သန်းဌေး**

**ရန်ကုန်၊ မေ-၂၂**

မြန်မာနိုင်ငံတွင် လျှပ်စစ်မီးနှင့် လမ်းကောင်းကောင်း မရှိသေးသော်လည်း ဗီယက်နမ်နိုင်ငံမှ ရေလုပ်ငန်းကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထားကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမြင့်သန်းက ပြောသည်။

"ကျွန်တော်တို့ဆီမှာ လျှပ်စစ်မီး မရှိဘူး။ ဆက်သွယ်ရေးလမ်းကြောင်းတွေလည်းမကောင်းဘူး။ လက်ရှိ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လက်ရှိအနေအထားနဲ့ ခင်ဗျားတို့ မထုတ်နိုင်ဘူးလို့ ပြောတဲ့အခါ အဲဒါတွေမလိုဘူးတဲ့။ ကျွန်တော်တို့ကိုသာပေးလိုက်။ ကျွန်တော်တို့ လုပ်မယ်တဲ့"ဟု အကြောင်းပြန်ကြောင်း ၎င်းကပြောသည်။

ဗီယက်နမ်နိုင်ငံသည်မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးခွင့်နှင့် ကုန်းတွင်းငါးထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် ၎င်းကပြောသည်။

မြန်မာနိုင်ငံသည် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ထားသောကြောင့် ဗီယက်နမ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကာ ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်ပြုပေးစေလိုကြောင်း တောင်းဆိုထားသည်။ လက်ရှိရေလုပ်ငန်း နယ်ပယ်တွင် တိုးတက်လာရန်မှာရေလုပ်ငန်းကိုကျွမ်းကျင်ပြီး အရင်းအနှီးများစွာစိုက်ထုတ်နိုင်သော ကုမ္ပဏီနှင့် ဈေးကွက်သို့ များများတင်ပို့နိုင်သော ကုမ္ပဏီလိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"အဲဒီလိုကုမ္ပဏီမျိုးတွေ့ရင် သူ့ကိုရင်းနှီးခိုင်းမယ်။ နည်းပညာနဲ့ အရင်းအနှီးတွေ ကျွန်တော်တို့လိုချင်တာကို ပေးမယ်ဆိုရင် မြန်မာ့ပင်လယ်ပြင်ရဲ့ ငါးက နှစ်ဆထပ်ထွက်လည်းမလောက်ဘူး။ သုံးဆထပ်ထွက်လည်း မလောက်ဘူး" ဟု ၎င်းက ပြောသည်။




# ရွှေဈေး တက်ရိပ်ပြန်ပြ



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ - ၂၃**

ရွှေဈေးကျနေသောကာလဖြစ်ကာ လုပ်ငန်းရှင်များ စောင့်ကြည့်နေချိန်တွင် တက်ရိပ်ပြလိုက်ခြင်းကြောင့် ရွှေဝယ်လိုအားများ ပြန်မြင့်တက်လာကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

ယခင်ရက်ပိုင်းက ပြည်တွင်းရွှေဈေးနှုန်းများသည် ကျပ်ခုနစ်သိန်းအောက် ကျဆင်းနေသော်လည်း ဈေးနှုန်း ဆက်တိုက်ကျနေသောကြောင့် ရွှေဝယ်လိုအားများ သိသာစွာကျဆင်းခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဈေးကွက်သဘောကိုက ဈေးတောက်လျှောက် ကျနေရင် အဝယ် သိပ်မလိုက်ဘူး။ ဈေးက အတက်အကျရှိနေရင် ဈေးပြန်တက်နိုင်တယ်ဆိုတဲ့ သဘောနဲ့ အဝယ် ပြန်လိုက်လာတာ။ ဒီရက်ပိုင်းက ခုနစ်သိန်းကျော်ကိုရောက်သွားသေးတော့ အဝယ်ပြန်လိုက်လာတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်း ရွှေဈေးနှုန်းများသည် ပြီးခဲ့သည့်တစ်ပတ်အတွင်း၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၈၉,၀၀၀ ကျပ်ထိ ကျဆင်းသွားရာမှ ၇၀၅,၀၀၀ ကျပ်သို့တက်ရိပ်ပြခဲ့သောကြောင့် ဈေးပြန်တက်မည်ဟု ခန့်မှန်း၍ ရွှေဝယ်သူများကြောင့် ဝယ်လိုအားများ မြင့်တက်ကြောင်းသိရသည်။ ၁၅ ပဲရည်မှာလည်း တစ်ကျပ်သားလျှင် ၆၅၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းနေသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၅၉၂ ဒေါ်လာထိ မြင့်တက်သွားရာမှ ယခု မေ ၂၃ ရက်တွင် ၁,၅၅၈ ဒေါ်လာထိ ပြန်လည်ကျဆင်းလာခဲ့သည်။ ထို့ကြောင့် တစ်ကျပ်သားလျှင် ၇၀၅,၀၀၀ ကျပ်ထိမြင့်တက်သွားသော ပြည်တွင်း ရွှေဈေးနှုန်းများသည် ၆၉၄,၀၀၀ ကျပ်ထိ ပြန်လည်ကျဆင်းနေသည်။

"ဈေးက ကျနေတော့ ရွှေမှာ ပြန်ရောင်းတဲ့သူ သိပ်မရှိတော့ဘူး။ အပိုင်းဝယ်တဲ့သူနဲ့ ရွှေဝယ်စုတဲ့ သူတွေပဲ များနေတယ်။ ဈေးက အတက်ပြထားတော့ ပြန်တက်မယ်အထင်နဲ့ ဝယ်တဲ့သူတွေရှိနေတယ်"ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

# အင်းအိုင်လုပ်ကိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ မေ - ၂၂**


အင်းအိုင်လုပ်ငန်း လုပ်ကိုင်ခွင့် ပြဿနာများ ပြေလည်မှုဖြစ်စေမည့် နည်းလမ်းများရှာဖွေရန် သက်ဆိုင်သူများ စုပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်ကပြောသည်။

"အင်းအိုင်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ရေရှည်ငါးလုပ်ငန်းတွေတိုးတက်ဖို့ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေပြေလည်စေဖို့ အင်းအိုင်လုပ်ငန်းရှင်တွေက တင်ပြထားတာရှိလို့ပါ။ ဘယ်လိုစနစ်တွေနဲ့ ဆောင်ရွက်သင့်သလဲ ရှေ့ကိုဘယ်လိုလုပ်ဆောင်သွားမလဲ ဆိုတာတွေကို အလုပ်ရုံဆွေးနွေးပွဲလေးလုပ်ပြီး အဖြေရှာမလို့ပါ" ဟု ၎င်းကပြောသည်။

ယမန်နှစ်မှစတင်ကာ အင်းလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအကြားတွင် အင်းအိုင်လုပ်ငန်းလုပ်ပိုင်ခွင့် ပြဿနာများဖြစ်ပေါ်လျက်ရှိနေသည်။ အချို့ဒေသများတွင် ရေလုပ်သားများမှ ဘုံငါးဖမ်းကွက်အဖြစ် လုပ်ပိုင်ခွင့်ရရှိရေး ဆန္ဒပြမှုများပင် ဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် မည်သူ့သဘောတူညီမှုမျှ မရရှိဘဲ ဂရန်အင်းများအတွင်း ငါးဖမ်းယူကြခြင်းများပါ ကြုံတွေ့နေကြရသည်။

တစ်လအတွင်းကျင်းပဖွယ်ရှိသော အင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်ပြဿနာဖြစ်နေသောအင်းများမှ အင်းလုပ်ငန်းရှင်များ၊ ပြဿနာမဖြစ်သေးသောဒေသမှ အင်းလုပ်ငန်းရှင်များ၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အင်းလုပ်ငန်းရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိကြီးများ၊ အင်းလုပ်ငန်းပိုင်ဆိုင်ရာ ကျွမ်းကျင်သော အင်န်ဂျီအိုမှ ပညာရှင်ကြီးများ၊ အင်းလုပ်ငန်း ရေရှည်တည်တံ့စေရေးအတွက် စိတ်ဝင်စားသူများကိုပါ ဖိတ်ကြားကာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## 7DAY BOOK REVIEW




## အားလုံးအတွက် ပညာရေးနှင့် တိုင်းပြုပြည်ပြုဆောင်းပါးများ

### (ဒေါက်တာမြင့်မြင့်ခင်)

ရွှက်နုဝေ၊ ချင်းတွင်း၊ ပြည်သူ့ခေတ်နှင့် Weekly Eleven စသည့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဖော်ပြခဲ့သော ဒေါက်တာမြင့်မြင့်ခင်၏ ဆောင်းပါးများကို တစ်စုတစ်စည်းတည်းပြန်လည်ထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။ ယခုလို အသက်ရှစ်ဆယ်ကျော် အထိ တိုင်းကျိုးပြည်ပြုဆောင်းပါးများကို ရေးသားလျှက်ရှိသည့် ဆရာမကြီးဒေါ်မြင့်မြင့်ခင်သည် ကိုယ်တိုင်လည်း ဆေးပညာရှင်၊ ကျန်းမာရေးသုတေသီ တစ်ဦးပီပီ စာပေရေးသားရာ၌ စေ့စပ်တိကျပြီး စူးရှတောက်ပြောင်သော အတွေးအခေါ်များ၊ တိကျမှန်ကန်သော စကားလုံးများနှင့် ရဲရင့်သတ္တိရှိသော အသုံးအနှုန်းများဖြင့် ရေးလေ့ရှိသူဖြစ်၏။

ယခုစာအုပ်တွင် ပြီးခဲ့သည့်နှစ်များအတွင်း စာနယ်ဇင်းလောကတွင်သာမက ကျန်းမာရေး၊ နိုင်ငံရေး၊ ပညာရေးစသည့်နယ်ပယ်အသီးသီးသို့တိုင်ပျံ့နှံ့ ဂယက်ရိုက်ခတ်ခဲ့သော ဆောင်းပါးများကို ဖတ်ရှုရမည်ဖြစ်ပြီး စာဖတ်သူအချင်းချင်း ဆွေးနွေးဖလှယ်ရမည့် စာအုပ်မျိုးလည်းဖြစ်သည်။ စာအုပ်တစ်နေရာ၌ "ယခု မူလတန်းကအစ အဆင့်မြင့်ပညာရေး ဘွဲ့လွန်အပါအဝင်မှာ ကျင့်သုံးနေတဲ့ ပညာရေးစနစ်ကတော့ မှတ်ဉာဏ်(memory) အားကိုးဖြစ်ပါတယ်။ (Knowledge) လို့တောင် မခေါ်နိုင်ပါဘူး။ (Rote Learning) နှုတ်တိုက်အာဂုံဆောင်နိုင်ခြင်းသက်သက်သာဖြစ်တယ်(factual recall)။ ဦးနှောက်စွမ်းရည်အဆင့် (intellegence) တွေမှာ အောက်ဆုံးအဆင့်က ရှိတာပါ။ ဘဝကို ရင်ဆိုင်ရမှာ ဒါ့ထက် ပိုလိုပါတယ်" ဟု ဖော်ပြပါရှိသည်။ စာအုပ်ဈေးစာပေတိုက်က တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## မြန်မာလူကျော် ၁၀၀ ဒုတိယအုပ်

### (မောင်ဇေယျာ)

၂၀၁၀ ပြည့်နှစ်က မြန်မာလူကျော် ၁၀၀ (ပထမအုပ်)ထွက်ရှိခဲ့ပြီး ၂နှစ်အကြာ ဒုတိယအုပ်ထွက်ရှိလာခြင်းဖြစ်သည်။ စာပေသုတေသီ မောင်ဇေယျာသည် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ၂၀ ရာစုအတွင်း မြန်မာနိုင်ငံ၌ အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး၊ပညာရေး၊စာပေ၊ယဉ်ကျေးမှု စသည့်နယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့သည့် လူပုဂ္ဂိုလ်များ၏အကြောင်း ရေးသားခဲ့ရာ ယခုစာအုပ်၌၎င်းအထ္ထုပ္ပတ္တိများကိုစုစည်း၍ လူ၅၀၊အပုဒ် ၅၀ဖော်ပြထားသည်။ စာအုပ်တွင်နိုင်ငံရေးနယ်ပယ်မှ ထင်ရှားသည့်ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်စိုး၊ဦးတင်အေး(ရှမ်းပြည်)၊ ဦးနု၊ ဦးနေဝင်း၊ သခင်ဗစိန်၊သခင်ဗဟိန်း၊သခင်သန်းထွန်းတို့ပါဝင်သလို သတင်းစာလောကမှဂျာနယ်ကျော်ဦးချစ်မောင်၊တိုးတက်ရေးဦးစိန်၊ဗန္ဓုလဦးစိန်၊ဦးညိုမြ၊လူထုဦးလှ၊လူထုဒေါ်အမာ၊မိုးကြိုးဦးအုန်းခင်တို့လိုထင်ရှားသည့် ပုဂ္ဂိုလ်များပါဝင်ကြသည်။ ထို့ပြင် ပညာရေးနယ်ပယ်မှဦးကိုလေး(ဇေယျာမောင်)၊မန္တလေးတက္ကသိုလ်ပါမောက္ခဦးကျော်ရင်၊ ကျောက်စာဝန်တော်စိန်ခို၊ ဦးဖိုးကျား၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဒေါက်တာလှဘေတို့ ပါဝင်သလို ကာတွန်းဦးဘဂျမ်း၊ ငွေစာရင်းမင်းကြီးဦးဘခင်တို့လိုပုဂ္ဂိုလ်များအကြောင်းလည်းဖတ်ရှုရပါမည်။ စာရေးသူ၏အမှာ၌ "ပုဂ္ဂိုလ်ကျော်ရွေးချယ်ရာ၌ အရွေးချယ်ခံပုဂ္ဂိုလ်၏ သက်ဆိုင်ရာနယ်ပယ်တွင် ထူးခြားပြောင်မြောက်သည့် စွမ်းဆောင်မှု၊ ဩဇာကြီးမားမှုတို့ကို စံအဖြစ် သတ်မှတ်ပါသည်"ဟု ဖော်ပြပါရှိသည်။ Unity စာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ရေအောက်ထဲမှာအိပ်နေရတာကို နှစ်သက်ကြတာ ဘယ်သူတွေလဲ

ကုန်းပေါ်တွင် လေးတွဲ့စွာလမ်းလျှောက်သော်လည်း လျင်မြန်စွာရေကူးနိုင်စွမ်းရှိသည့်ရေမြင်းများသည် နှာခေါင်းပေါက်ကိုပိတ်ကာ ရေအောက်တွင် ၁၅ မိနစ်ခန့်နေနိုင်စွမ်းရှိသည်ဟုဆိုသည်။ အရွယ်ရောက်ပြီးရေမြင်းတစ်ကောင်သည် တစ်နာရီလျှင် ၈ ကီလိုမီတာနှုန်းဖြင့် ရေကူးသွားလာနိုင်သည်။ ရေအောက်တွင် အသက်မရှူနိုင်သော်လည်း အချိန်အတန်ကြာအောင် အသက်အောင့်ထားနိုင်စွမ်းရှိကြသည်။ ယင်းတို့သည် ၄ မိနစ်မှ ၆ မိနစ်တွင်တစ်ကြိမ် အသက်ရှူရန်လိုအပ်ပြီး နားရွက်နှင့်နှာခေါင်းပေါက်များအတွင်းသို့ရေမဝင်အောင်လည်း ကာကွယ်နိုင်စွမ်းရှိကြသည်။

ယင်းသို့ခေါင်းဖော်ခြင်း၊ အသက်ရှူခြင်းကို သူ့အလိုလိုအတိုင်းပြုလုပ်လေ့ရှိကြပြီး တစ်ခါတစ်ရံတွင် ရေအောက်တွင် အိပ်ပျော်နေသော်ငြားလည်း အိပ်ရာနိုးခြင်းမရှိဘဲ ခေါင်းဖော်ခြင်း၊ အသက်ရှူခြင်းကို ပြုလုပ်လေ့ရှိကြသည်ဟုဆိုသည်။ ရေမြင်းများသည်ရေ(သို့မဟုတ်)ရွှံ့ထဲတွင်အေးအေးလူလူစိမ်နေရခြင်းကိုနှစ်သက်ကြပြီး ထိုသို့စိမ်နေခြင်းက ခန္ဓာကိုယ်အပူချိန်ကိုထိန်းပေးသည့်အပြင် အရေပြားကို မခြောက်သွေ့စေခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

—Source: wikianswers.com

## တစ်ပတ်တာကံကြမ္မာ

မေ ၃၀ ရက် မှ ဇွန် ၅ ရက် အထိ

စံဇာဏီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မေတ္တာရေးကံကောင်းသည်။ ၅၂၈၊ ၁၅၀၀ မေတ္တာရေး ကံ(၂)မျိုးစလုံး ကံကောင်းသည်။ လူချစ်လူခင်ပေါများမည်။ အိမ်ထောင်ရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ စုပေါင်းတွဲဖက်လုပ်ငန်းများ လုပ်ကိုင်ရန် ကမ်းလှမ်းလာပါက လက်ခံနိုင်သည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲ အကူအညီရမည်။ ငွေကြေးကံကောင်းမည်။ ကျန်းမာရေး အညံ့ရှိမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အထူးကောင်းသော ကာလဖြစ်သည်။ ငွေကြေးကံကောင်းမည်။ လိုရာပြည့်မည်။ ဘဝအတွက် အရေးပါသော ခြေလှမ်းသစ်၊ ဆုံးဖြတ်ချက်သစ်များ ချမှတ်ရမည်။ ငွေအစုလိုက်ဝင်မည်။ မည်မျှအခက်အခဲ အတိုက်အခံများ ရင်ဆိုင်ရသည်ဖြစ်စေ ရင်ဆိုင်ဖြေရှင်း အောင်မြင်နိုင်သော အနေအထားရှိသည်။ အမွေရခြင်း၊ ထီပေါက်ခြင်းများ ကြုံနိုင်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မိသားစုတွင် ခြံ၊ ကား၊ အခန်းအဟောင်း ထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်ရခြင်းများကြုံမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ တိုင်းတစ်ပါးမှ တိုက်ရိုက်ဆက်ဆံပြီး လုပ်ငန်းဆောင်ရွက်ခြင်းမှ အောင်မြင်ခြင်းများရရှိမည်။ ငွေကြေးကံကောင်းသည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသော အကျိုးအမြတ်များ ရရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ပညာသင်တန်းနှင့် ပတ်သက်သော ကံကောင်းသည်။ အလုပ်ပို ကိစ္စပိုများ တာဝန်ယူဆောင်ရွက်ရမည်။ ကောင်းသော သတင်းနှင့်ကျော်ကြားမည်။ မိမိကိစ္စမဟုတ်ဘဲ တစ်ပါးသူအရေးကိစ္စအတွက် ဦးစားပေးဆောင်ရွက်နေရမည်။ အလုပ်ပို၊ တာဝန်ပိုများ ကြုံမည်။ ငွေကုန်ကြေးကျ များတတ်သည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် ငွေကုန်များမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အထူးကောင်းသော ကာလဖြစ်သည်။ ထူးခြားစွာတိုးတက်မည်။ ဘဝရည်မှန်းချက်များ အောင်မြင်မည်။ ဘဝအတွက် အိမ်ထောင်ဖက်၊ မေတ္တာဖက် ရွေးချယ်ရမည်။ ငွေဝင်ကောင်းမည်။ လုပ်ငန်းခွင်မှသူများ အလုပ်အဆင့် ရာထူးအဆင့် တိုးတက်မည်။ နေရာကောင်းသို့ ပြောင်းရွှေ့ရမည်။ အရောင်းအဝယ် စီးပွားဆောင်ရွက်မှုများမှ ကောင်းသော အကျိုးအမြတ်ရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လွန်ခဲ့သော အတိတ်ကာလက ရသင့်လျက် ကြန့်ကြာနေသော ငွေ၊ ပစ္စည်း၊ ရပိုင်ခွင့်များ ပြန်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြား သူစိမ်းများ အကျိုးပေးမည်။ ဆွေမျိုးဒုက္ခပေးတတ်သည်။ ရင်းနှီးသောသူများနှင့် စကားအတိုက်အခံ ပြောရတတ်သည်။ ခရီးနှင့် ပတ်သက်သော ကံကောင်းသည်။ ပြည်တွင်းသာမက ပြည်ပခရီးများ သွားရောက်အကျိုးပေးမည်။ လူလွတ်များ စန်းပွင့်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်မည်။ ပညာအတတ်နှင့် ပတ်သက်သော ကံကောင်းမည်။ အကြီးအကဲဆရာသမားများ၏ အလေးပေးမှုခံရမည်။ စာပေ၊ ဘာသာစကားများ လေ့လာသင်ယူနိုင်မည်။ ထီကံကောင်းမည်။ မိသားစုတွင် အိုးအိမ်နေရာထိုင်ခင်းကိစ္စများစကားပြောဆိုရမည်။ စကားအောင်မြင်မည်။ ရင်းနှီးမြှုပ်နှံမှုသစ်များ ပြုနိုင်သည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း မရောက်ဖူးသော အရပ်ဒေသများသို့ သွားလာရောက်ရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ အစာအိမ်၊ အဆုတ်၊ ဆီးရောဂါများ ဖြစ်တတ်သည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စ တာဝန်ယူ၊ အာမခံခြင်းများ ပြုရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပညာသင်တန်းများ တက်ရောက်ရမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရန်များမည်။ အတိုက်အခံများမည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ အမှုအခင်းများ ဖြစ်ပေါ်တတ်သည်။ ဥပဒေနှင့် မကင်းသော ကိစ္စမှန်သမျှ ရှောင်ကြဉ်ရမည်။ တစ်ပါးသူကတိအား မယုံရ။ မိမိကိုယ်တိုင်လည်း အလွယ်တကူ ကတိမပေးရ။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အပြောင်းအလဲနှင့် တိုးတက်မည်။ လူသစ်၊ ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ လုပ်ငန်းအဆင့်၊ ရာထူးအဆင့် တိုးတက်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မေတ္တာကို အခြေခံသော အိမ်ထောင်ရေး ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အိမ်ထောင်ကံကောင်းသည်။ မိသားစုလိုက် စီးပွားတက်မည်။ ခြံ၊ ကား၊ အခန်းအဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ ပဲ၊ ပလတ်စတစ်၊ မြေ၊ ယာလုပ်ငန်းများမှ အကျိုးအမြတ် ရရှိမည်။ ဦးခေါင်းပြင်းထန်စွာ ကိုက်ခဲတတ်သည်။ ဆီး၊ အဆုတ်ဒုက္ခပေးမည်။ အပူရှိန်မြင့်မြင့်နှင့် ဖျားနာတတ်သည်။ မိတ်ဆွေအကြီးအကဲ၊ ဆရာသမားများ၏ အထောက်အကူကောင်း ရရှိမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်းများကြားသိရမည်။ အမည်ကောင်း သတင်းကျော်ကြားမည်။ အတတ်ပညာနှင့် ပတ်သက်၍ ကံကောင်းမည်။ ခရီးကိစ္စများ စီစဉ်ထားက လိုရာခရီးရောက်ရှိမည်။ ပစ္စည်းအပျောက်အရှုများတတ်သည်။ ငွေကြေးကိစ္စတာဝန်ယူ အာမခံခြင်း ရှောင်ပါ။ ငွေမချေးရဆုံးတတ်သည်။ မျက်စိဒုက္ခပေးမည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012



# ယူရိုဇုန်မှ ဂရိနိုင်ငံထွက်ခွာတော့မည်လား

**ကြည့်နေဝင်းမင်း**

လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်၊ သုံးပတ်အတွင်း ဂရိနိုင်ငံ မိုင်ကိုနော့စ်ကျွန်းပေါ်မှ မစ္စတာဆော့စ် ပိုင်ဆိုင်သော ကြယ်ငါးပွင့်ဟိုတယ်မှ တယ်လီဖုန်းမှာ မှန်မှန်ကြီးဖုန်းခေါ်သံများထွက်ပေါ်နေခဲ့သည်။ သို့သော် ယင်းဖုန်းခေါ်ဆိုမှုများမှာ မစ္စတာဆော့စ် ဖြေကြားလိုသော စုံစမ်းမှုမျိုးကို မေးမြန်းခြင်းမဟုတ်ပေ။

“ဟိုတယ်မှာ လာနေဖို့နဲ့ ငွေချေဖို့ကို အတည်မပြုနိုင်သေးဘူးလို့ လူတွေကပြောနေကြတယ်” ဟုမစ္စတာတာဆော့စ်က ပြောပါသည်။ အေဂျီယန်ပင်လယ်ကို လှမ်းမြင်နေရသော ကျောက်ဆောင်ပေါ်တွင် တည်ဆောက်ထားသော ဘယ်လ်ဗာဒီဟိုတယ်ကိုမစ္စတာတာဆော့စ်ပိုင်ဆိုင်ပါသည်။ “ဂရိနိုင်ငံယူရိုဇုန်ကထွက်ပြီး ဒရက်မာ (ဂရိနိုင်ငံ၏ မူလသုံးငွေ) ငွေပြန်အသုံးပြုရင် သူတို့ပိုက်ဆံတွေ ဘာဖြစ်သွားမလဲဆိုတာကို လူတွေက စိုးရိမ်နေကြတယ်” ဟု၎င်းကဆိုသည်။

ဂရိနိုင်ငံသည် ကြွေးမြီများကိုပြန်ဆပ်ရန် ပျက်ကွက်ပြီး ဥရောပ၏ငွေကြေးသမဂ္ဂယူရိုဇုန်မှ ထွက်ခွာသွားနိုင်သည်ဆိုသော ပူပန်မှုများမှာ မေလ ၆ ရက် ရွေးကောက်ပွဲနောက်ပိုင်း ပိုမိုနက်ရှိုင်းလာခဲ့သည်။ ၎င်းရွေးကောက်ပွဲတွင် ဂရိနိုင်ငံ၏ ကြွေးမြီကန်ဒေါ်လာ ၁၇၀ ဘီလီယံနိုင်ငံတကာ သဘောတူညီချက်များကို ဆွဲဖြုပစ်မည်ဆိုသော လက်ဝဲယိမ်းပါတီကို ဂရိနိုင်ငံသားများက အုံနှင့်ကျင်းနှင့် မဲပေးခဲ့ကြသည်။ ယနေ့အချိန်အခါတွင်ယူရိုဇုန်၌ဆက်လက်နေလိုသည်ဟုဂရိနိုင်ငံသား ၈၀ ရာခိုင်နှုန်းခန့်က ပြောကြားနေသော်ငြားလည်း ဒရက်မာငွေကိုသာ ပြန်သုံးဖြစ်ခဲ့ရင်ဆိုသော အကြောင်းအရာများကို ဂရိစီးပွားရေးသမားများသာမက အိမ်ရှင်မများ၊ နိုက်ကလပ်များတွင်ပါဆွေးနွေးနေကြသည်ကို မြင်နိုင်၊ ကြားနိုင်ပါသည်။

“ဒရက်မာငွေကိုသာပြန်သုံးရင်တကယ့်အိပ်မက်ဆိုးပဲ” ဟုမစ္စတာတာဆော့စ်က ညည်းတွားပါသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းတွင် သူ၏ ဟိုတယ်စီးပွားရေးလုပ်ငန်း ဆိုးဆိုးရွားရွားဆုတ်ယုတ်ကျဆင်းသွားခဲ့ပြီ ဖြစ်သည်။ “စီးပွားရေးလုပ်ငန်းတွေမှာ အထိတ်တလန့်ဖြစ်ပြီး ဂရိနဲ့ စီးပွားရေးလုပ်မယ့် သူတွေကိုပါ ကြောက်ရွံ့သွားစေနိုင်ပါတယ်” ဟုမစ္စတာတာဆော့စ်က ဆိုသည်။

ဂရိနိုင်ငံအနေဖြင့် ယူရိုငွေကြေးသုံးစွဲရေးစနစ်မှ ထွက်ခွာခဲ့လျှင်သော်မှ ယင်းကိစ္စမှာ မြန်မြန်ဆန်ဆန် မဖြစ်နိုင်ပေ။ ယူရိုဇုန်မှ ထွက်ခွာရန်ပြင်ဆင်ခြင်းမှာဥပဒေအရရှုပ်ထွေးပြီး အချိန်အားဖြင့်လည်း ကြာမြင့်နိုင်ပါသည်။ ဥရောပခေါင်းဆောင်များကလည်း ဂရိကြွေးမြီပျက်ကွက်ခြင်း မဖြစ်အောင်ကာကွယ်ပါလိမ့်မည်။ အဆုံးမရှိသော မရေရာမှုများကိုထည့်တွက်ပါကလည်း ယင်းကိစ္စကိုခွင့်ပြုရန် မဖြစ်နိုင်ပေ။ သို့သော်လည်း ယနေ့အချိန်အခါမျိုးတွင် မည်သူမျှမစွန့်စားကြပေ။

ဂျာမနီနှင့်ဗြိတိန်နိုင်ငံမှ ခရီးသွားလုပ်ငန်းအုပ်စုကြီးများက ဂရိနိုင်ငံတွင်ယူရိုငွေသုံးစွဲမှုရပ်တန့်ခဲ့သည်ရှိသော် လိုရမည်ရ ဒရက်မာငွေနှင့် မည်ကဲ့သို့လဲလှယ်မည်ကို ဂရိဟိုတယ်ပိုင်ရှင်များနှင့် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုရာတွင် ထည့်သွင်းလာကြသည်။ ယူရိုငွေအကျပ်အတည်း ပိုမိုဆိုးရွားလာခဲ့သော် ဂရိ၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံများတွင် အပန်းဖြေခရီးစီစဉ်ထားပြီး စိတ်ပူနေသော ခရီးသွားများအတွက် ဗြိတိန်သတင်းစာများတွင်အကြံပေးကော်လံများ ထည့်သွင်းကြသည်။

ဂရိစီးပွားရေးလုပ်ငန်းများအတွက်လည်း အခြားရွေးချယ်စရာအစီအစဉ် တစ်ခုရေးဆွဲရသည်မှာ ခက်ခဲပါသည်။ အထူးသဖြင့်စီးပွားရေးလုပ်ငန်းငယ်များအတွက်ခက်ခဲပါသည်။ အခက်အခဲကိုမည်သို့ကျော်လွှားရမည်ဆိုခြင်းအတွက် ၎င်းတို့စဉ်းပင်မစဉ်းစားတတ်သော မသိခြင်းများ များစွာပါနေသည်။ စီးပွားရေးပညာရှင်များကတော့ ဒရက်မာငွေ၏တန်ဖိုးမှာ ယူရိုငွေနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိတန်ဖိုးကျဆင်းသွားမည်ဟုခန့်မှန်းကြသည်။



“ကမ္ဘာပျက်မယ့်နေ့အတွက် မင်းဘယ်လိုပြင်ဆင်မလဲ” ဟုဒီဇိုင်းဆော့ဖ်ဝဲများ ရေးဆွဲသော ကုမ္ပဏီငယ်လေး၏ ပိုင်ရှင်ဖြစ်သူဒီမီထရီရော့မာနိုလစ်က မေးခွန်းထုတ်သည်။ ငွေကြေးအကျပ်အတည်းကာလအတွင်း ၎င်းတို့နှင့်အလုပ်လုပ်သော ကုမ္ပဏီများပြိုလဲသွားခဲ့ပြီဖြစ်၍လည်း ၎င်းတို့တွင် ရှိသောဆော့ဖ်ဝဲ အင်ဂျင်နီယာခြောက်ဦးကို နှစ်ဦးအထိလျှော့ချလိုက်ရပြီ ဖြစ်သည်။ “ဂရိသာယူရိုငွေကြေးစနစ်က ထွက်လိုက်ရင်တော့ ငါ့အတွက်လည်း အလုပ်ရှိမှာမဟုတ်တော့ဘူး” ဟု ဒီမီထရီရော့စ်က ဆိုသည်။

ယူရိုငွေကြေးစနစ်မှဂရိနိုင်ငံထွက်လိုက်သည့်နေ့မှာပင် ဂရိစီးပွားရေးလုပ်ငန်းပေါင်းများစွာ ပြိုလဲပျက်စီးသွားမည်ဖြစ်ကြောင်း အေသင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ကွန်စတန်တင်မီဟာလော့စ်က ပြောသည်။ ဂရိကုမ္ပဏီများ၏ ၈၅ ရာခိုင်နှုန်းမှာ ဝန်ထမ်း ၁၀ဦးခန့်ဖြင့်လည်ပတ်နေပြီးယင်းကုမ္ပဏီအများအပြားမှာလည်း ငွေကြေးအကျပ်အတည်းကြောင့် ဒေဝါလီခံရလုနီးနီး အခြေအနေရောက်ရှိနေကြသည်။

ဂရိငွေကြေးမှာ အလွန်အမင်းတန်ဖိုးကျဆင်းနေပြီးငွေကြေးဖောင်းပွမှုလည်း ကြီးမားလာမည်ဖြစ်ရာ ဂရိကုမ္ပဏီများအနေဖြင့် ယူရိုငွေနှင့် သတ်မှတ်ထားသော ကုန်ပစ္စည်းပြေစာများကို ပေးဆပ်ရန်ရုန်းကန်ရမည်ဖြစ်သည်။ အခြားနိုင်ငံများနှင့် ကုန်သွယ်မှုလည်း နှေးကွေးသွားမည်ဖြစ်ပြီး နိုင်ငံခြားမှကုန်ပစ္စည်းတင်သွင်းမှုများအပေါ် အကြီးအကျယ်မှီခိုနေရသော ဂရိစီးပွားရေးလုပ်ငန်းများအကျပ်ရိုက်သွားမည်ဖြစ်သည်။ ဂရိနိုင်ငံမှ နိုင်ငံခြားသို့ကုန်ပစ္စည်း တင်ပို့သူများ အမြတ်ထွက်မည်ဖြစ်သော်လည်း နိုင်ငံ၏ပုံရိပ် ထိခိုက်မည်ကို မလိုလားဘဲ ၎င်းတို့ကလည်းဒရက်မာ (Drachma) ငွေပြန်လည်သုံးစွဲမည်ကို ဆန့်ကျင်ကြသည်။

အသက်ငင်နေပြီဖြစ်သော ဂရိဘဏ်လုပ်ငန်းများမှာလည်း ငွေစုဆောင်းသူများက အလုံးအရင်းဖြင့် ငွေပြန်လည်ထုတ်ယူခြင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်က ငွေကြေးအကျပ်အတည်း လူသိရှင်ကြားဖြစ်ပြီးနောက်ပိုင်း ခန့်မှန်းခြေယူရိုငွေ ၂၅၀ ဘီလီယံမှ ၃၀၀ ဘီလီယံခန့်အထိဂရိဘဏ်များမှ ထွက်သွားခဲ့ပြီဖြစ်သည်။ ယခုလရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်းမှာပင် ယူရိုငွေသန်း ၇၀၀ ကျော်ကိုထပ်မံဆွဲထုတ်သွားကြပြီး နိုင်ငံရေးနှင့်စီးပွားရေး ရေရာသေချာမှုများဖြစ်ပေါ်လာမှသာ ယင်းအခြေအနေရပ်တန့်သွားမည်ဟု ဂရိဘဏ်များက မျှော်လင့်ထားကြသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ဂရိနိုင်ငံသာ ယူရိုငွေကြေးစနစ်မှ ထွက်ခွာခဲ့ပါက ပထမတစ်နှစ်အတွင်းမှာပင် ဂျီဒီပီ၏ဆယ်ရာခိုင်နှုန်းကျော်ကျော် ဖြတ်ချခံရမည်ဟု ခန့်မှန်းထားသည်။

ဂရိနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်း အများစုကိုလည်း လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်အတွင်း သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများမှ လွဲ၍ နိုင်ငံတော်က အစိုးရပိုင်ပြုလုပ်ခဲ့ပြီးနောက် စက်မှုအခြေခံလုပ်ငန်းများတတိတိ ပျက်သုဉ်းခဲ့ပြီဖြစ်သည်။ ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများ နည်းပါးလာပြီးအလုပ်ဖြုတ်ခံရသော အလုပ်သမားများအား အစိုးရလုပ်ငန်းများကခန့်အပ်ထားခဲ့သည်။

ယနေ့ဆိုလျှင် ဂရိနိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့မှုကဏ္ဍမှ ဝင်ငွေမှာ ဂျီဒီပီ (အမျိုးသားထုတ်ကုန်စုစုပေါင်း) ၏ ၁၀ ရာခိုင်နှုန်းသာပါဝင်သည်။ အခြားယူရိုဇုန် နိုင်ငံများတွင် ပျမ်းမျှအားဖြင့် ၃၀ ရာခိုင်နှုန်းရှိသည်။ ဂရိနိုင်ငံက ယူရိုငွေကြေးကို လက်ခံသုံးစွဲခဲ့ခြင်းကြောင့်လည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုမှ တဖြည်းဖြည်း ဖယ်ခွာခြင်းကို ပိုမိုလျင်မြန်စေခဲ့သည်။ ယခုအခါ ဂရိနိုင်ငံသည် စားသောက်ကုန် လိုအပ်ချက် ၄၀ ရာခိုင်နှုန်းကိုနိုင်ငံခြားမှတင်သွင်းရသည်။ ဆေးဝါး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကိုပါ နိုင်ငံခြားမှ တင်သွင်းနေရရာ ငွေကြေးကမောက်ကမ အခြေအနေကြောင့် နိုင်ငံခြားထောက်ပံ့သူများက ယင်းကုန်ပစ္စည်းများတင်ပို့မှုရပ်ဆိုင်းလိုက်ပါက မလုံလောက်မှု၊ ပြတ်လပ်မှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

ယင်းသို့ဖြစ်ပေါ်ခဲ့ပါက ဂရိနိုင်ငံအနေဖြင့် လူထုအုံကြွမှုများကိုရင်ဆိုင်ရန်ပြင်ဆင်ထားရမည်ဟု လေ့လာသုံးသပ်သူများက ပြောကြားပါသည်။

*—Ref: Greek Businesses Fear Possible Return to Drachma*

# လစ်ဗျားဝန်ကြီးချုပ်ဟောင်းအား လစ်ဗျားသို့ ပြန်လည်ပို့ဆောင်သွားမည်ဟု တူနီးရှား ပြောကြား

**တူးနစ်၊ မေ - ၂၃**

မွမ်မာကဒါဖီလက်ထက်တွင် လစ်ဗျားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သူ အယ်လ်ဘာဂါဒီ အလီအယ်လ်မိုဟာမာဒီအား လစ်ဗျားနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း တူနီရှား တရားရေးဝန်ကြီး နိုရူဒင်ဘိုဟီယာရီက ပြောကြားသည်။ လွှဲပြောင်းပေးမှုမှာ ရက်ပိုင်းအတွင်း



ဖြစ်လာနိုင်သည်ဟု တူနီးရှားဝန်ကြီးက ဆက်လက်ပြောသည်။

အကယ်၍ ယင်းကိစ္စအထမြောက်ခဲ့ပါက လစ်ဗျားအရာရှိဟောင်းတစ်ဦးအား လစ်ဗျားနိုင်ငံ၏ကြားဖြတ်အစိုးရထံသို့ ပထမဆုံးပြန်လည်လွှဲပြောင်းမှုဖြစ်လာမည်ဖြစ်ပြီး အခြားနိုင်ငံများအတွက်လည်း အလားတူလွှဲပြောင်းပေးရန် နမူနာဖြစ်နိုင်သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

မိုဟာမာဒီသည် ၂၀၀၆ ခုနှစ်မှစ၍ လစ်ဗျားဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး လစ်ဗျားသူပုန်များက မြို့တော်ထရီပိုလီအား သိမ်းပိုက်လိုက်ချိန်အထိ တာဝန်ယူခဲ့သည်။ မိုဟာမာဒီအား လစ်ဗျားနိုင်ငံသို့ ပြန်လည်နှင်ထုတ်သင့်ကြောင်း တူနီရှားတရားရုံးတစ်ရုံးက ၂၀၁၁ နိုဝင်ဘာလကပင် ဆုံးဖြတ်ခဲ့သည်။

သို့သော် လစ်ဗျားခေါင်းဆောင် ကဒါဖီကိုယ်တိုင် သူပုန်များ၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ပြီး ၎င်း၏အလောင်းကို အများပြည်သူအား ပြသထားခဲ့ပြီးနောက် တူနီးရှားသမ္မတမွန်ဆက်အယ်မာဇူကီက မိုဟာမာဒီအတွက် တရားမျှတသော အမှုရင်ဆိုင်နိုင်ရန် လစ်ဗျားနိုင်ငံတွင်တည်ငြိမ်မှုရှိမှသာ ၎င်းအား ပြန်လည်လွှဲပြောင်းပေးရန် ပြောကြားခဲ့သည်။ *—Ref: Reuters*






# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 52,080 |
| Intel P4 Core i3 3.1 GHz (1155,2100) | 95,760 |
| Intel P4 Core i5 3.1 GHz (1155,3450) | 153,720 |
| Intel P4 Core i7 3.1 GHz (1155,2600) | 241,080 |
| **Motherboard** | |
| MSI G41M-P28 (775) | 51,240 |
| MSI H67MA-E35(1155) | 84,840 |
| MSI H61M-E23 (1155) | 65,520 |
| ASUS P877-VLE (1155) | 119,280 |
| ASUS P5G41T-MLX (775) | 51,240 |
| ASUS P8H61MLX Plus (1155) | 55,440 |
| ASUS P8H61 Pro (1155) | 79,800 |
| ASUS P8H61 USB3 (1155) | 75,600 |
| Gigabyte G41MT-S2 (775) | 52,080 |
| Gigabyte H61M-S2(B3)(1155) | 65,520 |
| Gigabyte H67M-D2(B3)(1155) | 100,800 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston12,600 | |
| 4 GB DDR3 (1333) Kingston20,160 | |
| **Harddisk** | |
| 500 GB Western Digital SATA | 72,240 |
| 1TB Seagate SATA | 97,440 |
| 2TB Seagate SATA | 123,480 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 64,680 |
| ASUS ENGTX520 1GB PCI Express Card | 45,360 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 51,240 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 152,880 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,280 |
| ASUS EAH 5450 512MB PCI Express Card | 31,080 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI Radeon HDR545 SC 1GB PCI Express Card | 58,800 |
| Gigabyte ATI Radeon HDR 6450 1 GB D3 PCI Express Card | 71,400 |
| **Memory Stick** | |
| TOSHIBA 4GB | 6,000 |
| Silicon Power 4GB (322) | 5,040 |
| Silicon Power 4GB (836) | 5,040 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 36,120 |
| Numeric(1000VA) UPS | 67,200 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 21,000 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,680 |
| အိတ်ဆောင်တိဝိဋကအဘိဓာန် | 160,000 |

Technoland ဆိုင်မှ မေလ(၂၆) ရက်က ကောက်ယူထားသော ဈေးနှုန်းများဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 250,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 19,000 |
| EVD(Sony) | DVK75 | 19,000 |
| LG | DV276 | 19,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 225,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 130,000 |
| | MAS 70 V2 | 180,000 |
| Toshiba | 120 R | 120,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေလ (၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၄၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၂၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၃,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၆၅၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပီန်) | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၁,၉၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေလ (၂၆)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၈၀-၉၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၄,၂၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |

မေလ (၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။


## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| May(20) | 3,550 | 3,950 | 4,100 | 4,100 |
| May(21) | 3,550 | 3,950 | 4,100 | 4,100 |
| May(22) | 3,550 | 3,950 | 4,100 | 4,100 |
| May(23) | 3,550 | 3,950 | 4,100 | 4,100 |
| May(24) | 3,550 | 3,950 | 4,100 | 4,100 |
| May(25) | 3,550 | 3,950 | 4,100 | 4,100 |
| May(26) | 3,550 | 3,950 | 4,100 | 4,100 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများ ပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၈၄)**



## အလျားလိုက်

၂။ ကျုံ့နိုင်၊ ဆန့်နိုင်တဲ့ အစွမ်းသတ္တိ
၅။ ဘ၀ပုံရိပ်တွေကိုအမှတ်ရနေအောင်လုပ်ဆောင်ပေးနိုင်တဲ့အရာ
၇။ သာမန်ထက်ထူးကဲ၊ သာလွန်တဲ့အရာတွေမှာ သုံးတဲ့ရှေ့ဆက်စကားလုံး
၁၀။ စိတ်ချောက်ချားလွယ်တဲ့သူတွေ ကြောက်လန့်ကြတဲ့အရာ
၁၁။ ပညာရှာတဲ့အရွယ်တုန်းက ပျော်ရွှင်ကြည်နူးစရာအချိန်တွေကိုပေးတဲ့နေရာတစ်ခု
၁၂။ မကြာသေးမီကမှ စွံသွားသူတစ်ဦး

## ဒေါင်လိုက်

၁။ စဉ်းစားတွေးခေါ်ပြီး ဖြတ်ထိုးဉာဏ်နဲ့ကစားရတဲ့ ကစားနည်းတစ်မျိုး
၃။ အခွန်ဆိုင်ရာမသမာမှုတစ်ခု
၄။ လူငယ်အများစုနှစ်ခြိုက်အားပေးကြတဲ့ရုပ်ရှင်တစ်ကား
၆။ တရုတ်နိုင်ငံရဲ့လူသိများတဲ့ပေါ်လစီတစ်ခု
၈။ တစ်ကိုယ်လုံးကကြွက်သားတွေ အသုံးပြုလှုပ်ရှားရတဲ့ အားကစားတစ်မျိုး
၉။ ယခုကာလမှာအသုံးပြုများနေတဲ့အရာတစ်ခု

**Smart Dictionary**


**ကံထူးသူ**

၁။ ဒေါ်စန်းစန်းအေး၊ ၁၂/လမန(နိုင်)၁၂၀၂၂၄ ၁၄၁၊ သုခမြိုင်၂ လမ်း၊ ၈ ရပ်ကွက်၊ လှိုင်။

**ကျန်အဖြေမှန်သူများ**

၂။ ဦးသန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၄၁၉

**ပဟေဠိ အမှတ်စဉ်(၁၈၃)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁–၆–၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။



# Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**ရောင်းရန်ရှိသည်**

ရှေးဟောင်းမီးအိမ် 1037 ခုနှစ်ထုတ် Scorpion တံဆိပ်၊ အင်္ဂလန် Made မီးအိမ်တစ်လုံး ရောင်းရန်ရှိသည်။

**ဖုန်း- ၀၉ ၇၃၀၃၅၂၀၉**

**ရောင်းမည်**

တာမွေလေး၊ မင်းရဲကျော်စွာအိမ်ယာ၊ ILBC အနီး၊ 18'x55' (ပြင်ပြီး)၊ ရေမီးကိုယ်ပိုင်၊ ဒုထပ်။ (၃၃၃ သိန်း)

**ဖုန်း- ၀၉ ၇၃၀၀၁၉၉၂**

**ရောင်းရန်ရှိသည်**

ဘိလိယက်နိုင်ငံခြား ၁၂ပေ ခုံကြီး အိုလံပစ်တံဆိပ်၊ (၁၆)သိန်း။

**ဖုန်း- ၀၉ ၅၀၈၈၃၁၀**

**သင်ကြားသည်**

Auto CAD (2D,3D,Rendering), Photoshop, Basic Computer

**Ph: 09 43097397**

**ရောင်းမည်**

၄၈'×၅၇'၊ ၆ လွှာ၊ ဓာတ်လှေကားပါ၊ အိပ်ခန်းသုံးခန်းပါ၊ အကြမ်းထည်၊ ရေ၊ မီး၊ ဖုန်းပါ။ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**ဖုန်း- ၀၉ ၄၃၂၀၂၈၈၄**

**ရောင်းမည်**

(၁၄)ရပ်ကွက်၊ မြောက်ဒဂုံ၊ ပေ (၆၀)ပတ်လည်၊ (RC-2)ထပ်။ သိန်း- ၅၀၀၀။ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပေ(၂၂×၆၀)။ သိန်း- ၃၀၀၀။ (၁၄)ရပ်ကွက်၊ ယမနေလမ်း၊ ပေ(၄၀×၆၀)၊ သိန်း-၁၈၀၀။

**ဖုန်း- ၀၉ ၅၄၀၀၁၇၃**
**၀၉ ၅၀၂၄၉၈၇**

**Services**

ကွန်ပျူတာနှင့် ပတ်သက်သော အခက်အခဲများကို ကူညီဖြေရှင်းပေးသည်။

**ဖုန်း- ၀၉ ၇၃၀၇၀၉၇၂**

**သင်ကြားသည်**

၉၊ ၁၀ တန်းအတွက် အတွေ့အကြုံရှိ ဆေးကျောင်းသားများမှ Bio တွဲ ဘာသာစုံ Guide လိုက်သင်ပေးသည်။

**ဖုန်း- ၀၉ ၇၃၁၄၇၁၅၄**

**အလှူရှင်များဖိတ်ခေါ်သည်**

ရော၀တီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ အရှေ့ဇင်ပြွန်းကုန်းကျောင်းတိုက်၊ ဇမ္ဗူဒီပါကုန်းမြေ၌ တည်ထားကိုးကွယ်ပူဇော်မည့် 'မြေဒီပါ' ရွှေစေတီကြီး၌ ပါရမီဖြည့်အလှူရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

**ဖုန်း- ၀၉ ၄၉၃၀၂၂၅၇**

**ငှားမည်**

စာသင်ခန်းမများ အချိန်ပိုင်းငှားမည်။ မင်္ဂလာဈေးအနီး

**ဖုန်း- ၀၉ ၅၀၉၆၇၉၄**

**ရောင်းမည်**

Aluminium Showcase (2) လုံး၊ အလျား ၅ ပေ ၄ လက်မ × အနံ ၃ ပေ ၆ လက်မ။

**Ph: 09 5188160**

**သင်ကြားသည်**

ကွန်ပျူတာများ Error မတက်အောင် Hardware ပိုင်း/OS ပိုင်းကို ဘယ်လိုထိန်းသိမ်းမလဲဆိုတာ သင်ကြားပေးသည်။

**Thi Ha (D.H.Engg), (MCTS)**

**Ph: 09 420033695**

**မြေကွက်ရောင်းမည်**

တောင်ဒဂုံ၊ ၅၅ ရပ်ကွက်၊ ပုဂံလမ်းမကြီးပေါ်၊ ပေ(၄၀×၆၀)

**ဖုန်း- ၀၉ ၄၉၂၂၇၃၆၅**

**ရောင်းမည်**

Alphard 2002, MX LTD, 4 A B, Land Cruiser 1998, VX LTD G, 4 B B.

**Ph: 09 5035522**

**သင်ကြားသည်**

International Schools များမှ (All Grade)နှင့် IGCSE (O-Level) ကျောင်းသားများအတွက် Special Maths.

**Ph: 09 5040213**

**ငှားရမ်းမည်**

မြို့တွင်း၊ မြို့ပြင် ခရီးစဉ်မျိုးစုံ အတွက် (Hi-Ace, Super Custom) နှင့် ကားမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ငှားနိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၁၇၃၄၈၁**

**ဂုဏ်သင်းမွှေးဘော်ဒါ**

၉၊ ၁၀ တန်း(ဘာသာစုံ)အတွက် ဆရာများ ကိုယ်တိုင် အိမ်တိုင်ရာရောက် စာသင်ပေးခြင်းနှင့် ဘော်ဒါဆောင် အပ်နှံထားရှိနိုင်ခြင်း။

**ဖုန်း- ၅၅၃၄၈၉**

**ရောင်းရန်ရှိသည်**

သက်ရင့် သနပ်ခါးပင် (၅နှစ် အထက်) အပင် ၂၀၀၀ ခန့် ရောင်းရန်ရှိသည်။

**ဖုန်း- ၀၉ ၆၈၀၀၉၇၁**

**ရောင်းမည်**

၂၆(B)လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် အလွန်ကောင်းမွန်သော နေရာဖြစ်သည်။

**ဖုန်း- ၀၉ ၂၀၅၈၁၀၀**

**Tr. ဒေါ်မိုးသီတာထွန်း**

၉၊ ၁၀ တန်း (သင်္ချာ၊ ရူပဗေဒ) teaching နှင့် ဘာသာစုံ study guide အိမ်အရောက်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၅၀၇၅၆၄၉**

**ရောင်းမည်**

အမှတ် ၇၆၆/၇၆၇ ရတနာလမ်း ဝင်ပေါက်၊ ၁၆ ရပ်ကွက်၊ သဃ်န်းကျွန်း၊ ၁၄/၁၅လမ်းဆုံနှင့် ၁၆ ကွေ့ကြား (၆၀'×၁၃၅'×၇၅')

**ဖုန်း- ၀၉ ၇၃၀၉၄၁၅၃**

**ရောင်းမည်**

MPT-ADSL ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

**ဖုန်း- ၀၉ ၇၃၀၆၈၈၉၇**

ဒေါက်တာဆွေဆွေထိုက် **(Ph.D)**

၉၊ ၁၀ တန်း ဘာသာစုံသင်နှင့် ရူပဗေဒအထူး သင်ကြားမှု၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်(သိပ္ပံမေဂျာများ)၊ Primary, Secondary, IGCSE ဘာသာစုံသင်နှင့် Guide

**ဖုန်း- ၀၉ ၇၃၁၄၁၁၅၈**

**Teaching & Guide**

Grade I to Grade X ဘာသာစုံ (or) တစ်ဘာသာချင်း အိမ်လိုက်သင်သည်။

**ဖုန်း- ၀၁ ၈၀၁၀၁၁၄**

**Bio သီးသန့်သင်သည်**

IGCSE နှင့် ၉၊ ၁၀ တန်း (တက္ကသိုလ်ဝင်တန်း) ကျောင်းသား/သူများအား အဖွဲ့လိုက်နှင့် တစ်ဦးချင်းသီးသန့် အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၇၃၁၈၁၄၆၉**

**ရောင်းရန်ရှိသည်**

Silicon Power တံဆိပ် USB 3.0 External HDD ရောင်းရန်ရှိသည်။ Warranty ၁၁ လ ကျန်သေး။

**ဖုန်း- ၀၉ ၇၃၁၈၄၅၅၉**

**သင်ကြားသည်**

ဝါရင့်ဆရာမမှ ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ ဘာသာစုံ သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၁၀ ၂၁၇၈၃**

**KIDDIE DREAM**

သူငယ်တန်းမှ ၈ တန်းအထိ အင်္ဂလိပ်စာနှင့် သင်္ချာအထူးသင်သည်။

ကျက်စာများ Guide လုပ်ပေးသည်။

**ဖုန်း- ၀၉ ၇၃၂၀၈၄၁၂**

**သောင်းထိုက်**

**ကားဘော်ဒီနှင့် ဆေးမှုတ်လုပ်ငန်း**

စစ်သားစုဆောင်းရေးတပ်ဖွဲ့ခွဲဝင်း၊ ကျိုက္ကဆံလမ်းမကြီး၊ ဓာတ်ဆီဆိုင်အနောက်၊ တာမွေမြို့နယ်။

**ဖုန်း-၀၉ ၄၂၁၀၉၃၉၆၇**

**Guide လုပ်ပေးသည်**

၅တန်းမှ ၁၀တန်းအထိ ဘာသာစုံ Guide လုပ်သည်။ (ဟသ်ာတမြို့မှ ကျောင်းသား/သူများသာ)

**ဖုန်း- ၀၉ ၄၂၂၄၄၅၄၄၂**

**Teacher Honey**

သူငယ်တန်းမှ ၈ တန်းအထိ ကလေးငယ်များအား ဘာသာစုံ အိမ်အရောက်နှင့် အခြေခံအင်္ဂလိပ်သဒ္ဒါလည်း သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၈၆၁၁၀၅၂**

**ရောင်းမည်**

ဒဂုံမြောက်၊ (၅၁)ရပ်ကွက်၊ ဗိုလ်သုံးလမ်း၊ ပေ(၄၀×၆၀)၊ လမ်းမတန်းထောင့်ကွက်၊ ရင်းနှီးမြှုပ်နှံလိုသူအတွက် အကျိုးအမြတ်ရှိမည့်နေရာဖြစ်သည်။

**ဖုန်း- ၀၉ ၄၉၂၆၅၀၇၉**

**ကားရောင်းမည်**

Truck With Crane 3. Ton (2) စီး ရောင်းမည်။ Fuso Fighter ၂ခ/. . . ၊ Nissan Cubstar ၃ခ/. . . ။

**ဖုန်း- ၀၉ ၅၁၄၃၃၂၂**

# ကျင်းထုံခြင်ဆေးခွေများ သိမ်းဆည်းရမိ

သီဟ

**ရန်ကုန်၊မေ – ၂၆**

တရုတ်နိုင်ငံမှ တင်သွင်းလာသော အဆိပ်ဖြစ်စေသည့် ဓာတုဆေးဝါးများပါဝင်သော ကျင်းထုံခြင်ဆေးခွေများအား ရန်ကုန်တိုင်းဒေသကြီးရှိ ညောင်ပင်လေးဈေး၊ သိမ်ကြီးဈေးနှင့် အခြားမြို့နယ်များ၌ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါခြင်ဆေးခွေများအား ညောင်ပင်လေးဈေးရှိဆိုင်ခန်း ငါးခုမှလည်းကောင်း၊ သိမ်ကြီးဈေးရှိ ဆိုင်ခန်းသုံးခုမှ လည်းကောင်းရှာဖွေသိမ်းဆည်းမိခဲ့သည်။

အလားတူအခြားမြို့နယ်များဖြစ်သည့် ကျောက်တံတားမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊လှိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်များရှိ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များနှင့် စတိုးဆိုင်များမှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါကျင်းထုံခြင်ဆေးခွေများသိမ်းဆည်းရမိခဲ့သည့် ဆိုင်ပိုင်ရှင်များအား ၁၉၉၀ ပြည့်နှစ် ပိုးသတ်ဆေးဥပဒေပုဒ်မ ၄၁ အရ သက်ဆိုင်ရာ ရဲစခန်းများတွင် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ဝတ္ထုစာအုပ်များအား ထုတ်တင်စနစ်သို့ ပြောင်းလဲကျင့်သုံး

သီဟ

**ရန်ကုန်၊မေ – ၂၆**

စာပေစိစစ်ရေးမူဝါဒများပြောင်းလဲကျင့်သုံးမှုစတုတ္ထအဆင့်အနေဖြင့်ဝတ္ထုများအား ယခုလ ၁၆ ရက်မှစ၍ ထုတ်တင်စနစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိတွင် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အမျိုးအစားနှစ်ခုနှင့်သက်ဆိုင်သည့် ဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေ စာမူများ၊ ပြက္ခဒိန်၊ ပို့စကတ်၊ သဝဏ်လွှာနှင့်တေးသီချင်းများသာ တင်ထုတ်စနစ်အုပ်စု ၁ တွင် ကျန်တော့ကြောင်း သိရသည်။

အဆိုပါ အုပ်စု ၁ တွင်ကျန်ခဲ့သည့် အမျိုးအစားများကိုလည်း လာမည့် ဇွန်လအတွင်း စာနယ်ဇင်းကောင်စီဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကောင်စီဖွဲ့စည်းပြီးပါက ဖြေလျှော့မှု ပဉ္စမအဆင့်အနေဖြင့် ထုတ်တင်စနစ်သို့ ပြောင်းလဲသတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စာပေစိစစ်ရေးဆိုင်ရာဖြေလျှော့မှုများအနေဖြင့် ၂၀၁၁ ခုနှစ် ဇွန် ၁၀ တွင် အနုပညာသုတရသ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာနှင့် အားကစားဆိုင်ရာ အမျိုးအစားငါးမျိုးနှင့်အကျုံးဝင်သည့် ဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူများအားလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စီးပွားရေး၊ မှုခင်းနှင့် ဥပဒေဆိုင်ရာ အမျိုးအစားနှစ်မျိုးနှင့် အကျုံးဝင်သည့် ဂျာနယ်၊မဂ္ဂဇင်းနှင့် အထွေထွေစာမူများအား ထုတ်တင်စနစ်သို့ ပြောင်းလဲပေးခဲ့သည်။

တတိယအဆင့်အနေဖြင့် ၂၀၁၂ ခုနှစ်မေ ၁ ရက်တွင် ပညာရေးဆိုင်ရာဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူများအား ထုတ်တင်စနစ်သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။ ထိုကဲ့သို့ အဆင့်ဆင့်ဖြေလျှော့မှုများပြုလုပ်ပေးခြင်းဖြင့် မကြာမီအတည်ပြုတော့မည့် ပုံနှိပ်မီဒီယာဥပဒေနှင့်အညီ သဟဇာတညီညွတ်မျှတစွာဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

## စာ(၂၅) မိုးကြိုးပစ်ခြင်းနှင့် လျှပ်စစ်အန္တရာယ် မှ

အကယ်၍ဓာတ်အားသယ်ဆောင်သောဝါယာကြိုးများပေါက်ပြဲချွတ်ယွင်းပြီး ဝန်ထမ်းကြိုးအတွင်းသို့ လျှပ်စစ်ဓာတ်အား ဝင်ရောက်စီးဆင်းလာမည်ဆိုပါက ပထဝီမြေဓာတ်နှင့် တွေ့ထိပြီး ဒဏ်ခံကြိုးကိုပြတ်တောက်သွားစေမည် ဖြစ်သည်။

ပထဝီမြေဓာတ်ကို ကောင်းစွာရရှိနေသော ကောင်းကင်မြေစိုက်ကြိုးကို အဆောက်အအုံအတွင်းရှိ လျှပ်စစ်သုံးပစ္စည်းများ၊ လျှပ်စစ်မီတာ၊ လျှပ်စစ်မီတာအိမ်စသည်တို့နှင့် ဆက်သွယ်ပေးထားခြင်းအားဖြင့်လည်း အဆိုပါပစ္စည်းများအတွင်း၌ တစ်စုံတစ်ရာ ချွတ်ယွင်းမှုဖြစ်ပြီး ပစ္စည်း၏ကိုယ်ထည်အတွင်းသို့ လျှပ်စစ်ဓာတ်အားစီးဆင်းဝင်ရောက်ခဲ့ပါက ပထဝီမြေဓာတ်နှင့် တွေ့ထိပြီး ဒဏ်ခံကြိုးအား ပြတ်တောက်သွားစေမည် ဖြစ်သည်။

**မိုးကြိုးလွှဲတပ်ဆင်ခြင်း**

လျှပ်စစ်ဓာတ်အားလိုင်းကြိုးကြီးများအတွင်းသို့ မိုးကြိုးကြောင့် ဖြစ်ပေါ်လာသည့် အလွန်မြင့်မားသော လျှပ်စစ်ဖိအား ဝင်ရောက်လာသောအခါ အဆိုပါ လျှပ်စစ်ဖိအားကိုပထဝီမြေကြီးအတွင်းသို့ လွယ်ကူလျင်မြန်စွာ စီးဆင်းဝင်ရောက်သွားစေရေးအတွက် တပ်ဆင်အသုံးပြုသော လမ်းကြောင်းလွှဲပြောင်းပေးသည့် ပစ္စည်းကို မိုးကြိုးလွှဲ(Lightning Arrester)ဟု ခေါ်သည်။ မိုးကြိုးလွှဲသည် ဓာတ်အားလိုင်းကြိုးများအတွင်း၌ ပုံမှန်ပို့လွှတ်ထားသော လျှပ်စစ်ဖိအားကို ပထဝီမြေကြီးအတွင်းသို့ စီးဆင်းဝင်ရောက်သွားခြင်းအား ခွင့်မပြုဘဲ မိုးကြိုးကြောင့် ဖြစ်ပေါ်သည့် အန္တရာယ်ကြီးမားသော လျှပ်စစ်ဖိအားများကိုသာ မြေကြီးအတွင်းသို့ စီးဆင်းသွားစေရန် လုပ်ဆောင်ပေးသည်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရာတွင် မိုးကြိုးကြောင့် ဖြစ်ပေါ်သော လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန် အလို့ငှာ မိုးကြိုးလွှဲများကို အောက်ပါအတိုင်း တပ်ဆင်ထားကြသည်။

(က) လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ဖြစ်ပြီး၊ ထိုဗို့အားအဆင့်ဖြင့်ပင် ပေးပို့ဖြန့်ဖြူးပါက စက်ရုံမှထွက်သည့် ဖီဒါလိုင်းအသီးသီးပေါ်တွင် အနိမ့်စား ဖိအားမိုးကြိုးလွှဲကို တပ်ဆင်သည်။

(ခ) လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ဖြစ်သော်လည်း စက်ရုံမှ ထွက်လျှင်ထွက်ခြင်း ဗို့အားမြှင့်ထရန်စဖော်မာကို အသုံးပြု၍ ၆၆၀၀ ဗို့၊ ၁၁၀၀၀ ဗို့၊ ၆၆၀၀၀ ဗို့စသည်ဖြင့် ဗို့အားမြှင့်ပြီးမှ ပေးပို့ဖြန့်ဖြူးပါက စက်ရုံရှိ ဗို့အားမြှင့် ထရန်စဖော်မာမှအထွက် ဖီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအားမိုးကြိုးလွှဲကို တပ်ဆင်သည်။

(ဂ) လျှပ်စစ်ဓာတ်အားစက်ရုံမှ ထုတ်လုပ်သော လျှပ်စစ် ဖိအားသည် ၁၁၀၀၀ ဗို့ကဲ့သို့သော ဗို့အားမြင့် လျှပ်စစ်ဖြစ်ပြီး ထုတ်လုပ်ဗို့အားအတိုင်း တိုက်ရိုက်ပို့လွှတ်သည်ဖြစ်စေ၊ ဗို့အားမြှင့်ထရန်စဖော်မာကို အသုံးပြု၍ ထပ်မံဗို့အားမြှင့်ပြီးမှ ပို့လွှတ်သည်ဖြစ်စေ စက်ရုံမှထွက်သော ဖီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအားမိုးကြိုးလွှဲကို တပ်ဆင်သည်။

(ဃ) ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများသည် အလွန်ရှည်လျားပြီး လူနေအိမ်ခြေ၊ အဆောက်အအုံများနှင့် ဝေးကွာသော ကွင်းပြင်များကိုဖြတ်ကျော်တည်ဆောက်ထားခြင်းမျိုး ဖြစ်ပါက ဓာတ်အားလိုင်း မျှော်စင်ကြီးများနှင့်ဓာတ်တိုင်များအပေါ်တွင် မိုးကြိုးလွှဲများကို တပ်ဆင်သည်။

(င) ဗို့အားနိမ့် ထရန်စဖော်မာများ တပ်ဆင်ထားသည့်နေရာများ၌မူ လျှပ်စစ်ဓာတ်အားအဝင်ဘက်ရှိ ဗို့အားမြင့်လိုင်းပေါ်တွင် မိုး ကြိုးလွှဲကို တပ်ဆင်သည်။

ဤနေရာတွင် လူနေအိမ်ခြေ၊ အဆောက်အအုံများ သိပ်သည်းထူထပ်သော မြို့ကြီး၊ မြို့ငယ်စသည့် နေရာဒေသများ၌ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအတွင်းသို့ မိုးကြိုးအန္တရာယ်ကျရောက်မည့် အခွင့်အလမ်းနည်းပါးလှသည့်အတွက် တစ်မြို့နှင့်တစ်မြို့ သွယ်တန်းထားသည့် ကောင်းကင်ဓာတ်အားလိုင်းကြိုးများမှာကဲ့သို့ မိုးကြိုးအန္တရာယ်ကို စိုးရိမ်ရန် မလိုအပ်ပါ။ ကောင်းကင်မြေစိုက်ကြိုးတပ်ဆင်ထားပြီးဖြစ်က မိုးကြိုးအန္တရာယ်မှ စိတ်ချရနိုင်သည်။

သာမန်လူနေအိမ်အဆောက်အအုံများအနေဖြင့်မူ မိမိတို့၏ အဆောက်အအုံနှင့် နီးကပ်စွာတည်ရှိနေသော ဓာတ်တိုင်များတွင် ကောင်းကင်မြေစိုက်ကြိုးများဖြင့် မိုးကြိုးလျှပ်စစ် အန္တရာယ်ကိုစနစ်တကျကာကွယ်ထားသည်ဆိုပါက မိုးကြိုးအန္တရာယ်ကျရောက်ရန် အခွင့်အလမ်း အလွန်နည်းပါးမည်ဖြစ်သည်။ သို့ရာတွင် ပို၍စိတ်ချရစေရန် မိုးကြိုးလွှဲများ တပ်ဆင်လိုပါက အနိမ့်စားဖိအားမိုးကြိုးလွှဲ တပ်ဆင်လျှင်ကောင်းစွာလုံလောက်မှုရှိသည်။

သို့ဖြစ်၍ မိုးဥတုကာလနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသော အခါသမယမျိုး၌ ဖြစ်ပေါ်လာတတ်သည့် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း သဘောသဘာဝများနှင့် ယင်းတို့မှတစ်ဆင့် ဆက်စပ်ဖြစ်ပေါ်လာတတ်သော လျှပ်စစ်အန္တရာယ်တို့ကို သိရှိထားကြခြင်းအားဖြင့် မိုးကြိုးပစ်ခြင်းနှင့် လျှပ်စစ်အန္တရာယ်တို့မှ စနစ်တကျကာကွယ်သည့် အစီအမံများကို ကြိုတင်ပြုလုပ်ထားနိုင်ကြမည် ဖြစ်သည်။ ။

MRS Computer & Network
လစဉ် ပထမပတ် စနေနေ့ တိုင်း ကျင်းပမြဲ
ကွန်ပျူတာ အထူးဈေးရောင်းပွဲတော်
2 June 12 (SAT) 9am to 6pm
အထူးဈေးနှုန်း၊ လက်ဆောင်များ၊ ကံစမ်းမဲများ နှင့်
အထူးဆုများ အပါအဝင်.....အစီအစဉ်များစွာ
ဘက်များနှင့် အရစ်ကျ ဝယ်၍ရပါပြီ...
Up to 60% Discount
( YGN ) - ☎ (01) - 392257, 392259, 392138
( MDY ) - ☎ (02) - 64973, 64974, 09-5062157

**TRADEMARK CAUTION**

OTSUKA PHARMACEUTICAL CO., LTD., a Company incorporated in Japan at No 9, Kanda-Tsukasa-Cho, 2 Chome, Chiyoda-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

**MEPTIN**
Reg: 4/349/1987

**MIKELAN**
Reg: 4/350/1987

In respect of : " Pharmaceutical drugs and medicines"

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 31.May.2012

HAPPY RAT KILLER
ဟက်ပီး ကြွက်နှိမ်ဆေးသည် . . .
❖ အဆိပ်ကြောင့်သေစေခြင်း မဟုတ်ပါ။
❖ ကြွက်၏သွေးကို ကျဲစေပြီး ဆိမ့်ထွက်လာသော သွေးနီဥသည် ပုတ်စေသော ကိုယ်တွင်းရည်ကိုစုတ်၍ အနံ့နံခြင်းမဖြစ်တော့ပါ။
❖ အမှုန့်မဟုတ်၍ လေလွင့်စင်ပြီး အစား၊ သိုလှောင်ပစ္စည်းနှင့်ရောနှောခြင်း၊ ပေကျံခြင်းမရှိပါ။
❖ အနံ့အသက် မရှိခြင်း စွန်းစေခြင်း လုံးဝမရှိပါ။
❖ ဖယောင်းဖြင့် ကာရံထား၍ မိုးဒဏ်၊ ရေဒဏ်ခံနိုင်သည်။
❖ ချက်ချင်းသေစေသောဆေး (ACUTE) မဟုတ်၍ ပြီးခြင်းသတ္တိ (RESISTANCE) မရှိပါ။
❖ သုံးရန်လွယ်ကူပြီး ထိရောက်မှုရှိပါသည်။
Super Market စတိုးဆိုင်
ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။
အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၁-၅၅၄၈၂၆၊ ၂၀၉၂၉၀၊ ၀၉-၇၃၀၂၇၇၃၃၊
၀၉-၅၁၅၄၃၀၀၊ ၀၉-၅၁၅၄၆၀၀




168 ကရဏာတိုင်းရင်းဆေးကုခန်း
နှာခေါင်းရောဂါအမျိုးမျိုး
နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နာတာရှည်နှာမှုးရောင်ရောဂါ အလာဂျီနှာမှုးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရံထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာ သက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။
ကြာသပတေးနေ့တိုင်းပိတ်သည်။
အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁–၅၀၁၉၇၇၊ ၀၉–၇၃၁၈၃၁၂၂
ကုသချိန်- နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ

Environment
7Day News Journal
Vol.11, No.12 • MAY 31 , 2012

# သဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာမှ သစ်တောဟက်တာ တစ်သိန်းကျော် ပယ်ဖျက်



သစ်ပင်များအလွန်အကျွံခုတ်လှဲမှုကြောင့် သစ်ပင်များပြုန်းတီးသွားသော သစ်တောပျက်တစ်ခုအား တွေ့ရစဉ်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

ထိန်းသိမ်းရန်သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေး နယ်မြေခြောက်ခုမှ ဟတ်တာ တစ်သိန်းကျော်ကိုအများပြည်သူ အကျိုးစီးပွားလိုအပ်ချက်ကြောင့်ထိန်းသိမ်းရေးနယ်မြေဧရိယာစာရင်းမှ ပယ်ဖျက်ခဲ့ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သတင်းရရှိသည်။

သဘာဝထိန်းသိမ်းရေး နယ်မြေခြောက်ခုမှာကေလာသတောင်၊ အင်းလေးကန်၊ ပိတောင်၊ ရွှေစက်တော်၊ ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နယ်မြေများ ဖြစ်ကြသည်။

ယခုကဲ့သို့ သဘာဝထိန်းသိမ်းရေး နယ်မြေများမှ ပယ်ဖျက်ရခြင်းမှာ အများပြည်သူတို့ အကျိုးစီးပွား လိုအပ်ချက်နှင့် သိပ္ပံသုတေသနလုပ်ငန်းများအတွက် ပယ်ဖျက်ခြင်းဖြစ်ကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ (၉)(က) အရ ယင်းနယ်မြေများက ၂၀၀၂ မှ ၂၀၁၀ ဘဏ္ဍာရေးနှစ်များအတွင်း ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်းသဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက 7Day News ၏ မေးမြန်းမှုကို ဖက်စ်ဖြင့်ပြန်လည်ဖြေကြားသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဟက်တာပေါင်း ၁၃၄ ဒသမ ၇၆၊ ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှဟက်တာပေါင်း၅၄ ဒသမ ၃၂၊ ပိတောင်ဘေးမဲ့တောမှ ဟက်တာပေါင်း ၅၇၅၈ ဒသမ ၇၄ ၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဟက်တာပေါင်း ၈၈၄၂ ဒသမ ၄၀၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဟက်တာ ၁၄၉၉၃ ဒသမ ၆၃၊ အလောင်းတော်ကဿပ တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောမှာ ၁၉၄၈၁ ဒသမ ၆၅ တို့မှာ ၁၀ နှစ်တာ ကာလအတွင်း ပယ်ဖျက်ခဲ့သော သဘာဝထိန်းသိမ်းရေး နယ်မြေဧရိယာများ ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ-၂၄**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များ၏ ဟောပြောပွဲကို ဇွန်လ ၁ ရက် ညနေ ၄ နာရီခွဲတွင် ဗြိတိသျှကောင်စီ(မြန်မာ)စာကြည့်တိုက်၌ ကျင်းပသွားမည်ဖြစ်သည်။

ဇွန်လ ၅ ရက်တွင်ကျရောက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် Forest Resource Environment Develoment and Conservation Association (FREDA) မှ ဒုတိယဥက္ကဋ္ဌဦးအုန်း၊ Myanmar Climate Change Watch မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာဦးထွန်းလွင်၊ UNDP မှ အမျိုးသားစီမံကိန်းမန်နေဂျာဦးထွန်းပေါ် ဦးနှင့် Myanmar Environmental Working Group မှ အကြံပေးအရာရှိပါမောက္ခဦးခင်မောင်ချိုတို့က ဆွေးနွေးဟောပြောမည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် Green Economy (စိမ်းလန်းစီးပွား)၊ Disaster Risk Reduction and Climate Change: Myanmar Perspective (သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် ဥတုရာသီပြောင်းလဲမှု-မြန်မာ့ရှုထောင့်)၊ Environment and Energy (သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်)၊ Sustainable Development (ရေရှည်ဖွံ့ဖြိုးတိုးတက်မှု)တို့အကြောင်း ဟောပြောမည်ဟု သိရသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ သို့ စိတ်ဝင်စားသူများ တက်ရောက် လေ့လာနိုင်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ) က သတင်းထုတ်ပြန်ထားသည်။

**Environment Cartoon**




## ကြိုက်ရာအိတ်ဖြင့် အမှိုက်ပစ်ခွင့်ပြန်ပြု



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကျော်သီဟ**

**ရန်ကုန်၊ မေ-၂၅**

အမှိုက်များကိုလုံခြုံစွာချည်နှောင်လွှင့်ပစ်ပါက လက်ခံသွားမည်ဖြစ်ကြောင်း မေလ ၂၄ ရက်တွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးသန်းလွင်ဦးက ပြောသည်။

"အမှိုက်အိတ်ခွဲတမ်းနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ တုံ့ပြန်မှုတွေကို တောင်းကြည့်တော့အချက်ငါးချက်တွေ့တယ်။ အဲဒီထဲက အဓိကအကျဆုံးက အမှိုက်အိတ်ကို အလကားပေးစေလိုတယ်။ မိမိစွန့်ပစ်လိုသော အိတ်ဖြစ်သာ စွန့်ပစ်ခွင့်ရလိုတယ်ဆိုတော့ ဒီလကနေစပြီ အမှိုက်သိမ်းဝန်ထမ်းတွေ လက်ခံပေးဖို့မှာကြားထားပြီးပါပြီ" ဟု ဦးသန်းလွင်ဦးက ပြောသည်။

အမှိုက်ခွဲခြားမှုအားပြည်သူ တုံ့ပြန်မှုတွင် အမှိုက်အိတ်များ အလကားပေးစေလိုခြင်း၊ အခြားမည်သည့် အိတ်နှင့်မဆို စွန့်ပစ်လိုခြင်း၊ ခေါင်းလောင်းတီးယာဉ်၊ အမှိုက်လှည်းများ အချိန်မှန်လာရောက်သိမ်းယူစေလိုခြင်း၊ အမှိုက်ကန်များအား အချိန်ကန့်သတ်မှုမရှိဘဲ အမှိုက်စွန့်ပစ်ခွင့်နှင့် အမှိုက်အိတ်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးစေလိုခြင်း တို့ပါဝင်သည်။

"လူထုတောင်းဆိုတာ အမှန်တရားဖြစ်လို့၊ လူထုတောင်းဆိုမှုအပေါ် လိုက်လုပ်ပေးတာပါ။ ဘယ်အိတ်နဲ့မဆို အမှိုက်စွန့်ပစ်လို့ရတယ်။ သေချာချည်နှောင်ပြီး စွန့်ပစ်ပေးပါ။ ကြိုးမပါလာရင်လည်း အမှိုက်သိမ်းဝန်ထမ်းက ကြိုးပေးပါမယ်။ ပုံးတွေ၊ ခြင်းတောင်းတွေနဲ့ လာပစ်တာတော့ လုံးဝ လက်ခံမှာ မဟုတ်ပါဘူး"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။






# Tourism

7 Day News Journal
Vol.11, No.12 • MAY 31 , 2012

## တူရွင်းတောင်ခြေတွင် ဟိုတယ်ဇုန်ဖော်ထုတ်ရန် သမ္မတထံတင်ပြ

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၃**

လယ်သမား ၂၀၀ ကျော် လယ်ယာလုပ်ကိုင်နေသော တူရွင်းတောင်ခြေတွင် ဟိုတယ်ဇုန်ဖော်ထုတ်ရန် မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က နိုင်ငံတော်သမ္မတထံသို့ တင်ပြလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်တော့်ဆီတော့ မတင်ဘူး။ သမ္မတဆီ တိုက်ရိုက်တင်တာ။ ကျွန်တော်တို့က ကန့်ကွက်တဲ့စာကို ဝန်ကြီးဌာနကို ပို့လိုက်ပါပြီ”ဟု ရှေးဟောင်းသုတေသနဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

ထိုကဲ့သို့ကန့်ကွက်ရခြင်းမှာ ဟိုတယ်ဇုန်တည်ဆောက်မည့်နေရာသည် ကာကွယ်စောင့်ရှောက်ရမည့် ဇုန်ထဲတွင်ရှိနေခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်ခြင်းတို့အပြင် ထိုနေရာတွင်ဟိုတယ်ဇုန်တည်ဆောက်ပါက တူးရွင်းတောင်မှပုဂံမြင်ကွင်းအားကြည့်ရှု၍ မရနိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟုအဆိုပါအရာရှိကြီးကပြောသည်။ မြန်မာ့ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ဟိုတယ်ဇုန်အဖြစ် မြေဧက ၁၅၀၀ တောင်းထားပြီး ဟိုတယ်များအပြင် ဆေးရုံများ စာသင်ကျောင်းများပါဝင်သည်ဟု သတင်းရရှိသည်။

အရပ်ဘက်အဖွဲ့အစည်းတစ်ခုက ကောက်ယူထားသောစာရင်းအရ ယခုဟိုတယ်ဇုန်အဖြစ် လျှောက်ထားသောနေရာတွင် တောင်သူ ၂၇၀ ဦးတို့က လယ်ဧက ၁၄၀၀ လုပ်ကိုင်နေကြောင်း ပုဂံဒေသခံခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပုဂံတွင် ဟိုတယ်ဇုန် ထပ်မံဖော်ထုတ်ရန်အတွက် ချောက်မြို့ဘက်သို့ သွားသောလမ်း၌ ဧက ၅၀၀ ဖော်ထုတ်ပေးထားပြီး ထိုနေရာတွင် ရင်းနှီးမြှုပ်နှံမည့်သူများက ဟိုတယ်တည်ဆောက်ရန် ဝယ်ယူနေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

## ရခိုင်ဒေသ ရှေးဟောင်းနယ်မြေများသို့လည်ပတ်ရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိဟုဆို

**မောင်ကံ**

**မောင်တော၊ မေ-၂၂**



ရခိုင်ဒေသရှိရှေးဟောင်းအမွေအနှစ် နယ်မြေများသို့ လာရောက်လည်ပတ်ရန် ခရီးသွားများ စိတ်ဝင်စားနေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ခရီးသွားများမှာ ရခိုင်ဒေသထက် အခြားဒေသများသို့သာ သွားလာမှုများပြားနေကြောင်း ခရီးသွားလမ်းညွှန်တစ်ဦးက ပြောကြားသည်။

မကြာသေးမီ ကာလက ကျောက်တော်မြို့နယ်ရှိ ဓညဝတီမြို့ဟောင်းနှင့် မြောက်ဦးမြို့နယ်ရှိဝေသာလီမြို့ဟောင်းများကိုယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တည်ရှိရာ ဇုန်နယ်မြေများအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး မြောက်ဦးမြို့ကိုလည်း အာရှတိုက်အတွင်းရှိ ရှေးဟောင်းအနုသုခုမလက်ရာများ၏ ပျက်စီးဆုံးရှုံးမှု အန္တရာယ်နီးကပ်လျက်ရှိသော မြို့အဖြစ် ကမ္ဘာ့အမွေအနှစ်များ ရံပုံငွေအဖွဲ့မှ ထုတ်ပြန်ခဲ့သည့်အတွက် ခရီးသွားများ ပိုမိုစိတ်ဝင်စားလာကြောင်း သိရသည်။ ရခိုင်ဒေသသို့ လာရောက်လည်ပတ်ရန်အတွက် လေယာဉ်ခရီးစဉ်တစ်ခုတည်းသာ သက်သောင့်သက်သာ လာနိုင်သော ခရီးဖြစ်ပြီး ကားလမ်းဖြင့် သွားလာပါက ပင်ပန်းကြကြောင်း သိရသည်။ ယခုကဲ့သို့လမ်းပန်းဆက်သွယ်ရေး သွားလာမှု ခက်ခဲမှုကြောင့် ရခိုင်ခရီးစဉ်ထက် အခြားဒေသများသို့ သွားလာနေကြခြင်းဖြစ်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်ပြောကြားသည်။



## ချောင်းသာဟိုတယ်များ မိုးတွင်းကာလ ၁၅ မှ ၂၀ ရာခိုင်နှုန်းထိ ဈေးလျှော့မည်

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၅**

ယခုနှစ် မိုးရာသီတွင် အထူးအစီအစဉ်အဖြစ် ချောင်းသာကမ်းခြေရှိ ဟိုတယ်များမိုးတွင်းကာလ၌ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ဈေးလျှော့ထားကြောင်း ဟိုတယ်လုပ်ငန်းရှင်များက သတင်းထောက်များအား ပြောသည်။

“အရင်တုန်းက မိုးတွင်းမှာ ဟိုတယ်အားလုံးမဖွင့်ဘူး။ ဒီနှစ်က လမ်းလည်းပြင်ပြီးတော့ လမ်းကလည်းကောင်းသွားပြီ။ ဒါကြောင့် ဟိုတယ်အားလုံးဖွင့်ပြီး ဈေးလျှော့ရောင်းဖို့ ဆုံးဖြတ်လိုက်တာပါ” ဟု ချောင်းသာဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌက ပြောသည်။ ထို့အပြင် ပွင့်လင်းရာသီတွင်နေ့စဉ်ပြေးဆွဲပေးခဲ့သော လေအေးပေးစက်ပါ ကားကြီးများမှာ ယခုနှစ်မိုးရာသီကာလတွင် တစ်ပတ်သုံးရက်(သို့မဟုတ်) လေးရက်ပြေးဆွဲရန် စီစဉ်နေကြကြောင်း ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောသည်။

ပွင့်လင်းရာသီတွင် Hotel Max က တစ်ခန်းလျှင်၉၉,၀၀၀ကျပ်ဖြင့်ယူခဲ့သော Suite Villa အခန်းအား ဇွန်လမှစ၍ ၁၅ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးမည်ဖြစ်ပြီး ရွှေဟသ်ာဟိုတယ်ကလည်းပွင့်လင်းရာသီတွင် ၃၅,၀၀၀ ကျပ်ယူခဲ့သော Sea View အခန်းအား ၁၅ ရာခိုင်နှုန်းလျှော့ရောင်းချပေးမည်ဟု တာဝန်ရှိသူများက ပြောသည်။ ချောင်းသာကမ်းခြေတွင် ဟိုတယ် ၁၅ လုံးနှင့် တည်းခိုခန်းလေးလုံးရှိပြီး ယခုနှစ်တွင် ဧည့်သည်ရရှိမှု အများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

## မဏိပူရ်ပြည်နယ် အင်ဖာမြို့နှင့် မန္တလေးမြို့သို့ ယာဉ်လိုင်း အပတ်စဉ်ပြေးဆွဲမည်

**မေဝင်းမွန်**

**ရန်ကုန်၊ မေ -၂၃**

အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ်အင်ဖာမြို့နှင့်မြန်မာနိုင်ငံမန္တလေးမြို့သို့ခရီးသည်တင်ယာဉ်လိုင်းအပတ်စဉ်ပြေးဆွဲမည့်အစီအစဉ်ကိုမကြာမီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများတွင် သတင်းဖော်ပြထားချက်အရ သိရသည်။

ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲမှုကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြေးဆွဲနိုင်ရန်စီစဉ်ထားပြီး လမ်းကြောင်းနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာအသေးစိတ်ဆွေးနွေးမှုများကို ထပ်မံပြုလုပ်ဦးမည်ဖြစ်သည်ဟုဆိုသည်။

ဘတ်စ်ကားလိုင်းပြေးဆွဲမှုအတွက် လမ်းကြောင်းများအဖြစ် တမူးမှမန္တလေးသို့လမ်းခရီးအကွာအဝေးလမ်းကြောင်းရှည်မှာ ၈၂၁ ကီလိုမီတာရှိပြီး လမ်းကြောင်းတိုမှာ ၄၈၉ ကီလိုမီတာရှိကာ မိုးရာသီတွင်သွားလာရန်အဆင်မပြေဟုဆိုသည်။ အဆိုပါ ခရီးသည်တင်ယာဉ်လိုင်းဖြင့် လာရောက်သူများသည် နိုင်ငံကူး လက်မှတ်ယူဆောင်လာရမည်ဖြစ်ပြီး တစ်လနေထိုင်ခွင့်ဗီဇာရရှိမည်ဟုဆိုသည်။


တစ်ဦးချင်းစီအတွက် ဆိုက်ရောက်ဗီဇာများကို တမူးနယ်စပ်စခန်းနှင့် မိုရေးနယ်စပ်စခန်းများတွင်ထုတ်ပေးမည်ဖြစ်ပြီး ဝန်စည်စလယ်များအတွက်လည်း ခရီးသည် တစ်ဦးလျှင် လက်ဆွဲအိတ်တစ်လုံးနှင့် ၂၀ကီလိုထက်မပိုသော အလေးချိန်ကိုသယ်ယူခွင့်ရရှိမည်ဟု သိရသည်။

အိန္ဒိယ-မြန်မာနှစ်နိုင်ငံသို့ ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲနိုင်ရေးအတွက် ၂၀၀၃ ခုနှစ်ကတည်းက အစီအစဉ် ရှိခဲ့သော်လည်း ယခုနှစ်တွင်မှအကောင်အထည်ပေါ်လာခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

The Cartoon Logo

























# နိုင်ငံရေးအကြမ်းဖက်မှုခံခဲ့ရသူများကို ထိုင်းအစိုးရ လျော်ကြေးပေး

**ဘန်ကောက်၊ မေ - ၂၂**

ထိုင်းနိုင်ငံတွင် ပြီးခဲ့သောနှစ်များအတွင်း နိုင်ငံရေးအကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသူများအား လျော်ကြေးပေးမှုပထမအသုတ်အဖြစ် မေ ၂၄ရက်တွင်စတင်ပေးအပ်မည်ဖြစ်ကြောင်းထိုင်းဝန်ကြီးချုပ်ရုံး အတွင်းဝန်သုန်သုန်ချန်ဒရန်ဆုက ပြောကြားလိုက်သည်။ နိုင်ငံရေးအကြမ်းဖက်မှုသားကောင်များအတွက် ဖွဲ့စည်းထားသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်အမှန်တရားကော်မရှင် (TRC) ဥက္ကဋ္ဌလည်းဖြစ်သူ သုန်သုန်က နိုင်ငံရေးထိခိုက်မှုဒဏ် ခံစားခဲ့ရသူ ၅၂၂ဦးအား ပထမဆုံးအသုတ်အနေဖြင့် နစ်နာကြေးများ ပေးအပ်သွားမည်ဟု ဆိုသည်။



ထိုင်းအစိုးရအဖွဲ့သည် ပြီးခဲ့သည့်မတ်လက ၂၀၀၅ နှင့် ၂၀၁၀ နှစ်များအတွင်း နိုင်ငံရေးအကြမ်းဖက်မှုဒဏ်ခံခဲ့ရသော အပြစ်မဲ့ပုဂ္ဂိုလ်များအား လျော်ကြေးပေးရန် TRC အဖွဲ့၏အဆိုကို အတည်ပြုခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်ဆန္ဒပြမှုများအတွင်း သေဆုံးသူ (သို့မဟုတ်) မသန်စွမ်းဖြစ်ခဲ့ရသူများကို တစ်ဦးလျှင် ဘတ်သုံးသန်း (ကန်ဒေါ်လာ ၉၅,၈၇၀)ပေးအပ်သွားမည်ဟု သိရသည်။

ထိုင်းနိုင်ငံတွင် ၂၀၀၆ ခုနှစ်က ဝန်ကြီးချုပ်သက်ဆင်အားဖြုတ်ချသည့် အာဏာသိမ်းမှုအပြီး နိုင်ငံရေးထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ရှပ်ဝါဆန္ဒပြသူများသည် ဘန်ကောက်နိုင်ငံတကာလေဆိပ်ကို သိမ်းပိုက်ကာ သက်ဆင်လိုလားသော အစိုးရကိုပြုတ်ကျစေခဲ့သည်။ ထို့နောက် ၂၀၁၀ တွင်သက်ဆင်လိုလားသော ရှပ်နီဆန္ဒပြသူများက ဒီမိုကရက်တစ်ပါတီဦးဆောင်သောအစိုးရဖျက်သိမ်းရေး ဆန္ဒပြရာမှ နှစ်လတာအတွင်း စစ်တပ်၏ ဖြိုခွင်းမှုများကြောင့် လူ ၉၂ဦး သေဆုံးခဲ့ပြီး ၂,၀၀၀ ခန့် ဒဏ်ရာရခဲ့သည်။

—*Ref: Xinhua*

# ရေကြီးပြီးနောက်ပိုင်း ထိုင်းစီးပွားရေး ပြန်လည်အားကောင်းလာ

**ဘန်ကောက်၊ မေ - ၂၂**

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်ပထမသုံးလပတ်ကာလတွင် ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ ယမန်နှစ်က ပျက်စီးဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်စေခဲ့သည့် ရေကြီးမှုဒဏ်မှ ပြန်လည်နိုးထလာခဲ့ကြောင်း တရားဝင်ထုတ်ပြန်သောကိန်းဂဏန်းများအရ သိရသည်။

ထိုင်းစီးပွားရေးသည် ၂၀၁၁ ပထမသုံးလပတ်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်း ဆုတ်ယုတ်သွားခဲ့သော်လည်း ယခုနှစ် ယင်းကာလတွင် ဂျီဒီပီ ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ထိုင်းအမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့မှ ထုတ်ပြန်ခဲ့သော အချက်အလက်များကပြဆိုနေသည်။

ထိုင်းနိုင်ငံတွင် ၂၀၁၁အတွင်း လပေါင်းများစွာကြာမြင့်သော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လူရာပေါင်းများစွာ သေဆုံးခဲ့ကာ ဘန်ကောက်မြို့ မြောက်ဘက်ရှိ ထိုင်းနိုင်ငံ၏ အဓိကစက်မှုဇုန်များတွင် အပျက်အစီးအများဆုံးဖြစ်ပေါ်ခဲ့သည်။

စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်ခဲ့ခြင်းက ထိုင်းစီးပွားရေး ပြန်လည်အားကောင်းလာရန် ကူညီခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍမှာလည်း အခိုင်အမာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ စားသုံးသူများ၏ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် လည်း ထိုင်းစီးပွားရေး ပြန်လည်ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်သည်။

—*Ref: AFP*











# Leader's Profile

## အာဆီယံအတွင်းရေးမှူးချုပ်

## ဒေါက်တာ ဆူရင်ပစ်ဆူဝမ်

ရဲမင်း

ဒေါက်တာ ဆူရင်ပစ်ဆူဝမ်သည် အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ ၁၂ ယောက်မြောက် အတွင်းရေးမှူးချုပ်ဖြစ်ပြီး ဝါရင့် ထိုင်းနိုင်ငံရေးသမားလည်းဖြစ် သည်။

ဆူရင်ပစ်ကို ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ တွင် ထိုင်းနိုင်ငံ နာခွန်စီသမ်မာ ရက်ခရိုင်၌ မလေးမျိုးနွယ် ထိုင်း မိသားစုမှ မွေးဖွားခဲ့သည်။ ဆူရင် သည် ထိုင်းနိုင်ငံ သမ်မားဆက် တက္ကသိုလ်တွင်ပညာသင်ယူခဲ့ပြီး ၁၉၇၂ ခုနှစ်၌ အမေရိကန်နိုင်ငံ ကလယ်ရီမောင့်ကောလိပ်မှနိုင်ငံ ရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ မစ္စတာဆူ ရင်သည် ရော်ကာဖဲလားဖောင် ဒေးရှင်းပညာသင်ဆုရရှိခဲ့ပြီးဟား ဗတ်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ကာ ၁၉၈၂ ခုနှစ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ယင်း ကာလအတွင်း ဒေါက်တာဆူရင် သည် ထိုင်းနိုင်ငံ သမ်မားဆက် တက္ကသိုလ် လူ့အခွင့်အရေးလေ့ လာရေးအစီအစဉ်တွင် သုတေသီ တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သလို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အမေရိကန် တက္ကသိုလ်တွင်လည်း သုတေသန များ လုပ်ဆောင်ခဲ့သည်။

မစ္စတာဆူရင်သည် ၁၉၈၆ ခုနှစ်တွင် နာခွန်စီဆမ်မာရက် ခရိုင်ကိုကိုယ်စားပြု၍ ထိုင်းလွှတ် တော်ကိုယ်စားလှယ်အဖြစ် ရွေး ချယ်ခံခဲ့ရပြီး ပါလီမန်ဥက္ကဋ္ဌ၏ အတွင်းရေးမှူးအဖြစ် လုပ်ကိုင်ခဲ့ သည်။ ၁၉၈၈ ခုနှစ်တွင် ပြည်ထဲ ရေးဝန်ကြီး၏ လက်ထောက်အ ဖြစ် ခန့်အပ်ခံရသည်။ ၁၉၉၂ မှ ၁၉၉၅ အတွင်း ဒုတိယနိုင်ငံခြား ရေးဝန်ကြီး တာဝန်ထမ်းဆောင် ကာ ၁၉၉၇ မှ ၂၀၀၁ ခုနှစ် အထိ ထိုင်းနိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၉ နှင့် ၂၀၀၀ ပြည့်နှစ်တွင် အာဆီ ယံဖိုရမ် ကျင်းပရေးဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒေါက်တာဆူရင်သည်နိုင်ငံ ရေးလောကအပြင် ပညာရေး လောကတွင်လည်း ကျင်လည်ခဲ့ ပြီး သမ်မားဆက်တက္ကသိုလ်၌ စာသင်ကြားပြသသလို ၁၉၈၀ မှ ၁၉၉၂ခုနှစ်အတွင်းထိုင်းအင်္ဂလိပ် သတင်းစာနှစ်စောင်တွင်ပုံမှန်စာ ရေးသားခဲ့သည်။ ဝါရှင်တန်ရှိ အမေရိကန်တက္ကသိုလ်တွင်လည်း နိုင်ငံတကာဆက်ဆံရေးဘာသာ ရပ်ကိုသင်ကြားခဲ့သည်။ သမ်မား ဆက်တက္ကသိုလ် နိုင်ငံရေးသိပ္ပံ ဌာန ပါမောက္ခအတွက်ပညာရှင် လက်ထောက်အဖြစ်လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် ယင်းတက္ကသိုလ် ၏ သင်ကြားရေးဌာန ဒုတိယပါ မောက္ခ ဌာနမှူးအဖြစ် တာဝန်ယူ ခဲ့သည်။

ဒေါက်တာဆူရင်ပစ်ဆူဝမ် သည်Commission on Human Security အဖွဲ့ဝင်တစ်ဦး ဖြစ် သလိုInternational Commission on Intervention and State Sovereignty ၏ အကြံ ပေးဘုတ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ထို့ပြင် World Commission on the Social Dimension of Globalization အဖွဲ့၏ အဖွဲ့ဝင်လည်းဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံ များအသင်း(ASEAN)၏ အတွင်း ရေးမှူးချုပ်နေရာအတွက် ၂၀၀၇ ခုနှစ် ဇွန်လ ၁ရက်နေ့တွင် ထိုင်း အစိုးရအဖွဲ့က တညီတညွတ် တည်း ထောက်ခံခဲ့သည်။ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် မနီလာမြို့၌ ကျင်းပသောအကြိမ်(၄၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ဒေါက်တာဆူ ရင်ပစ်ဆူဝမ်အား အာဆီယံအ တွင်းရေးမှူးချုပ်အဖြစ် အတည်ပြု ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်တာဝန်ထမ်း ဆောင်သည်။ အာဆီယံအတွင်း ရေးမှူးချုပ်၏ သက်တမ်းမှာ ငါး နှစ်ဖြစ်သည်။ *—Ref: Wikipedia*

### နောက်ကျောဖုံး - iPhone အင်ဂျင်နီယာဟောင်းများကို ဖေ့စ်ဘွတ်ခ် ငှားရမ်းနေဟုဆို မှ

ဖေ့စ်ဘွတ်ခ်သည် iPhone ထုတ်လုပ်ရာတွင်ပါဝင်လုပ်ကိုင်ခဲ့ သော ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲအင် ဂျင်နီယာရှစ်ဦးခန့်နှင့် iPad အ တွက် အလုပ်လုပ်ခဲ့သော အင်ဂျင် နီယာတစ်ဦးကို ခေါ်ယူထားသည် ဟုနယူးယောက်တိုင်းမ်စ်သတင်း စာတွင်ဖော်ပြသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကယင်း ကိစ္စနှင့်ပတ်သက်၍ ဝန်ထမ်းအချို့ ကိုအသိပေးထားသည်ဟုသတင်း တွင်ဖော်ပြသည်။ သတင်းပေး တစ်ဦး၏အဆိုအရ ယခု ကြိုးပမ်း မှုမှာ ကိုယ်ပိုင်စမတ်ဖုန်းထုတ် လုပ်ရေး ဖေ့စ်ဘွတ်ခ်၏ တတိယ အကြိမ် ကြိုးပမ်းမှုဖြစ်ပြီး ယခင် ကြိုးစားမှုများ မအောင်မြင်ဖြစ်ခဲ့ ပြီးနောက် ဖုန်းလုပ်ငန်း အတွေ့ အကြုံရင့်သူများကို ခေါ်ယူမှသာ အဆင်ပြေမည်ဟု သဘောပေါက် လာခြင်းဖြစ်သည်ဟုဆိုသည်။

ထို့အပြင် ဖေ့စ်ဘွတ်ခ်သည် ထိုင်ဝမ်မှ စမတ်ဖုန်းကုမ္ပဏီ HTC နှင့်ပူးပေါင်း၍လည်း စမတ်ဖုန်း ထုတ်လုပ်ရန် စီစဉ်နေကြောင်းနှင့် စမတ်ဖုန်းထုတ်လုပ်ရန် ဖေ့စ် ဘွတ်ခ် အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်ကိုယ်တိုင်စိတ်ဝင် စားနေကြောင်းသိရသည်။

*—Ref: appleinsider.com*

### နောက်ကျောဖုံး - အိုင်အမ်အက်ဖ်အကြီးအကဲအား ဂရိနိုင်ငံသားများ ဝိုင်းဝန်းဝေဖန် မှ




ဂရိနိုင်ငံရေးပါတီများသည် လည်း ရှေ့လာမည့် ရွေးကောက် ပွဲအတွက် ပြင်ဆင်နေကြသည်။

ဆိုရှယ်လစ်များ၏ ခေါင်း ဆောင် ဗင်နီဇီးလော့စ်က မစ္စ လားဂတ်သည် ကြွေးမြီဒုက္ခရင် ဆိုင်နေရသောနိုင်ငံအား ထပ်မံ၍ အရှက်ရစေရန် လုပ်ဆောင်နေ သည်ဟု စွပ်စွဲပြောကြားလိုက် သည်။ ဂရိနိုင်ငံသည် တစ်လခွဲ အတွင်း ထပ်မံ၍ ရွေးကောက်ပွဲပြု လုပ်ရမည့် အခြေအနေနှင့်လည်း ရင်ဆိုင်နေရသည်။

ဇွန်လ ၁၇ရက်နေ့ ရွေး ကောက်ပွဲအတွက် ရေပန်းစားနေ သောပါတီနှစ်ခုအနက် တစ်ခု ဖြစ်သော လက်ဝဲစွန်းပါတီခေါင်း ဆောင်တီစီပရက်စ်က ဂရိအလုပ် သမားများမှာ ၎င်းတို့ မတတ်နိုင် သောအခွန်အခများ ပေးဆောင် နေရသည်ဟုပြောကြားခဲ့သည်။

ဂရိနိုင်ငံတွင် အင်တာနက် အသုံးပြုသူများက မစ္စခရစ္စတင်း လားဂတ်အား ဖေ့စ်ဘွတ်ခ်လူမှု ရေးဝက်ဘ်ဆိုက်မှတစ်ဆင့် မက် ဆေ့ချ်ပေါင်း ၁၀,၀၀၀ ကျော် ပေးပို့ခဲ့ကြပြီး အချို့မှာ ရိုင်းရိုင်း စိုင်းစိုင်းပြောဆိုမှုများပင်ပါဝင် သည်။ ဂရိ နိုင်ငံသား အားလုံး စု ပေါင်းအခွန်ပေးဆောင်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရမည် ဟု အိုင်အမ်အက်ဖ်အကြီးအကဲ မစ္စခရစ္စတင်းလားဂတ်ကပြော ကြားပြီး ဆက်လက်၍ ၎င်းအနေ ဖြင့် ဂရိစီးပွားရေးအကျပ်အ တည်းထက် အာဖရိကဆင်းရဲမွဲ တေမှုကိုပိုမို၍စိုးရိမ်ပူပန်သည်ဟု ဗြိတိန်နိုင်ငံ ဂါးဒီးယန်းသတင်းစာ နှင့်ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။ *—Ref: AFP*

### နောက်ကျောဖုံး - ဆီးရီးယားအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ကုလလုံခြုံရေးကောင်စီရှုတ်ချ မှ



အရပ်သားများအား ပြင်း ပြင်းထန်ထန်နှိပ်စက်၍ အနီးကပ် ပစ်သတ်ခြင်းများကိုလည်း လုံခြုံ ရေးကောင်စီအဖွဲ့ဝင်များက ရှုတ် ချလိုက်သည်ဟုလည်း အစီရင်ခံ စာတွင်ဖော်ပြသည်။

မေလ ၂၆ နှင့် ၂၇ရက် နေ့တွင် ဟွမ်းခရိုင် ဟူးလားကျေး ရွာအုပ်စု၌အသက်၁၀နှစ်အောက် ကလေးငယ်ပေါင်း ၃၀ ခန့် အပါ အဝင် လူ ၁၀၀ ကျော် သတ်ဖြတ်ခံ ခဲ့ရသည်ဟု ကုလသမဂ္ဂ၏ ဆီးရီး ယားစောင့်ကြည့်ရေးအဖွဲ့ခေါင်း ဆောင် ဗိုလ်ချုပ်ကြီးရောဘတ် မုတ်က ဗီဒီယိုဆက်သွယ်မှုမှတစ် ဆင့် လုံခြုံရေးကောင်စီအား ပြော ကြားသည်။

အရပ်သားတစ်ဦး ရိုက်ထား သော ဗီဒီယိုတစ်ခုတွင်လည်း ဟူး လားဒေသမှ လူများသည် ၎င်းတို့ ၏ဆွေမျိုးသားချင်းများကို အစု လိုက်အပြုံလိုက်မြှုပ်နှံသဂြိုဟ်နေ ကြပုံများ၊ သွေးသံရဲရဲနှင့်ကလေး များ၏အလောင်းများကို ပြသခဲ့ ရာကမ္ဘာတစ်ဝန်းတုန်လှုပ်ချောက် ချားမှုများဖြစ်ပေါ်စေခဲ့သည်။ ယင်းအတွက်ကြောင့်ပင် ၁၅ လ ကြာမြင့်လာခဲ့ပြီဖြစ်သော ဆီးရီး ယားသွေးထွက်သံယိုမှုအား ရပ် တန့်စေရန် ကုလသမဂ္ဂနှင့် အာ ရပ်လိဂ်အဖွဲ့ ပူးတွဲကိုယ်စားလှယ် မစ္စတာကိုဖီအာနန်တင်ပြသည့် ငြိမ်းချမ်းရေးအစီအစဉ် အလုပ် ဖြစ်မည်လားဆိုသည်ကို မေးခွန်း ထုတ်မှုများ ပေါ်ထွက်လာသည်။

ယင်းတိုက်ခိုက်မှုများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ် မှုများအတွက် သမ္မတဘာရှား အယ်လ်အာဆတ်၏ အဖွဲ့ဝင်များ ပါဝင်ခဲ့သည်ဟု တက်ကြွလှုပ်ရှား သူများကပြောကြားသော်လည်း ယင်းကို ဆီးရီးယားအာဏာပိုင် များကငြင်းဆိုထားပြီး သတ်ဖြတ် မှုများမှာ အကြမ်းဖက်အုပ်စု ကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု ပြစ် တင်ပြောကြားခဲ့သည်။

*—Ref: Ria Novosti*

### နောက်ကျောဖုံး - ဝီကီလိခ်တည်ထောင်သူ ပြည်နှင်ဒဏ်ပေးရေး မေ ၃၀ ဆုံးဖြတ်မည် မှ

ဂျူလီယန်အက်ဆန်း(၃၀ နှစ်)သည်ဩစတြေးလျနိုင်ငံသား ဖြစ်ပြီး ဖမ်းဆီးခံခဲ့ရချိန်မှစ၍ ဥရောပရေးရာတိုက်ပွဲများ တစ် ဆင့်ပြီးတစ်ဆင့် ဆင်နွှဲခဲ့သည်။ အောက်တရားရုံးတစ်ရုံးမှ ချမှတ် ခဲ့သောဆုံးဖြတ်ချက်အား အထက် တရားရုံးတစ်ရုံးတွင် အယူခံဝင်ခဲ့ ပြီး ယခု နောက်ဆုံးဗြိတိန်တရား ရုံးချုပ်တွင် အယူခံဝင်ခြင်းဖြစ် သည်။

ဗြိတိန်တရားရုံးချုပ်က ၎င်း အမှုအား ထပ်မံပယ်ချခဲ့ပါက မစ္စတာအက်ဆန်းအနေဖြင့် ပြင် သစ်နိုင်ငံ စထရက်ဘော့ဂ်မြို့ရှိ လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံးသို့ အယူခံဝင်နိုင်သေး ကြောင်းသိရသည်။ ၎င်း၏အမှုတွဲ မှာ နောက်ဆုံးတွင် အမေရိကန် နိုင်ငံသို့ ရောက်ရှိသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ဂျူလီယန် အက်ဆန်းကပြောကြားသည်။

အမေရိကန်တပ်သားဘရက် ဒလေမန်းနင်းမှာလည်း လျှို့ဝှက် စာရွက်စာတမ်းများအား ဝီကီ လိခ်စ်သို့ ပေးအပ်ခဲ့ခြင်းအတွက် အမေရိကန်နိုင်ငံစစ်ဘက်ဆိုင်ရာ တရားရုံးတွင် အမှုရင်ဆိုင်နေရ သည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# "ကမ္ဘာကြီးကို ဆုံးရှုံးနေရပါတယ်"

## ဂရင်းပိစ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အကြီးအကဲ ကူမီနိုင်ဒူးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ကျော်မျိုး**



နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဦးတည်တဲ့အစိမ်းရောင်စီးပွားရေးအကြောင်း ပြောဆိုကြရတာ နှစ်သက်လေ့ရှိပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ကမ္ဘာကြီးမှာ သဘာဝတရားကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုတွေက မြင့်တက်နေဆဲဖြစ်ပါတယ်။ ဘရာဇီးပါလီမန်ဟာ မိုးသစ်တောတွေကိုကာကွယ်ထားတဲ့ဥပဒေတွေကို အားနည်းစေဖို့ နည်းလမ်းတွေ ရှာဖွေနေပါတယ်။ တောင်အာဖရိကနိုင်ငံ ဘန်ဒါမှာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှုကွန်ဖရင့်မှာ ရာသီဥတုပြောင်းလဲစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)ဓာတ်ငွေ့တွေ ထုတ်လွှတ်မှုလျှော့ချဖို့အရေး ဘာသဘောတူညီချက်မှ မရခဲ့ပါဘူး။ ပြီးတော့လည်း တရုတ်နဲ့ အိန္ဒိယလို စီးပွားရေးထွန်းသစ်စနိုင်ငံကြီးတွေဟာ လေထုညစ်ညမ်းစေတဲ့ ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံသစ်တွေ ဒါဇင်နဲ့ချီပြီး တည်ထောင်လျက်ရှိနေပါတယ်။ ဒီတော့ ယနေ့ခေတ်ကမ္ဘာကြီးရဲ့အနေအထားဟာ အစိုးရတစ်ခုပြီးတစ်ခုက ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ကြိုးစားလုပ်ဆောင်ရမယ့် သူတို့ရဲ့တာဝန်ကို ရှောင်လွှဲတဲ့သဘောဖြစ်လာနေပါတယ်။ ဒါနဲ့အတူ ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုကြီးတစ်ခုလုံးဟာလည်း အားနည်းလာတယ်လို့သတ်မှတ်ခံလာနေရပါတယ်။ ဒါပေမဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုဖြစ်တဲ့ဂရင်းပိစ်(Greenpeace)အဖွဲ့ရဲ့အကြီးအကဲ ကူမီနိုင်ဒူးကတော့ ၎င်းရဲ့အဖွဲ့ဟာ သူတို့ရဲ့ အာရုံစူးစိုက်မှုကို ဖွံ့ဖြိုးဆဲကမ္ဘာဆီမှာ ပြောင်းရွှေ့ထားပြီး အဖွဲ့ဟာ စီးပွားရေးကုမ္ပဏီကြီးတွေနဲ့ ပူးပေါင်းမှုတိုးမြှင့်ပြီး ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနဲ့ ကမ္ဘာလုံးဆိုင်ရာပူနွေးမှုတိုက်ဖျက်ရေးတို့ကို ချိတ်ဆက်လုပ်ဆောင်နေတယ်လို့ပြောပါတယ်။

ဒ့ါကြောင့်ဂရင်းပိစ်ရဲ့အကြီးအကဲမစ္စတာနိုင်ဒူးနဲ့ဂျာမန်စပိုင်းဂဲလ်မီဒီယာတို့ တွေ့ဆုံကာ ၎င်းရဲ့သဘောထားအမြင်တွေကိုမေးမြန်းထားတာကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**မစ္စတာနိုင်ဒူးခင်ဗျာ။ ဂရင်းပိစ်အဖွဲ့ဟာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးအတွက် သူ့ရဲ့တိုက်ပွဲမှာ စွမ်းအားမဲ့သလို ဖြစ်လာနေသလားလို့။ ကမ္ဘာကြီးဟာ (ဒီပွဲမှာ) ရှုံးသွားခဲ့ပါပြီလား။**

အထူးသဖြင့် အာဖရိကတိုက်က လူသန်းပေါင်းများစွာအတွက်ကတော့ ဒါဟာ သိပ်ကိုနောက်ကျလွန်းခဲ့ပါပြီ။ သူတို့ဟာ ရာသီဥတုပြောင်းလဲမှုရဲ့ဒဏ်ကို ခံစားနေကြရပြီးပြီ။ ဒီပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင်၊ ဆိုးကျိုးနည်းအောင်လုပ်ခြင်းကတစ်ဆင့် သူတို့ရော ကျန်တဲ့တစ်ကမ္ဘာလုံးပါဆိုးရွားတဲ့အကျိုးဆက်တွေ၊ ဒုက္ခသုက္ခတွေကို ကုစားနိုင်၊ ရှောင်လွှဲနိုင်တယ်လို့ပြောဖို့မဟုတ်ပါဘူး။ ဒါပေမဲ့ကျွန်တော်တို့ဟာ ရာသီဥတုဖြစ်စဉ်ကို ကိုယ်တတ်နိုင်သလောက် ကာကွယ်ဖို့အတွက်အခုချက်ချင်းလုပ်ဆောင်ဖို့လိုအပ်နေပါတယ်။ ကျွန်တော်တို့စွမ်းအားမဲ့နေတာမျိုးမဟုတ်ပါဘူး။ ထောက်ခံအားပေးမှုလိုအပ်နေတာပါ။ အခြားသောအကျိုးစီးပွားတွေဖြစ်ကြတဲ့ ရေနံထုတ်လုပ်ရေးလိုကိစ္စမျိုးတွေက ကျွန်တော်တို့ထက်ပိုပြီး ဘဏ္ဍာရေးရင်းမြစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်နေကြတယ်။ ဒ့ါကြောင့် အဲဒါကိုပဲ ကျွန်တော်တို့ ဆန့်ကျင်နေကြတာပါ။

**အဖွဲ့ရဲ့ လက်ငင်းအကျဆုံး အောင်မြင်မှုက ဘာများဖြစ်ခဲ့ပါသလဲ။**

ကျွန်တော်တို့မှာ အများကြီးပါ။ ဒါပေမဲ့ မကြာမီက ကျွန်တော်တို့ လုပ်ခဲ့တာရဲ့ အကောင်းဆုံးနမူနာကတော့ Nestel ကုမ္ပဏီကို အင်ဒိုက ဆီအုန်းထုတ်တဲ့ကုမ္ပဏီဆင်နာမက်စ်နဲ့ ပူးပေါင်းဆောင်ရွက်တာ ရပ်တန့်ဖို့ နားချနိုင်ခဲ့တာပါ။ အဲဒီကုမ္ပဏီက သူ့စိုက်ခင်းတွေအတွက် နေရာရဖို့ မိုးသစ်တောဧရိယာတွေတော်တော်များများကို ဖျက်ဆီးနေတာပါ။ ကျွန်တော်တို့ရဲ့ လုပ်ငန်းအစိတ်အပိုင်းကြီးတစ်ခုကလည်း စီးပွားရေးကုမ္ပဏီတွေကို ဂေဟဗေဒထိန်းသိမ်းမှုဆိုင်ရာတာဝန်ယူမှုကို ကျင့်သုံးဖို့ တွန်းအားပေးနေပါတယ်။

**ဒါပေမဲ့ ပြဿနာတွေကိုအတိုင်းအတာကြီးကြီးမားမားနဲ့ တွက်ကြည့်ရင် မအောင်မြင်ကြသေးပါဘူး။ စွမ်းအင်ထုတ်လုပ်ရေးအတွက် ဆိုးရွားစွာထိခိုက်နိုင်တဲ့ စီမံကိန်းတွေဖြစ်တဲ့ ပင်လယ်ရေအောက် ရေနံတူးတာမျိုးလိုကိစ္စတွေက တိုးပွားလာနေပါတယ်။ ကမ္ဘာလုံးဆိုင်ရာကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကလည်း ဆက်လက်မြင့်တက်လာနေပါတယ်။**

ကံမကောင်းစွာဘဲ အဲဒါအမှန်ပါပဲ။ ကျွန်တော်တို့ အရေးပါတဲ့မဟာဗျူဟာရေးတိုက်ပွဲတွေအောင်နိုင်နေတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကို ဆုံးရှုံးနေရပါတယ်။

**ဒါကို ဘယ်လိုပြောင်းလဲပစ်ဖို့ ရည်ရွယ်ထားပါသလဲ။**

ကျွန်တော်တို့အနေနဲ့ ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးဇာတ်လမ်းကို ပြောင်းပစ်ပြီး မျှော်လင့်ချက်ရှိတဲ့စိတ်ကို ဖန်တီးရပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ မျှော်လင့်ချက်ရှိလို့ပါ။ ကျွန်တော်တို့ဟာ အခုချက်ချင်းပဲ ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးသက်ရောက်မှုကို ထိန်းချုပ်ပြီး ကိုယ့်ကိုယ်ကိုယ်ပြဋ္ဌာန်းချင်နေပါသလား။ ဒါမှမဟုတ် အဲဒီ(ရာသီဥတုပြောင်းလဲမှု)က ကျွန်တော်တို့အပေါ် ခွစီးတဲ့အချိန်ထိ စောင့်ဆိုင်းချင်နေပါသလား။ ဒါမျိုး ဖြစ်ဖို့က ကွဲပြားခြားနားတဲ့ တက်ကြွတဲ့လူသားတွေးခေါ်မှုတစ်ခုလိုပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလိုအပြောင်းအလဲမျိုးကို ရနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

**အခုချိန်ထိတော့ ဒီလိုမျိုးကပ်ဘေးဆိုးဖြစ်ရပ်တွေဟာ လူထုသဘောထားကို အများကြီး မပြောင်းလဲနိုင်သေးပါဘူး။ ဂျပန်မှာ နျူခလီးယား ဓာတ်ပေါင်းဖိုတစ်ခုပေါက်ကွဲခဲ့တယ်။ မက္ကဆီကို ပင်လယ်ကွေ့မှာ ပင်လယ်ရေအောက်ရေနံတူးဖော်ရာက အမေရိကရဲ့သမိုင်းမှာ အန္တရာယ်အကြီးဆုံး ရေနံယိုဖိတ်မှုဖြစ်ခဲ့တယ်။ ဒါပေမဲ့ နိုင်ငံအများစုက ဒီလိုမျိုး နည်းပညာတွေကို စွန့်ပစ်ဖို့ မလှုပ်ရှားကြသေးဘူးလေ။**

ကျွန်တော်တို့က ညစ်ညမ်းတဲ့စွမ်းအင်ကိုစွဲလမ်းနေခဲ့ကြတာ။ ဒါအမှန်ပဲ။ ပြီးတော့ ဒါဟာလည်း အခြားသောစွဲလမ်းမှုတွေလိုမျိုး စွဲလမ်းမှုတစ်ခုပဲ။ ကုသနိုင်ပါတယ်။ ဒါပေမဲ့ မလွယ်လှပါဘူး။ ကျွန်တော်တို့ကို လန့်နိုးသွားစေနိုင်တဲ့အချက်ကတော့ ကပ်ဘေးဆိုးဆန်တဲ့ ရာသီဥတုဖြစ်စဉ်တွေ တိုးပွားလာတာကို ပင်လယ်ရေမျက်နှာပြင်တွေ မြင့်တက်လာမှုကြောင့် သမုဒ္ဒရာထဲ တဖြည်းဖြည်းချင်း နစ်မြုပ်နေတဲ့ ကီရီဘာတီနိုင်ငံလေးအကြောင်း။ နိုင်ငံတချို့မှာ ရေပြတ်လပ်မှုနဲ့ စိုက်ပျိုးရေးစနစ်တွေ ပြိုလဲနေမှုတွေအကြောင်း။ ဥရောပတိုက်ကို ဦးတည်ထွက်ခွာတော့မယ့် ရာသီဥတုဒုက္ခသည်သန်းပေါင်းများစွာအကြောင်း။ ကျွန်တော်တို့ ကာကွယ်တားဆီးနိုင်တဲ့ စီးပွားရေးရာ၊ လူမှုရေးရာ၊ ဂေဟဗေဒရေးရာ ဆိုးဆိုးရွားရွား ပျက်စီးမှုတွေအကြောင်း စသဖြင့်ပေါ့။ ကျွန်တော်တို့ရဲ့ နိုင်ငံ့ခေါင်းဆောင်တွေက အရှုံးသမားကြီးတွေပါ။ သူတို့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားတွေကို ရှာဖွေသင့်နေတဲ့နေရာမျိုးမှာ အဲဒီ့အစား စီးပွားရေးလုပ်ငန်းကြီးတွေနဲ့စာချုပ်တွေ ချုပ်နေကြတယ်။ သူတို့ရဲ့ပြုံးထားတဲ့မျက်လုံးတွေနဲ့ သဘာဝကပ်ဘေးဆိုးကို လက်ခံနေကြတယ်။

**တစ်ဖက်မှာလည်း ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့စွမ်းအင်နည်းပညာတွေက နိုင်ငံ့အကျိုးစီးပွားရေးတွေကို အရှိန်မြှင့်ပေးနေနိုင်ပါတယ်။ အင်ဂိုလာနိုင်ငံဟာဆိုရင် ကမ်းလွန်ရေနံတူးဖော်မှုတွေကြောင့် စီးပွားရေးတိုးတက်မှုခံစားနေရတယ်။ ဒီလိုနိုင်ငံမျိုးရဲ့အစိုးရတစ်ရပ်ကို ဆရာ့အနေနဲ့ ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အရေး ရေနံထုတ်လုပ်မှုရပ်သင့်တယ်လို့ ဘယ်လိုပုံနဲ့များ ဆွဲဆောင်စည်းရုံးနိုင်ပါမလဲ။**

အဲဒီ့လုပ်ငန်းတွေရဲ့ ဝင်ငွေအားလုံးနီးပါးက လာဘ်စားတဲ့ နိုင်ငံရေးသမားအနည်းစုလက်ထဲပဲရောက်သွားတာပါ။ ဟုတ်ပါတယ်။ ဒ့ါကြောင့် လူတချို့တော့ စီးပွားရေးတိုးတက်မှုကို ခံစားနေကြမှာပေါ့။ ဒါပေမဲ့ 'ဆိုးရွားစွာထိခိုက်စေတယ်'ဆိုတဲ့ ဒီမှာသုံးတဲ့ စကားလုံးက ပိုပြီးဆက်နွှယ်မှုရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြင့်တက်လာတာနဲ့အတူ ရေနံယိုဖိတ်မှု၊ နျူကလီးယားကပ်ဘေးတွေ တိုးလာတာနဲ့အတူ ဒီလုပ်ငန်းတွေက ရေရှည်မှာ တည်ငြိမ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ မဟုတ်ကြတော့ပါဘူး။ ဒီလိုစွမ်းအင်မျိုးက ခေတ်ဟောင်းသွား စီးပွားရေးပုံစံပေါ်မှာ အခြေခံတာ။ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးသက်ရောက်မှုတစ်ခုတည်းအပေါ်မှာသာ အခြေခံတာ မဟုတ်ပါဘူး။ အင်ဂိုလာနဲ့ အခြားအာဖရိကတိုင်းပြည်တွေဟာ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု တိုးတက်လာမယ့် အလားအလာကြီးကြီးမားမားတွေရှိပါတယ်။ စီးပွားရေးထွန်းသစ်စနိုင်ငံတွေဟာ အနောက်တိုင်း စီးပွားရေးဖွံ့ဖြိုးမှုရဲ့အဆုံးအရှုံးတွေကနေ သင်ခန်းစာယူရပါမယ်။ အနောက်တိုင်းရဲ့ ညစ်ညမ်းတဲ့ စွမ်းအင်နည်းပညာတွေကို ခုန်ပျံကျော်လွှားရေးဟာ ဒီဖြစ်စဉ်မှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပါ။

**ဂရင်းပိစ်ဟာ ကုမ္ပဏီကြီးတွေကို ပတ်ဝန်းကျင်ရေးရာကိစ္စတွေနဲ့ ပတ်သက်လို့ အကြံဉာဏ်တွေ တိုးပေးနေပါတယ်။ ဒီလို မဟာဗျူဟာမျိုးက ရန်သူနဲ့အတူ အိပ်တာမျိုးနဲ့ နီးစပ်မနေဘူးလား။**

မဟုတ်ပါဘူး။ သူတို့နဲ့ ပူးတွဲအလုပ်လုပ်ဖို့ ရှောင်ကြဉ်တာ (သို့မဟုတ်) အကြံဉာဏ်တွေ မပေးတာကသာ နည်းစနစ်ပိုင်းအမှားအယွင်းဖြစ်မှာပါ။ ဒီဆက်ဆံရေးတွေကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် မဟာမိတ်တိုင်းကအရေးကြီးပါတယ်။ ကျွန်တော်တို့ဟာ အတိုက်အခံမလုပ်ဘဲ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုယ့်ပန်းတိုင်တွေ ရောက်ရှိအောင် ပိုကောင်းအောင်လုပ်နိုင်စွမ်းရှိပါတယ်။ ဂရင်းပိစ်မှာ အမြဲတမ်း မဟာမိတ်၊ အမြဲတမ်း ရန်သူ ဆိုတဲ့ အနေအထားမျိုးကိုကြာရှည်ထိန်းသိမ်းထားတာမျိုး မရှိပါဘူး။ ကျွန်တော်တို့က ဘက်မလိုက်တဲ့အနေအထားကိုပဲထိန်းသိမ်းထားတယ်။

**ဂရင်းပိစ်အဖွဲ့မှာ ပြောင်းလဲဖို့လိုအပ်နေတာ ဘာအပြောင်းအလဲတွေများပါလဲ။**

ကျွန်တော်တို့ရဲ့ စည်းရုံးလှုပ်ရှားပုံတစ်ခုလုံးက ပြောင်းနေပါပြီ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေ သိနားလည်လာကြတာက သူတို့အရင်အကျွမ်းဝင်ခဲ့တဲ့ပုံစံလိုမျိုး ဆန့်ကျင်ကန့်ကွက်တဲ့မက်ဆေ့ချ်တွေ ပေးတာက ဆက်ပြီး အလုပ်မဖြစ်တော့ဘူးဆိုတာရယ်ပါ။ ကျွန်တော်တို့ဟာ ခင်ဗျား ပထမညွှန်းဆိုခဲ့သလို သဘာဝကပ်ဘေးဆိုးတွေထဲမှာမဟုတ်ဘဲကိုယ်နေချင်တဲ့ကမ္ဘာမြေမျိုး မျှော်မှန်းထားကြတာကို စိတ်ဝင်စားအောင် ဖန်တီးပေးဖို့လိုပါတယ်။ လတ်တလောမှာတော့ကျွန်တော်တို့မျှော်မှန်းချက်ဖြစ်တဲ့ စွမ်းအင်တော်လှန်ရေးကို လှုံ့ဆော်စည်းရုံးဖို့ ကျွန်တော်တို့ လုပ်နေပါတယ်။ အဲဒီ့တော်လှန်ရေးကို မှန်ကန်တဲ့ သိပ္ပံပညာနဲ့ အနာဂတ်မှာ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ အားဖြည့်ထားတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ အောင်မြင်မှုတွေကို ခံစားရမှာဖြစ်သလို စိန်ခေါ်မှုတွေလည်း ရင်ဆိုင်ရမှာပါ။ ဒါက အတိတ်တုန်းက ကျွန်တော်တို့ မြှင့်တင်ခဲ့တဲ့ မက်ဆေ့ချ်မျိုးတွေနဲ့တော့ သိပ်ကွာခြားပါတယ်။

*—Ref: "We are losing the Planet": Interview with Greenpeace Head Kumi naidoo. Spiegel 11th May.*



## မိန်းကလေးပရိသတ် ၁၀ဦးနဲ့ တွေ့ရမှာကို ရင်ခုန်နေတဲ့ နေတိုး

**ကြူကြူဟန်** **ရန်ကုန်၊ မေ - ၂၄**


အလှကုန်အမှတ်တံဆိပ်တစ်ခုက စီစဉ်သော အမျိုးသမီး ပရိသတ် ၁၀ဦး နှင့်တွေ့ဆုံမည့်အစီအစဉ်အတွက် ရင်ခုန်နေကြောင်း သရုပ်ဆောင်နေတိုးက ပြောသည်။

"ဒီတခြားရုပ်ရှင်ပရိုမိုးရှင်းပွဲတွေမှာပရိသတ်တွေနဲ့တွေ့တယ်လို့ပြောလို့ရတယ်။ ဒါပေမဲ့လည်း အချိန်လုပြီးတွေ့ရတယ်။ ဒီတစ်ခါကျတော့ အချိန်တွေအလုအယက် မဟုတ်ဘဲ တိတိကျကျ တွေ့ဆုံမှုအတွက်ကို ဦးတည်ထားတဲ့အခါကျတော့ပရိသတ်အတွက်လည်း ရုပ်သိပ်မပျက်တော့ဘူး။ အခုက ကိုယ်ကြိုက်တဲ့အနုပညာသမားတစ်ယောက်အပေါ်မှာအချိန်ပေးပြီး မေးမြန်းခွင့်တွေရမယ်။ အဲလို ရင်းနှီးခွင့်တွေ စကားပြောခွင့်တွေရမယ်ဆိုတဲ့ အစီအစဉ်မျိုးဆိုတော့ ကျွန်တော်လည်း ရင်ခုန်ပါတယ်"ဟု သရုပ်ဆောင်နေတိုးကပြောသည်။

သရုပ်ဆောင်နေတိုးနှင့် အမျိုးသမီးပရိသတ် ၁၀ ဦးတွေ့ဆုံမှု ကို New Pond's Flawless White အလှကုန်မှစီစဉ်ပြီး ထိုအလှကုန်ပစ္စည်းဝယ်ယူသူ အယောက် ၂၅၀ထဲမှ မဲနှိုက်၍ ကံထူးသူ ၁၀ဦးကို ရွေးချယ်ကာ သရုပ်ဆောင် နေတိုးနှင့် အတူ နေ့လယ်စာစားခွင့်၊ ဓာတ်ပုံအတူတွဲ ရိုက်ခွင့်နှင့် အခြားသော အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဇွန်လအတွင်း တွေ့ဆုံနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ထိုအလှကုန်ကုမ္ပဏီမှ တာဝန်ရှိသူများက တစ်နိုင်ငံလုံးရှိ နယ်မြို့များသို့သွားရောက်ကာ အမျိုးသမီးပရိသတ်များနှင့် တွေ့ဆုံ မေးမြန်းမှုများအရ အတွေ့ချင်ဆုံး သရုပ်ဆောင်မှာ နေတိုးဖြစ်နေ ခြင်းကြောင့် ပရိသတ်များနှင့်တွေ့ဆုံရန် စီစဉ်ခဲ့ကြောင်းသိရသည်။

ပရိသတ်နှင့် တွေ့ဆုံသည့်အခါ မည်သည့်အကြောင်းအရာများကို ပြောဖြစ်မည်ဆိုသည်နှင့် ပတ်သက်၍ မေးမြန်းရာ "တကယ်တမ်း ဒီ Product နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်နဲ့တွေ့ဆုံချင်တယ်လို့ပြောတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် မေးရင်လည်း ကျွန်တော့်ဇာတ်ကားနဲ့ပတ်သက်ပြီးတော့ အကြံပြုပေးဖို့ရယ်၊ ပထမဆုံးကြည့်ဖြစ်တဲ့ဇာတ်ကားတို့ အဲလိုမျိုးလေး နည်းနည်းဦးစားပေးမေးဖြစ်မယ်ထင်တယ်။ ပရိသတ်ဆီက မေးလာမယ့် စကားကတော့ ကျွန်တော့်ကို ဘယ်တော့အိမ်ထောင်ပြုမလဲဆိုတဲ့စကားပဲဖြစ်မယ်ထင်တယ်"ဟုနေတိုးကပြောကြားသည်။



## ရင်အရမ်းတုန်နေတဲ့ အိချောပိုနှင့် တွေ့ဆုံခြင်း

**ကြူကြူဟန်** **ရန်ကုန်၊ မေ- ၂၆**

အိချောပိုသည် မင်းသားများ စုစည်းထားသော အနုပညာပျိုးခင်း၏ စင်တင်မင်းသမီးသစ်တစ်ဦးဖြစ်သည်။ မင်းသမီးများ ရိုက်ရက်ပေးနိုင်မှု နည်းပါးခြင်းကြောင့် မင်းသမီးသစ်များ စင်တင်ခြင်းဖြစ်နိုင်သည်ဟု အများကထင်ကြေးပေးခံရပြီး စုပါမင်းသားများ စင်တင်သော မင်းသမီးများအဖြစ်လည်း ပရိသတ်က စိတ်ဝင်တစားရှိခဲ့ကြသည်။ ထိုအထဲမှ မင်းသမီးတစ်လက်ဖြစ်သော အိချောပိုသည် အနုပညာပျိုးခင်းနှင့် လက်တွဲကာ သူမ၏ ပထမဆုံးအတွေ့အကြုံ ရုပ်ရှင်ကားကြီးကို ရိုက်ကူးစဉ် သူမနှင့် တွေ့ဆုံဖြစ်ခဲ့သည်။

**ပထမဆုံးအကြိမ် ရုပ်ရှင်ကားကြီး ရိုက်ကူးရတဲ့အတွက် ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရလဲ။**

အခက်အခဲက အများကြီးတော့မကြုံပါဘူး။ ဒါရိုက်တာ အဘဦးထွန်းအောင်ဇော်ကရောပါဝင်တဲ့သရုပ်ဆောင်တွက်ရော ကိုယ့်ထက်စီနီယာ အစ်ကိုတွေ၊ အစ်မတွေ အားလုံးက ဝိုင်းဝန်းသင်ပေးကြတယ်။ ဝိုင်းဝန်းပြောပေးကြတယ်ဆိုတော့ အခက်အခဲတော့ သိပ်မရှိပါဘူး။

**ဒီလို ရုပ်ရှင်ကားကြီး ရိုက်ရတာဟာ အနုပညာပျိုးခင်းရဲ့ စင်တင်မှုကြောင့် ရလာတဲ့ အခွင့်အရေးလို့ ပြောလို့ရပါသလား။ ကိုယ့်ဟာကိုယ် ပုံမှန်လေးသွားရင်းကရော ဒါမျိုးရ နိုင်မယ်လို့ထင်လား။**

ဟုတ်၊ ပြောလို့ရနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီနေ့မှာပဲ ၁၁ ရက်နေ့ပွဲလုပ်တယ်။

စာ(၄၅)သို့



ဓာတ်ပုံ - Ei Chaw Po's Facebook



## American Idol သီချင်းအဆိုပြိုင်ပွဲတွင် ဖီးလစ်အနိုင်ရ

**နယူးယောက်၊ မေ- ၂၅**

အမေရိကန်နိုင်ငံ၏ နာမည်ကျော် American Idol သီချင်းဆိုပြိုင်ပွဲတွင် ဂျော်ဂျီယာပြည်နယ် လီစဘာ့ဂ်မြို့မှ ဂစ်တာသမားနှင့် အဆိုရှင်ဖြစ်သူ Phillip Phillips က အနိုင်ရရှိသွားခဲ့သည်။

နောက်ဆုံးအချီပြိုင်ပွဲတွင် 'Home'ဆိုသော ကိုယ်ပိုင်သီချင်းအား ဖိလစ်က ဖျော်ဖြေခဲ့ပြီး အနိုင်ရရှိကြောင်း ကြေညာလိုက် ချိန်တွင် စိတ်လှုပ်ရှားမှုများဖြင့် ပြည့်နေပြီး ၎င်းနှင့် နောက်ဆုံးယှဉ်ပြိုင်ပြီး ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသူ ကယ်လီဖိုးနီးယားမှ ၁၆ နှစ်အရွယ် ကျောင်းသူလေး ဂျက်စီကာဆန်းဂျက်စ်အား စကားတစ်ခွန်းမှပင် မပြောနိုင်ဘဲ ပွေ့ဖက်နှုတ်ဆက်ခဲ့သည်။

American Idol ၁၁ နှစ်မြောက်ပြိုင်ပွဲအား စံချိန်တင် ကြည့်ရှုအားပေးသူ ၁၃၂ ကမဲပေး ရွေးချယ်ခဲ့ပြီး "ကျွန်တော်တို့ကို မဲပေးရွေးချယ်တဲ့ ပရိသတ်ကြီးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ဆုလက်ခံရရှိကြောင်း မကြေညာမီလေးတွင် ဖိလစ်က ပြောကြားခဲ့သည်။

American Idol အစီအစဉ်တွင် Rihanna, Neil Diamond, Chaka Kham စသော နာမည်ကျော်များအပြင် ဒိုင်အဖြစ်ဆောင်ရွက်ခဲ့သော Aerosmith အဖွဲ့မှ စတီဗင်တိုင်လာ၊ ဂျနီဖာလိုပက်စ်စသော နာမည်ကြီးအဆိုတော်များလည်း ဖျော်ဖြေခဲ့သည်။

-Ref: BBC

# မြန်မာရွှေ့ပြောင်းလုပ်သားများဘဝ ရိုက်ကူးပုံဖော်သူများ၏ စကားသံ

ဒွေးသုစံ

**ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင်မှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ သားသမီးတွေအတွက် ဖန်ငအခြေစိုက် ပညာရေးဖောင်ဒေးရှင်းဖြစ်တဲ့ (The Foundation of Education and Development) က သူတို့အဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို ဇာတ်ကားတစ်ကားအသွင်နဲ့ တင်ပြဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီဇာတ်ကားရိုက်ဖို့အတွက် ဖောင်ဒေးရှင်းဘက်ကနေ ဦးသူရ(ဇာဂနာ)ကို ဆက်သွယ်လာတဲ့အခါ ၎င်းက ဒီဇာတ်ကားကို ရိုက်ကူးပေးဖို့ ဒါရိုက်တာမင်းထင်ကိုကိုကြီးကို ထပ်မံဆက်သွယ်ခဲ့ပါတယ်။ ဒါရိုက်တာမင်းထင်ကိုကိုကြီးက ဒီကားကို အခမဲ့Contribute လုပ်ဖို့စီစဉ်ခဲ့ပြီး သရုပ်ဆောင်များဖြစ်တဲ့ ရဲတိုက်နဲ့ ချစ်သုဝေတို့ထံ ဆက်သွယ်တဲ့အခါ သူတို့နှစ်ဦးကလည်း အခမဲ့သရုပ်ဆောင်ပေးဖို့ ကူညီခဲ့ကြတာပါ။ ဒီဇာတ်လမ်းကို မတူးတူးသာက ဇာတ်ညွှန်းရေးသားပြီး ဖန်ငမှာ သွားရောက် ရိုက်ကူးချိန်မှာတော့ ရဲတိုက်ကို စီဇာချားဗက်၊ ချစ်သုဝေကို မြန်မာပြည်အန်ဂျလီနာဂျိုလီလို့ တင်စားတဲ့အထိ ပြည်ပရောက်မြန်မာတွေရဲ့ ချစ်ခင်မှုကို ရရှိခဲ့ပါတယ်။ ဒီဇာတ်ကားကို အဓိကပါဝင်ဖန်တီးထားတဲ့ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ရဲတိုက်၊ ချစ်သုဝေနဲ့ ဆောင်ရွက်ပေးသူ ဇာဂနာတို့ရဲ့ စကားသံကို တင်ဆက်ပေးလိုက်ပါတယ်။**





## ဒါရိုက်တာမင်းထင်ကိုကိုကြီး

ဒီကားရိုက်ကူးဖို့ ကိုသူရက ဆက်သွယ်ချိန်မှာ ပိုက်ဆံနဲ့ရိုက်ကူးပေးဖို့ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်က အခမဲ့ပါဝင်ရိုက်ကူးပေးခဲ့တယ်။ ကျွန်တော်ကနေ ရဲတိုက်နဲ့ ချစ်သုဝေတို့ကို ဒီကားလေးရိုက်မယ်။ ငွေရယ်၊ အချိန်ရယ် ဘယ်လိုယူကြမလဲမေးတဲ့အခါ သူတို့က အစ်ကိုရိုက်မယ်ဆို ကျွန်တော်၊ ကျွန်မတို့လည်း လုပ်မယ်ဆိုပြီး အခမဲ့လိုက်ပြီးလုပ်ပေးခဲ့တယ်။ ဟိုမှာ ရိုက်တဲ့အခါ ထင်ထားတာထက် နှစ်ရက်၊ သုံးရက်လောက်ပိုယူလိုက်ရတယ်။ ကျွန်တော်ကတော့ ဒီလို မြန်မာလုပ်သားတွေအတွက် အနုပညာအနေနဲ့ Contribute လုပ်ရတာကို ကျေနပ်တယ်။ ဘယ်လောက် ပင်ပန်းပင်ပန်း ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။ ဟိုမှာ မြင်ရတွေ့ရတာတွေက စိတ်မချမ်းသာစရာ၊ ဟိုမှာ တွေ့ရတဲ့ မြန်မာတွေက မွန်တွေများတယ်။ လစာနဲ့ လုပ်ရတဲ့အလုပ်က အသက်ရှင်နေထိုင်ရုံလေးပါပဲ။ ဟိုနိုင်ငံသားလည်းမဟုတ်၊ ဒီနိုင်ငံရဲ့ အခွင့်အရေးလည်းမရနဲ့ စိတ်မကောင်းစရာတွေပါ။

## ဦးသူရ (ဇာဂနာ)

ဖန်ငမှာရှိတဲ့ အဲဒီဖောင်ဒေးရှင်းက ကိုထူးချစ်က ကျွန်တော့်သူငယ်ချင်းပါ။ သူတို့အဖွဲ့က ရွှေ့ပြောင်းလုပ်သားတွေရဲ့ သားသမီးတွေအတွက် ပညာရေးကို အဓိကလုပ်နေတဲ့အဖွဲ့ပေါ့။ ကျွန်တော့်အဖွဲ့ထဲက မီးသီး(မင်းသမီးမြစပယ်ငုံ)က ထူးချစ်တို့နဲ့ အလုပ်တွဲလုပ်ဖူးတယ်။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်တွေကို ဇာတ်ကားရိုက်ပြချင်တယ်လို့ ကျွန်တော့်ကိုဆက်သွယ်တယ်။ ကျွန်တော်ကတစ်ဆင့် ကိုမင်းထင်ကို ဆက်သွယ်ပေးပြီး ရိုက်ဖြစ်ခဲ့တာပါ။ ဒီခရီးစဉ်မှာ ပါဝင်ခဲ့တဲ့ ချစ်သုဝေဆိုရင် ရွှေ့ပြောင်းလုပ်သားတွေရဲ့ဘဝကိုမြင်တွေ့ရတဲ့အခါ နေ့တိုင်းနီးပါး ဝမ်းနည်းပြီး ငိုရတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီလူတွေရဲ့ဘဝကို မျက်မြင်ကိုယ်တွေ့ မြင်ရကြုံရတာ စိတ်မကောင်းဖြစ်မိတယ်။ အဲဒီနယ်မှာ ရောက်နေတဲ့လူတွေက ထားဝယ်၊ မြိတ်တို့ဘက်က များတယ်။ ကျွန်တော် ဒီမြင်ကွင်းတွေကို မှတ်တမ်းတင်ထားပြီး Documentary ရိုက်ဖို့ လုပ်ထားတယ်။ ဒါတွေကို မြန်မာပြည်ထဲက လူတွေလည်း ကြည့်စေချင်တယ်။ ဒါပေမဲ့ စိတ်မချမ်းသာစရာတွေကို ပြရကောင်းမလား၊ မပြရကောင်းမလား ဝေခွဲမရလည်း ဖြစ်နေတယ်။


## ချစ်သုဝေ

ဒီကားကိုရိုက်ဖို့ ဖောင်ဒေးရှင်းအကြောင်းမေးတဲ့အခါမှာ ကိုယ့်မြန်မာမိသားစုတွေအတွက် အကောင်းဆုံး သူတို့တက်နိုင်တဲ့ဘက်က ပညာရေး စောင့်ရှောက်မှုကို ပေးနေတဲ့ အဖွဲ့အစည်းလေးဖြစ်တာကြောင့် ထရီဇာ Contribute လုပ်တာပါ။ ဒီကားက မျိုးစုံသောအခက်အခဲတွေကြောင့် သုံးလေးခါလောက် ရွှေ့လိုက်ရတော့ ကားရိုက်သုံးကားစာလောက် ပျက်သွားတယ်။ ဒါပေမဲ့လည်း ဒီကားလေး ရိုက်ပြီးသွားတဲ့အခါတန်ဖိုးရှိတယ်လို့ ခံစားရတဲ့အတွက် အဲဒီခံစားချက်က ဘာနဲ့မှမလဲနိုင်တဲ့အတွက် ကားရိုက်ဖျက်လိုက်ရလည်း ထရီဇာ့အတွက်တော့ထိုက်တန်ပါတယ်။ ဒီကားရိုက်ကူးရင်းနဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့ ဘဝကို မြင်ရတွေ့ရတဲ့အခါ **တစ်ဖက်သို့**









## တစ်ဖက်မှအဆက်

ရိုက်နေတုန်းတော့ မငိုပေမယ့် ရိုက်ကွင်းအပြင်မှာတော့ ငိုမိတယ်။ ကိုယ့်မြန်မာတွေဟာ ငွေကြေးပြေလည်ပေမယ့်တခြားသော အခွင့်အရေးတွေဆုံးရှုံးနေရတာကို မခံစားနိုင်ဘူး။ သူတို့ရဲ့ နေထိုင်ရှင်သန်မှုကိုကြည့်ပြီး အရမ်းစိတ်မကောင်းဖြစ်တယ်။ အဓိကက ပညာက အရမ်းအရေးကြီးတယ်။ ဒီပညာကိုဖြန့်ဝေပေးနေတဲ့ အဖွဲ့အစည်းကို သမီးတို့ ခုနစ်ရက်လောက် ကူညီပေးလိုက်ရတာ ဘာမှမပြောပလောက်ပါဘူး။ ကျေနပ်တယ်။ အဲဒီလိုအဖွဲ့အစည်းတွေ အများကြီးပေါ်လာစေချင်တယ်။ ဒီလိုရွှေ့ပြောင်းလုပ်သားတွေအတွက် တရားဝင်သွားလာလို့ရမယ့် လမ်းလေးတွေဖွင့်ပေး။ ဒါဆိုမသမာမှုတွေ၊ မှုခင်းတွေ နည်းသွားမယ်။

### ရဲတိုက်

ထိုင်းနိုင်ငံကို ရောက်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့ သားသမီးတွေအတွက် ပညာရေးဆိုတဲ့ အကြောင်းအရာက ကျွန်တော်တို့အတွက် လုံးဝစိမ်းတယ်။ ကျွန်တော် တစ်ခါမှမကြားဖူးဘူး။ ကျွန်တော့်ကို ဒီကားရိုက်ဖို့ ကမ်းလှမ်းတော့မှ မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့ သားသမီးတွေရှိပါလားလို့ သိခဲ့တာ။ တခြားလူတွေလည်း ကျွန်တော့်လိုပဲ ဒီကားကြည့်ပြီးရင် သိကြမယ်။ သိပြီးသွားရင် ဒီကိစ္စမှာ ပါဝင်ကူညီချင်တဲ့သူဖြစ်နေရင်တော့ဝင်ကူညီခွင့်ရတာပေါ့။ တစ်ဖက်မှာ ဒီကားရိုက်လိုက်ရလို့ ဒီဘက်မှာ လက်လွတ်သွားတဲ့ကားတွေရှိတယ်။ ဒါပေမဲ့ကိုယ်က ရိုက်မယ်၊ လှူမယ်လို့ဆုံးဖြတ်ထားပြီးသားပဲ။ ဒီဘက်က အလုပ်တွေက ပြန်လာမှ လုပ်လည်းရတာပဲ။ သရုပ်ဆောင်ခွင့်ရတာကိုကဝမ်းသာနေပြီ။ ဒီအခွင့်အရေးမျိုးရလာတဲ့အပေါ်မှာကျွန်တော် လုပ်ခွင့်ရတာကိုပဲ ပျော်ပါတယ်။

## စာ-၄၅၊ အိချောပိုနှင့် တွေ့ဆုံခြင်း မှ

ပွဲလုပ်တဲ့ ညမှာ ရုပ်ရှင်ကားကြီး ရိုက်မယ်လို့ ဦးလူမင်းက ပြောတယ်။ အဲဒါ ဒီအကြောင်းလည်း ပါတာပေါ့။ ပုံမှန်လေးလုပ်ပြီး ရိုက်လာတယ်။ ကိုယ့်ရဲ့ ကံတရားရော၊ အနုပညာပျိုးခင်းက အစ်ကိုတွေရဲ့ ဖေးမမှုကြောင့်ရော အိချောကြိုးစားမှုကြောင့်လို့လည်း ထင်ပါတယ်။

**ပျိုးခင်းရဲ့ စင်တင်မှုကိုခုလက်ရှိအချိန်ထိ ကျေနပ်အားရမှုရှိလား။ ဒီအစီအစဉ်က ဘယ်မင်းသား တွေနဲ့ ဘယ်နှကား ရိုက်ကူးပြီးသွားပြီလဲ။**

အားရကျေနပ်တာထက် အများကြီးကောင်းတဲ့ အခွင့်အရေးတစ်ခုလေ။ ပျိုးခင်းက ရိုက်တဲ့ကားဆို ကိုခန့်စည်သူနဲ့က ၂ကား၊ ကိုပြေတီနဲ့က တစ်ကား၊ ကိုနေတိုးနဲ့က တစ်ကား၊ အန်ကယ်လေးနဲ့တစ်ကား၊ ကိုမြင့်မြတ် နဲ့တစ်ကားပါ။

**ပျိုးခင်းက ရိုက်တဲ့ကားက တစ်ကားမှ မထွက်လာသေးဘူးဆိုတော့ ထွက်လာခဲ့ရင် အိချောရဲ့ ရင်ခုန်မှုက ဘယ်လိုရှိမလဲ။**

ထွက်လာမယ်ဆိုရင် ရင်ခုန်မှုက အများကြီးပဲ။ ဘာလို့လဲဆိုတော့ ကိုယ်လုပ်ထားတဲ့ သရုပ်ဆောင်မှုတွေကို ပရိသတ်တွေ ဘယ်လို အမှတ်ပေးကြမလဲ မသိဘူးလေ။ အရမ်းရင်ခုန်ပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်လို့။ ဝေဖန်ပေးကြပါလို့။ လိုအပ်တာရှိရင် အိချော အမြန်ဆုံး ပြင်ဆင်ပါမယ်လို့။

**ဒီထက်ပိုပြီး ဆင်ဆာအချက်တွေ လျှော့ပေါ့လာရင် သရုပ်ဆောင်တစ်ယောက်အနေနဲ့ ရိုက်ကူးဖို့ တွန့်ဆုတ်နိုင်မယ့် ဇာတ်ရုပ်မျိုးနဲ့ ကြုံတွေ့လာရင် ဘယ်လိုဖြေရှင်းသွားမလဲ။**

အိချောတို့က အသစ်ဆိုတော့ ဒါရိုက်တာတွေ ခိုင်းတာကို လုပ်ရမှာပေါ့။ ကာရိုက်တာအစုံလည်းလုပ်ချင်တယ်။ အဲဒီလောက်ထိ အကြီးကြီးထိတော့ ရိုက်ကြလိမ့်မယ် မထင်ပါဘူး။ အဲလောက်ထိ အရမ်းကို ဟိုဟာဖြစ်မယ့်ကာ ရိုက်တာမျိုးကျတော့လည်း အိချော က မရိုက်ရဲသေးဘူးပေါ့။

**ခုလက်ရှိမှာ အမျိုးသမီးသရုပ်ဆောင်တွေရဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ပတ်သက်လို့ ဝေဖန်မှုတွေထွက်ပေါ်နေတယ်။ အကောင်းမြင်တဲ့ ရှုထောင့်က ပြောကြသလို ဝေဖန်တဲ့ရှုထောင့်ကလည်း ပြောကြတယ်။ ကိုယ်တိုင်ကရော ဝတ်စားဆင်ယင်မှုအပိုင်းမှာ ဘယ်လိုသဘောထားလဲ။**

ဇာတ်လမ်းမှာဆိုရင်တော့ ကာရိုက်တာအရ ဝတ်စားဆင်ယင်ပါတယ်။ ကာရိုက်တာနဲ့ လိုက်မယ့် အဝတ်အစားမျိုးတွေ ဝတ်တယ်ပေါ့။ အပြင်မှာဆိုရင် ထသွား၊ ထလာရိုးရိုးပဲ တီရှပ်နဲ့ ဂျင်းပဲ ဝတ်ဖြစ်တယ်။ လူတစ်ယောက် အကြိုက်တစ်မျိုးစီဆိုတော့ တူတာ မဟုတ်ဘူး။ အိချောလည်း မပြောတတ်တော့ဘူး။

**ကိုယ်ရွေးချယ်ထားတဲ့ အနုပညာသမားတစ်ယောက်ရဲ့ဘဝကို ကျေနပ်မှု အပြည့်အဝရှိပါသလား။**

ရှိပါတယ်။ အပြည့်အဝ ရှိပြီလားဆိုတာထက် ဒီအလုပ်လုပ်ရတဲ့အတွက် ကျေနပ်ပါတယ်။

**အိချောက ကြော်ငြာတော်တော်များများမှာတွေ့လာရတယ်။ ကြော်ငြာရိုက်တော့ ဘယ်လို အတွေ့အကြုံတွေရလဲ။**

ကြော်ငြာ ရိုက်ရတာ ပျော်တယ်။ ဘာလို့လဲဆိုတော့ သီချင်းဆိုလည်း လိုက်ဆို၊ ကြော်ငြာကလည်း ပရိသတ်တော်တော်များများ သိတယ်။ အမြန်ဆုံးသိတယ်။ ကြော်ငြာနဲ့ ဇာတ်လမ်းက မတူဘူး။ ကြော်ငြာကလည်း စက္ကန့်ပိုင်းအတွင်းမှာ ပရိသတ်မျက်စိထဲ ဆွဲအောင်သရုပ်ဆောင်ရတယ်ဆိုတော့ ကြော်ငြာပိုင်းဆို သွက်သွက်လက်လက်လေး လုပ်တာပိုပြီး အဆင်ပြေမယ်ထင်တယ်။

**ပျိုးခင်းက သုံးယောက်လုံး ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားရော ရှိလား။**

ရှိတယ်။ 'ခန္ဓာငါးပါး'ဆိုတဲ့ ကားလေး။ ဒါရိုက်တာဦးမျိုးမင်း။ အခုတော့ မထွက်သေးဘူး။ ဇာတ်လမ်းက အဲဒီကားမှာ အိချောက ယောကျ်ားလေးပုံစံ၊ အလှအပ သိပ်မကြိုက်ဘူး။ ယောကျ်ားနည်းနည်း ဆန်တယ်။ သွက်သွက်လက်လက် အင်ဂျင်နီယာမပေါ့။ ယုသန္တာတင်က ယဉ်ကျေးမှုက ရိုးရိုးအေးအေးလေး ဆရာမ။ သူက ကိုကျော်ကျော်ဗိုရဲ့ မိန်းမ ကျောင်းပြန်တဲ့ အချိန်မှာ ကားတိုက်၊ အိချောက တိုက်ပေါ်က ပြုတ်ကျပြီး ဝိဉာဉ်ချိန်းသွားတယ်။ ရွှေမှုံ့ရတီက သူ့အစ်ကို ကိုမြင့်မြတ် သေသွားတာ မသိဘဲနဲ့ ပျောက်သွားတယ်ဆိုပြီး လာရှာတာ။ အဲဒီလိုမျိုးလေး။

**အိချောက နယ်ပွဲတွေမှာ သီချင်းတွေ ဆိုဖြစ်တယ်လို့ သိရတယ်။ ဘယ်လိုဆိုဖြစ်ခဲ့တာလဲ။**

နယ်ပွဲမှာ သီချင်းဆိုဖြစ်တာက သင်္ကြန်တွင်းပါ။ ဆိုဖြစ်တာများပါတယ်။ ပရိသတ်တွေတောင်းဆိုတော့ ဆိုပေးဖြစ်တယ်ပေါ့နော်။ သင်္ကြန်ဆိုတော့ သင်္ကြန်တွင်းနဲ့ လိုက်မယ့် သီချင်းမျိုး။ ခပ်မိုက်မိုက် သီချင်းမျိုးပေါ့။ အဆိုတော်အားလုံးကို သဘောကျပါတယ်။

**အနုပညာပျိုးခင်းက အိချောတို့ကို သရုပ်ဆောင်အဖြစ် ရွေးချယ်ထားတာဆိုတော့ အခုလို နယ်ပွဲတွေမှာ သီချင်းဆိုတာကို ပျိုးခင်းက ဘာပြောသေးလဲ။**

ဘာမှမဖြစ်ဘူးအစ်မ။ သရုပ်ဆောင်အဖြစ် ရွေးထားတာ ဆိုပေမယ့်လည်းနဂိုကတည်းကနားလည်ပေးတယ်။ တခြားအပြင် ကုမ္ပဏီက ခေါ်ရိုက်ရင် သူတို့ထဲက တစ်ယောက်ပါရင်ရတယ်။ ရိုက်ခွင့်ပေးတယ်။ ရုပ်ရှင်ဆိုလည်း ရိုက်ခွင့်ပေးတယ်။ ကြော်ငြာဆိုလည်း လွတ်လပ်စွာ ရိုက်ပိုင်ခွင့်ရှိတယ်။ သီချင်းဆိုတာလည်း ကိုယ့်ရဲ့ရွေးချယ်မှုပဲ။ ဘာမှ မပြောပါဘူး။ ဆိုပေါ့။ အနုပညာအလုပ်လုပ်တာပဲ ကောင်းပါတယ်။ အဲလို ပြောတယ်။

**ဆရာဓိရာမိုရ်က အိချောအတွက် သီချင်းတွေ ရေးပေးတယ်လို့ သိရတယ်။ သီချင်း အပ်ဖြစ်တာက။**

ဆရာက အမျိုးသား ယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်က ကျောင်းဆရာဆိုတော့ ဆရာ့ကို သင်္ကြန်တွင်းမှာ သူများသီချင်းလည်း ဆိုရတယ်။ ကိုယ့်သီချင်းလေးလည်း ဆိုချင်တယ်။ ဆရာဓိရာမိုရ်ကငါးပုဒ်ရေးပေးတာ။ အဲဒီသီချင်းလေးလည်း ဆိုဖြစ်တယ်။ နယ်ပွဲတွေမှာ ဆိုဖြစ်တယ်။ အပြင်မှာတော့ မထွက်ဘူးပေါ့နော်။ ကိုယ့်ဘာကို ဆိုထားတာ။

**သရဲကားတွေ အရိုက်များလာကြတယ်လေ။ အခု အိချောရော သရဲကားရိုက်ထားတာရှိလား။**

ဂျပန် သရဲကား ဦးလူမင်းနဲ့ အဲဒါပျိုးခင်းက ရိုက်တဲ့ကား။ ကားနာမည်က "ကား"တဲ့။ ဂျပန်က ပြိုင်ကားလေးကို ဝယ်လိုက်တာ။ ဂျပန်သရဲက ပါလာတာ။ ဂျပန်သရဲလုပ်ရတာ။ ဂျပန်လိုလည်း ပြောရတယ်။ မြန်မာလိုလည်း ပြောရတယ်။ ဂျပန်နဲ့ မြန်မာနဲ့ ကပြား သရဲမလေးက ခြောက်တာပေါ့။

**အိချောရဲ့ အနုပညာလှုပ်ရှားမှုနဲ့ ပရိသတ်ကို ပြောချင်တဲ့ စကားက**

ဒါရိုက်တာ ဦးမျိုးမင်းနဲ့ 'သူခိုးမှတ်တမ်း'ဆိုတဲ့ ကားလေးကို ကိုကျော်ကျော်ဗိုနဲ့ ရိုက်နေတယ်။ ကိုမြင့်မြတ်နဲ့လည်း ရိုက်ဖို့ရှိမယ်။ ပျိုးခင်းက အစ်ကိုတွေနဲ့လည်း ရိုက်ဖို့ရှိပါတယ်။ အိချော အခုလက်ရှိ ပျိုးခင်းရဲ့ ကားတွေမထွက်သေးပါဘူး။ ထွက်လာရင် အားပေးကြပါလို့ လိုအပ်တာရှိရင် ဖြည့်ပြီးတော့ ကြည့်ပေးကြပါလို့။

## "ကျွန်မ၏သစ်ပင်" ဇာတ်ကားရိုက်ရန် စိုင်းစိုင်းခမ်းလှိုင် ဆက်လက် ကြိုးစားနေ

**အေးသူစံ**

**ရန်ကုန်၊ မေ - ၂၄**

ဗီဒီယိုနှင့် ဒီဗီဒီဇာတ်ကားရိုက်ကူးမှုများ ဆက်တိုက်လုပ်ဆောင်နေသည့် စိုင်းစိုင်းခမ်းလှိုင်က စာရေးဆရာမဂျူး၏ ဝတ္ထုဖြစ်သော 'ကျွန်မ၏သစ်ပင်'အား ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရန် ဒါရိုက်တာမရှိဖြစ်နေကြောင်း ပြောသည်။

ဂျူး၏ဝတ္ထုကိုပြန်လည်ရိုက်ကူးမည့် စိုင်းစိုင်းခမ်းလှိုင်၏ သရုပ်ဆောင်မှုအပေါ် ဝေဖန်ပြောကြားမှုများ အင်တာနက်နှင့် ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာများပေါ်တွင် ပျံ့နှံ့ခဲ့သော်လည်း ဝေဖန်မှုများအပေါ် အကောင်းမြင်သည့်ရှုထောင့်ဖြင့် လက်ခံဖြေကြားထားသည့် စိုင်းစိုင်းခမ်းလှိုင်က " 'ကျွန်မ၏သစ်ပင်'ဝတ္ထုကို ဆက်ရိုက်ဖို့ကတော့ ကျွန်တော်ဆက်လက်ကြိုးစားနေပါတယ်။ ကျွန်တော့်မှာ အဲဒီဝတ္ထုအတွက် ဒါရိုက်တာ မရှိသေးပါဘူး"ဟု စိုင်းစိုင်းခမ်းလှိုင်ကပြောသည်။

ယင်းဇာတ်ကားကို ယခင်က ဒါရိုက်တာဝိုင်းနှင့် ရိုက်ကူးရန် စီစဉ်ထားသော်လည်း ဒါရိုက်တာဘက်မှ မရိုက်လိုဟုပြောကြားလာခဲ့ခြင်းကြောင့် ဒါရိုက်တာဝိုင်း နောက်ပိုင်း ရိုက်ကူးမည့် ဒါရိုက်တာကို မရွေးချယ်ရသေးခြင်းဖြစ်သည်။ ယခုလဆန်းပိုင်းတွင် ဒီဗီဒီအဖြစ် ရုံတင်ပြသတော့မည့် 'ရက်(ပ်)ပါရွှေရိုး'ဇာတ်ကား၌ဇာတ်စရိုက်နှင့် ထပ်တူနီးပါးကျအောင် သရုပ်ဆောင်နိုင်ခဲ့ပြီး ယင်းဇာတ်ကားတွင် လိုအပ်ချက်အရ ၎င်း၏ တေးသီချင်းများစွာ ထည့်သွင်းထားကာ "ဒီရွှေရိုးကားတစ်ခုလုံးရဲ့ Presentation၊ သီချင်း၊ ဒိုင်ယာလော့ခ်ကအစ ဒါရိုက်တာရဲ့ ဇာတ်လမ်းဇာတ်ညွှန်းအပိုင်းဖြစ်ပြီးတော့ ကျွန်တော်က သရုပ်ဆောင်ပိုင်းကိုပဲ တာဝန်ယူထားတာပါ။ ဒီလိုဇာတ်ကောင်မျိုးကိုတော့ ရှေ့မှာ မရိုက်ဖူးသေးပါဘူး"ဟုပြောသည်။ စိုင်းစိုင်းခမ်းလှိုင်သည်လတ်တလောတွင် ပြင်ဦးလွင်မြို့၌ ဇာတ်ကားလေးကားကို သင်ဇာဝင့်ကျော်၊ သက်မွန်မြင့်၊ စိုးပြည့်သဇင်တို့နှင့် ရိုက်ကူးခဲ့သည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Marvel's The Avengers | Walt Disney | ၄၅၇,၆၆၆,၀၀၀ | ၃ |
| ၂။ | Battleship | Universal Picture | ၂၅,၅၃၄,၈၀၀ | ၁ |
| ၃။ | The Dictator | Paramount Pictures | ၂၄,၄၇၆,၂၀၀ | ၁ |
| ၄။ | Dark Shadows | Warner Bros. Pictures | ၅၀,၇၂၀,၈၀၀ | ၂ |
| ၅။ | What To Expect When You're Expecting | Lionsgate | ၁၀,၅၄၇,၁၀၀ | ၁ |
| ၆။ | The Best Exotic Marigold Hotel | Fox Searchlight Pictures | ၈,၂၂၈,၀၂၀ | ၃ |
| ၇။ | The Hunger Games | Lionsgate | ၃၉၁,၅၈၁,၀၀၀ | ၉ |
| ၈။ | Think Like A Man | Screen Gems | ၈၅,၈၃၈,၅၀၀ | ၅ |
| ၉။ | The Lucky One | Warner Bros. Pictures | ၅၆,၉၃၄,၆၀၀ | ၅ |
| ၁၀။ | The Pirates! Band of Misfits | Sony Pictures | ၂၅,၄၉၀,၁၀၀ | ၄ |

## Movie Review

### Snow White & The Huntsman




စနိုးဝှိုက်သည် ဇဗ္ဗူမြေတစ်ခုလုံးတွင် ယုတ်မာရက်စက်သော ဘုရင်မကြီးထက် ပို၍ ချောမောလှပသော အမျိုးသမီးဖြစ်သည်။ ထိုအတွက်ဘုရင်မကြီးက မနာလိုဘဲ စနိုးဝှိုက်အား လက်စဖျောက်ရန် ကြံစည်သည်။ သို့သော် စနိုးဝှိုက်က သူမ၏ အုပ်ချုပ်မှုကို ခြိမ်းခြောက်နိုင်လိမ့်မည်ဟု မည်သည့် အချိန်ကမျှ မယူဆခဲ့။ သို့သော် တစ်ဖက်တွင် စနိုးဝှိုက်ကို လက်စဖျောက်ရန် စေလွှတ်လိုက်သူနဲ့ စနိုးဝှိုက်တို့ ပူးပေါင်းပြီး ဘုရင်မကြီးကို ဖျက်ဆီးရန်ကြိုးစားသောအခါ . . . ။

စွန့်စားခန်း၊ အက်ရှင်၊ သိပ္ပံစိတ်ကူးယဉ်များ ပေါင်းစပ်ထား သော ဇာတ်ကားအား ဒါရိုက်တာ Rupert Sanders က ရိုက်ကူးထားပြီး Kristen Stewart, Chris Hemsworth, Charlize Theronတို့ ဦးဆောင်ပါဝင်ထားသည်။ Universal Pictures က ဇွန် ၁ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# အိုင်ဗင်ကိုလက် ရန်ကုန်ယူနိုက်တက်နည်းပြဖြစ်လာ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ- ၂၆**

မြန်မာနေရှင်နယ်လိဂ် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် ရာထူးမှ နုတ်ထွက်သွားသည့် နည်းပြချုပ် အဲရစ်ဝီလျံနေရာအတွက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြဟောင်း ဘူလ်ဂေးရီးယားလူမျိုး အိုင်ဗန်ကိုလက်အား ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အိုင်ဗန်ကိုလက်သည် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မေ ၂၄ ရက်က ငါးလသက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ လစာငွေကိုမူ အသင်းမှ ထုတ်ပြန်ကြေညာခြင်း မရှိပေ။ အဆိုပါ ဘူလ်ဂေးရီးယားနည်းပြသည် လောလောဆယ်တွင် အသင်းကို ကိုင်တွယ်ဦးမည်မဟုတ်ဘဲ လာမည့် ဇူလိုင် ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဟံသာဝတီနှင့် ပွဲစဉ်မှ စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်သည် ပြီးခဲ့သည့် မေ ၁၃ ရက်က ကမ္ဘောဇအသင်းနှင့် သရေကျသည့် ပွဲစဉ်အပြီးတွင် ဗြိတိန်လူမျိုး အဲရစ်ဝီလျံ နုတ်ထွက်သွားပြီးနောက် လက်ထောက်နည်းပြ ဦးတင်မောင်ထွန်းကို ယာယီနည်းပြအဖြစ် တာဝန်ပေးခဲ့သည်။ မေ ၂၆ ရက်က မုံရွာတွင် ဇေယျာရွှေမြေအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်၌ အိုင်ဗင်ကိုလက်သည် လေ့လာသူအဖြစ် လိုက်ပါခဲ့ကြောင်း သိရသည်။



**ရန်ကုန်ယူနိုက်တက်၏ နည်းပြသစ်ဖြစ်လာသော အိုင်ဗင်ကိုလက်**

အိုင်ဗင်ကိုလက်သည် မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၀၄ ခုနှစ်က ကိုင်တွယ်ခဲ့ဖူးပြီး ၂၀၀၄ ခုနှစ် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအဆင့်အထိ ရောက်အောင် စွမ်းဆောင်ပေးခဲ့သည်။ "အဲရစ်မရှိတဲ့နောက်ပိုင်း အသင်းကို အေးဂျင့်ကိုးခုလောက်က ပြည်ပနည်းပြဆရာနှစ်ဆယ်ကျော်လောက်နဲ့ လာရောက်ချိတ်ဆက်ကြပါတယ်။ အဲဒီအထဲက အသင့်တော်ဆုံးဖြစ်မယ့်သူကို ရွေးချယ်ခန့်ထားခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်ယူနိုက်တက်အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရန်ကုန်မြို့တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၃**

ဆုကြေးငွေစုစုပေါင်း ကျပ်သိန်း ၂၀ ကျော် ချီးမြှင့်မည့် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲအား ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်းနှင့် လူသစ်တန်း၊ အမျိုးသမီး အလွတ်တန်း စုစုပေါင်း ပြိုင်ပွဲအမျိုးအစားရှစ်မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။

အမျိုးသား အလွတ်တန်း ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူများ၊ ပြည်ပပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ဖူးသူများ ဦးရေအကန့်အသတ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ လူသစ်တန်းပြိုင်ပွဲများတွင်မူ အလွတ်တန်းပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ဖူးသူများ၊ အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့် ငြိစွန်းသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းနှင့် အမျိုးသမီးပြိုင်ပွဲများတွင်မူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၌ ပထမ ကျပ်သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း၊ Hoop Takraw ပြိုင်ပွဲ၊ (အလွတ်တန်း၊ လူသစ်တန်း)အဖွဲ့လိုက်ပြိုင်ပွဲများတွင် ပထမ ကျပ်နှစ်သိန်း၊ ဒုတိယ ကျပ်တစ်သိန်းခွဲ၊ တတိယ

**စာ(၄၇)သို့**

# လက်ရွေးစင်လက်ဝှေ့သမားများ ကာဇက်စတန်သို့ သွားရောက်လေ့ကျင့်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ- ၂၆**

အားကစားသမား ၁၃ ဦးပါဝင်သော မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားအဖွဲ့သည် ကာဇက်စတန်နိုင်ငံသို့ ငါးပတ်ကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမျိုးသား လက်ရွေးစင် ၅ ဦးနှင့် လူငယ်လက်ရွေးစင် ၈ ဦးပါဝင်သော မြန်မာလက်ဝှေ့အဖွဲ့သည် မေ ၂၈ ရက်မှ ဇူလိုင် ၆ ရက်အထိ ကာဇက်စတန်နိုင်ငံ၊ အယ်မာတီမြို့တွင် နိုင်ငံရှိ လက်ရွေးစင်အဆင့် ကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ သတင်းရရှိသည်။

**စာ(၄၇)သို့**




7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# အဖွဲ့ချုပ်အမျိုးသမီးများဖလား ကချင်ပြည်နယ်အသင်းနှင့် စံမြန်မာအသင်း ခြေစစ်ပွဲအောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဖလား (MFF Women's Cup 2012) ပြိုင်ပွဲခြေစစ်ပွဲစဉ်များအပြီးတွင်ကချင်ပြည်နယ်အသင်းနှင့် စံမြန်မာအသင်းတို့သည် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ယင်းခြေစစ်ပွဲအဆင့်တွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်အတူ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ အမှတ်အများဆုံးရရှိခဲ့သည့် အဆိုပါနှစ်သင်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲအဆင့် ပွဲစဉ်များတွင်ကချင်ပြည်နယ်အသင်းသည် လေးပွဲကစားသုံးပွဲနိုင်၊တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် ရှုံးပွဲမရှိ အုပ်စုဗိုလ်နေရာမှ ခြေစစ်ပွဲ အောင်မြင်ခဲ့ကာ စံမြန်မာအသင်းသည်လည်းလေးပွဲကစားသုံးပွဲနိုင်၊တစ်ပွဲရှုံး ရမှတ် ၉ မှတ်ဖြင့် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲအောင်နှစ်သင်းနှင့်အတူ ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေး၊ အမှတ်(၃) အခြေခံ(က)၊ အမှတ်(၃)အခြေခံ(ခ)အသင်းစုစုပေါင်းရှစ်သင်းတို့၏ နောက်ဆုံးအဆင့်ပွဲစဉ်များကိုမေလ ၂၅ရက်မှစတင်ကာ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်များအားလုံးကို ညနေ ၄ နာရီမှစတင်ကာ ပဒုမ္မာကွင်းတွင်စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး၊ အမှတ်အများဆုံးနှစ်သင်းသည် ဇူလိုင် ၂၇ရက်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဗိုလ်စွဲသည့် အသင်းအား ကျပ်သိန်း ၃၀ နှင့်ဒုတိယဆုကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ ခြေစွမ်းအလားအလာရှိသည့် ကစားသမားများကို လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ရွေးချယ်သွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။




# အာရှလူငယ် ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၃**

(၁၅)ကြိမ်မြောက် အာရှလူငယ် ပြေးခုန်ပစ်ပြိုင်ပွဲ (The 15th Asian Junior Athletics Championship) သို့ မြန်မာပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇွန်လ ၉ ရက်မှ ၁၂ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင်ကျင်းပမည်ဖြစ်ကာ မြန်မာနိုင်ငံမှ လူငယ်အားကစားသမားသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အသက် ၂၀နှစ်အောက်သတ်မှတ်ထားသည့် ယင်းပြိုင်ပွဲ၏ မီတာ ၅,၀၀၀၊ ၁၀,၀၀၀ ပြိုင်ပွဲ၌သောင်းအေးကလည်းကောင်း၊ မီတာ ၁,၅၀၀၊ ၃,၀၀၀ တားဆီးကျော်ပြိုင်ပွဲ၌ ချမ်းမြေ့အောင်ကလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ဆွေလီမြင့်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိပဏာမအားကစားသမားတွေထဲက အသက်လည်းမီပြီး၊စံချိန်ကောင်းတဲ့လူငယ်တွေကို ဒီပြိုင်ပွဲအတွက် ရွေးချယ်ယှဉ်ပြိုင်စေတာပါ။ လူငယ်တွေအတွက် အခွင့်အလမ်းရရှိစေပြီး လာမယ့်ဆီးဂိမ်းအတွက် အကြိုဒေသတွင်း လူငယ်ကစားသမားတွေရဲ့ အခြေအနေကိုလည်း အကဲခတ်ခွင့်ရရှိစေမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင် ပြေးခုန်ပစ်အားကစားသမား စုစုပေါင်း ၃၉ဦး(အမျိုးသား ၂၁ဦး၊ အမျိုးသမီး ၁၈ဦး) ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး ဂျပန်နည်းပြဆရာနှင့် လေ့ကျင့်လျက်ရှိသော ပြေးခုန်ပစ်အဖွဲ့သည် ပြင်ဦးလွင်မြို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်းသိရသည်။

# အပျော်တန်း ဂေါက်သီးပြိုင်ပွဲ ဇွန်လတွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၆**

ပြည်ပအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၂ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ (TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP) ကို ဇွန်လတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇွန်လ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့၊ ရန်ကုန်ဂေါက်ကလပ် (တည်းကုန်း)တွင် ကျင်းပမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပကစားသမားတစ်ရာကျော် ဝင်ရောက်ယှဉ်ပြိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

နှစ်စဉ်ပြုလုပ်သည့် အဆိုပါပြိုင်ပွဲကို ၂၀၀၇ ခုနှစ်နောက်ပိုင်းယခုနှစ်တွင် ပြည်ပအားကစားသမားများအား ပြန်လည်ဖိတ်ခေါ်ကျင်းပခြင်းဖြစ်ကာ အာဆီယံနိုင်ငံအားလုံးမှ ကစားသမားများကို ဖိတ်ကြားထားကြောင်း သိရသည်။

"အာဆီယံဆယ်နိုင်ငံလုံးက ကစားသမားတွေကို ဖိတ်ကြားထားပါတယ်။ လက်ရှိလေးနိုင်ငံက ကစားသမား ဆယ်ဦးလောက်ဆီက အကြောင်းပြန်စာ ရရှိထားပါပြီ။ ထပ်တိုးလာဖို့ပဲ ရှိပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက မေလ ၂၆ ရက်တွင် ပြောသည်။

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'CAP 0-12)အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့် ပြုမည်ဖြစ်ပြီး R&A RULES LIMITED (ST. ANDREW) ဂေါက်သီးစည်းမျဉ်း အတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည်ပြိုင်ပွဲဝင်ကြေး ငွေကျပ် နှစ်သောင်းနှင့်အတူ ဇွန်လ ၃ ရက်နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်ကာ ဖုန်း(၀၉-၂၀၃၇၆၇၁) သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ယခုနှစ်ပြုလုပ်သည့် အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်က အဓိက ကူညီပံ့ပိုးခြင်းဖြစ်ကြောင်း သိရသည်။

စာ(၄၆) - လက်ရွေးစင်လက်ဝှေ့သမားများ ကာဇက်စတန်သို့ သွားရောက်လေ့ကျင့် မှ



"ကာဇက်စတန်လက်ရွေးစင်၊ လူငယ်လက်ရွေးစင် ကစားသမားတွေနဲ့ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်မှာ ဖြစ်တဲ့အပြင် ဒေသတွင်းပြိုင်ပွဲတွေကိုလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက်ပြင်ဆင်မှုများပြုလုပ်နေသောလက်ဝှေ့အားကစားအဖွဲ့သည်လက်ရှိတွင်အဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ၁၀ ဦး၊ လူငယ်လက်ရွေးစင် ၁၈ ဦး၊ အမျိုးသမီးလက်ရွေးစင် ၁၂ ဦး၊ စုစုပေါင်း အားကစားသမား ၄၀ ဦးအား ကာဇက်စတန်နည်းပြဆရာဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

"ကမ္ဘာ့ချန်ပီယံ၊အိုလံပစ်ချန်ပီယံ၊ အာရှချန်ပီယံတွေ ထွက်တဲ့ ကာဇက်စတန်နိုင်ငံမျိုးမှာ ပူးတွဲလေ့ကျင့်မှုတွေ လုပ်မှာဖြစ်တဲ့အတွက် အကျိုးရှိစေပါတယ်။ ပြည်တွင်းမှာက လေ့ကျင့်ဘက်ရှားတယ်လေ။ ဟိုမှာကျတော့ လေ့ကျင့်ဘက်မျိုးစုံနဲ့ တွေ့ရမယ်။ နည်းစနစ်ပိုင်း၊ နည်းဗျူဟာပိုင်းတွေ၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေအနေနဲ့ အများကြီးတိုးတက်လာမှာပါ" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

စာ(၄၆) - ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရန်ကုန်မြို့တွင် ကျင်းပမည် မှ

ကျပ်တစ်သိန်း၊ အမျိုးသား(အလွတ်တန်း၊ လူသစ်တန်း) နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ကျပ်တစ်သိန်းခွဲ၊ ဒုတိယ ကျပ်တစ်သိန်း၊ တတိယ ကျပ်ခုနစ်သောင်းခွဲ၊ အမျိုးသားအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ကျပ်နှစ်သိန်း၊ ဒုတိယ ကျပ်တစ်သိန်းခွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ကျပ်တစ်သိန်းခွဲနှင့် ဒုတိယ ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများသည် အဖွဲ့ချုပ်ရုံး (သုဝဏ္ဏ) ဖုန်း-၀၁-၅၇၇၄၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး၊ ဇွန်လ ၂၂ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ၂၀၁၄ ဘရာဇီး ကမ္ဘာ့ဖလားအတွက် စီမံကိန်းများ ငါးရာခိုင်နှုန်းသာ ပြီးစီးသေး


Photo - Reuters

**ရီယိုဒီဂျနေးရိုး၊ မေ-၂၄**

လာမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဘရာဇီးနိုင်ငံတွင် အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများမှာ ငါးရာခိုင်နှုန်းမျှသာ ပြီးစီးသေးကြောင်း အစိုးရက ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ စီမံကိန်းများတွင် ဘောလုံးကွင်းများကိုပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပါဝင်ပြီး ဖီဖာ၏နိုင်ငံတကာပွဲများအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရမည်ဖြစ်သည်။ အခြားစီမံကိန်းများတွင်မူ လေဆိပ်နှင့် ဆိပ်ကမ်းများ တိုးချဲ့ခြင်း၊ တည်ဆောက်ခြင်းနှင့် မြို့ပြဆက်သွယ်သွားလာရေးဆိုင်ရာ စီမံကိန်းများ ပါဝင်သည်။

ဘရာဇီးအစိုးရ၏ အဆိုအရ စီမံကိန်းများ၏ ၄၁ ရာခိုင်နှုန်း မှာ ယခုအချိန်မှ စတင်နေပြီး ၁၅ ရာခိုင်နှုန်းခန့်မှာ အများပြည်သူသို့ လုပ်ကိုင်ရန် ကမ်းလှမ်းဆဲဖြစ်ကာ ၁၇ ရာခိုင်နှုန်းမှာ ကမ်းလှမ်းမှုများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဟု ဆိုသည်။

မြို့ပြသွားလာရေး လုပ်ငန်းများတွင်လည်း ၄၅ ရာခိုင်နှုန်းခန့်မှာ စတင်ခြင်း မရှိသေးဘဲ ပြိုင်ပွဲတွင် အသုံးပြုမည့် လေဆိပ် ၃၁ ခုမှ ၁၃ ခုမှာ ပြင်ဆင်မွမ်းမံမှုများ ယခုအထိ မစတင်နိုင်သေးဟု သိရသည်။ သို့သော် အစိုးရက အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်းမြင်နေပြီး အားကစားဝန်ကြီး အယ်လ်ဒိုရီဘယ်လိုကလည်း လုပ်ငန်းများ အချိန်မီပြီးစီးမည်ဟု ဆိုထားသည်။

—Ref: Xinhua




# စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ဘာစီလိုနာ ဂိုးပြတ်ဖြင့် ဗိုလ်စွဲ

**မတ်ဒရစ်၊ မေ-၂၆**

ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲမှ ထွက်ခွာခဲ့ရသော စပိန်ထိပ်သီး ဘာစီလိုနာအသင်းသည် ယမန်နေ့က ကျင်းပခဲ့သော စပိန်ဘုရင့်ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် အက်သလက်တစ်ဘီဘာအိုအား ၃ ဂိုးပြတ်ဖြင့် အနိုင်ရကာ ယခုရာသီအတွက် အဓိကဖလားတစ်လုံး ရရှိသွားခဲ့သည်။

ယခုပွဲသည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာမည်ဟု ကြေညာခဲ့သော နည်းပြ ဂွါဒီယိုလာအတွက် နောက်ဆုံးအနိုင်နှင့် နှုတ်ဆက်သည့်ပွဲလည်း ဖြစ်ခဲ့သည်။

ဘာစီလိုနာအတွက် ဂိုးများကို ၎င်း၏ ယခုရာသီ ၇၃ ဂိုးမြောက်အဖြစ် မက်ဆီက တစ်ဂိုးနှင့် ပက်ဒရို ရိုဒရီဂွက်ဇ်က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဂွါဒီယိုလာသည် ဘာစီလိုနာကို ကိုင်တွယ်စဉ်အတွင်း လေးနှစ်တာကာလအတွင်း စပိန်လာလီဂါချန်ပီယံဆုသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဆုနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစပါဖလားနှစ်ကြိမ်၊ စပိန်စူပါဖလားသုံးကြိမ်နှင့် စပိန်ဘုရင့်ဖလား နှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဂွါဒီယိုလာသည် ဘာကာကို ကိုင်တွယ်သည့် လေးနှစ်အတွင်း ဘီဘာအိုအား လုံးဝရှုံးနိမ့်ဖူးခြင်းမရှိဟု သိရသည်။

ဘာစီလိုနာသည် စပိန်နိုင်ငံတွင် ဘုရင့်ဖလား (၂၆)ကြိမ် ရရှိထားပြီး ယင်းနောက်တွင် ဘီဘာအိုမှာ ၂၃ ကြိမ် ရထားသည်။

—Ref:AP

# ၂၀၂၀ အိုလံပစ် အိမ်ရှင်ဖြစ်ရေး မက်ဒရစ် တိုကျိုနှင့် အစ္စတန်ဘူလ်မြို့တော်များ ယှဉ်ပြိုင်မည်



Photo - AP

**အော့တဝါ၊ မေ-၂၅**

လာမည့် ၂၀၂၀ အိုလံပစ်ပွဲကျင်းပခွင့်ရရေးအတွက် နောက်ဆုံးယှဉ်ပြိုင် အရွေးခံရမည့်မြို့သုံးမြို့မှာ စပိန်မှ မက်ဒရစ်၊ ဂျပန်မှ တိုကျိုနှင့် တူရကီမှ အစ္စတန်ဘူလ်တို့ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီ အိုင်အိုစီက ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုကဲ့သို့ကော်မတီ၏ ရွေးချယ်ဆုံးဖြတ်မှုကြောင့် မူလက လျှောက်ထားခဲ့သည့် ကာတာ၏ မြို့တော်ဒိုဟာနှင့် အဇာဘိုင်ဂျန်မြို့တော် ဘာကူတို့မှာ စာရင်းမှ ပယ်ဖျက်ခံရပြီ ဖြစ်သည်။

အဆိုပါ မြို့တော်နှစ်ခုမှာ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကျင်းပခွင့် လျှောက်ထားရာ၌လည်း အပယ်ခံခဲ့ရသည်။ အိုင်အိုစီသည် ၂၀၂၀ အိုလံပစ်အတွက် အိမ်ရှင်ကို လာမည့် ၂၀၁၃ စက်တင်ဘာ ၇ ရက်တွင် ဗြူနိုအေးရိစ်မြို့၌ အစည်းအဝေးပြုလုပ်ကာ မဲပေးရွေးချယ်မည် ဖြစ်သည်။

—Ref: Xinhua

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012



# ယူရိုဇုန် အကျပ်အတည်း အရှေ့အာရှ စီးပွားရေးကိုပါ ထိခိုက်နိုင်

**လန်ဒန်၊ မေ - ၂၂**

ယူရိုဇုန် ငွေကြေးအကျပ်အတည်းသည် အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်နိုင်ကြောင်း ကမ္ဘာ့ဘဏ်က သတိပေး ပြောကြားလိုက်သည်။ ယူရိုဇုန်ပြဿနာ ဆက်လက်ဖြစ်ပေါ်နေပါက အရှေ့အာရှ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သလို အရှေ့အာရှမှ ကုန်ပစ္စည်းတင်ပို့မှုများလည်း လျော့ကျနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ထို့အတွက် ယင်းနိုင်ငံများအနေဖြင့် ၎င်းတို့စီးပွားရေးကိုပြန်လည်ထိန်းညှိရန်နှင့် ဖွံ့ဖြိုးမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ပြည်တွင်းဝယ်လိုအားကို အားပေးရမည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။

တရုတ်နိုင်ငံတွင် မူလက မျှော်မှန်းထားသည်ထက် စီးပွားရေးပိုမိုနှေးကွေးလာခြင်းကလည်း အရှေ့အာရှဒေသအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာကြောင်း ကမ္ဘာ့ဘဏ်က သတိပေးခဲ့သည်။

တရုတ်နိုင်ငံမှာ အရှေ့အာရှဒေသ၏ စုစုပေါင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ) ၈၀ ရာခိုင်နှုန်းထုတ်လုပ်ပေးနေသလို တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်များမှာလည်း ဒေသအတွက် အရေးပါကြောင်း၊ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းမှုလည်း များပြားလာနေရာ ယင်းနိုင်ငံတွင် စီးပွားရေးနှေးကွေးလာခြင်းက ဒေသတစ်ခုလုံးကိုပါ ဆွဲချသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

—Ref: BBC




Photo - AFP

# ကမ္ဘာ့အမြင့်ဆုံးတာဝါ တိုကျိုတွင် ဖွင့်လှစ်

**တိုကျို၊ မေ - ၂၂**

ကမ္ဘာ့အမြင့်ဆုံးမျှော်စင်ဖြစ်လာသည့်တိုကျိုစကိုင်းထရီးအဆောက်အအုံကို ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် မေ ၂၂ ရက်က ဖွင့်လှစ်ခဲ့ရာ ဧည့်သည်ထောင်ပေါင်းများစွာ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ တာဝါအဆောက်အအုံတွင် စျေးဝယ်စင်တာနှင့် ကလေးကစားကွင်းတို့လည်းပါဝင်ပြီး ထိုနေ့မှာပင် ဖွင့်လှစ်ခဲ့သည်။ သို့သော် တာဝါ၏ အမြင့် ၃၅၀ မီတာတွင်ရှိသော ရှုခင်းကြည့်ရာ နေရာမှာမူ မိုးရွာသွန်းနေမှုကြောင့် ဧည့်သည်များ ကြည့်ခွင့်မရခဲ့ကြောင်း သိရသည်။

တိုကျိုစကိုင်းထရီးတာဝါသည် အမြင့် ၆၃၄ မီတာ(၂၀၈၀ ပေ)ရှိပြီး ကမ္ဘာ့အမြင့်ဆုံးတာဝါဖြစ်ကာ ကမ္ဘာ့ဒုတိယအမြင့်ဆုံး အဆောက်အအုံလည်းဖြစ်သည်။ လက်ရှိတွင် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံမှာ ဒူဘိုင်းမှ ၈၂၈ မီတာမြင့်သော ဘာ့ဂ်ျခါလီဖာအဆောက်အအုံဖြစ်သည်။

တိုကျိုစကိုင်းထရီးတာဝါ နောက်တွင် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ရှိ မီတာ ၆၀၀ မြင့်သော ကန်တုံတာဝါနှင့် တိုရွန်တိုမြို့တော်ရှိ မီတာ ၅၅၃ မြင့်သော စီအန်တာဝါတို့ရှိသည်။

—*Ref: AFP*

# ရုရှားတွင် နိုင်ငံရေး အကျပ်အတည်း ကြုံတွေ့ရနိုင်ဟု အစီရင်ခံစာဖော်ပြ

**မော်စကို၊ မေ - ၂၄**

အစိုးရနှင့်အတိုက်အခံများအကြား ပြိုင်ဆိုင်မှုပြင်းထန်နေခြင်းကြောင့် ရုရှားနိုင်ငံတွင် ကြီးမားကျယ်ပြန့်သော နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ရင်ဆိုင်ရနိုင်ပြီး ယင်းမှနေ၍ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ကို သိသာစွာပြောင်းလဲသွားစေနိုင်သည်ဟု မော်စကိုမြို့အခြေစိုက် မဟာဗျူဟာသုတေသနစင်တာက အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

ပြည်သူလူထုအတွင်း စစ်တမ်းကောက်ယူ၍ ပြုစုထားသော အစီရင်ခံစာအား "နိုင်ငံရေးအကျပ်အတည်းကာလ လူ့အဖွဲ့အစည်းနှင့် အာဏာပိုင်များ၏ အခြေအနေ"ဟုအမည်ပေးထားသည်။

"ရုရှားလူ့အဖွဲ့အစည်းနဲ့ အာဏာပိုင်များရဲ့ လက်ရှိအခြေအနေမှာ တင်းပြည့်ကျပ်ပြည့် နိုင်ငံရေးအကျပ်အတည်း ဖြစ်လာနိုင်တယ်ဆိုတာကို စစ်တမ်းကပြသနေပါတယ်" ဟုစာတမ်းတွင်ဖော်ပြသည်။ လူ့အဖွဲ့အစည်းဘက်မှ ကြည့်ပါက အကျပ်အတည်းမှာ ကန့်ကွက်မှုများ လုပ်တတ်သည့် လူမှုရေးအုပ်စုများ ပေါ်များလာခြင်းထက် နိုင်ငံရေးခေါင်းဆောင်များနှင့် အခွင့်ထူးခံရေပေါ်ဆီများကို ပို၍စိတ်ကုန်လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ထို့ပြင် ပြည်သူလူထု၏ နိုင်ငံရေးအရ တောင်းဆိုမှုများမှာ ပို၍ရင့်ကျက်လာပြီး လက်တွေ့ဆန်လာကြောင်း အစီရင်ခံစာက သုံးသပ်ထားသည်။

ယခုစစ်တမ်းမှာ ရုရှားနိုင်ငံ၏နိုင်ငံရေးအခြေအနေကို အစိုးရမဟုတ်သော ဉာဏ်ကြီးရှင်များ အုပ်စုတစ်စုက တတိယအကြိမ်မြောက် အကဲဖြတ်လေ့လာမှုဖြစ်သည်။ ယခင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာနှစ်စောင်တွင်လည်း ကန့်ကွက်ဆန္ဒပြမှုများကြောင့် နိုင်ငံရေးခေါင်းဆောင်များအပေါ် လူကြိုက်များမှု လျော့ကျလာခြင်းနှင့် နိုင်ငံရေးအကျပ်အတည်းဖြစ်လာနိုင်မှုကို သုံးသပ်တင်ပြထားသည်။

—*Ref: Ria Novosti*

# အမေရိကန်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က ငါးနှစ်အောက်ကလေး ၉၀,၀၀၀ခန့် ဒဏ်ရာရခဲ့

**ကိုလံဘတ်စ်၊ မေ - ၂၁**

အမေရိကန်နိုင်ငံတွင် အသက်ငါးနှစ်နှင့်အောက် ကလေးငယ် ၉၀,၀၀၀ နီးပါးသည် ၂၀၀၈ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းမှာ နောက်ဆုံးကောက်ယူထားခဲ့သည့် အချက်အလက်များပင်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်စ်မြို့ ကလေးဆေးရုံမှ ဆရာဝန် ဒေါက်တာဂယ်ရီစမစ်က ကလေးများပြုတ်ကျခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကို အိမ်တံခါးဝများ၊ ထပ်ခိုးလက်ရန်းများတွင် အကာအကွယ်များ ပြုလုပ်ထားခြင်းဖြင့် ကာကွယ်တားဆီးနိုင်ကြောင်းဆိုသည်။

၎င်းက "ဒီလေ့လာမှုမှာ အရေးကြီးတဲ့ တွေ့ရှိမှုကတော့ တစ်နှစ်အောက် ကလေးတွေထဲမှာလည်းလေးကြိမ်တစ်ကြိမ်လောက်မှာ သူတို့ကို ထိန်းတဲ့ကလေးထိန်းတွေကြောင့် ထိခိုက်ဒဏ်ရာရခဲ့တာပါ"ဟုပြောသည်။ ယခုသုတေသနကိုဆေးပညာဂျာနယ် Pediatrics တွင် ပုံနှိပ်ဖော်ပြခဲ့သည်။

—*Ref: Xinhua*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# ဥရောပသမဂ္ဂက ဂရိနိုင်ငံအား ယူရိုဇုန်တွင် ဆက်လက်ရှိစေလို



**ဘရပ်ဆဲလ်၊ မေ - ၂၄**
ဥရောပသမဂ္ဂ ခေါင်းဆောင်များကဂရိနိုင်ငံအား ယူရိုငွေကြေးသုံးစွဲသော ယူရိုဇုန်တွင် ဆက်လက်ရှိနေစေလိုကြောင်းဥရောပသမဂ္ဂ ဥက္ကဋ္ဌ ဟာမန်းဗန်ရွန်ပေးက ပြောကြားသည်။ သို့သော် ဂရိနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေးအတွက် ကတိတည်ရမည်ဟု ၎င်းက အလေးအနက်ပြောသည်။

"သူတို့ရဲ့ ကတိကဝတ်တွေကိုလေးစားရင်းနဲ့ပဲ ယူရိုငွေကြေးသုံးစွဲတဲ့ စနစ်ထဲမှာ ဂရိနိုင်ငံကိုဆက်လက်ရှိနေစေချင်ပါတယ်" ဟုညပိုင်းတွင် ကျင်းပခဲ့သော အီးယူထိပ်သီး ဆွေးနွေးပွဲအပြီးတွင် မစ္စတာဗန်ရွန်ပေးက ပြောကြားသည်။ ကြွေးလည်ပင်းနစ်နေသော ဂရိနိုင်ငံသည် ယူရိုငွေ သုံးစွဲသော ဥရောပ ၁၇ နိုင်ငံ ယူရိုဇုန်အုပ်စုမှ ထွက်ခွာသွားနိုင်သည်ဟူသော စိုးရိမ်မှုများလည်း ရှိနေသည်။

ဥရောပသမဂ္ဂ ခေါင်းဆောင်များအားလုံးက ဂရိနိုင်ငံသားများ၏ထူးထူးခြားခြား ကြိုးပမ်းမှုများကို သတိထားမိပါကြောင်း ဗန်ရွန်းပေးကပြောကြားပြီး ဥရောပ၏ အထောက်အပံ့မှုများနှင့် အကူအညီပေးရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် ဂရိနိုင်ငံအနေဖြင့် ရေရှည်တွင် ကြွေးမြီပြန်လည်ပေးဆပ်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သလို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးပြီး နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ဥပဒေများကို တောင့်တင်းခိုင်မာအောင် လုပ်ဆောင်မှသာ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံနိုင်မည်ဟု အီးယူဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

*—Ref: AFP*

# ရုရှားနိုင်ငံအား 'ရန်ဘက်' ဟု ပြောကြားခြင်းအတွက် ရွမ်နေးကို ကောလင်းပါဝဲလ် သတိပေး

**ဝါရှင်တန်၊ မေ - ၂၄**
ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ရန်ဘက်ဟု ပြောဆိုခြင်းနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကောလင်းပါဝဲလ်က အမေရိကန်ရီပက်ဘလေကန်ပါတီ သမ္မတလောင်းဖြစ်လာရန်ရေပန်းစားနေသူမစ်ရွမ်နေးကို သတိပေးစကား ပြောကြားလိုက်သည်။

ဝါရှင်တန်နှင့် မော်စကိုသည် အကြောင်းအရာပေါင်းများစွာတွင် သဘောထားတူချင်မှ တူမည်ဖြစ်သော်လည်း ၎င်းတို့နှစ်နိုင်ငံမှာ ရန်သူများမဟုတ်ကြောင်း မစ္စတာကောလင်းပါဝဲလ်က စီအင်န်အင်န် သတင်းဌာနအား ပြောကြားသည်။

"ရန်ဘက်ဆိုတာ ရန်သူပါပဲ။ ကျွန်တော်တို့ဟာ ရုရှားတွေနဲ့ သဘောထားမတိုက်ဆိုင်တာတွေ ရှိလားဆိုရင် ရှိတယ်။ တစ်ခါတလေသူတို့က ကျွန်တော်တို့အပေါ် အရမ်းဒေါသထွက်တယ်။ တစ်ခါတလေ ကျွန်တော်တို့လည်း ဒေါသထွက်တယ်။ ဒါဟာပုံမှန်သံတမန်ဆက်ဆံရေးရဲ့ အစိတ်အပိုင်းတွေပဲ" ဟုမစ္စတာကောလင်းပါဝဲလ်က ဆက်လက်ပြောသည်။

ရုရှားနိုင်ငံသည်အမေရိကန်၏အဓိက ပထဝီဝင်နိုင်ငံရေးပြိုင်ဘက်ဟု မစ္စတာရွမ်နေးက ထုတ်ပြန်ကြေညာခဲ့ခြင်းအတွက် ရီပက်ဘလေကန်ပါတီ၏ နိုင်ငံခြားရေးရာပေါ်လစီကျွမ်းကျင်သူများကို အံ့အားသင့်မှင်တက်စေခဲ့ကြောင်း ကိုယ်တိုင်ရီပက်ဘလေကန် အမတ်တစ်ဦး ဖြစ်သူ မစ္စတာကောလင်းပါဝဲလ်က ပြောကြားသည်။

*—Ref: UPI*




# နိုင်ငံတကာအာကာသစခန်းသို့ ပုဂ္ဂလိကပိုင်အာကာသယာဉ် ပထမအကြိမ်လွှတ်တင်

**ဝါရှင်တန်၊ မေ - ၂၂**
အမေရိကန်နိုင်ငံမှပုဂ္ဂလိကပိုင်အာကာသပျံသန်းရေးကုမ္ပဏီ Space X သည် လူမပါသော အာကာသယာဉ်တစ်စီးကို နိုင်ငံတကာအာကာသစခန်းသို့ စေလွှတ်ခဲ့ပြီး ကမ္ဘာ့ပတ်လမ်းကြောင်းတွင်တည်ရှိမည့် ပထမဆုံးသော ပုဂ္ဂလိကပိုင်စီးပွားရေးဆိုင်ရာ အာကာသယာဉ်လွှတ်တင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းသိရသည်။

အဆိုပါအာကာသယာဉ်မှာ The Dragon ဖြစ်ပြီး ကုမ္ပဏီပိုင် Falcon 9 ဒုံးပျံကို ဖလော်ရီဒါရှိ ကိပ်ကန်နာဗာရယ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယခုစမ်းသပ် လွှတ်တင်မှုကို မေ ၁၀ ရက်တွင် ပြုလုပ်ရန် မူလက စီစဉ်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာ ကိစ္စများကြောင့် နှောင့်နှေးခဲ့ရသည်။

ယခုလွှတ်တင်မှု အဆင်ပြေချောမွေ့ခဲ့ပါက ပထမဆုံးသော အစိုးရမဟုတ်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုက လွှတ်တင်သော စီးပွားရေးဆိုင်ရာ လုပ်ငန်းသုံး ဂြိုဟ်တုဖြစ်လာမည်ဖြစ်သည်။ ဂြိုဟ်တုလွှတ်တင်ခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီ၏ ထုတ်ပြန်ချက်၌ "အစီအစဉ်မအောင်မြင်ခဲ့ရင်လည်း Space X ဟာ အတွေ့အကြုံကနေ သင်ခန်းစာယူပြီး ကြိုးစားသွားမှာပါ"ဟုဖော်ပြထားသည်။

အဆိုပါခေါင်းလုံးပုံသဏ္ဌာန် Dragon ယာဉ်သည် အမြင့် ၁၉ ပေ၊ အချင်း ၁၂ ပေခန့်ရှိကာ နိုင်ငံတကာ အာကာသစခန်းအတွက် အဝတ်အစားနှင့် စားစရာအများစုပါဝင်သော ကုန်စည် ပေါင် ၁,၀၀၀ ခန့်ကို သယ်ဆောင်သွားသည်။ ယာဉ်သည် အာကာသစခန်းတွင် နှစ်ပတ်ခန့် ချိတ်ဆက်တည်ရှိပြီးနောက် ကမ္ဘာမြေသို့ ပြန်ကျကာ မူလစီစဉ်ထားသည့် ကယ်လီဖိုးနီးယားကမ်းခြေတောင်ပိုင်း ရောက်ရှိမည်ဟု သိရသည်။

*—Ref: Xinhua*




# အိန္ဒိယတောင်ပိုင်းတွင် ရထားနှစ်စင်းတိုက်၍ လူ ၁၉ ဦးသေဆုံး

**ဘန်ဂလို၊ မေ - ၂၂**
အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်ရထားတစ်စင်းတို့ တိုက်မိခဲ့ရာ အနည်းဆုံးလူပေါင်း ၁၉ ဦးသေဆုံးခဲ့ပြီး ၃၆ ဦးဒဏ်ရာရခဲ့ကြောင်း ဒေသခံမီးရထားအာဏာပိုင်များကပြောသည်။

အဆိုပါ ရထားနှစ်စင်းမှာ အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိပန်နီကွန်ဒါ ဘူတာရုံတွင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးရထားဌာန၏ ဒေသဆိုင်ရာ ပြည်သူ့ဆက်ဆံရေးအရာရှိ ဂျီကေဂျာလန်က "အနည်းဆုံး လူ ၁၉ ဦး တော့သေဆုံးခဲ့ပါတယ်။ ကလေးနှစ်ဦးလည်း ပါဝင်ခဲ့ပါတယ်" ဟုပြောသည်။ ၎င်းက ဒဏ်ရာရသူ ၃၆ ဦးတွင် သုံးဦးကို အရေးပေါ်ကုသရန် အနီးရှိဆေးရုံများ၌ တင်ထားကြောင်းဆိုသည်။

ဖြစ်စဉ်မှာ ဘူတာသို့ဝင်လာသောခရီးသည်တင် ရထားမှာ အချက်ပြမီးကိုမှားယွင်းကြည့်မိပြီး ရပ်ထားသော ကုန်ရထားကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယရထားဝန်ကြီး မူကူရွိုင်းကလည်း ရထားတိုက်မှုတွင် ထိခိုက်သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအတွက် လျော်ကြေးများပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အိန္ဒိယတွင်ပြီးခဲ့သည့်နှစ်ဇူလိုင်လက ကိုးလ်ကတ္တားမှ နယူးဒေလီသို့အသွား အမြန်ရထားတစ်စင်း လမ်းချော်ကျရာမှ လူ ၆၉ ဦးသေဆုံးခဲ့ရသည်။

*—Ref: AFP*



PACIVITE-G
အသင့်မြင့်အားဆေး
" စိတ်နှင့်ခန္ဓာရွှင်လန်းကာ
သွေးအားပြည့်မှာ ပက်စီဗိုက်-ဂျီ ပါ "
ပက်စီဗိုက်-ဂျီ ဂျင်ဆင်းအားဆေးတွင် -
☑ ဗီတာမင်-B12၊ဗီတာမင်-E & Ferrous Fumarate
သွေးနီဥများတည်ဆောက်ရာတွင်အရေးပါသော ဗီတာမင်-B12၊ ဗီတာမင်-E နှင့် Ferrous Fumarate တို့ကြောင့် သွေးအားကောင်းစေခြင်း၊ သွေးအားအမြန်ပြည့်စေခြင်း။
☑ Aloe Ext
ခန္ဓာကိုယ်အလေးချိန် ထိန်းညှိပေးခြင်းနှင့် အိုမင်းရင့်ရော်ခြင်းမှကာကွယ်ပေးခြင်း။
☑ Lecithin
သွေးတွင်းရှိ မကောင်းသောအဆီများကို လျှော့နည်းကျဆင်းစေခြင်း။
☑ Natural Korean ဂျင်ဆင်း
လုပ်ငန်းခွင်ပင်ပန်းနွမ်းနယ်မှု၊ အားအင်ကုန်ခမ်းမှုတို့ကို အမြန်ဆုံးပြေပျောက်စေခြင်း။
မှတ်ဉာဏ်ကောင်းစေပြီး အာရုံကြောစနစ်များကိုသန်မာစေ၍ စိတ်ရွှင်လန်းစေခြင်း။
☑ ဗီတာမင်နှင့် သတ္တုဓါတ်များ
ကိုယ်ခံစွမ်းအားမြင့်တက်စေပြီး ကျန်းမာကြံ့ခိုင်သောလူနေမှုဘဝရရှိစေခြင်း။
စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။
PACIVITE-G
30 Soft Capsules
NATURAL KOREAN GINSENG EXT.
ALOE EXT.
MULTI-VITAMIN
Manufactured for:
PACIFIC
Pacific Pharmaceuticals Pte Ltd.
Made in Korea




ယာဉ်ပိုင်ရှင်ဖြစ်လိုသူများ
ဝမ်းမြောက်ဖွယ်
ယာဉ်တန်ဖိုး၏ 30% ပေးသွင်းရုံဖြင့်
ကိုယ်ပိုင်ကားတစ်စီး ပိုင်ဆိုင်စီးနင်းခွင့်ရပြီ
ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူစီးနင်းနိုင်ရန်အတွက်
SSS Car Showroom မှ အရစ်ကျငွေချေစနစ်ဖြင့် ကူညီပံ့ပိုးပေးပါမည် .
SSS Car Showroom ရှိ မည်သည့်မော်တော်ယာဉ်မဆို
စိတ်ကြိုက်ရွေးချယ်၍ တန်ဖိုး၏ ၃၀%ပေးသွင်းပြီးနောက်
အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်ပါသည်။
(၁)နှစ်မှ (၄)နှစ်အတွင်း ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျငွေပေးချေနိုင်ပါသည်။
အရစ်ကျ ငွေပေးချေမှုစနစ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက
SSS Car Showroom နှင့် ဆက်သွယ်ပါရန်
Land Cruiser
Land Cruiser
Parado
Pajero
Surf
Surf
Kluger
Harrier
Alphard
Estima
Ipsum
Celsior
Majesta
Bervis
Crown Royal Saloon
Mark X
Mark II
Caldina
Soarer
Fairelady
Insight
Demeo
March
Fit
Vitz
Rictic
Chevrolet MW
Passo
BB
Probox
King Long Hiace
Aumark Truck
Aumark Box Truck
Bus
Toyota Hiace
Ambulance
Crane
ရန်ကုန် Showroom
ရန်ကုန် Showroom 2
နေပြည်တော် Showroom
မိတ္ထီလာ Showroom
မန္တလေး Showroom
လားရှိုး Showroom
YTG Factory
email: showroom@supersevenstars.com
Website: www.sssmotors.com

7 DAY NEWS JOURNAL

# International

Vol.11, No.12 • MAY 31 , 2012




Photo - AFP

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်ဆာဆတ်အစိုးရအား ဆန့်ကျင်သူများ တူရကီနိုင်ငံ အစ္စတန်ဘူးလ်မြို့ရှိ ဆီးရီးယားသံရုံးရှေ့တွင် ဆန္ဒပြနေသည်ကို မေလ ၂၇ ရက်က တွေ့ရစဉ်။ ဟူးလားဒေသတွင် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်ပွားပြီး ကုလစောင့်ကြည့်လေ့လာသူများက ကလေးငယ် ၃၂ ဦးအပါအဝင် လူ ၁၀၀ ကျော်၏ ရုပ်အလောင်းများကို ရေတွက်ခဲ့ပြီးနောက် ဆီးရီးယားတွင် ပြည်တွင်းစစ်ဖြစ်နိုင်ကြောင်း ကုလစောင့်ကြည့်လေ့လာရေးအဖွဲ့ခေါင်းဆောင်က သတိပေးပြောကြားသည်။

# ဆီးရီးယားအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ကုလလုံခြုံရေးကောင်စီရှုတ်ချ

**နယူးယောက်၊ မေ - ၂၈**

ဆီးရီးယားနိုင်ငံ အနောက်ပိုင်း ဟူးလားဒေသတွင်ဖြစ်ပွားခဲ့သည့် အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချပြောဆိုလိုက်သည်။

ဆီးရီးယားနိုင်ငံ ဟွမ်းမြို့အနီး လူနေအိမ်ရာအား ဆီးရီးယားအစိုးရက လက်နက်ကြီးများ၊ တင့်ကားများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ဟူးလာရွာသား ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့ပြီး ကလေးများ၊ အမျိုးသမီးများနှင့်ယောကျ်ားများ ဒါဇင်ပေါင်းများစွာ သတ်ဖြတ်ခံရခြင်းကိုလည်းကုလစောင့်ကြည့်လေ့လာသူများက အတည်ပြုခဲ့သည့် ယင်းသတ်ဖြတ်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြင်းထန်ဆုံး ရှုတ်ချလိုက်သည်ဟု အရေးပေါ် တံခါးပိတ်အစည်းအဝေးအပြီးတွင် ကုလလုံခြုံရေးကောင်စီက ထုတ်ပြန်ပြောကြားသည်။

စာ(၄၁)သို့

# ဝီကီလိခ်တည်ထောင်သူ ပြည်နှင်ဒဏ်ပေးရေး မေ ၃၀ ဆုံးဖြတ်မည်



Photo - AFP

**လန်ဒန်၊ မေ - ၂၈**

လျှို့ဝှက်သတင်းများအား ဖော်ထုတ်လေ့ရှိသော ဝီကီလိခ်စ်ဝက်ဘ်ဆိုက်တည်ထောင်သူ ဂျူလီယန်အက်ဆန်းအား ဗြိတိန်နိုင်ငံမှ ဆွီဒင်နိုင်ငံသို့ နှင်ထုတ်မည့်ကိစ္စကို ဗြိတိန်တရားရုံးချုပ်က မေလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်မည်ဖြစ်သည်။

ဂျူလီယန်အက်ဆန်းသည် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ဥရောပဖမ်းဝရမ်းဖြင့်ဗြိတိန်နိုင်ငံတွင် ထိန်းသိမ်းခြင်းခံရပြီး ၎င်းအား မုဒိမ်းမှုလိင်ပိုင်းဆိုင်ရာပြစ်မှုများနှင့် အလိုရှိနေသော ဆွီဒင်နိုင်ငံသို့ပေးပို့မည် မပို့မည်ဆိုသည်ကိုဗြိတိန်အမြင့်ဆုံးတရားရုံးကဆုံးဖြတ်မည်ဖြစ်သည်။

စာ(၄၁)သို့

# အိုင်အမ်အက်ဖ်အကြီးအကဲအား ဂရိနိုင်ငံသားများ ဝိုင်းဝန်းဝေဖန်

**အေသင်၊ မေ - ၂၈**

ဂရိနိုင်ငံသားများမှာ ပေးသင့်သောအခွန်ကို မပေးဘဲ အခွန်တိမ်းရှောင်နေသူများဟုတံဆိပ်ကပ်ခဲ့ခြင်းအတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ မစ္စခရစ္စတင်းလားဂတ်အား ဂရိနိုင်ငံသားများနှင့် နိုင်ငံရေးသမားများက ဝိုင်းဝန်းဝေဖန်နေကြသည်။

စာ(၄၁)သို့

## NEWS ANALYSIS

### ယူရိုဇုန်မှ ဂရိနိုင်ငံထွက်ခွာတော့မည်လား

စာ(၃၂)သို့




Photo - AFP

# iPhone

## အင်ဂျင်နီယာဟောင်းများကို ဖေ့စ်ဘွတ်ခ် ငှားရမ်းနေဟုဆို

ဆန်ဖရန်စစ္စကို၊ မေ - ၂၈

ကမ္ဘာ့လူကြိုက်အများဆုံး လူမှုရေးဝက်ဘ်ဆိုက်ထူထောင်ထားသည့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီသည် ၎င်းတို့၏ ကိုယ်ပိုင်ဖုန်းထုတ်လုပ်ရန်အတွက် iPhone နှင့် iPad ထုတ်လုပ်ခဲ့သော အက်ပဲလ်အင်ဂျင်နီယာဟောင်းများအား လိုက်လံငှားရမ်းနေကြောင်းသိရသည်။

စာ(၄၁)သို့



ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အာချပ်ပို

Vol.11, No.12 • MAY 31 , 2012

# အင်ဒိုနီးရှားက မြန်မာ့တန်းမြင့်ဆန် တန်ချိန်ငါးသိန်းဝယ်ယူရန် စီစဉ်

ပြည်သိမ်း

**ရန်ကုန်၊ မေ-၂၇**



အင်ဒိုနီးရှားနိုင်ငံက မြန်မာ့တန်းမြင့်ဆန်ကို တန်ချိန်ငါးသိန်းထိ တိုးမြှင့်ဝယ်ယူရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော် ဆန်စပါးရောင်းဝယ်ရေးအဖွဲ့ Perum Bulog ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်နှစ်သိန်းဝယ်ယူရန် ဇန်နဝါရီ ၂၈ ရက်က မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ယခု ထပ်မံဝယ်ယူမည့် တန်ချိန် သုံးသိန်းကို မကြာမီတွင် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင် ရှင်းပြသည်။

“သြဂုတ်၊ စက်တင်ဘာလောက်မှာ သူတို့က ပြန်ဝယ်လိမ့်မယ်။ ဒီချိန်က သူတို့ဆီမှာလည်း စပါးပေါ်ချိန်ဖြစ်နေတော့ ဝယ်ယူမှု မရှိဘူး” ဟု ဦးရဲမင်းအောင်က ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည်မြန်မာနိုင်ငံမှ ဝယ်ယူရန် သဘောတူညီထားသည့် တန်ချိန်နှစ်သိန်းမှတန်ချိန် ၅၀၀၀သာ တင်ပို့နိုင်သေးသည်။ အဆိုပါ တန် ၅၀၀၀ သည် တန်းမြင့်ဆန်ဖြစ်ပြီး တစ်တန်လျှင် ကန်ဒေါ်လာ ၄၄၀ ရရှိသည်။ လက်ရှိ ၂၅ မှတ် (အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) ဆန်ဈေးမှာပြည်ပဈေးကွက်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၁၀ ဝန်းကျင်သာ ရှိသည်။

မြန်မာ့ဆန် အဓိက ပို့နေသည့် အာဖရိကဈေးကွက်သည် အိန္ဒိယနိုင်ငံမှ အရန်ဆန်များ ရောင်းချမှုကြောင့်မြန်မာ့ဆန်ဈေးကွက် ပျောက်ခဲ့ရသည်။ ယင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးများကျပြီး လယ်သမားများ တွက်ခြေမကိုက်ဖြစ်နေရသည်။ ၂၀၁၂ ခုနှစ်မှစတင်၍ ယခုချိန်ထိပြည်တွင်းဆန်ဈေးကျဆင်းနေမှုကြောင့် စပါးဈေးများကျဆင်းပြီး လယ်သမားများ အကြွေးဆပ်ရန်ပင် ပျက်ကွက်မှုများ ဖြစ်လာကြသည်။

“ဒီနှစ် ကမ္ဘာစားနပ်ရိက္ခာနဲ့ သီးနှံဈေးတွေ ကျဆင်းနေမှုက မြန်မာဆန်ဈေးကွက် အထိနာစေတယ်” ဟု ဝါးခယ်မရောင်းဝယ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ဆိုသည်။

လက်ရှိ ပြည်ပဈေးကွက်သို့ ဆန်တင်ပို့ရန် ဧပြီလတွင်းက လိုင်စင်လျှောက်ထားသည့် သဘောနှစ်စီးမှာ ယခုလကုန်ရက်ပိုင်းမှ သင်္ဘောတင်နိုင်သည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်ကလည်း ပြည်ပဈေးကွက်သို့ ဆန်တင်ပို့မှုမှာ တန်ချိန် ၈၄၀,၀၀၀ ကျော်သာ ရှိသည်။

အင်ဒိုနီးရှားနိုင်ငံမှ ဆန်ဝယ်ယူမှုများရှိလာပါက လစဉ်တန်ချိန် ၅၀၀၀၀ မှ ၁၀၀၀၀၀ ကြား တင်ပို့နိုင်ရန် မျှော်လင့်ထားကြသည်။ မြန်မာ့ဆန်ကို အာဖရိကတွင် ဈေးကွက်ပျောက်ဆုံးနေသည့်အတွက် အရှေ့တောင်အာရှ ဈေးကွက်သို့ ပြန်လည်ထိုးဖောက်ရန် ကြိုးပမ်းနေရကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

## ဖယောင်းတိုင်မှတစ်ဆင့် မီးလောင်၍ အိမ်ငါးလုံးဆုံးရှုံး

ညီညီဇော်

**မန္တလေး၊ မေ-၂၇**

မန္တလေးမြို့ မြို့သစ်(၄)ရပ်ကွက်တွင် မေလ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်က အိပ်ခန်းအတွင်း ဖယောင်းတိုင်မီးထွန်းထားရာမှ မီးစတင်လောင် ကျွမ်းခဲ့ရာ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဃ-၁) ဒေါနလမ်း၊ စိန်ပန်း လမ်းနှင့် မနော်ဟရီလမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်ရှိ သွပ်မိုးထရံကာ မြေစိုက် တစ်ထပ်အိမ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၎င်းအိမ်နှင့်အတူ နံကပ်တိုက်တစ်လုံးနှင့် သွပ်မိုးထရံကာသုံးလုံး လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ကား ၃၇ စီးနှင့်အတူ သန္ဓေအင်အား ၄၅ ဦး၊ အရန်အင်အား ၁၅၀ လာရောက်ငြိမ်းသတ်ခဲ့သည်ဟု မီးသတ်ဦးစီးဌာန မှတ်တမ်းတွင် ဖော်ပြပါရှိသည်။ စတင်လောင်ကျွမ်းခဲ့သည့် အိမ်ပိုင်ရှင်အမျိုးသမီးကို (ပ) ၁၇၆၊ ၂၀၁၂ ဖြင့် အရေးယူထားသည်ဟု သိရပြီး မီးဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူ အိမ်ထောင်စု(၅)စုမှ လူဦးရေ ၃၀ဦးအား ၎င်းရပ်ကွက်ရှိ ဓမ္မရက္ခိတဓမ္မာရုံတွင် မီးဘေးခိုလှုံခွင့် ပေးထားကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင် မေလလယ်ပိုင်းကလည်း ဝါယာကြိုးအပူလွန်ကဲရာမှ မီးလောင်ကျွမ်းခြင်း၊ အင်ဗာတာရှိ ဘက်ထရီအိုးပေါက်ကွဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်း၊ မီးစက်နှိုးရာမှ မီးလောင်ကျွမ်းခြင်း အစရှိသည့် မီးလောင်မှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဒေါက်တာဦးမြင့်၏ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ အိတ်ဖွင့်ပေးစာကို နိုင်ငံရေး အကြံပေး ဦးကိုကိုလှိုင်ပြန်ရှင်း

သီဟ

**ရန်ကုန်၊ မေ - ၂၄**

ရန်ကုန်တက္ကသိုလ်၏ အစဉ်အလာဂုဏ်သိက္ခာပြန်လည်ထွန်းပြောင်လာစေရန် တည်ဆောက်ထူထောင်ရေးသည် ဒေါက်တာဦးမြင့်နှင့်တကွ ကျောင်းသား၊ ကျောင်းသူဟောင်း/သစ်များ၊ ဆရာဆရာမဟောင်း/သစ်များ လိုလားတောင့်တကြသကဲ့သို့ နိုင်ငံတော်ကလည်း အထူးလိုလားဆန္ဒရှိသည့်ကိစ္စဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်ကပြောသည်။

စင်စစ်တွင် ရန်ကုန်တက္ကသိုလ်သာမက တစ်နိုင်ငံလုံးရှိ တက္ကသိုလ်အားလုံးအား နိုင်ငံတကာအဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် တက္ကသိုလ်များဖြစ်လာစေရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန်တက္ကသိုလ်တစ်ခုတည်းကိုသာ အထူးတလည် ဦးစားပေးတည်ဆောက်ပြီး ကျန် တစ်ပြည်လုံးရှိတက္ကသိုလ်များ အားမျက်ကွယ်ပြုထား၍ မဖြစ်နိုင် ကြောင်း ဦးကိုကိုလှိုင်ကပြော သည်။

ဦးကိုကိုလှိုင်က ယခုလ ၁၉ ရက်နေ့က နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်၏ “ရန်ကုန်တက္ကသိုလ်ရဲ့ အစဉ်အလာ ဂုဏ်သိက္ခာကို ပြည်လည်တည်ဆောက်ရေး ပြည်သူသို့ အိတ်ဖွင့်ပေးစာ”နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ဒေါက်တာဦးမြင့်သည် အဆိုပါအိတ်ဖွင့်ပေးစာအား ယင်း၏ ပုဂ္ဂလိကဆန္ဒအလျောက်ရေးသားခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော် သမ္မတရုံးအနေဖြင့် ကြိုတင်သိရှိခြင်းလည်း မရှိ၊ နိုင်ငံတော်သမ္မတရုံး၏ သဘောထား တစ်စုံတစ်ရာ ထင်ဟပ်ထားခြင်း လည်းမရှိကြောင်း ဦးကိုကိုလှိုင်ကပြောကြားသည်။

ထို့ကြောင့် ဦးမြင့်၏ အိတ်ဖွင့်ပေးစာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ရှင်းလင်းရခြင်းဖြစ်ကြောင်းသိရသည်။

ဦးမြင့်၏ အိတ်ဖွင့်ပေးစာပါအကြောင်းအရာများသည် နိုင်ငံတော်သမ္မတရုံး၏ သဘောထား တစ်စုံတစ်ရာထင်ဟပ်ခြင်းမရှိဟု ဆိုသော်လည်း ဦးကိုကိုလှိုင်က “သဘောထားဆန္ဒတွေ ထင်ဟပ်ထားခြင်းမရှိဘူးဆိုလို့ ဆရာဦးမြင့် ပြောတဲ့ဟာတွေကို နိုင်ငံတော်သမ္မတ လက်မခံဘူး၊ ကန့်ကွက်တယ်ဆိုတာမျိုးလည်းမဟုတ်ပါဘူး”ဟု ရှင်းလင်းပွဲတွင်ပြောကြားသွားသည်။

ရှင်းလင်းပွဲသို့ နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးများဖြစ်သည့် ဦးကိုကိုလှိုင်နှင့် ဒေါက်တာနေဇင်လတ်တို့တက်ရောက်ကြပြီး ဥပဒေအကြံပေးများအနေဖြင့် အဖွဲ့ခေါင်းဆောင် ဦးစစ်အေးနှင့် ဒေါ်ခင်မျိုးမြင့်တို့ တက်ရောက်ကြသည်။

# ဟိုတယ်များ ရုံးခန်းငှားရမ်းမှုရပ်နားထားခြင်းကြောင့် ကွန်ဒိုတိုက်ခန်းအငှားမြင့်တက်

ပြည်သိမ်း

**ရန်ကုန်၊ မေ - ၂၄**

ဟိုတယ်များတွင် ရုံးခန်းငှားရမ်းမှုများရပ်နားထားခြင်းကြောင့် ကွန်ဒိုတိုက်ခန်းငှားရမ်းမှုမှာ သိသိသာသာမြင့်တက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။

ယခုနှစ်တွင် ခရီးသွားလုပ်ငန်းများ တစ်ဟုန်ထိုးမြင့်တက်လာသည့်အတွက် ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများတွင် အခန်းလိုအပ်ချက်များမြင့်မားလာသည်။ ယင်းကြောင့် ဟိုတယ်ကြီးများသည် ရုံးခန်းအဖြစ် ငှားရမ်းထားသည့် အခန်းများကို ကန်ထရိုက်စာချုပ်များ ထပ်မံမချုပ်ဆိုဘဲ ရပ်နားထားမှုများရှိကြောင်း ကုန်သည်ကြီးများဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

“ကျွန်တော်တို့ဆိုရင် ၂၀၁၃ နှစ်ဦးပိုင်းမှာ ပြောင်းရမယ်။ ဟိုတယ်က စာချုပ်ထပ်မချုပ်တော့ဘူး”ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးကဆိုသည်။

လက်ရှိ ကွန်ဒိုများငှားရမ်းမှုမှာလည်း အခန်းပြည့်နည်းပါးသဖြင့် အခန်းလွတ်မှာ ရှားပါးနေကြောင်း၊ အသုံးအဆောင်ပစ္စည်းအပြည့်အစုံနှင့် ကွန်ဒိုခန်းများဆိုလျှင် မရှိသလောက်ပင်ဖြစ်နေကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ မန်နေဂျာကိုဇော်ဇော်က ပြောကြားသည်။

“ကွန်ဒိုတွေမှာဆိုပြည်တွင်းကရော ပြည်ပကပါ စီးပွားရေးလုပ်ငန်းရှင်တွေရော တရုတ်လူမျိုးတွေရော တော်တော်ငှားကြတယ်”ဟု ကိုဇော်ဇော်ကဆိုသည်။

လက်ရှိကွန်ဒိုတိုက်ခန်းများ၏ ငှားရမ်းခဈေးနှုန်းသည် တစ်လလျှင် ကျပ်ငါးသိန်းမှ ကျပ်သိန်း ၃၀ အထိဈေးရှိသည်။ သာမန်တိုက်ခန်းများတွင် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်တို့မှာ တစ်လလျှင် ကျပ်နှစ်သိန်းမှ ကျပ်လေးသိန်းကြားရှိသည်။ လုံးချင်းအိမ်ရာများ ငှားရမ်းမှုများမှာ ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ ကြားရှိသည်။

အရောင်းအဝယ်ဈေးကွက်တွင်လက်ရှိအခြေအနေ၌အကွက်သေးများသာအရောင်းအဝယ်ဖြစ်နေသည်။ မြောက်ဒဂုံ၊ အရှေ့ဒဂုံစသည့်မြို့နယ်များတွင်လမ်းအနေအထား၊ အကွက်အကွင်းကျမှုအပေါ် မူတည်ပြီး ကျပ်၁၅ သိန်းမှ ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၂၀၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။ စက်မှုဇုန်မြေကွက်များမှာ ယမန်နှစ်နှင့်ယှဉ်ပါက အရောင်းအဝယ်များစွာ အေးနေကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဦးက ရှင်းပြသည်။

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

## ဇွန်လဆန်းတွင် တစ်နိုင်ငံလုံး မီးအပြည့်အဝ ပြန်ပေးမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၂၈**

တာဝါတိုင်များ ပျက်စီး၍ အလှည့်ကျစနစ်ဖြင့် ပေးနေသည်ဆိုသော လျှပ်စစ်မီးများကို ဇွန်လဆန်းတွင် တစ်နိုင်ငံလုံး၌ အပြည့်အဝ ပြန်လည်ပေးမည်ဖြစ်ကြောင်း နေပြည်တော် ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က 7 Day News သို့ ပြောသည်။

"တာဝါတိုင်တွေ အမြန်ပြီးအောင် ဆောင်ရွက်နေတယ်။ ပြီးတာနဲ့ မီးပြန်ပေးလို့ ရပြီဆိုတော့ ဇွန်လဆန်းလောက်ဆိုရင် အပြည့် ပြန်ပေးနိုင်မယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဖောက်ခွဲသူများကြောင့် ပျက်စီးသွားသော ရွှေလီ-မန်စံ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းမှတာဝါတိုင်အမှတ်(၇၃)၊(၂၀၆)၊(၂၀၇) နှင့်(၂၀၈)တို့အား ယခုမေလကုန်တွင် ပြီးစီးအောင် ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ တာဝန်ရှိသူကပြောသည်။

မေလ ၂၇ ရက်တွင် တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၈) နှင့် ကွန်ကရစ်တိုင်အမှတ် (၂၄၉) တို့မှာ ၁၀၀ ရာခိုင်နှုန်း ပြုပြင်ဆောင်ရွက်ပြီးစီးသွားပြီး မေလ ၂၈ရက်၌ တာဝါတိုင်အမှတ်(၂၀၇) ကို ၆၀ ရာခိုင်နှုန်းအထိ ပြုပြင်ပြီးသွားပြီဖြစ်ကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူက ဆိုသည်။

၎င်းတာဝါတိုင်များမှာ မေ ၁၈၊ ၁၉ ရက်များက ပျက်စီးသွား၍ ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ပေးနိုင်မှု လျော့ကျခဲ့သဖြင့် စက်မှုဇုန် များကို မေလ၁၉ ရက်မှစ၍ လျှပ်စစ်မီးပေးဝေမှု ရပ်တန့်လိုက်သ ကဲ့သို့ အများပြည်သူကိုလည်း အုပ်စု ၃စုခွဲ၍ အုပ်စုတစ်ခုလျှင် တစ်ရက် ၆ နာရီ မီးဖြတ်သည့်စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေခဲ့သည်။

## ပထမဆုံးအကြိမ် အိမ်ခြေမဲ့ပြည်သူ ၃၃ ဦးကို နိုင်ငံသားသက်သေခံ လက်မှတ်ထုတ်ပေး

**အောင်သူရ**

**ကျောက်ကြီး၊ မေ-၂၈**

ကရင်အမျိုးသားအစည်းအရုံး ကေအင်န်ယူတပ်မဟာ ၃ လက်အောက်ခံ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အိမ်ခြေမဲ့ပြည်သူ (IDP)၃၃ ဦးကို နိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ်အားမေ ၂၉ရက်ကပထမဆုံးအကြိမ် ထုတ်ပေးခဲ့သည်။

"ဒီကတ်နဲ့ကြိုက်တဲ့နေရာ သွားလို့ရတယ်။ နိုင်ငံခြားကို သွားချင်ရင်တောင် ပတ်စ်ပို့လျှောက်လို့ရတယ်" ဟု လူမှုဝန်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီကပြောသည်။

အဆိုပါနိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ်အား မေလ ၂၉ရက်က ကျောက်ကြီးမြို့တွင် ဖွင့်လှစ်ထားသော ဆက်ဆံရေးရုံးတွင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး နော်ဝေနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Torgeir Larsen အဖွဲ့နှင့်ကေအင်န်ယူမှ ဗိုလ်မှူးထူးထူးလေးတို့ တက်ရောက်ခဲ့သည်။

"ဒီလို သွားလို့ရတယ်ဆိုရင် နေရာဟောင်းကိုပြန်ပြီး လုပ်ကိုင်စားမှာပေါ့။ မိတ်ဆွေတွေနဲ့လည်း တွေ့ရမယ်ဆိုတော့ ဝမ်းသာတာပေါ့" ဟု ထိုနေ့က နိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ်ရရှိခဲ့သူ စောအေးစေရာက ပြောသည်။

အဆိုပါ ကျောက်ကြီးဒေသတွင် အိမ်ခြေမဲ့ ပြည်သူ ၁၅၀၀ ကျော်ရှိပြီး ကျန်ရှိနေသော အိမ်ခြေမဲ့ပြည်သူများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမည်ဟုသတင်းရရှိသည်။

## ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို အိန္ဒိယဝန်ကြီးချုပ်ချီးကျူး

**ရန်ကုန်၊ မေ-၂၉**

နှစ်ပေါင်း ၂၅ နှစ်အတွင်း မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ်ချစ်ကြည်ရေးခရီးလာရောက်သည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ဒေါက်တာမန်မိုဟန်ဆင်းက နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်၏ကြိုးစားမှုနှင့်စိတ်ဓာတ်ကြံ့ခိုင်မှုသည်ကမ္ဘာတစ်လွှားရှိသန်းပေါင်းများစွာသောလူများကိုစိတ်ဓာတ်တက်ကြွမှုပေးနိုင်ကြောင်း ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ၎င်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးပြီးနောက် မီဒီယာ များသို့ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့မိသားစုဝင်များနှင့်ပါ သိကျွမ်းရင်းနှီးမှုကြာရှည်ခိုင်မြဲသည့်အတွက် အိန္ဒိယနိုင်ငံကဂုဏ်ယူပါကြောင်းပြောကြားခဲ့ပြီး၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်ကို အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဆိုနီယာဂန္ဒီက ဂျဝါဟာလာနေရူးအထိမ်းအမှတ်ပွဲသို့တက်ရောက်ချီးမြှင့်ရန် ဖိတ်ကြားကြောင်းကိုလည်း အိန္ဒိယဝန်ကြီးချုပ်ကပြောကြားသည်။



ဒေါ်အောင်ဆန်းစုကြည်ကလည်း အိန္ဒိယနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသည် ငြိမ်းချမ်းတည်ငြိမ်မှု၏အခြေခံအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

**ယခုဆောင်းပါးစာ စာမျက်နှာအညွှန်း မှားယွင်းမှုကို တောင်းပန်အပ်ပါသည်။**

**အချပ်ပို(B) - ငြိမ်းချမ်းရေးလေပြည် မျှော်လင့်ချိန် မှ**

ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကိုလျှောက်လှမ်းရာတွင်နည်းပရိယာယ်မရှိဘဲ ပင်လုံစိတ်ဓာတ်နှင့်ဆောင်ရွက်မည်ဟုသမ္မတကဆိုသည်။

သို့သော်အစိုးရနှင့်ကေအိုင်အိုအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုများမှာ လက်တွေ့တွင် အပြောထက်များစွာခက်ခဲသည်။ ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အမေရိကန်၊ ဥရောပစသောနိုင်ငံများက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဖြစ်ပွားနေသော ပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း၍ ငြိမ်းချမ်းရေးဖော်ဆောင်ရန် အစိုးရကို တွန်းအားပေးနေသော်လည်း ယခုပြဿနာကို မဖြေရှင်းနိုင်သေး။

"ကျွန်တော်ကိုယ်တိုင် တပ်မတော်ကို မိမိကိုယ်ကိုခုခံကာကွယ်ရုံက လွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုတွေမလုပ်ဖို့ညွှန်ကြားထားပြီးတဲ့အနေအထားမှာ ဘာဖြစ်လို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်သေးတာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့တွေကို ဆက်လက်ညွှန်ကြားပြီးလည်းဖြစ်ပါတယ်။ တပ်မတော်မှာ အမိန့်နဲ့ညွှန်ကြားချက်ဟာ အသက်သွေးကြောဖြစ်ပါတယ်။ ယနေ့မပြီးပြတ်သေးတဲ့တိုက်ပွဲတွေနဲ့ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် လက်ညှိုးထိုးအပြစ်တင်ရုံနဲ့ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲသွားမှာမဟုတ်ပါဘူး။ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းနိုင်ဖို့အတွက် ပထမဦးဆုံး နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့လိုပါတယ်။ ဒီအတွက် ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲကြမယ်ဆိုတဲ့ ခိုင်မာတဲ့အာမခံချက်၊ ကတိကဝတ်တွေ အပြန်အလှန်ထားရှိဖို့လိုပါတယ်။ ပြည်သူတွေရဲ့ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးဖို့က ကျွန်တော်တို့ အစိုးရနဲ့ ကချင်တိုင်းရင်းသားခေါင်းဆောင်တွေရဲ့တာဝန်လည်း ဖြစ်ပါတယ်"ဟု သမ္မတက ကချင်ပဋိပက္ခနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

အစိုးရက အကောင်အထည်ဖော်နေသော ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ အဆင့်သုံးဆင့်ကိုလည်း သမ္မတကရှင်းပြခဲ့သည်။ ပထမအဆင့်မှာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရန် အပါအဝင် အခြားအချက်များကို သဘောတူလက်မှတ်ရေးထိုးရန် ဖြစ်သည်။ ဒုတိယအဆင့်မှာ ပြည်ထောင်စုအဆင့်ဖြစ်ပြီး ပြည်ထောင်စုမှ ခွဲမထွက်ရန်၊ တစ်ခုတည်းသောလက်နက်ကိုင်တပ်မတော်အဖြစ် ရပ်တည်ရေးညှိနှိုင်းဆောင်ရွက်ရန်စသော အရေးကြီးချက်များကို သဘောတူလက်မှတ်ရေးထိုးရန်ဖြစ်သည်။

တတိယအဆင့်မှာ အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်၊ ပါတီများ၊ အမတ်များ၊ နိုင်ငံရေးအင်အားစုများနှင့် Political Player အားလုံး လွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန်ဟုဆိုသည်။

ကေအိုင်အို ဘက်မှတာဝန်ရှိသူများကလည်း ၁၇နှစ်တိုင် အပစ်ရပ်ခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးမှု မဖြစ်မြောက်ခဲ့၍ ယခုတစ်ဖန် အပစ်အခတ်ရပ်ရန်ထက် နိုင်ငံရေးနည်းလမ်းဖြင့်သာ ဦးစွာဖြေရှင်းလိုနေသည်။

"မလိုချင်တဲ့ အနိဋ္ဌာရုံတွေ ကွယ်ပျောက်ဖို့က အခုဖြစ်နေတဲ့ ပြဿနာက လက်နက်ကိုင်ပဋိပက္ခ မဟုတ်ဘူး။ အဓိကကတော့ နိုင်ငံရေးပြဿနာပဲ။ နိုင်ငံရေးပြဿနာရဲ့ အစွန်အဖျားဖြစ်တဲ့ လက်နက်ကိုင်ပြဿနာကိုပဲ ဖြေရှင်းရမယ့်အစား အရင်းအမြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ အရေးကြီးတာပါ"ဟု ဦးလနန်ကလည်းဆိုသည်။

ထိုအချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ရှေ့မတိုးနိုင်ခြင်း၏အဓိကဖြစ်သည်။ အစိုးရက အပစ်အခတ်ရပ်ပြီးမှ နိုင်ငံရေးအရဆွေးနွေးမှုများကို ပြုလုပ်လိုသည်။ ကေအိုင်အိုက နိုင်ငံရေးဆွေးနွေးမှုကိုပြုလုပ်သည်နှင့် အပစ်အခတ်မှာ အလိုအလျောက် ရပ်သွားမည်ဟုယုံကြည်နေသည်။ ထို့အတွက် နှစ်ဖက်စလုံးက ပထမဦးစွာ အပစ်ရပ်ရန်ထက် တပ်များကို နောက်ပြန်ဆုတ်ရန် လိုသည်ဟုလည်း ဆိုသည်။

တွေ့ဆုံ ဆွေးနွေးမှုများ အဆင်မပြေသည့်အပြင် တိုက်ပွဲများက မရပ်မနားဖြစ်နေသည့်အတွက် စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင်ဒုက္ခသည် စုစုပေါင်း ရှစ်သောင်းကျော်သွားသည်။ ကျန်ဒေသများအားလုံး ငြိမ်းချမ်းနေချိန်တွင် ဒုက္ခသည်များမှာ တိုက်ပွဲများ ဆက်ဖြစ်ပါက ကြမ်းတမ်းလှသောမိုးရာသီကို မလုံမခြုံကယ်ဆယ်ရေးစခန်းများ၌ပင်ဖြတ်သန်းရလိမ့်မည်။ လက်ရှိမှာပင် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးအတွက် အကူအညီများစွာလိုအပ်နေသည်။

ရှည်ကြာလာသည့် တိုက်ပွဲများကြောင့် နှစ်ဖက်စလုံးနှင့် အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်ခဲ့ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် အမုန်းအာဃာတများ ပိုမိုပြင်းထန်လာသည်။ ထိုအခြေအနေများက လူမျိုးရေးအသွင်ဆောင်လာမည်ကို နိုင်ငံရေးလေ့လာသူ အားလုံးက ပူပန်နေကြရပါပြီ။ နိုင်ငံသားအချင်းချင်း တိုက်နေသောစစ်ပွဲများဖြစ်၍ အားလုံးရှုံးသောစစ်ပွဲဖြစ်ကြောင်းလည်း နိုင်ငံရေးလေ့လာသူတစ်ဦးကပြောသည်။

"လူမျိုးလည်း မခွဲခြားပါဘူး။ အခုက ကိုယ့်နိုင်ငံသားချင်းဖြစ်တဲ့စစ်ပွဲ။ ဒါ့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှာနေတဲ့ပြည်သူအားလုံး တိုင်းရင်းသားအားလုံးက ကချင်ပြည်နယ်အတွက် ဝိုင်းဆုတောင်းပေးစေချင်တယ်။ အရမ်းဒုက္ခရောက်တယ်"ဟု ဂျရန်းစခန်းမှ ဒေါ်ကော့ဖန်က ဆို့နင့်စွာဖွင့်ဟသည်။ ပြောရင်း အသက်၅၉နှစ်အရွယ် သူမပါးပြင်ပေါ်၌ မျက်ရည်များ လိမ့်ဆင်းလာသည်။

စစ်ပြေးဒုက္ခသည်ခြောက်ထောင်ကျော်ရှိသော ဂျရန်းကယ်ဆယ်ရေးစခန်းတွင် လုပ်အားပေးနေသော အသက် ၃၉နှစ်အရွယ် ကိုနော်ဂျာက စခန်းတွင် နေခဲ့ရသော ကာလတစ်လျှောက် စိတ်ထိခိုက်ရဆုံး အခိုက်အတန့်ကိုပြန်ပြောသည်။

"စစ်ပွဲဆိုတာ ဘယ်အရပ်ဘယ်ဒေသမှာမဆို ဖြစ်လို့ရှိရင် အဓိကခံစားရတာက ပြည်သူလူထုပဲ။ ကျေးဇူးတော်နေ့တွေ၊ အခါကြီးရက်ကြီးတွေမှာ ကိုယ့်ရပ်ကိုယ့်ရွာမှာ လွတ်လွတ်လပ်လပ် မလုပ်နိုင်ဘဲ စခန်းမှာ လုပ်ရတာကိုမြင်တဲ့အခါ အရမ်းစိတ်ထိခိုက်တယ်"။

ယခုပြဿနာကို အမြန်ဆုံး ပြေလည်အောင် ဖြေရှင်းဖို့လိုပြီဖြစ်ကြောင်း တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူးနှင့် ကချင်လူမျိုး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သောဒေါ်ဒွဲဘူက မှတ်ချက်ပြုသည်။ စစ်ပွဲများကို အဆုံးသတ်ရန် ယခုအခါလွှတ်တော်ရှိလာသည့်အတွက် တိုင်းရင်းသားရေးရာများကို လွှတ်တော်တွင်းမှာ ဖြေရှင်းနိုင်ကြောင်း သူမကဆိုသည်။

"တိုင်းရင်းသားအရေးကို သေချာပေါက် လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်ပေးနိုင်တယ်။ အရင်က လွှတ်တော်မရှိဘူး။ အခု လွှတ်တော်ရှိတယ်။ လွှတ်တော်မှာ ပါတီစွဲ၊ ဝါဒစွဲမရှိဘဲနဲ့ လုပ်ပေးနိုင်နေပြီ"ဟု ဒေါ်ဒွဲဘူကပြောသည်။ ထို့ကြောင့်ကေအိုင်အိုအနေဖြင့် လွှတ်တော်၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်နှင့် ယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ၎င်းကပြောသည်။ အစိုးရတပ်မတော်ကလည်း ပြည်သူလူထုကိုငဲ့ညှာဖို့လိုကြောင်းလည်း ၎င်းကတိုက်တွန်းသည်။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌဒေါက်တာအေးမောင်က ယခုပဋိပက္ခအတွက် အချက်သုံးချက်ကို အကြံပြုသည်။ ကေအိုင်အေအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ တပ်မတော်နှင့်တိုက်ပွဲများဖြစ်လျှင် တပ်မတော်သားအားလုံးကို ဗမာလူမျိုးဟု ထင်မြင်နေသည်။ အမှန်တွင်တပ်မတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်၍ လူမျိုးရေးအရ ခွဲမမြင်ရန် အရေးကြီးပြီး၊ အစိုးရတပ်မတော်ကလည်း မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် စစ်ဖြစ်ပါစေ ကိုယ့်နိုင်ငံသားအချင်းချင်း တိုက်ခိုက်နေရသည်ဟု အမှန်မြင်ပြီး နှစ်ဖက်စလုံးက လူမျိုးရေးအမြင်များ မရှိရန်လိုသည်။ နောက်ဆုံးအချက်မှာ နှစ်ဖက်စလုံးက သဘောထားကြီးစွာဖြင့် ယုံကြည်မှုတည်ဆောက်ရန်နှင့် အပြစ်မဲ့ပြည်သူများ ဒုက္ခမရောက်စေရန် အပစ်အခတ်ရပ်စဲကြရန်လိုကြောင်းလည်း ဒေါက်တာအေးမောင်ကအကြံပြုသည်။

"အစိုးရက သဘောထားကြီးဖို့လိုတယ်။ အစိုးရမလုပ်နိုင်ရင် လွှတ်တော်ကို တာဝန်ပေးသင့်တယ်"ဟု ၎င်းကဆက်ပြောသည်။ သမ္မတ၏အခန်းကဏ္ဍနှင့် ပတ်သက်၍လည်း "သမ္မတအနေနဲ့လည်း အမိန့်ကို အောက်ခြေအဆင့်ထိ ရောက်အောင်လုပ်ဖို့ သမ္မတကြီးမှာ တာဝန်ရှိတယ်"ဟု ဒေါက်တာအေးမောင်က သူ၏အမြင်ကိုပြောသည်။

"ဘယ်သူမှတော့ မတိုက်ချင်ဘူး။ မြစ်ကြီးနားမရောက်တာလည်း တစ်နှစ်ကျော်ပြီ"ဟု ကေအိုင်အေမှ အရာရှိတစ်ဦးကလည်း တစ်နိုင်ငံတည်းသားချင်း သဘောထားကွဲလွဲရာမှ မတိုက်ချင်ဘဲ တိုက်နေရသော စစ်ပွဲများ နှင့်ပတ်သက်၍ မှတ်ချက်ပေးသည်။ ငြိမ်းချမ်းခဲ့စဉ်အခါက နှစ်ဖက်တပ်မတော်သားများအချင်းချင်း ရင်းနှီးချစ်ခင်စွာ နေထိုင်ခဲ့ကြပုံများကိုလည်း အမှတ်တရ ပြန်ပြောပြသည်။

# ပါတီဥက္ကဋ္ဌတစ်ဦး ဝတ္တရားနှောင့်ယှက်မှုဖြင့် ထောင်ဒဏ်နှစ်လချ

**ကျော်သီဟ**

**ရန်ကုန်၊ မေ - ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဥက္ကဋ္ဌ ဦးအေးလွင်ကို နိုင်ငံတော်ဝန်ထမ်းများအား ဝတ္တရားနှောင့်ယှက်မှုဖြင့် လှည်းကူးမြို့နယ်တရားရုံးက ထောင်ဒဏ်နှစ်လချမှတ်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဥက္ကဋ္ဌ ဦးအေးလွင်အပါအဝင် အလုပ်အမှုဆောင်ခြောက်ဦးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ထမ်းများက လှည်းကူးမြို့နယ်တရားရုံးတွင် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် စက်တင်ဘာက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်ခြောက်ဦးတို့သည် ဇူလိုင် ၂၆ ရက်ညတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ နေပြည်တော်လမ်းရှိ လမ်းဆုံတိုးဂိတ်မှလမ်းအသုံးပြုခကောက်ခံမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်အထက် အဆင့်ရှိ နိုင်ငံခေါင်းဆောင်များအား ထိခိုက်ပြောဆိုခြင်းအပြင် ဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း စော်ကားပြောဆိုသွားခဲ့ခြင်းကြောင့် သက်ဆိုင်ရာဝန်ထမ်းများက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တိုးဂိတ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားအင်ဂျင်နီယာဌာနမှ ဝန်ထမ်းများက လမ်းအသုံးပြုခ ကျပ် ၅,၀၀၀ ကောက်ခံမှုနှင့်ပတ်သက်၍ ဖြစ်ပွားခြင်းဖြစ်ပြီး ပြောဆိုခံရသော သက်ဆိုင်ရာဝန်ထမ်းများက လှည်းကူးမြို့နယ်တရားရုံးသို့ ပြစ်မှုကြီးအမှတ်-၁၁၆၅/၂၀၁၁ ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဥက္ကဋ္ဌ ဦးအေးလွင်ကလည်း ဥပဒေမဲ့ တစ်ဖက်သတ် တရားစွဲဆိုခံနေရကြောင်း အဖြစ်မှန်သိရှိစေရန် နိုင်ငံတော်သမ္မတ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုကော်မရှင်သို့ တင်ပြခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ပုဒ်မ-၁၈၆ ဖြင့် ဥက္ကဋ္ဌ ဦးအေးလွင်အား ထောင်ဒဏ်နှစ်လချမှတ်ရန် လှည်းကူးမြို့နယ်တရားရုံး မေလ ၁ ရက်တွင်အမိန့်ချခဲ့သည်။

# အမေရိကန်အပါအဝင် ၂၇ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို ဆိုက်ရောက်ဗီဇာပေးမည်

**အောင်သူရ**

**ကျောက်ကြီး၊ မေ - ၂၈**

အမေရိကန်နိုင်ငံသားအပါအဝင် နိုင်ငံ ၂၇ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဖိတ်ခေါ်စာရှိလျှင် စီးပွားရေးဆိုက်ရောက်ပြည်ဝင်ခွင့်အား ဇွန်လ ၁ ရက်မှစ၍ ထုတ်ပေးမည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီကပြောကြားသည်။

"မင်္ဂလာဒုံလေဆိပ်တစ်ခုတည်းကပဲရမယ်။ Business (စီးပွားရေး)ဆိုက်ရောက်ဗီဇာကို ရက် ၇၀ ပေးမယ်။ ဗီဇာကြေးကတော့ ဒေါ်လာ ၅၀၊ ဒီနိုင်ငံက လုပ်ငန်းရှင်တစ်ဦးရဲ့ဖိတ်ခေါ်စာက အဓိကပဲ"ဟု ဝန်ကြီးဦးခင်ရီကပြောကြားသည်။

စီးပွားရေးဆိုက်ရောက်ပြည်ဝင်ခွင့်ပေးမည့်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ သြစတြေးလျ၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ ဗြိတိန်၊ အမေရိကန်၊ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအပါအဝင် နိုင်ငံပေါင်း ၂၇နိုင်ငံဖြစ်သည်။

"သတ်မှတ်ထားတဲ့အချက်တွေထဲမှာ အခက်အခဲဖြစ်နိုင်တာ တစ်ခုမှမရှိဘူး။ ဒေါ်လာအဟောင်းအနွမ်း လက်မခံတာ တစ်ခုကလွဲလို့"ဟု နိုင်ငံတကာလေကြောင်းလိုင်းမှ မန်နေဂျာတစ်ဦးကပြောသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက www.mip.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးခင်ရီကပြောကြားသည်။

ယခင်အစိုးရလက်ထက် ဆိုက်ရောက်ပြည်ဝင်ခွင့်အား ၂၀၁၀ ပြည့်နှစ် မေလမှ သြဂုတ်လအထိ ထုတ်ပေးခဲ့ပြီး ထိုအစီအစဉ်အား ပြန်လည်ရုပ်သိမ်းခဲ့ကာ ကြိုတင်ခွင့်ပြုချက်ယူရသော ဆိုက်ရောက်ဗီဇာကိုသာ ခွင့်ပြုပေးခဲ့သည်။

# မြန်မာနှင့် အိန္ဒိယ နားလည်မှုစာချွန်လွှာ ၁၂ ခု လက်မှတ်ရေးထိုး

**ရန်ကုန်၊ မေ-၂၈**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း မြန်မာနိုင်ငံသို့ လာရောက်သည့် ၃ ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ ၁၂ ခု လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယအစိုးရက ပေးအပ်မည့် သက်သာသော ချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ နှင့် ပတ်သက်သည့်နားလည်မှုစာချွန်လွှာ၊ လေကြောင်းဝန်ဆောင်မှုနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်တည်ထောင်ရေး၊ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာန တည်ထောင်ရေး၊ စပါးဇီဝဉယျာဉ်တည်ထောင်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနတည်ထောင်ရေး၊ ဒဂုံတက္ကသိုလ်နှင့် ကာလကတ္တားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ရေး၊ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနနှင့် နယူးဒေလီရှိ The Indian Council of World Affair (ICWA)တို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး၊ နယ်စပ်ဈေးများ ဖွင့်လှစ်ရေးတို့အတွက် မေ ၂၈ ရက်တွင် ရေးထိုးခဲ့ခြင်း ဖြစ်သည်။



Photo -president-office.gov.mm

မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လွှတ်တော် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် အိန္ဒိယနိုင်ငံက လိုအပ်သော ကူညီထောက်ပံ့မှုများ ပေးအပ်လိုကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုလာရောက်သည့် ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးလုပ်ဆောင်ရာ၌ အိန္ဒိယနိုင်ငံက ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးကို အလေးထားလျက်ရှိကြောင်း အိန္ဒိယမီဒီယာများတွင် ဖော်ပြသည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာမန်မိုဟန်ဆင်းသည် ၁၉၈၇ ခုနှစ်က အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီမြန်မာနိုင်ငံသို့ ရောက်ခဲ့ပြီးနောက်ပိုင်း ၂၅ နှစ်ကြာမှ ပထမဆုံး ချစ်ကြည်ရေးခရီး ရောက်ရှိလာသည့် ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။

## အချပ်ပို (H)- ပြောရေးဆိုခွင့်ရှိသူ ဦးလနန်နှင့် တွေ့ဆုံခြင်းမှ

အဓိကကတော့ နိုင်ငံရေးပြဿနာပဲ။ နိုင်ငံရေးပြဿနာရဲ့ အစွန်အဖျားဖြစ်တဲ့ လက်နက်ကိုင်ပြဿနာကိုပဲ ဖြေရှင်းရမယ့် အစားအရင်းအမြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ အရေးကြီးတာပါ။

**လူတချို့ကတော့ အခုဖြစ်နေတဲ့ ပြဿနာတွေကို လူမျိုးရေး အသွင်နက်နက်ရှိုင်းရှိုင်းဖြစ်လာမှာကို ပူပန်ကြတယ်။ အခုဖြစ်နေတာက လူမျိုးရေးအရ ဘယ်လောက်နက်ရှိုင်းနေပြီလို့ ထင်ပါသလဲ။**

ဟုတ်ကဲ့၊ ကျွန်တော်တို့ ကေအိုင်အေအဖွဲ့စည်းကတော့ လူမျိုးရေးခွဲခြားပြီးမှ လုပ်ဆောင်တာမရှိဘူး။ ဆိုလိုတာကတော့ဘာလဲဆိုတော့ တိုက်ပွဲဝင်နေတဲ့ကျွန်တော်တို့ ကေအိုင်အေရဲ့အပေါ်မှာလည်း ဒေသခံတွေ အများကြီးပါတယ်။ ကချင်လူမျိုးတွေအများကြီး၊ ရှမ်းတိုင်းရင်းသားတွေလည်းပါတယ်။ အခုဒုက္ခသည် စခန်းမှာလည်းရှမ်းတို့၊ ရခိုင်တို့အားလုံးတော့ဝင်လာတာရှိပါတယ်။ စိုးရိမ်တယ်ဆိုတာကတော့ဟုတ်တယ်။ မြို့ပေါ်မှာတင်မကဘူး။ တောထဲမှာတောင် ကျွန်တော်တို့ဘက်က ဒီကိစ္စကို တတ်နိုင်သလောက်ရှောင်သွားမှာပါ။ အချိန်အတိုင်းအတာတစ်ခုအထိတော့ ဒီကိစ္စက ကြီးကြီးမားမားကြီး သိပ်ပေါ်လာမှာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်နားလည်မှု ဆက်လွဲနေမယ်ဆိုရင်တော့ နောက်အတွက် ရင်လေးစရာပေါ့။

**ကေအိုင်အေဘက်ကရော အစိုးရဘက်ကရော အကျအဆုံး ဘယ်လောက်လောက်ရှိမလဲခင်ဗျ။**

တစ်နှစ်နီးပါးရှိတာပေါ့ဗျာ။ မီဒီယာကလည်း တော်တော်ကြီးမေးကြတယ်။ ပြည်ပမီဒီယာတွေပေါ့နော်။ အားလုံးကတော့။ တိုက်ပွဲတစ်ခုဖြစ်ပြီဆို သိတဲ့ အတိုင်းပဲ။ အကျအဆုံးတော့ရှိတာပဲ။ တိုက်ပွဲဖြစ်တာ နှစ်လ၊ သုံးလကြာတော့ပေါ့ဗျ။ မီဒီယာ ထဲမှာ comment တွေရေးကြတယ်။ နိုင်ငံတကာမှာရောက်နေတဲ့တိုင်းရင်းသားတွေ ရေးကြတယ်။ ကိန်းဂဏန်းဘယ်လောက်ဘယ်လောက်ဆိုတာ ကျွန်တော်မပြောချင်ဘူး။ အထိခိုက်ကတော့ နှစ်ဖက်လုံးရှိတယ်။

**အခုနောက်ပိုင်းမှာ လွှတ်တော်ထဲကိုအတိုက်အခံကလည်းတော်တော်ရောက်နေပြီဆိုတော့ အခုနောက်ပိုင်းမှာ ဒီကိစ္စကို ထဲထဲဝင်ဝင်ဆွေးနွေးကြရင် အတိုက်အခံကပဲဖြစ်ဖြစ် တိုင်းရင်းသားပါတီကပဲဖြစ်ဖြစ် ဘယ်လိုများသဘောထားရှိပါသလဲ။**

ကျွန်တော်တို့ကတော့ လက်ရှိအစိုးရဟာ ဘာအစိုးရပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ ဒီမိုကရေစီအစိုးရပဲဖြစ်ဖြစ်ပေါ့ဗျာ။ တိုင်းရင်းသားနဲ့ ပတ်သက်တဲ့အရေးကို တောင်းဆိုဖို့က ကျွန်တော်တို့ တာဝန်ပဲ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ လှုပ်ရှားနေတဲ့ လွှတ်တော်ကနေပြီးတော့ တိုင်းရင်းသားအရေးဆိုပြီး ဖြေရှင်းဖို့ရလဒ်ကောင်းတစ်ခုထွက်လာမယ်လို့ ကျွန်တော်တို့ မမျှော်လင့်ဘူး။ လွှတ်တော်ထဲမှာ ဒီကိစ္စပြောတာ ကောင်းပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ကတော့သိပ်မျှော်လင့်ချက် မထားဘူး။ ဒါပေမဲ့ အခုကတော့ အတိုက်အခံပါတီလို့ ပြောရမှာပေါ့။ ဒီမိုကရေစီပါတီအင်အားစုတွေက တော်တော်များများပါလာတဲ့အတွက် ဒီကိစ္စတွေကို အဓိကဦးစားပေးအနေနဲ့ ပြောဆိုကြမယ်လို့ မျှော်လင့်တယ်။

**ငြိမ်းချမ်းရေး ဆွေးနွေးဖော်ဆောင်တဲ့အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုအပြီး ဘယ်လိုအကျိုးဆက်တွေရလဲ။**

ကျွန်တော်တို့တွေ့ဆုံမှုတိုင်းမှာ ကြေညာချက်ထုတ်တယ်ဗျာ။ ကြေညာချက်ထုတ်ပေမယ့်အကျိုးသက်ရောက်မှုဘာမှမရှိဘူး။ တိုက်ပွဲတွေ ပိုများလာတယ်။

**တစ်နှစ်နီးပါးကြာတဲ့အခါ တိုက်ပွဲပေါင်း ဘယ်လောက်ရှိပြီလဲ။**

ပြီးခဲ့တဲ့နှစ်ဇွန်လ၉ရက်ကစပြီး အခုနှစ် မေလ ၂၁ ရက်အထိ တိုက်ပွဲပေါင်း ၁၄၀၈ခုရှိပါတယ်။ ဒါအနည်းဆုံးဖြစ်လိမ့်မယ်။ တစ်ချို့ဒေသမှာဖြစ်တဲ့တိုက်ပွဲသတင်းကရောက်မလာတာရှိတယ်။(မှတ်ချက်- တိုက်ပွဲဆိုသည်မှာ နှစ်ဖက်တပ်ဖွဲ့များကြား အနည်းဆုံး ၁၅ မိနစ်ကြာ အပြန်အလှန် ပစ်ခတ်သော တိုက်ပွဲများကိုဆိုသည်။)

**ထိုးစစ်မဆင်ဖို့ သမ္မတညွှန်ကြားတဲ့ ၂၀၀၁၊ ဒီဇင်ဘာ ၁၀ ရက်နောက်ပိုင်းဖြစ်တဲ့တိုက်ပွဲဘယ်နှစ်ခုရှိလဲ။**

၆၁၆ ကြိမ်ဖြစ်သွားပြီ။ မေလ၁ရက်ကနေ ဒီနေ့အထိ ၁၄၅ ကြိမ်ရှိသွားပြီ။

**ကေအိုင်အိုရဲ့ အန္တိမရည်မှန်းချက်က ဘာလဲ။**

ကချင်တွေအနေနဲ့ သီးခြားကချင်နိုင်ငံထူထောင်မယ့်ဟာမျိုး အရင်က ပြောခဲ့ဖူးတယ်။ အခုမပြောတော့ဘူး။ ကချင်တွေကပြည်ထောင်စုကခွဲထွက်သွားမှာမဟုတ်ဘူး။ အဓိကက မူပဲ။ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်ဖို့ပဲ။ ဖက်ဒရယ်ယူနီယံဆိုတာ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ကို ကာကွယ်ပေးရတယ်။ ဗဟိုအစိုးရမှာ အာဏာရှိသလို ပြည်နယ်အစိုးရကိုလည်း အာဏာခွဲဝေမှု ရှိရမယ်။ ပြည်နယ်တွေမှာလည်း ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်ရှိရမယ်။ အဲသလို သွားချင်တာ။

**ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို တရားဝင်ထပ်မံ ဖွဲ့စည်းလိုက်တဲ့အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် ဘယ်လိုအပြောင်းအလဲတွေ ဖြစ်မယ်လို့ မျှော်လင့်လဲ။**

ကျွန်တော်တို့အမြဲပြောတာက လူထက် မူကအရေးကြီးတယ်။ လူက ဘယ်သူဖြစ်ဖြစ် ဒီမူအတိုင်းပဲ သွားနေမယ်ဆိုရင်တော့ ဆွေးနွေးမှုက ရလဒ်ကောင်း ရလာမယ်မထင်ဘူး။ ဆွေးနွေးမှုမှာ မူကိုပုံသေချမှတ်မထားဘဲနဲ့ လိုတိုးပိုလျှော့ လုပ်နိုင်တဲ့ တိုင်းရင်းသားတွေက ဘယ်လိုသွားချင်သလဲ။ ဗဟိုအစိုးရက ဘယ်လိုလက်ခံနိုင်လဲ။ နှစ်ဖက်ညှိနှိုင်းပြီးမှ ချမှတ်သင့်တယ်ထင်တယ်။ အဓိကက မူပေါ့ဗျာ။

ရ ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012



ရန်ကုန်မြို့လယ်မြင်ကွင်း

# မြို့တော် ရန်ကုန်ကို စိတ်ကြိုက်ပြင်ဆင်ရန် နှစ်စဉ် ကျပ် ၁၀၀ဘီလီယံ လိုအပ်

**ကျော်သီဟ**

**ရန်ကုန်၊ မေ-၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးအတွက် လက်ရှိအခြေအနေတွင် နှစ်စဉ်ကျပ် ၁၀၀ ဘီလီယံ သုံးစွဲနိုင်မှ လူထုအကြိုက်မြို့တော်ဖြစ်နိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဦးကျော်စိုးက သတင်းထောက်များသို့ပြောကြားသည်။

"ဒီနှစ်မြို့တော် စည်ပင်အတွက် ငါးဆယ့်ငါးဘီလီယံရရင်၊ ဒီနှစ်ပြန်သုံးရတာ ငါးဆယ့်ငါး ဘီလီယံ နီးနီးလောက် ပြန်သုံးရတယ်။ ဒါပေမဲ့ ပြည်သူ့အကျိုးကို ဆောင်ရွက်ရမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ မေးတဲ့ တိုးလို့တန်းလန်းဖြစ်နေတဲ့လမ်းတွေ၊ ဒါတွေအားလုံး လုပ်မယ်ဆိုရင်တောင်မှ နောက်ထပ် ကျပ်ဘီလီယံ ၅၀ လောက်ရမှ ဖြစ်မယ်။ တစ်နှစ်မှာ ကျပ်ဘီလီယံ ၁၀၀ လောက်သုံးနိုင်မှ လူထုအကြိုက်ဖြစ်မှာ။ အဲဒါမှလေးငါးနှစ်လောက်လုပ်လိုက်ရင် ရန်ကုန်မြို့တော်က ထိုးထိုးထောင်ထောင် တက်သွားမယ့်သဘော ရှိပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က မေလ ၂၂ ရက်တွင် ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဌာနပေါင်း ၂၀ ရှိပြီး နေ့စဉ်မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ကိုင်နေကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် စည်ပင်သာယာရေး နယ်နိမိတ်မှာ ၁၉၈၅ ခုနှစ် စာရင်းအရ စတုရန်းမိုင် ၁၃၃ ဒသမ ၅၄ မိုင်ရှိခဲ့ရာမှ လက်ရှိတွင် စတုရန်းမိုင်ပေါင်း ၂၉၂ ဒသမ ၄၂၆ စတုရန်းမိုင်ရှိလာကြောင်း သိရသည်။

ရန်ကုန်မြို့သည်မြန်မာနိုင်ငံ၏ လူဦးရေ ဆယ်ပုံတစ်ပုံခန့်ရှိပြီး အကြမ်းဖျင်းအားဖြင့် လူဦးရေ ငါးသန်းကျော်ရှိသည်။ မြို့တော်၏ထူးခြားချက်အရ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နေလူ၈၅ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၏ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များထက် မြို့နေလူဦးရေများပြားကြောင်း သိရှိရသည်။

## The Voice ဂျာနယ်နှင့် သတ္တုတွင်းဝန်ကြီးဌာန အမှုတွင် ရေးသားသူဖော်ထုတ်ရန်မလိုဟု တရားရုံး ဆုံးဖြတ်

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၃**

သတ္တုတွင်းဝန်ကြီးဌာနနှင့် The Voice Weekly ဂျာနယ်တို့အမှုတွင် သတင်းရေးသားသူအား ဖော်ထုတ်ပေးရန်မလိုဟု ဒဂုံမြို့နယ်တရားရုံးက ဆုံးဖြတ်ချက်ချခဲ့သည်ဟု သတင်းရရှိသည်။

"အယ်ဒီတာချုပ်ကိုကျော်မင်းဆွေကိုတရားရုံးက အတင်းအဓမ္မမေးခွင့်မရှိဘူး။ ထုတ်ဖော်ဖို့မလိုဘူး။ သတင်းရေးသားသူကို စစ်ရင်းနဲ့ပေါ်ပေါက်လာရင်တော့နောက်တိုးတရားခံအနေနဲ့တင်ချင်တင်ပေ့ါလို့ တရားသူကြီးက ဆုံးဖြတ်လိုက်တာပါ" ဟု အဆိုပါအမှုအား The Voice Weekly ဂျာနယ်မှ လိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေကြီး ဦးသိန်းညွှန့်က ပြောသည်။

အဆိုပါအမှုတွင် The Voice Weekly ဂျာနယ်မှ အယ်ဒီတာချုပ်က သတင်းရေးသားသူအား ထုတ်ဖော်ပေးရန်မလိုဟု တရားရုံးသို့ယခုဆုံးဖြတ်ချက် မတိုင်ခင် လျှောက်ထားခဲ့သည်။ ကျန်ရှိနေသော အမှုတွဲများ ဆက်လက်စစ်ဆေးရန် ဇွန်လ ၆ရက်သို့ ထပ်မံရွှေ့ဆိုင်းခဲ့သည်။

"ဒီအမှုကို အခြေခံဥပဒေခုံရုံးကို ပို့မပို့ လျှောက်လွှဲချက်ပေးရမယ်။ အခြေခံဥပဒေခုံရုံးကိုပို့လိုက်တဲ့ဟာ အောင်မြင်သွားရင် ဝန်ကြီးဌာနက ပုဒ်မ ၅၀၀(အသရေဖျက်မှု)နဲ့တရားစွဲဖို့ အခွင့်အလမ်း ခက်ခဲသွားတာပေ့ါ"ဟု ဦးသိန်းညွှန့်က ပြောသည်။

ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ၍ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြခဲ့မှုကြောင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ကိုကိုက တရားလိုပြုလုပ်ကာ The Voice Weekly ဂျာနယ်အား ၂၀၁၂ မတ်လ ၁၆ ရက်က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## မဟာမုနိဘုရားကြီးတွင် ဘဏ္ဍာငွေ ကျပ်သိန်းပေါင်း တစ်သောင်းငါးထောင်ကျော်ရှိဟုဆို

**ညီညီဇော်**

**မန္တလေး၊ မေ-၂၇**

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင်ဘဏ္ဍာငွေကျပ်သိန်းပေါင်းတစ်သောင်းငါးထောင်ကျော်ရှိကြောင်း ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မေလ ၁၇ ရက်အထိ စာရင်းပြုစုထားချက်အရ ဘုရားကြီးဘဏ္ဍာတော်တွင် မြန်မာငွေကျပ် ၁၅,၀၈၂ သိန်း၊ အမေရိကန်ဒေါ်လာ ၂၇၈၂၁၉ ဒသမ ၈၅ ဒေါ်လာ၊ ရွှေမိုက်ထုတ်လုပ်ရာမှ ရရှိသော ရွှေများကို ရွှေချောင်း ပြုလုပ်ထားသော ရွှေချောင်း အလေးချိန်ပေါင်း ၁၈ ကျပ်သား၁၂ပဲ၅ရွေးခွဲရှိသည်ဟုဘုရားကြီး အခွန်ဘဏ္ဍာဌာနမှ ဌာနခွဲမှူး ဦးမြင့်အောင်ကျော်က ပြောသည်။

ငွေသားများကို ဘုရားကြီးတွင် အလှူခံသောဖြတ်ပိုင်းများမှ ရရှိခြင်း၊ အလှူခံသေတ္တာများမှ ရရှိခြင်း၊ ရွှေဆိုင်းများ ရောင်းချခြင်းဖြင့် ရရှိခြင်း၊ သီးခြားအလှူရှင်များလှူဒါန်းသည့်အခါ ရရှိခြင်း၊ ရေခွန်မီးခွန်နှင့် ဆိုင်ခန်းခွန်များမှ ရရှိခြင်း၊ ဘဏ္ဍာရေးနှစ်အလိုက်တင်ဒါအမျိုးအစား ၁၃ မျိုးမှ ရရှိခြင်းတို့ဖြစ်သည်ဟု ၎င်းကပြောသည်။

အဆိုပါဘဏ္ဍာငွေများထဲမှ အသုံးပြုသည့် ကိစ္စရပ်များမှာ သံဃိက ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ဘုရားကြီးတွင် အသုံးပြုနေသော လျှပ်စစ်မီတာခပေးဆောင်ခြင်း၊ ကျောင်းတော်ကြီးကို ရွှေချခြင်း၊ ဝန်ထမ်းလစာများ ပေးခြင်းအစရှိသည်တို့၌ အသုံးပြုသည်ဟုဆိုသည်။

ဘဏ္ဍာတော်များထဲမှ သုံးစွဲရန် လိုအပ်လာလျှင် မဟာမုနိဘုရားကြီးသြဝါဒဆရာတော်ကြီးများ၏ ခွင့်ပြုချက်တောင်းခံရသည်ဟု ပြောသည်။ ဝန်ထမ်းစရိတ်ပေးရာတွင် လစဉ်အမြဲတမ်းဝန်ထမ်း ၁၇၈ ဦးအတွက် ကျပ် ၁၃၇ သိန်း၊ နေ့စားပုတ်ပြတ်ဝန်ထမ်း ၇၁ ဦးအတွက် ကျပ် ၅၃ ဒသမ ၆ သိန်း ကုန်ကျသည်ဟု ဌာနခွဲမှူးက ပြောသည်။ မန္တလေးမဟာမုနိဘုရားကြီး၏ ဘဏ္ဍာတော်များကို မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် အမှတ် (၁) တွင် အပ်နှံထားကြောင်း သတင်းရရှိသည်။

## ပြည်ပချေးငွေဖြင့် စပါးသိုလှောင်ရုံ တည်ထောင်ကြရန် လုပ်ငန်းရှင်များစီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၂၈**

နိုင်ငံခြားဘဏ်များမှ ချေးငွေရယူ၍ ပြည်တွင်း၌ စပါးသိုလှောင်ရုံများတည်ဆောက်ရန် စီစဉ်နေကြောင်းမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်းမှသတင်းရရှိသည်။

သိုလှောင်ရုံကြီးများ တည်ဆောက်ရခြင်းမှာစပါးပေါ်ချိန်အကြွေးဆပ်ရန် စပါးများ ရောင်းချရခြင်းကြောင့် ဈေးများကျဆင်းသွားမှုကို ကာကွယ်ရန် ရည်ရွယ်ကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်ကဆိုသည်။

"အရင်းအနှီးက အရမ်းများတော့ပြည်တွင်းဘဏ်တွေက ချေးရင် အတိုးနှုန်းမတတ်နိုင်ဘူး။ ပြီးတော့ ပြည်တွင်းငွေလှည့်လည်မှုမှာလည်း အခက်အခဲရှိနိုင်တယ်" ဟုဦးရဲမင်းအောင်က ရှင်းပြသည်။

ယင်းသိုလှောင်ရုံများကိုဆန်စပါးအဓိက စိုက်ပျိုးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အလုံး ၂၀ ခန့်စတင်တည်ဆောက်ရန် စီစဉ်ထားကြောင်းကို သိရသည်။

သိုလှောင်ရုံများတည်ဆောက်ပြီးနောက် လယ်သမားများသည် သိုလှောင်ရုံ၌ ထားရှိသော စပါးကို အပေါင်ထား၍ ပြည်တွင်းဘဏ်များမှ ချေးငွေကို ရယူနိုင်အောင်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ သိုလှောင်ရုံမှ လယ်သမားများ ထားသည့် စပါးကို စနစ်တကျ စိစစ်ပြီး လက်ခံစာထုတ်ပေးမည်။ ယင်းလက်ခံစာကို ဘဏ်၌ အပေါင်ထား၍ ငွေချေးနိုင်မည်ဖြစ်သည်။

"ကြွေးပူကို ဒီချေးငွေနဲ့ ဆပ်ပြီး စပါးကို ဈေးကောင်းမှ ထုတ်ရောင်းလို့ရတာပေ့ါ"ဟု ဦးရဲမင်းအောင်ကဆိုသည်။

နှစ်စဉ် မိုးစပါး၊ နွေစပါးများပေါ်ချိန်တွင် စပါးဈေးမှာ ကျဆင်းလေ့ရှိသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးအတွက် အရင်းအနှီးများထည့်သွင်းခဲ့ရသဖြင့် သီးနှံပေါ်ချိန်တွင် ငွေလိုအပ်သည်မှာ လယ်သမားများအတွက်ပုံမှန်အခြေအနေတစ်ခုဖြစ်နေရသည်။ ငွေကြေးတတ်နိုင်သူများက အချိန်ကာလတစ်ခုကို စောင့်၍ ရောင်းချသဖြင့် ဈေးကောင်းရရှိကြောင်း ဓနုဖြူမြို့နယ်၊ နွဲကြီးကျေးရွာမှ လယ်သမားတစ်ဦးက ရှင်းပြသည်။



ကယ်ဆယ်ရေးစခန်းတစ်ခုရှိ မြေးအဘွားနှစ်ဦး

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

ကချင်ဒေသစစ်ပွဲများ အထူးသတင်းပေးပို့ချက်

# ယမ်းငွေ့ များကြားမှပန်းကလေးများ

အားမာန်

သူ့အမည်က မြန်မာလို တတိယမြောက်အောင်မြင်သောသမီးဟု အဓိပ္ပာယ်ရသော ကချင်နာမည် 'ရွယ်အောင်'။ အမည်က အောင်မြင်သောသမီးဟုဆိုသော်လည်း သူမ လူ့ဘဝ စရောက်လာသော ၁၉ရက်မြောက်နေ့အထိ အောင်မြင်မှုကောင်းမွန်မှု တစ်ခုမျှမကြုံရသေး။

ရွယ်အောင်ကို လွန်ခဲ့သည့် ၁၉ရက်(မေ ၅)ရက်က လိုင်ဇာရှိ ဝယ်ကျိုင်းစစ်ဘေးဒုက္ခသည်စခန်းတွင် ဖွားမြင်ခဲ့သည်။ ပန်းဆောင်ရွာ ဇာတိ မိခင်မနူးတောင်က သူလေးကို ဒုက္ခသည်စခန်းမှာပင် အောင်မြင်စွာမွေးဖွားခဲ့သည်။ အသက် ၂၄နှစ်အရွယ် မနူးတောင်၊ အမျိုးသားနှင့် သား၊ သမီးစုစုပေါင်း မိသားစုဝင်လေးဦးတို့စခန်းရောက်လာစဉ်က ရွယ်အောင်မပါသေး။ သူတို့မိသားစုမှာ ကချင်ပြည်နယ်တွင် အစိုးရတပ်မတော်နှင့်ကချင်လွတ်လပ်ရေးတပ်မတော် (KIA)တို့ကြား တိုက်ပွဲများစတင်ဖြစ်ပွားပြီးနောက် ၂၀၁၁ ဇူလိုင်လဆန်းတွင် စစ်ဘေးရှောင်ရန် ဇာတိမြေမှ ထွက်ပြေးလာကြခြင်းဖြစ်၏။ အစိုးရစစ်တပ်နှင့် KIA အကြား တိုက်ပွဲများမှာ ၂၀၁၁ ဇွန် ၉ ရက်တွင် စတင်ဖြစ်ပွားနေခြင်းဖြစ်သည်။

ထို့ကြောင့် ရွယ်အောင်မှာ ဝယ်ကျိုင်းစစ်ဘေးဒုက္ခသည်စခန်းရောက်ပါမှ သူမမိခင်ဝမ်း၌ သန္ဓေတည်၍ စစ်ပွဲကာလမှာပင် လူ့လောကရောက်လာသူကလေးဖြစ်သည်။ ကမ္ဘာ့နိုင်ငံများထဲတွင် ပြည်တွင်းစစ်သက်တမ်းအရှည်ကြာဆုံးနိုင်ငံ၊ အာဆီယံတွင် ပြည်တွင်းစစ် ကျန်ရှိသေးသော တစ်ခုတည်းသော နိုင်ငံ၌ တစ်ကျော့ပြန် ပြည်တွင်းစစ်ဖြစ်နေသည့် ကချင်ပြည် နယ်ရှိ ဒုက္ခသည်စခန်းတွင်မှ တိုက်တိုက်ဆိုင်ဆိုင် လူဖြစ်လာသူလေးပင်။

မိခင်ဝမ်းက ထွက်ခါစ နီတာရဲလေး ရွယ်အောင်ကတော့ ပတ် ဝန်းကျင် ဘာဖြစ်နေသည်ကိုလုံးဝမသိ။ မိခင်ကျောပေါ်တွင် နှစ်ခြိုက်စွာအိပ်မောကျနေသည်။ မွေးကင်းစ သူ့မျက်နှာပေါ် ဝယ် ယားနာကွက်လိုလို၊ မိတ်ဖုများလိုလို အပိန့်ကွက်အချို့ထနေသော်လည်း သူ့မျက်နှာမှာ ဖြူစင်အပြစ်ကင်းနေသည်။

တစ်နှစ်နီးပါး ကြာရှည်ခဲ့ပြီဖြစ်သော အစိုးရစစ်တပ်နှင့်ကချင် လွတ်လပ်ရေးအဖွဲ့(KIO)လက်အောက်ရှိ ကချင်လွတ်လပ်ရေး တပ်မတော်(KIA)တို့၏ တိုက်ပွဲများကြား စစ်ပြေးဒုက္ခသည်စခန်းများတွင် မွေးဖွား၍ လူ့လောက ရောက်လာသော ကလေးငယ်စုစုပေါင်း မေ ၂၂ရက်အထိ ၁,၀၀၄ဦးရှိသည်။ ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေး စခန်းအားလုံးတွင် မေလ ၂၂ရက်အထိ စစ်ပြေးဒုက္ခသည်အနည်းဆုံး ၈၀,၀၀၀ ကျော်ရှိကြောင်း စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲပီဆကပြောသည်။ စစ်ပွဲများကြား စစ်ဘေးဒုက္ခသည် မိဘများက စခန်းများတွင် ကလေးငယ် ၁,၀၀၄ဦးကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

စစ်ဘေးဒုက္ခသည်အားလုံး မိမိဇာတိမြေပြန်လိုသော်လည်း တိုက်ပွဲများကြောင့် မပြန်နိုင်။

"ရွာကို ပြန်တော့ပြန်ချင်တယ်။ မပြန်ရဲဘူးကြောက်တယ်" ဟု အသက် ၃၀ နှစ်အရွယ် တုန်ဖူယန်မြို့နယ်၊ တွန်ခုန်းရွာဇာတိသူ မမိုင်ဆန်ကဖွင့်ဟသည်။ မမိုင်ဆန်သည်လည်း မနူးတောင်ကဲ့သို့ ကယ်ဆယ်ရေးစခန်းရောက်မှ ကလေးတစ်ဦးဖွားမြင်၍ သားသမီးငါးဦးရှိသည်။

သုံးလအရွယ်သာရှိသော သူမ၏ အငယ်ဆုံးသား ဇော်ကန်အောန်အတွက် ပူပင်ကြောင့်ကြမှု များစွာမရှိဘဲ သားအလတ်နှင့် သမီးအလတ်တို့အတွက် အဓိကပူပန်နေသည်။

"ကလေးတွေ ကျောင်းတက် ရမှာဆိုတော့ ပိုက်ဆံမရှိလို့စိတ်ပူတယ်။ သူတို့ကို ကျောင်းထားရတော့မှာ"ဟု မမိုင်ဆန်ကပြောသည်။ အသက်ရှစ်နှစ်အရွယ် သမီးအကြီးဆုံးမှာ အဘွားဖြစ်သူ နှင့် ရှမ်းပြည်နယ်တွင်နေ၍ စိတ် မပူရသော်လည်း ခြောက်နှစ်အရွယ်သားနှင့်လေးနှစ်အရွယ်သမီးတို့ကိုကျောင်းထားရန် သူမ ပူပန်နေခြင်းဖြစ်၏။ သုံးလသား ဇော်ကန်အောန် ကတော့ မိခင်၏ ပူပန်မှုများ ဘာမျှမသိ။ မိခင်ရင်ခွင်၌ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

မြန်မာနိုင်ငံမှ အခြားဒေသ အားလုံးရှိကျောင်းသား၊ ကျောင်းသူများ အစိုးရသစ်၏ ပြောင်းလဲခြင်းလေပြည်တွင် မိမိတို့ရပ်ရွာ ကျောင်းများ၌ ပျော်ရွှင်လွတ်လပ်စွာပညာသင်ယူနိုင်ချိန်တွင် ကချင်ပြည်နယ်ရှိစစ်ဘေးဒုက္ခသည် ကျောင်းသားများကမူ ထိုသို့မဟုတ်။ ကယ်ဆယ်ရေးစခန်းများတွင် ပညာရေးကိုဖြစ်သလိုသင်ယူနေကြရသည်။ ယခင် ပညာသင်နှစ် (၂၀၁၁-၁၂)ကပင် စစ်ပြေးဒုက္ခသည်ကျောင်းသား ၅,၀၀၀ ကျော်ရှိသည်။ စစ်ပြေးဒုက္ခသည် ကျောင်းသား ၁,၅၀၀ကျော်မှာမူ ကယ်ဆယ်ရေးစခန်းရှိကျောင်းသို့ရောက်ချိန် နောက်ကျ၍ ပညာသင်ယူခွင့် တစ်နှစ်ဆုံးရှုံးခဲ့သည်။

ထိုအရေအတွက်မှာ KIO လက်အောက်ရှိကယ်ဆယ်ရေးစခန်းများမှ အရေအတွက်သာဖြစ်ပြီး အစိုးရတပ်မတော်ထိန်းချုပ်ထားသော နယ်မြေရှိ ကယ်ဆယ်ရေးစခန်းများမှ ကျောင်းသား မပါဝင်သေးပေ။ ထို့ကြောင့်ဇွန်၁ရက်စမည့်ယခုပညာသင်နှစ်တွင်စစ်ဘေးဒုက္ခသည်ကျောင်းသားအရေအတွက် တိုးလာမည်ဖြစ်သည်။ ထို့အတူ မိဘက စိတ်မချ၍ ကျောင်းမတက်ခိုင်းသောကြောင့် ကျောင်းမတက်နိုင်သော စစ်ဘေးဒုက္ခသည်ကျောင်းသားမှာလည်း ယခင်ထက်တိုးလာမည်ဖြစ်ကြောင်း ဦးဒွဲပီဆကပြောသည်။

အရှိန်မြင့်လာသော စစ်ပွဲများကြောင့် စစ်ဘေးဒုက္ခသည် အရေအတွက် များလာသည့်နည်းတူ ဒုက္ခသည်များစွာတွင် အရေအတွက်အများဆုံးဖြစ်သော ကျောင်းသားအရွယ် ကလေးငယ်များ ဆက်တိုက်တိုးနေ၍ ၎င်းတို့အတွက် ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောပင်စသော သင်ထောက်ကူပစ္စည်းများလည်း အထူးလိုအပ်နေသည်။ ကြမ်းတမ်းသော မိုးရာသီကိုရောက်တော့မည်ဖြစ်၍ ခိုင်ခံ့သောကျောင်းအဆောက်အအုံ၊ စာသင်ခုံ၊ စားပွဲစသည်တို့လည်း လိုအပ်ကြောင်း ဒုက္ခသည်ကျောင်းသားများအရေး ကူညီနေသူများကဆိုသည်။

"သား၊ သမီးတွေကို ပညာတတ်စေချင်တယ်"ရွယ်အောင်၏ မိခင်မနူးတောင်က သူမ၏ဆန္ဒကိုဖွင့်ဟသည်။ ကိုယ်တိုင် တောထဲတွင် တောင်ယာလုပ်နေရသူဖြစ်၍ သားသမီးများကို ပညာတတ်စေချင်ပြီး ယခုကဲ့သို့ ဒုက္ခများထပ်မတွေ့ရန် သူမ ဆန္ဒရှိနေသည်။ ဇော်ကန်အောန်မိခင် မမိုင်ဆန်ကလည်း အလားတူ ဆန္ဒပင်ရှိနေသည်။

ထို့ကြောင့် သူတို့နှစ်ဦးအပါအဝင် စစ်ဘေးဒုက္ခသည်အားလုံး ဘုရားသခင်ထံ တောင်းသောဆုမှာတူညီနေသည်။

"ကချင်ပြည်နယ် ငြိမ်းချမ်းရေးအမြန်ရအောင်၊ အိမ်ကိုအမြန် ပြန်နိုင်အောင် နေ့တိုင်းဆုတောင်းတယ်"ဟု မနူးတောင်က သူမ တောင်းသောဆုကိုပြောသည်။

"စစ်ပွဲတွေမဖြစ်အောင် ငြိမ်းချမ်းရေးမြန်မြန်ရအောင်ဆုတောင်းတယ်" မမိုင်ဆန်ကလည်းဖွင့်ဟသည်။

အသက် ၅၉နှစ်အရွယ် ဒေါ်ကော့ဖန်ကတော့ မြန်မာနိုင်တစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကပါ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းဆုတောင်းပေးစေလိုနေသည်။

"လူမျိုးလည်း မခွဲခြားပါဘူး။ မြန်မာနိုင်ငံတစ်ဝန်းမှာနေတဲ့ပြည်သူအားလုံး တိုင်းရင်းသားအားလုံးက ကချင်ပြည်နယ်အတွက် ဝိုင်း ဆုတောင်းပေးစေချင်တယ်။ အရမ်းဒုက္ခရောက်တယ်" ဂျယမ်းစခန်းမှ ဒေါ်ကော့ဖန်က အားကိုးတကြီးပြောသည်။ ပြောနေရင်းမှ သူမပါးပြင်ပေါ် ရှိမျက်ရည်ပူများ ကျဆင်းနေသည်။

သို့သော် အစိုးရနှင့် ကေအိုင်အိုကြား နိုင်ငံရေးအမြင်မတူရာမှ ဖြစ်ပွားနေသောတိုက်ပွဲများ မည်သည့်အချိန်တွင် ပြီးဆုံး၍ မည်သည့်အချိန်တွင်မှ ၎င်းတို့ တောင်းသောဆုများပြည့်မည် မသိနိုင်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန်မေ၁ရက်တွင်သမ္မတဦးသိန်းစိန်ဖွဲ့စည်းလိုက်သောပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ ပေါ်ပေါက်လာပြီး သုံးရက်အကြာ လူ့လောက ရောက်လာသော ရွယ်အောင်တစ်ယောက် ဘယ်တော့များမှ မိဘများနှင့်အတူ ဇာတိရွာပြန်နိုင်မည် မသိ။ ဘယ်တော့များမှ ငြိမ်းချမ်းရေးလေပြည်နှင့် ထိတွေ့ခွင့်ရမည် မသိ။ ။

## ပြည်သူ့ဂုဏ်ရည်ဆု ကချင်တိုင်းရင်းသား လဖိုင်နော်မိန်းရရှိ

အေးသူစံ

ရန်ကုန်၊ မေ - ၂၇

မြန်မာနိုင်ငံတွင်း လူမှုရေးလုပ်ငန်းများကို ကိုယ်ကျိုးစွန့် ဆောင်ရွက်နေသူများအား ဂုဏ်ပြုသောအားဖြင့် ပေးအပ်သည့်ပြည်သူ့ဂုဏ်ရည်ဆုပေးပွဲကို ၂၀၁၂ခုနှစ် မေလ ၂၇ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပခဲ့ရာ ကချင်တိုင်းရင်းသားလဖိုင်နော်မိန်းက ရရှိသွားသည်။

ယခုနှစ် ပြည်သူ့ဂုဏ်ရည် ဆုအတွက် ဆန်ခါတင်ငါးဦးကို ဧပြီလ ၂၂ရက်နေ့က ထုတ်ပြန်ခဲ့ရာ ဒေါ်သန်းမြင့်အောင်၊ ရွှေ့နေဦးဖိုးဖြူ၊ ကိုလဖိုင်နော်မိန်း၊ သုခရိပ်မြုံလူငယ်ပရဟိတဖွံ့ဖြိုးမှုဂေဟာနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူမှုအထောက်အကူပြုအဖွဲ့ ပါဝင်ခဲ့သည်။

အချပ်ပို(F)သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012



ဂျာရန်းကယ်ဆယ်ရေးစခန်းမှ စစ်ပြေးဒုက္ခသည်ကလေးငယ်များကို တွေ့ရစဉ်။ ချောင်းအကျော်တစ်ဖက်မှ တောင်ကုန်းမှာ တရုတ်ဘက်အခြမ်းဖြစ်သည်     ဓာတ်ပုံ - အားမာန်

# ငြိမ်းချမ်းရေးလေပြည် မျှော်လင့်ချိန်

**အားမာန်**

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသောစစ်ပွဲများ ပြီးဆုံးရန်နှင့် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေး အမြန်ရရှိရန် ကျွန်တော် ယခုဆောင်းပါးကို ရေးသားပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ရဲဝံ့လှသောဆုံးဖြတ်ချက်များနှင့်အတူ မြန်မာ့နိုင်ငံရေး လျင်မြန်စွာကူးပြောင်းနေချိန်၊ ငြိမ်းချမ်းရေးလေပြည်များ နိုင်ငံဒေသအများစု၌ တိုက်ခတ်နေချိန်တွင် ကချင်ပြည်နယ်မှာတော့ ခြားနားစွာ စစ်ရေးအရှိန်များ မြင့်တက်နေသည်။

"KIA တပ်သားတွေ ကျဆုံးသလို အရပ်သားတွေ ဒုက္ခရောက်တာလည်းအများကြီးရှိတယ်။ တစ်ဖက်မှာလည်း အစိုးရတပ်သားတွေကလည်း နိုင်ငံသားတွေပဲ။ အားလုံးက နိုင်ငံသားတွေပဲ" ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့(KIO)ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့အကြား တိုက်ပွဲများဖြစ်ပွားခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးသောပြောစကားဖြစ်၏။

တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော တိုက်ပွဲများအကြား မြေစာပင်များဖြစ်ရသည့်စစ်ပြေးဒုက္ခသည်များထဲက အသက် ၁၁နှစ်အရွယ် ကချင်တိုင်းရင်းသူ ဂျီးဆန့်က သူမ၏ဆန္ဒကို အောက်ပါအတိုင်းဖွင့်ဟသည်။

"သမီးတို့ကတော့ ဒီကချင်ပြည်နယ် ငြိမ်းချမ်းရေးရအောင် အမြဲဆုတောင်းတယ်"

စစ်ပွဲများကြောင့် ထွက်ပြေးနေရ၍ ယမန်နှစ်က သူမကျောင်းမတက်ခဲ့ရ။ ယခုနှစ်တွင်တော့ လိုင်ဇာမြို့အနီးရှိ ကယ်ဆယ်ရေးစခန်းတွင် ဖွင့်လှစ်မည့်ကျောင်း၌ ကျောင်းတက်ရန် ပြင်ဆင်နေသည်။ တတိယတန်းကျောင်းသူသူမ အလိုချင်ဆုံးဆန္ဒက ငြိမ်းချမ်းရေးအမြန်ရပြီး သူမဇာတိ ပျော်လျှံရွာကျောင်းတွင် ကျောင်းတက်ခွင့်ရရန်ဖြစ်၏။

ယမန်နှစ် ဇွန်လ ၉ရက်မှ စတင်ဖြစ်ပွားခဲ့သော အစိုးရနှင့် KIA ကြား ဖြစ်ပွားသောတိုက်ပွဲများမှာ တစ်နှစ်ပြည့်တော့မည်ဖြစ်သည်။ နှစ်ဖက်စလုံးမှ ငြိမ်းချမ်းရေးရရန် ဆွေးနွေးမှုအကြိမ်ကြိမ်လုပ်ခဲ့သော်လည်း ငြိမ်းချမ်းရေးမရသေးဘဲ စစ်ရေးအရှိန်များသာ မြင့်တက်နေသည်။ ထိုစစ်ပွဲများကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများစွာဖြင့် ဒီမိုကရေစီဖော်ဆောင်မှု ကမ္ဘာ့စံပြမော်ဒယ်ပင်ဖြစ်လာနိုင်သည်ဟု နိုင်ငံတကာမှ စောင့်ကြည့်သူများက ချီးကျူးရသောမြန်မာနိုင်ငံမှာ အာဆီယံနိုင်ငံများတွင် တစ်နိုင်ငံတည်းသော ပြည်တွင်းစစ်ကျန်ရှိနေသောနိုင်ငံဖြစ်နေပြန်သည်။

ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားခဲ့သောနိုင်ငံမှာ အစိုးရသစ်၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုခြေလှမ်းသစ်များကြောင့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ပိုမိုရှင်သန်လာသည်။ အစိုးရသစ်လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ဖွဲ့နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် ဦးအောင်မင်းနှင့် ဦးအောင်သောင်းတို့ ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့ကို တာဝန်ပေးခဲ့ရာ အဖွဲ့ ၁၀ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးအပါအဝင် ပဏာမအဆင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ဖွဲ့တွင် သဘောတူညီချက်မရသေးသော နောက်ဆုံးအဖွဲ့ KIA နှင့်တွင်မူ တဖြည်းဖြည်း စစ်ရေးအရှိန်များပါ မြင့်တက်လာသည်။ ၁၉၉၄ ဖေဖော်ဝါရီ ၂၄ရက်မှ ၂၀၁၁ ဇွန်လဆန်းအထိ ၁၇နှစ်ကြာ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီးမှ တိုက်ပွဲများပြန်လည်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။

၁၉၆၀ တွင် နိုင်ငံရေးပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့သော KIO မှာ ၁၉၆၁ တွင် လက်နက်ကိုင်တပ်ဖွဲ့ KIA ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ကချင်ပြည်နယ်တွင် ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်နှင့် အုပ်ချုပ်ခွင့်အတွက် အစိုးရအဆက်ဆက်နှင့် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နိုင်ငံရေးပြဿနာမှာ စစ်ရေးဖြင့် ဖြေရှင်း၍မရသည့်အတွက် အစိုးရနှင့် KIA တို့မှာ ၁၉၉၄ ဖေဖော်ဝါရီ ၂၄ တွင် အပစ်အခတ်ရပ်စဲခဲ့သည်။ အပစ်အခတ်ရပ်စဲခဲ့သည့် ကာလတစ်လျှောက် ဒေသဖွံ့ဖြိုးရေးကို အစိုးရနှင့် KIO ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထိုကာလတွင် KIO က အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကာ နိုင်ငံရေးအရ ဆွေးနွေးမှုများပြုလုပ်ရန် ကြိုးပမ်းခဲ့သော်လည်း အထမမြောက်ခဲ့ဟု KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်းကဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၀၉ ဧပြီလကုန်တွင် KIA ကိုနယ်ခြားစောင့်တပ်ဖွဲ့အသွင်ပြောင်းရန် အစိုးရကဆောင်ရွက်သည်တွင် KIA က သဘောမတူခဲ့။ အပစ်အခတ်ရပ်ထားမှု အဆုံးသတ်ရသော အဓိကအကြောင်းရင်းမှာ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး နှစ်ဖက် အဆင်မပြေရာမှ ၂၀၁၁ ဇွန် ၉ ရက်တွင် တာချီလိတ်အနီးရှိ ဆက်ဆံရေးရုံး KIA စခန်းအား အစိုးရတပ်မတော်က ဝင်ရောက်တိုက်ခိုက်ရာမှ စတင်ခြင်းဖြစ်သည်။

တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီး တစ်နှစ်ပြည့်ရန် သုံးပတ်ခန့်အလိုတွင် (ဇွန် ၉ မှ ၂၀၁၂ ဧပြီ ၂၁ အထိ)တိုက်ပွဲပေါင်း ၁,၄၀၀ ကျော်ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး စသောကဏ္ဍများအတွက် အသုံးစရိတ်တိုးမြှင့်ရန် လိုအပ်ချိန်တွင် စစ်ရေးအသုံးစရိတ်များက နိုင်ငံအတွက် ထိုးနှက်ချက်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း နှစ်ဖက်စလုံးက မိမိတို့၏ တောင်းဆိုချက်များကို အလျှော့မပေးသည့်အတွက် ဆွေးနွေးမှုများမှာ အကြိမ်ရေများလာသော်လည်း မအောင်မြင်ခဲ့။

"တိုင်းရင်းသားခေါင်းဆောင်တစ်ဦးမကြာသေးခင်ကပြောခဲ့တဲ့ စကားလေး ကျွန်တော် ပြောပြချင်ပါတယ်။ ၁၈ နှစ်၊ ၁၉ နှစ်အရွယ်ရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားလူငယ်တွေကပြောကြတယ်။ ကျွန်တော်တို့လည်း လက်ပ်တော့တွေ၊ ကွန်ပျူတာတွေကိုင်ချင်တယ်ဆိုတဲ့စကားဖြစ်ပါတယ်။ ကျွန်တော် တကယ်ကို စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော် အခိုင်အမာသန္နိဋ္ဌာန်ချထားပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ဒီလိုမယုံမရဲဖြစ်နေတဲ့ စိုးရိမ်မှုတွေ မပျောက် ပျောက်အောင် ဖျောက်ပစ်ရပါမယ်။ ဒါဟာ ကျွန်တော်တို့အစိုးရ ရဲ့ခံယူချက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာတွေ၊ စူးနစ်တဲ့ အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေ အားလုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ အားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရသက်တမ်း တစ်နှစ်ပြည့် အထိမ်းအမှတ် မတ်လ ၁ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသောမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

**အချပ်ပို(II)သို့**



ဓာတ်ပုံ - အားမာန်

## ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးနည်းဖြင့် တိုက်ရိုက်အဖြေရှာသောနည်းကိုပါ တစ်ချိန်တည်း ကျင့်သုံးသင့်ဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ မေ- ၂၄**

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးနည်းဖြင့် တိုက်ရိုက်စတင်အဖြေရှာသောနည်း နည်းလမ်းနှစ်ခုလုံးကို တစ်ချိန်တည်းတွင် ကျင့်သုံးခြင်းဖြင့် ငြိမ်းချမ်းရေး အဖြေရှာမှုကိုပို၍ တွန်းအားပေးရာရောက်မည်ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီက တိုင်းရင်းသားအရေးနှင့် ပတ်သက်သော ကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

အပစ်အခတ်ရပ်စဲရေးသည် စစ်ရေးအရ နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေးသာဖြစ်ပြီး နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးသည်သာ အဓိကဖြစ်သည်ဟုဆိုကာ နှစ်ပေါင်းများစွာ နိုင်ငံရေးရှုပ်ထွေးမှုများ၊ နိုင်ငံရေးလိုအင်ဆန္ဒများ၊ သယံဇာတခွဲဝေသုံးစွဲမှုအပေါ် မညီမျှမှုများ၊ အခြေခံအကြောင်း တရားအလိုက် ဒေသတစ်ခုချင်း ကွဲပြားစွာကိုင်တွယ်ဖြေရှင်းရမည်မှာပေါ်လွင်နေပြီဟု ယူဆကြောင်းလည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ထုတ်ပြန်ကြေညာထားသည်။

ကချင်လွတ်မြောက်ရေး တပ်မတော်နှင့်မြန်မာ့တပ်မတော်တို့ကြားတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်မှာ လာမည့်ဇွန်လ ၉ ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ စစ်ဘေးရှောင်တိမ်းသူ ဒုက္ခသည်ဦးရေမှာလည်း နေ့စဉ်များပြားလာနေကြောင်း သိရသည်။

ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် အစိုးရဘက်မှ ဝန်ကြီးများပါဝင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ၂၀၁၁ ခုနှစ် မေလမှစတင်ကာသုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အပစ်အခတ်လုံးဝရပ်စဲရေးကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။

ကချင်လွတ်မြောက်ရေး တပ်မတော်သည် ၁၉၉၄ ခုနှစ်တွင် အစိုးရနှင့်ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၁၁ ဇွန်လမှ စတင်ကာ တိုက်ပွဲများပြန်လည် ဖြစ်ပွားလာခြင်း ဖြစ်သည်။

ကချင်ပြည်နယ်တွင် အမြန်ဆုံး ငြိမ်းချမ်းရေးရရှိရေးအတွက် ပြုလုပ်ရမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များက ပြောကြားခဲ့သော်လည်း ယနေ့အချိန်ထိဆွေးနွေးမှုများမှာမအောင်မြင်ခဲ့ပေ။


7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# လိုင်ဇာမြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း

အားမာန်၊ ရဲမိုး၊ စန်းယုကျော်၊ မျိုးမင်းထိုက်၊ စိုးဝင်းငြိမ်း

**ယခင် မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေးမြို့တစ်မြို့အဖြစ် စည်ကားခဲ့သော်လည်း ယခုအခါတိုက်ပွဲများကြောင့်ကုန်သွယ်မှုရပ်ဆိုင်းနေသော လိုင်ဇာမြို့မှ မြို့အုပ်ချုပ်ရေးမှူးကို စစ်ပွဲများအကြားမှ လက်ရှိမြို့၏ အခြေအနေကို မေ ၂၂ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**





လိုင်ဇာမြို့လယ်ကို မေလ ၂၃ ရက်က တွေ့ရစဉ်

ဓာတ်ပုံ - အားမာန်

**■ လက်ရှိလိုင်ဇာထဲမှာ လူဘယ်လောက်များ ကျန်သလဲ။**

ကျွန်တော်တို့ လူဦးရေက ၈၆၀၀ ကျော်ရှိတယ်။ အဲ့ဒီတော့ ဒီမှာ ရပ်ကွက်က ၈ ရပ်ကွက်ရှိတယ်။ ဒီရပ်ကွက် ၈၊ ၇၊ ၆ မှာတင်ပဲ အခြေအနေက တော်တော်ကို ပြောင်းလာပါတယ်။ ဒီကလူဦးရေကတော့ တခြားကို ရွှေ့သွားခြင်း မရှိဘူး။ တခြားက လူဦးရေကပဲ ဒီမှာရွှေ့လာတာပေါ့နော်။ အရင်ကတော့ လိုင်ဇာစခန်း (၄)ခု ဖွင့်ထားတယ်။ အခုစခန်း (၁)ခု ထပ်တိုးလာတော့ ၅ ခုရှိသွားပြီ။

**■ နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်တဲ့လိုင်ဇာမှာ အခုစစ်ပွဲတွေကြောင့် လူအဝင်အထွက် ဘယ်လောက်ပါးသွားလဲ။**

ခန့်မှန်းခြေ အရင်ကတော့ တစ်ရက်ကို ခန့်မှန်းခြေ သိန်းငါးသောင်းဝန်းကျင်တန်ဖိုး ကုန်အဝင်အထွက်ရှိတယ်။ အရင်က ကုန်သွယ် စီးဆင်းမှုက မြစ်ကြီးနား၊ ဗန်းမော်ဘက်က ကားအစီးသုံးရာ အဝင် အထွက်ရှိတယ်။ ဒီဘက်ကတော့ ၆၀ နဲ့ ၈၀ ပေါ့။ အခုက အပြင်ကလူအဝင်အထွက်က ၂ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်းကြားလောက်ပဲ ရှိတော့တယ်။ အဝင်အထွက် မရှိသလောက် ပေါ့။ ဘာလို့လဲဆိုတော့ လမ်းလည်း မကောင်းတော့တာ ပါတာပေါ့။ တံတားလည်းမရှိတော့ဘူး။

**■ အဝင်အထွက်လူနည်းသွားတာ ဘယ်အချိန်လောက်ကစတာလဲ။**

ဇူလိုင်ကုန်ပေါ့ အဲဒီနောက်ပိုင်းတံတားက တော်တော်ပျက်စီးသွားပြီပေါ့။ သိသိသာသာ လျော့သွားပြီ။ သူစိမ်းအဝင်အထွက်တွေလည်း တော်တော်စစ်ဆေးနေပြီ။ အဲ့ဒီအချိန်က စတာပေါ့။

**■ လိုင်ဇာမြို့ရဲ့ စီးပွားရေးက ဘာဖြစ်မယ်လို့ ပြောလို့ရမလဲခင်ဗျ။**

ကျွန်တော်တို့ ဒီလိုင်ဇာမြို့ခံတွေက ဒီကုန်သွယ်ရေးကို သိပ်မလုပ်ဘူးခင်ဗျ။ အခြားမှာ လယ်လုပ်တာတို့၊ အခင်းလုပ်တာတို့ပေါ့။ ဒီကုန်သွယ်မှုကတော့ ၁၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အများစုကတော့ ကချင်ရိုးရာအရ တောင်ယာလုပ်တာပေါ့။ အခုအချိန်ဆိုရင်တော့ ဖရဲသီးခင်းတို့ လယ်တို့ တောင်ယာတို့ နောက်သစ်လုပ်တယ်ပေါ့။

**■ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ရော အခုအချိန်တိုင်းမှာ ထူးထူးခြားခြား ဆောင်ရွက်ရတာရှိသေးလား။ လုံခြုံရေးနဲ့ပတ်သက်ပြီး ပြောပါဦး။**

မြို့လုံခြုံရေးတော့ရှိတာပေါ့။ ဘာလို့လဲဆိုတော့ ဒီမြို့အတွက် ဘာမှ စိုးရိမ်စရာမရှိပါဘူး။ ရှေ့မှာ ရှေ့က တပ်စခန်းနဲ့ တိုက်တာတွေရှိတာပေါ့။ ကျွန်တော်တို့ မနက်ရော ညရော 24 hours ပေါ့။ ဒီလုံခြုံရေး သတိရှိတယ်ပေါ့။ စိုးရိမ်အမှတ်တော့မရှိဘူးပေါ့။

**■ ညပိုင်းသွားတာလာတာနဲ့ ပတ်သက်ပြီး သတင်းထုတ်ပြန်ထားတာတွေဘာတွေရှိပါသလား ခင်ဗျ။**

အခုတလောတော့ကျွန်တော်တို့ ညပိုင်း ၁၀ နာရီကနေစပြီး နည်းနည်း ကန့်သတ်ထားတယ်။ သတင်းတွေက ဆရာတို့ကြားတဲ့အတိုင်းပဲ။ ခဏနေ လာသိမ်းတော့မယ်တဲ့။ ခဏနေ ပစ်တော့မယ်တဲ့။ အဲဒါမျိုးဆိုတော့ နည်းနည်းလေးပေါ့။ ပြည်သူတွေကို လက်လွတ်စပယ်မဖြစ်အောင် လုပ်ထားတဲ့အနေနဲ့ ညပိုင်း ၁၀ နာရီဆိုရင် မလိုအပ်ရင်တော့ မသွားပါနဲ့ပေါ့။

**■ အခုပေါ့။ ဒီလိုင်ဇာမြို့အပြင်မှာလည်း တိုက်ပွဲဖြစ်တာတွေ ဘာတွေရှိတယ်။ အသံတွေ ဘာတွေလည်း ဒီကနေကြားနေရတော့ ဦးအနေနဲ့ ဒီလိုင်ဇာ မြို့သူမြို့သားတွေကို မကြောက်အောင် ဘယ်လိုများ လုပ်ဆောင် ခဲ့ပါသလဲ။**

အရင်ကတော့ တော်တော်လေးတော့ စိုးရိမ်တယ်။ စိုးရိမ်တယ်ဆိုတာက လေယာဉ်နဲ့ လာနိုင်တယ်။ နောက်အရင်ကတည်းက ဖြစ်ပဲ့မလားဆိုပြီး နည်းနည်းစိုးရိမ်တယ်။ အခုတိုက်လာရင်းနဲ့ ကိုယ့်တပ်သားတွေကိုလည်းယုံလာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံလာတယ်။ မြို့သူမြို့သားတွေကလည်း ယုံလာတယ်။ အခုလိုင်ဇာမြို့ကို လာသိမ်းမယ်ဆိုရင်တောင် လုံးဝမကြောက်တော့ဘူး။

**■ စစ်ပွဲကာလ ဒီတစ်နှစ်အတွင်းမှာအမှုအခင်းတွေရောရှိသေးလား။**

ဒီမှာကျွန်တော်တို့လိုင်ဇာအုပ်ချုပ်ရေးမှူးက တရားသူကြီးကိုင်ရတယ်။ အမှုကတော့ major case မှု သုံးမှုရှိတယ်။ လက်နက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူမှောင်ခိုမှု ဒါ major ကိစ္စပေါ့။ ဒီနှစ်အမှုအခင်းများတာက ယာဉ်တိုက်မှုပဲ။ ITP တွေ တိုးလာတယ်။ သူတို့က ဆိုင်ကယ်စီး မတတ်တတတ်နဲ့ တောမှာစီးတဲ့ ပုံအတိုင်းစီးကြလို့။ အခြားအမှုတွေတော့ မရှိပါဘူး။

**■ ပြီးခဲ့တဲ့တစ်နှစ်အတွင်းလောက်မှာမြို့တော်ဝန်တို့လူမှောင်ခိုဘယ်နှမှုလောက်တွေ့ရလဲ။ တိုင်ကြားတာပေါ့။**

တစ်နှစ်ကိုကျွန်တော်တို့အမှုတင်လာတာကတော့ ၁၀ မှုမပြည့်ဘူး။ ဒါပေမဲ့ဖြစ်တာကတော့ကျွန်တော်ထင်တာ တစ်ကယ်ဖြစ်တာ ၅၀/၆၀လောက်ရှိမယ်ထင်တယ်။ ရုံးရောက်တာတော့ ၁၀ မှုဝန်းကျင်လောက်ပေါ့။



**■ စစ်ပွဲတွေကြောင့်နယ်စပ်ကုန်သွယ်ရေးကရတဲ့ အကောက်ခွန်အနေနဲ့ဆို တစ်နှစ်အတွင်း ဘယ်လောက်ဆုံးရှုံးလဲ။**

ကျွန်တော်တို့ ပုံမှန်စစ်မဖြစ်ခင်ကတော့တစ်ရက်ကိုသိန်း၁၅၀ နဲ့ ၂၀၀ ကြားပေါ့။ ဗမာ ကျပ်ငွေပေါ့။ ဒါပေမဲ့ တချို့ရက်တွေမှာလည်းသိန်း၅၀အောက်ရှိတာပေါ့။ ပုံမှန်ကတော့ average ကတော့ ၁၅၀ လောက်ပေါ့။ တနင်္ဂနွေနေ့မှာဆို ကျွန်တော်တို့ ကျပ်သိန်းပေါင်း မြောက်မြားစွာ ဆုံးရှုံးတယ်။ အခု ကျွန်တော်တို့ တွေ့တာလေ။ မြို့ပတ်ဝန်းကျင်မှာ ငှက်ပျောစိုက်တာတွေတွေ့တော့ မေးကြည့်တော့ အများစုက တရုတ်ဘက်က ဖြစ်နေတယ်။ အဲဒါတွေငှားရမ်းတာလား။ သူတို့ ဘိုးဘွားစဉ်ဆက်ပိုင်မြေဆိုငှားလို့ရတယ်။ ဒါပေမဲ့ကျွန်တော်တို့ရွာနဲ့ အရမ်းနီးတာတော့ ပိတ်ထားတယ်။ ဘာလို့လဲဆို သူတို့က ဆေးဝါးသုံးလို့ အရမ်းနီးရင် ကလေးတွေအတွက် ဒုက္ခရောက်မှာစိုးလို့ပါ။ သူတို့ကို မြေငှားတယ်။ မြေငှားမှ လာစိုက်တယ်။ မြေငှားခတော့ မြေပိုင်တဲ့လူရတယ်ပေါ့။ တစ်ဧကကိုဘယ်လောက်၊ တစ်နှစ်ကို ဘယ်လောက်ပေါ့။ ငါးသောင်းဆို ငါးသောင်း၊ တစ်သိန်းဆို တစ်သိန်းပေါ့။ တစ်ရာသီ ငါးသောင်းကနေ တစ်သိန်းကြားတော့ ရတယ်ကြားတယ်။

**■ နောက်ဒီတိုက်ပွဲတွေ မဖြစ်ခင်ကတော့ ဒီမြို့ပြဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေ ရှိမယ်ထင်တယ်။ အခုစစ်ပွဲဖြစ်ပြီး တစ်နှစ်အလွန်ကျတော့ အဓိကဦးစားပေးလုပ်ငန်းတွေက ဘာဖြစ်မလဲ။**

ကျွန်တော်တို့ လိုင်ဇာရဲ့အဓိက ဦးစားပေးကတော့ စစ်ပွဲဖြစ်လာရင် ဘယ်လို safe လုပ်ပေးမလဲ ဆိုတာပေါ့။ အခြေအနေမကောင်းရင် ဘယ်လိုဆွေးနွေးကြရမလဲ၊ ဘယ်မှာထားရမလဲဆိုတာတွေပေါ့။ အဓိကက စစ်ပွဲဖြစ်နေလည်း ကျန်းမာရေးနဲ့ပညာရေးက လွှတ်ထားလို့မရဘူး။ ဒါကြောင့်မို့ ဒီကလေးတွေရဲ့ ကျန်းမာရေး၊ ပညာရေးနောက်အိုင်တီရဲ့ ကျန်းမာရေး၊ ပညာရေးကို ဦးစားပေးတယ်။ ဘာလို့လဲဆိုတော့ တခြားဝင်ငွေတွေလည်း မရှိတော့ဘူး။ အကောက်ခွန်ကောက်ဖို့လည်း မရှိတော့ဘူး။ စစ်ကလည်း သူ့ဟာနဲ့သူ တပ်ကတိုက်နေတာပဲ။ ကျွန်တော်တို့ အုပ်ချုပ်ရေးကနေ အဲဒါတွေ ဦးစားပေးတယ်။

**■ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး လက်ရှိအခြေအနေလေး ပြောပြပါဦး။**

အခု KIO မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မတီဖွဲ့ထားပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ၂၀၁၀ အောက်တိုဘာလကနေမှ နည်းလမ်းကောင်းမယ့် ပုံစံနဲ့ပေါ့။ ကျွန်တော်တို့ စစ်ဦးစီးချုပ်ကိုယ်တိုင်သူက မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကော်မတီခေါင်းဆောင် အုပ်ချုပ်ရေးတာဝန်ခံပေါ့။ ဘာလို့လဲဆိုအရင်တုန်းက မူးယစ်ဆေးဝါးကော်မတီက အားပျော့တယ်။ အားပျော့ရင် တချို့စစ်တပ်ခေါင်းဆောင်တွေ မလိုက်နာမှာစိုးလို့ စစ်ချုပ်ကိုယ်တိုင် ဦးစီးပြီး လုပ်နေတာပါ။ ဘာလို့လဲဆိုတော့ အမိန့်ချလိုက်ပြီဆို ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းကအစ၊ တပ်ကအစ အကုန်လိုက်နာတယ်။ မလိုက်နာတဲ့ အုပ်ချုပ်ရေးမှူးတွေ တပ်မှူးတွေ အလုပ်အကုန်နား။ ဘယ်လောက်ပဲ တိုက်ခိုက်ရေးတော်တော်၊ အုပ်ချုပ်ရေးတော်တော် အကုန်အလုပ်က အပြုတ်ပဲ။

**■ အခုလောက်ဆိုရင် ရာခိုင်နှုန်း ဘယ်လောက်တိုက်ဖျက်နိုင်ပြီလဲ။**

အခုကျွန်တော်တို့ရာခိုင်နှုန်းအနေနဲ့ဆို ၇၀ ရာခိုင်နှုန်းလောက်တော့ လျှော့ချနိုင်ပြီပေါ့။ အခုကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းဘက်မှာက မရှိသလောက် ဖြစ်သွားပြီ။ နောက်ဆုံး ဒီလိုင်ဇာမှာ မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူငယ်တွေ၊ မူးယစ်ဆေးဝါးရောင်းတဲ့ အိမ်တွေ မရှိသလောက် ရှားသွားပါပြီ။ ဟိုးဘက်က တပ်မဟာ(၁)တို့ တပ်မဟာ (၄)တို့ကတော့ တော်တော်များသေးတယ်ပေါ့။ ၇၀ ရာခိုင်နှုန်းဆို the whole ပေါ့နော်။

**■ အစောပိုင်းကပြောတဲ့အထဲက အဓိကအမှု(၃)မှုထဲက လက်နက်မှုကို နည်းနည်းလေးရှင်းပြပါလား။**

အဲသုံးခုက မူးယစ်ဆေးဝါးရယ်၊ လူမှောင်ခိုရယ်၊ လက်နက်ရယ်ပေါ့။ အဲဒီအထဲက လက်နက်မှုကတော့ တရားမဝင်ကိုင်ဆောင်ခွင့်က တပ်ဖွဲ့ဝင်မဟုတ်ရင် ပေးမထားဘူး။ ဘာလို့လဲဆိုတော့ ဒီဘက်ကနေ တရားဝင် ဒီတပ်ဖွဲ့ဝင် ကိုင်ဆိုင်ပြီဆို စည်းကမ်းကို မသိဘူး။ ခင်ဗျားအဲဒါ ပြဿနာဖြစ်တာ။ နောက်မှ လူသတ်မှုဖြစ်တော့ မပေးဘူး။ ဟိုဘက်က လက်နက် အရောင်းအဝယ်တွေ လာဝယ်တဲ့ အချိန်တွေမှာ အမှုတွေဖြစ်တယ်။ ခဏခဏ ဖမ်းမိတယ်။ ခဏခဏ လက်နက်နဲ့ ပြဿနာဖြစ်တယ်။ ဒီကပြတ်ပြတ်သားသား မစစ်ဆေးဘူးဆိုရင် ဒီဘက်က ဝင်ပြီးမှ ဖမ်းမိတဲ့လက်နက်ဆိုရင် KIO ဘက်က ရောင်းပေးတာ အဲလိုပဲ ခဏခဏပေါ့ သတင်းတွေက။ အဲဒါကြောင့် ကျွန်တော်တို့ ဒါကို major case ထဲမှာထားရတာပေါ့။ အဲလိုပေါ့။

**■ လက်နက်မှုက တစ်နှစ်ကို ဘယ်နှခုလောက် တက်လာပါသလဲ။**

လက်နက်မှုကတော့ များတယ်။ သူက လူမှောင်ခိုမှုထက် လူမှောင်ခိုမှုက ၅ မှု၊ ၁၀ မှုဆို ဒီကောင်က ၁၅ မှု၊ ၂၀ မှုလောက်ရှိတယ်။

**အချပ်ပို (F) သို့**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# တစ်နှစ်ပြည့် ကချင်စစ်ပွဲနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး

ရဲမိုး

ပြီးခဲ့သည့်နှစ် ဇွန်လ ၉ရက်နေ့က စတင်ခဲ့သည့် ကချင်ပြည်နယ်တွင်းစစ်ပွဲ ရက်ပေါင်း ၃၄၉ ရက် မြောက်နေ့ဖြစ်ပါသည်။ တစ်နှစ်ပြည့်ဖို့ ၁၈ ရက်အလို မေလ ၂၂ ရက်တွင် တပ်မတော်ဘက်မှ ပစ်လိုက်သော၁၀၅မမ အမြောက်ဆန်က "မင်္ဂလာပါ" ဟု နှုတ်ခွန်းဆက်ထားသော လိုင်ဇာမြို့အဝင်မုခ်ဦးနှင့် တစ်ဖာလုံခန့် အကွာမှာ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့က အနည်းဆုံး အမြောက်ဆန်သုံးလုံး ထိုနေရာတစ်ဝိုက်တွင် ကျရောက်ခဲ့သည်။

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာက ကောင်းချီးပေးနေချိန်၊ နေပြည်တော်နှင့် ဝါရှင်တန်ဒီစီအပါအဝင် နိုင်ငံတကာမြို့တော်ကြီးများအကြား ဆက်ဆံရေးလမ်းကြောင်းများ ချောမွေ့အရှိန်ရလာစဉ်မှာ မြန်မာပြည်မြောက်ပိုင်းက စစ်ပွဲက စိုးရိမ်စရာအကောင်းဆုံး အခြေအနေကို ရောက်ရှိလာခဲ့ပါပြီ။

ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို)၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကေအိုင်အေ၏ စာရင်းဇယားများအရ ၁၁ လအတွင်း ယခုနှစ်မေလ ၂၁ ရက်နေ့အထိ တိုက်ပွဲပေါင်း ၁,၄၀၈ ခုဖြစ်ပွားခဲ့ပြီး နေ့စဉ်ပျမ်းမျှတိုက်ပွဲလေးပွဲဖြစ်ပွားနေသည်။ ဧပြီလကုန်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံကိုလာရောက်စဉ်က ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ပြောဆိုခဲ့ပြီးနောက်ပိုင်း အနည်းဆုံး တိုက်ပွဲ၁၄၀ခန့် တိုက်ခိုက်ခဲ့ပြီးဖြစ်သည်ဟု စာရင်းများကဆိုသည်။

အရှေ့တောင်အာရှ၏ နောက်ဆုံးကျန်ရှိသော စစ်ပွဲဖြစ်သည့် ကချင်ပြည်နယ်တွင်း လက်နက်ကိုင်ပဋိပက္ခသည် မြန်မာ့ပြည်တွင်းစစ်သမိုင်းတွင် အသေအပျောက်အများဆုံးနှင့် ကုန်ကျစရိတ်အများဆုံး စစ်ပွဲတစ်ခုဖြစ်ဖို့ တစ်လှမ်းချင်း နီးစပ်လာနေခဲ့ပါပြီ။

"အချိန်မီ မရပ်နိုင်ရင် နောက်ပြန်လှည့်လို့ရမှာ မဟုတ်တော့ဘူး။ လူမျိုးရေးမုန်းတီးမှုကို ဘယ်တော့မှ ရပ်လို့ရမှာ မဟုတ်တော့ဘူး"ဟု မြစ်ကြီးနားမြို့ရှိ ဒေသခံ အင်န်ဂျီအို တစ်ခုမှာ အလုပ်လုပ်နေသည့် ကချင်လူငယ် အမျိုးသားတစ်ဦးက မှတ်ချက်ချသည်။

၁၉၆၁ ခုနှစ်က စတင်၍ လက်နက်ကိုင်တော်လှန်ခဲ့သော ကေအိုင်အေတပ်ဖွဲ့များသည် ၁၉၉၄ တွင် နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူခဲ့သည်။ ငြိမ်းချမ်းရေးရယူပြီး ၁၇ နှစ်အကြာ ၂၀၁၁ ခုနှစ် ဇွန်လအတွင်းက တရုတ်-မြန်မာ နယ်စပ်အနီးရှိ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့် တာပိန်ရေအား လျှပ်စစ်စီမံကိန်းအနီးရှိသည့် ကေအိုင်အေတပ်များကို တပ်မတော်က တိုက်ခိုက်ရာက စတင်ပြီး တိုက်ပွဲများ ဆက်တိုက်မြင့်တက်လာခဲ့သည်။

**ပဋိပက္ခ၏ သားကောင်များ**

**"ချမ်းသာတဲ့လူတွေက စစ်တိုက်တဲ့အခါ ဆင်းရဲသားတွေက အသက်ပေးကြရပါတယ်"**

**-ယန်းပေါ်ဆာ့ထ်**

မြစ်ကြီးနားမှာရှိသည့်မိသားစုဆီကို ဦးနော်ဂျာ (၃၉ နှစ်) မပြန်နိုင်တာ တစ်နှစ်နီးနီးရှိပြီ။ ၂၀၀၅ ခုနှစ်မှာ ရေဆင်းတက္ကသိုလ်က စိုက်ပျိုးရေးအဓိကနဲ့ ဘွဲ့ရထားတဲ့ ဦးနော်ဂျာတစ်ယောက် တပ်မတော်က ဝိုင်းဝန်းပိတ်ဆို့ထားသည့် ကေအိုင်အေအခြေစိုက်ရာ လိုင်ဇာမြို့ပြင်က ဂျေယမ်းစစ်ဘေးဒုက္ခသည်စခန်းမှာ တာဝန်ခံတစ်ဦးအဖြစ် တာဝန်ယူနေသည်။

၂၀၁၁ ဇွန်လကုန်မှာ ဂျေယမ်းစခန်းစတင်ဖွင့်လှစ်ကတည်းက မိသားစုကို မြစ်ကြီးနားမှာထားခဲ့ပြီး စခန်းတာဝန်ခံတစ်ဦးအဖြစ် စေတနာ့ဝန်ထမ်းလုပ်နေခဲ့သည်။ မေလ ၂၂ရက်နေ့အထိ ဂျေယမ်းစခန်းမှာဒုက္ခသည်ပေါင်း ၆,၂၀၄ဦး ရှိနေပါသည်။

"စစ်ဆိုရင်ဘယ်အရပ်ဘယ်ဒေသမှာမဆို ပိုခံစားရတာက ကျေးရွာသူ ရွာသားတွေပါပဲ။ နစ်နာဆုံးရှုံးမှု အများဆုံးက ပြည်သူလူထုပဲ" ဟု ဦးနော်ဂျာက ဆိုသည်။

စတုရန်းမိုင်ပေါင်း ၃၄,၃၀၀ ကျော်ကျယ်ဝန်းသည့်ကချင်ပြည်နယ်အနှံ့အပြားမှာ ဒုက္ခသည်စခန်းပေါင်း ၅၀ ခန့်ရှိပြီး စစ်ပြေးဒုက္ခသည်ပေါင်း ၈၀,၀၀၀ ဝန်းကျင်ရှိနေပြီဟု လိုင်ဇာမြို့အခြေစိုက် ကချင်ပြည်နယ်စစ်ဘေးဒုက္ခသည်စောင့်ရှောက်ရေးကော်မတီ၏ဥက္ကဋ္ဌလည်းဖြစ်၊ ကေအိုင်အိုဗဟိုကော်မတီဝင်တစ်ဦးလည်းဖြစ်သူ ဦးဒွဲပီဆက ပြောသည်။

ပိုမိုပြင်းထန်လာသည့်တိုက်ပွဲအရှိန်နှင့် ကျယ်ပြန့်လာသည့် စစ်မျက်နှာများကြောင့်ဒုက္ခသည်အရေအတွက် တိုးပွားလာသည်နှင့်အမျှအခက်အခဲများလည်း ရင်ဆိုင်လာကြရသည်။

"အဓိကကတော့ စားရေးသောက်ရေး ပြဿနာပဲ" ဟု ဦးဒွဲပီဆကပြောသည်။

အခြားပြဿနာများကတော့ မိခင်နှင့် ကလေးများ၏ ကျန်းမာရေးပြဿနာ၊ မိုးကျလာသည့်အတွက် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ၊ ကျောင်းနေအရွယ် ကလေးများ၏ ပညာရေးနှင့်အခြား အထွေထွေစိန်ခေါ်မှုများဖြစ်သည်ဟု စခန်းတာဝန်ခံများက ပြောပြသည်။

ခန့်မှန်းခြေ ဒုက္ခသည် စုစုပေါင်း ၈၀,၀၀၀ ဝန်းကျင်အနက် ၅၂,၀၀၀ ခန့်က ကေအိုင်အို ထိန်းချုပ်ထားသည့် ဒေသများမှာရှိပြီး ကျန်ရှိသည့်သူများမှာ ဝိုင်းမော်၊ မြစ်ကြီးနားတစ်ဝိုက်မှာဟု ဦးဒွဲပီဆက ခန့်မှန်းသည်။

မြစ်ကြီးနားမြို့နှင့် ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ ဝိုင်းမော်မြို့၊ ဝိုင်းမော်ဇုန်နယ် နှစ်ခြင်းအသင်းတော်စခန်းတွင် ပြီးခဲ့သည့် ဧပြီလအထိဒုက္ခသည်၄၀၀ကျော်သာရှိရာက မေလအတွင်း ၈၀၀ ကျော်အထိမြင့်တက်လာခဲ့သည်။

စစ်ပြေးဒုက္ခသည် အရေအတွက် များပြားလာသည်နှင့် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုအသစ်မှာ လူကုန်ကူးမှုပြဿနာဖြစ်သည်။

ကယ်ဆယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဒွဲပီဆက ၎င်းတို့ထံ တိုင်ကြားမှု ငါးမှုခန့်ရှိခဲ့ပြီဟု ပြောဆိုသည်။

ယခုနှစ် ဧပြီလအထိ ဒုက္ခသည်များအတွက် ကေအိုင်အိုက ကျပ်ငွေသိန်းပေါင်း ၄,၆၀၀ ကျော်နှင့် တရုတ်ယွမ်ငွေ ၅၂သိန်း သုံးစွဲခဲ့ပြီးဖြစ်သည်ဟု ကယ်ဆယ်ရေးကော်မတီ၏ စာရင်းများကဆိုသည်။

"စစ်အသုံးစရိတ်ထက် အများကြီး ပိုပါတယ်"ဟုဦးဒွဲပီဆက ပြောသည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး

## PHOTO NEWS

# ငြိမ်းချမ်းခြင်းကိုမျှော်လင့်ရင်း

**ကချင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့၏တိုက်ပွဲများမှာ ၂၀၁၂ ဇွန် ၉ ရက်နေ့တွင် တစ်နှစ်ပြည့်တော့မည်။ တိုက်ပွဲများအကြားမှ ထွက်ပြေးတိမ်းရှောင်လာကြရသည့် ကချင်လူမျိုး ဒုက္ခသည်များမှာစစ်ဘေးဒုက္ခသည်စခန်းများတွင် နေ့စဉ်တိုးတက်များပြားလာသည်။ လူဦးရေ ၈၀,၀၀၀ ကျော်ခန့်ရှိလာသည့် စစ်ဘေးဒုက္ခသည်အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ နေရာထိုင်ခင်း၊ ကျန်းမာရေး၊ အစာအာဟာရလိုအပ်ချက်များမှာတစ်စတစ်စများပြားလာနေသည်။ မိမိဒေသရင်းကိုစွန့်ခွာထွက်ပြေး လာခဲ့ရသည့် သူတို့အားလုံးမှာ တိုက်ပွဲများလုံးဝအဆုံးသတ်သွားမည့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကိုမျှော်လင့်ရင်းနေရင်းဒေသကို ပြန်ရန် ဒုက္ခသည်စခန်းများတွင် စောင့်ဆိုင်းနေကြသည်။ မေ ၁၉ ရက်မှ မေ ၂၃ ရက်အတွင်းတွေ့မြင်ခဲ့ရသည့် စစ်ဘေးဒုက္ခသည်စခန်းများကိုမှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ (ဓာတ်ပုံ - စိုးဝင်းငြိမ်း)**



■ ဂျေယန်းစစ်ဘေးဒုက္ခသည်စခန်းတွင်း ရိက္ခာပေးဝေနေစဉ်



■ ဂျေယန်းစစ်ဘေးဒုက္ခသည်စခန်း



■ နေရပ်ဒေသရင်းမှ ထွက်ပြေးစွန့်ခွာသူ ၁,၀၀၀ ကျော်ရှိသည့် အမှတ် ၃ ဈေး



■ စစ်ဘေးဒုက္ခသည်စခန်းတွင်းမှ ကချင်ရိုးရာမင်္ဂလာပွဲ





■ သာဂရဘုန်းတော်ကြီးကျောင်းတွင်းရှိ စစ်ဘေးဒုက္ခသည် စခန်းမှ မိမိဒေသရင်း ပြန်ရမည့်အချိန်ကို စောင့်စားနေသည့် မိသားစုတစ်စု



■ စစ်ဘေးဒုက္ခသည် ၉၀၀ နီးပါး အမှီပြုနေရသည့် သောက်သုံးရေကန်၊ ဝိုင်းမော်ဇုန်မြို့နယ် နှစ်ခြင်း အသင်းတော်စခန်း

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 ▪ MAY 31 , 2012



တိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက သက်ဆိုင်ရာ အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNOCHA, WFP, UNICEF, UNHCR, UNDP နှင့် ICRC အပါအဝင် အခြားအဖွဲ့များနှင့် စစ်ပြေးဒုက္ခသည်များအတွက် အကူအညီပေးရေးကို ပူးတွဲလုပ်ဆောင်နေသည်ဟု နိုင်ငံတော်ပိုင်နေ့စဉ်သတင်းစာများကဖော်ပြသည်။

ရန်ကုန်မှ ပေးပို့သော အကူအညီများနှင့် ကုလသမဂ္ဂ၏ အကူအညီများမှာ လိုင်ဇာဒေသရှိစခန်းများကို မရောက်သလောက်ပင်ဖြစ်သည်ဟုလည်း ဦးဒွဲပီဆကပြောသည်။

ဒုက္ခသည်စခန်းများအတွင်း စစ်တိမ်းရှောင်စဉ်မှာ မွေးဖွားခဲ့သည့် ကလေးအရေအတွက်ပင် စုစုပေါင်း ၁,၀၀၄ ဦး ပြည့်ခဲ့ပြီဟု သူက ထပ်လောင်းပြောဆိုသည်။

**စကားဝိုင်းဆွေးနွေးပွဲ**

**"စစ်ပွဲအားလုံးဟာ သံတမန်နည်းလမ်းရဲ့ ကျဆုံးမှုကို ကိုယ်စားပြုတယ်"**

**-တိုနီဘန်း**

ရှေးမြန်မာဘုရင်များ လက်ထက်ကမြန်မာတပ်များနှင့် ကချင်တပ်များ ပုခုံးချင်းယှဉ်ပြီး ပူးတွဲစစ်ချီခဲ့သည့်အချိန်များအကြောင်းကို ဦးလဆီးဘောက်နော်(၆၃နှစ်) ကပြောပြသည်။

"ကချင်နဲ့ မြန်မာဘုရင်တွေကြားမှာ ပြဿနာမရှိခဲ့ဘူး" ဟု ၁၉၉၄ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနောက်ကွယ်မှာ ပါဝင်ခဲ့ပြီး ယခု ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားမှုများကို ဦးဆောင်နေသည့် ဦးလဆီးဘောက်နော်ကဆိုသည်။

"(လွပ်လပ်ရေးရပြီးခါစ) ရန်ကုန်အစိုးရလို့ ခေါ်တဲ့အချိန်၊ အင်းစိန်တိုက်ပွဲမှာ ကချင်တွေလာချတာပေါ့"ဟု သူက ထပ်လောင်းပြောသည်။

နိုင်ငံတော်အစိုးရနှင့် ကေအိုင်အိုအကြား တွေ့ဆုံဆွေးနွေးရေးသိသာထင်ရှားစွာ မအောင်မြင်ရခြင်း အကြောင်းရင်းမှာ ဦးတည်ချက် မတူညီခြင်းကြောင့်ဟု ကေအိုင်အို၏ တွဲဖက် အတွင်းရေးမှူးဖြစ်ပြီး ပြောရေးဆိုခွင့်ရှိသူလည်းဖြစ်သည့် ဦးလနန်းကပြောပါသည်။

နိုင်ငံတော် အစိုးရဘက်မှ အပစ်အခတ်ရပ်စဲရေးကိုဦးတည်ပြီး ကေအိုင်အိုအနေဖြင့် နိုင်ငံရေးပြဿနာကြောင့် ဖြစ်လာသောစစ်ပွဲဖြစ်သောကြောင့်နိုင်ငံရေးကိုအရင်ဖြေရှင်းရမည်ဟု ခံယူထားကြောင်း ဦးလနန်းကရှင်းပြသည်။

၁၉၉၄ ခုနှစ်က စတင်ပြီး နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူထားခဲ့ပြီး အမျိုးသားညီလာခံကို တက်ရောက်ခဲ့သည့် ကေအိုင်အိုဘက်က ၁၇နှစ်ကြာမြင့်သောငြိမ်းချမ်းရေးကာလကို အပစ်အခတ်ရပ်စဲထားသည့်တိုင်အောင်အဓိကနိုင်ငံရေးပြဿနာကိုမဖြေရှင်းနိုင်သည့်ကာလဟု သုံးသပ်သည်။ ရေရှည် ငြိမ်းချမ်းရေးအတွက် ပြည်တွင်းစစ်၏ အဓိကကျသော အခြေခံနိုင်ငံရေးပြဿနာများကို အရင်ဖြေရှင်းသင့်သည်ဟု ၎င်းတို့ကဆိုသည်။

"စစ်ပွဲဆိုတာ နိုင်ငံရေးပြဿနာကြောင့် ဖြစ်လာရတဲ့ အကျိုးဆက်ပဲ။ ပြဿနာရဲ့ မူလအရင်းအမြစ်ဖြစ်တဲ့ နိုင်ငံရေးကို ဖြေရှင်းမှ ရမယ်"ဟု ဦးလနန်းကပြောသည်။

ကေအိုင်အိုအနေဖြင့် အမျိုးသားညီလာခံကိုတက်ခဲ့သည့်တိုင်အောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းသည့် နယ်ခြားစောင့်တပ်ဖွဲ့ အသွင်ပြောင်းလဲရေးကို လက်ခံနိုင်ခြင်းမရှိခဲ့ပေ။ ၂၀၀၉ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အစိုးရက နယ်ခြားစောင့်တပ်သို့ အသွင်ပြောင်းလဲရန် ဖိအားပေးခြင်းအပေါ် ငြင်းဆန်ခဲ့သည့်နောက်ပိုင်း အခြေအနေ ပိုမိုတင်းမာလာခဲ့သည်ဟု သူက ဆက်ရှင်းပြပါသည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများက သိသာထင်ရှားသည့် ရလဒ်များ မရခဲ့သည့်နောက်ပိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အသစ်ကို မေလ ၃ရက်မှာ ပြန်လည်ဖွဲ့စည်းခဲ့သည်။ အသစ်ပြန်လည်ဖွဲ့စည်းသည့်အဖွဲ့ကိုပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဟု နှစ်ဖွဲ့ ဖွဲ့ထားသည်။

ဗဟိုကော်မတီတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင်များထဲတွင် ဒုသမ္မတနှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့လည်းပါဝင်သည်။ လုပ်ငန်းကော်မတီတွင်မူ ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တာဝန်ယူပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဒုတိယဥက္ကဋ္ဌများအဖြစ်ပါဝင်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်လည်း မေလ ၁၁ ရက်နေ့က နေပြည်တော်၌ပြုလုပ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဦးစားပေး ပြောကြားသွားခဲ့သည်။

ကချင်ပြည်နယ် စစ်ပွဲကို မရပ်တန့်နိုင်သည့်တိုင်အောင် နိုင်ငံတော်ကိုယ်စားပြု ငြိမ်းချမ်းရေးကိုယ်စားလှယ်များအနေဖြင့် ၂၀၁၁ ဩဂုတ်လမှစတင်ပြီး တိုင်းရင်းသား လက်နက်ကိုင် ၁၁ ဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်လာသည့်အတွက် မျှော်လင့်ချက်ပိုမိုအားကောင်းလာသည်ဟု သုံးသပ်သူများရှိနေသည်။

သို့တိုင်အောင် အသစ်ပြန်လည်ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့်ပတ်သက်၍ လူပြောင်းဖို့ထက် မူပြောင်းဖို့က ပိုအရေးကြီးကြောင်း ဦးလနန်းကသုံးသပ်သည်။

"ဒီပုံစံအတိုင်း သွားမယ်ဆိုရင်တော့ နိုင်ငံတကာရှေ့မှာ ကေအိုင်အေနဲ့ ဘယ်နှကြိမ်တွေ့ပါတယ်ဆိုတာပဲ များသွားမယ်။ အဖြေရလဒ်တော့ ရလာမယ်မထင်ဘူး"ဟု သူကဆိုပါသည်။

သို့သော် ငြိမ်းချမ်းရေးအဖွဲ့သစ်နှင့်ပတ်သက်၍ သူ့မှာအပြုသဘောဆောင်သည့်အမြင်လည်းရှိပါသည်။

"(အဖွဲ့သစ်မှာ) ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ပါလာတော့ အတိုင်းအတာတစ်ခုထိတော့ ပိုမှာပေါ့"

**စစ်ပွဲ၏ အကျအဆုံးနှင့် အနာဂတ်**

**"မျိုးချစ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းပြည်အတွက် သူတို့အသေခံမယ့် အကြောင်းပဲပြောတယ်၊ တိုင်းပြည်အတွက် သူတို့ဘယ်လောက်သတ်တယ်ဆိုတာကိုတော့ ဘယ်တော့မှ မပြောကြဘူး"**

**-ဘာထရန်ရပ်ဆဲလ်**

၁၂လနီးပါးကြာမြင့်ခဲ့သည့် စစ်ပွဲအတွင်းကျဆုံးခဲ့မှု အရေအတွက်ကို နိုင်ငံတော် အစိုးရနှင့် ကေအိုင်အို နှစ်ဖက်လုံးက တရားဝင်ကြေညာမှု မရှိခဲ့ပါ။ ကိန်းဂဏန်းအတိအကျ မသိရသည့်တိုင် နှစ်ဖက် အကျအဆုံးများမှာ မနည်းလှဟု စောင့်ကြည့်သူများ ခန့်မှန်းကြပါသည်။

**အချပ်ပို(F)သို့**



...စစ်ဘေးဒုက္ခသည်စခန်း၊ လိုင်ဇာမြို့



■ နေရပ်ဒေသရင်းမှ ထွက်ပြေးစွန့်ခွာသူ ၁၅၀၀ ကျော်ရှိသည့် ဖုန်လွန်ယန် စစ်ဘေးဒုက္ခသည်စခန်း(ပေါ်)



■ ငါးရက်တစ်ကြိမ်ပေးသည့် ရိက္ခာရရှိလာသည့်ကလေးငယ်တစ်ဦး၊ ဂျေယန်းစစ်ဘေးဒုက္ခသည်စခန်း



■ မိမိဒေသရင်းပြန်ရမည့်အချိန်ကို စောင့်ဆိုင်းရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေနေကြသည့် သာဂရာဘုန်းတော်ကြီးကျောင်းတွင်းရှိစစ်ဘေးဒုက္ခသည်စခန်း



■ လာမည့်မိုးတွင်း ပညာရေးအတွက် အမိုးအကာများ လိုအပ်နေသည့် ဖုန်လွန်ယန်စစ်ဘေးဒုက္ခသည်စခန်း။



■ ဖုန်လွန်ယန် စစ်ဘေးဒုက္ခသည်စခန်းနှင့် ဂျေယန်းစစ်ဘေးဒုက္ခသည်စခန်းနှစ်ခုရှိ ဆေးပေးခန်း



■ ဝိုင်းမော်ဇုန်မြို့နယ် နှစ်ခြင်းအသင်းတော်စခန်းတွင်းရှိ စစ်ဘေးဒုက္ခသည်များနေထိုင်ရာ အဆောင်တစ်ခုမှ ဒုက္ခသည်များ

## မျက်နှာဖုံး-စစ်ပြေးဒုက္ခသည် ကယ်ဆယ်ရေးစခန်းများတွင် မွေးဖွားသော ကလေးငယ် ၁၀၀၄ဦးရှိ မှ



ခွဲတမ်းကုလားပဲခြမ်းယူ၍ ပြန်လာသော ဒုက္ခသည်မိသားစု ဓာတ်ပုံ - အားမာန်

အစိုးရနှင့် ကေအိုင်အေအကြား တိုက်ပွဲများမှာ ၂၀၁၁ ဇွန် ၉ ရက်တွင် စတင်ခဲ့ပြီး ၂၀၁၂ မေ ၂၂ ရက်အထိ တစ်နှစ်နီးပါးကာလအတွင်း ကယ်ဆယ်ရေးစခန်းများမှာပင် မွေးဖွားလာသော ကလေးငယ်မှာ ယောကျ်ားလေး ၅၅၃ဦး၊ မိန်းကလေး ၄၅၁ဦး၊ စုစုပေါင်း ၁၀၀၄ ဦးရှိပြီဖြစ်ကြောင်း ကချင်လွတ်လပ်သောအဖွဲ့(ကေအိုင်အို) က ဖွဲ့စည်းထားသော စစ်ဘေးဒုက္ခသည်များကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲပီဆက ပြောသည်။ ကလေးငယ်အများစုမှာ မိဘများက ကိုယ်ဝန်ဆောင်နှင့် စစ်ဘေးတိမ်းရှောင်လာရင်း စခန်းရောက်မှ မွေးဖွားခြင်းဖြစ်ပြီး၊ အချို့ကလေးငယ်များမှာ မိဘက စခန်းရောက်မှ ကိုယ်ဝန်ရကာ မွေးဖွားလာခြင်းဖြစ်သည်။ အဆိုပါကလေးငယ်များအတွက် ကျန်းမာရေးဆိုင်ရာ အကူအညီများစွာ လိုအပ်နေဆဲ ဖြစ်သည်ကို တွေ့ရသည်။

စစ်ပွဲကာလ ၁၁ လကျော် ၂၀၁၁ ဇွန် ၉ မှ မေ ၂၁ ရက်အထိ အစိုးရနှင့် ကေအိုင်အေကြား ဖြစ်ပွားခဲ့သော တိုက်ပွဲအကြိမ်ရေမှာ ၁၄၀၈ ပွဲရှိပြီး သမ္မတဦးသိန်းစိန်က ထိုးစစ်များကို ရပ်တန့်ရန် ညွှန်ကြားသော ဒီဇင်ဘာလနောက်ပိုင်း ဖြစ်ပွားသော တိုက်ပွဲ ၆၁၆ ပွဲရှိကာပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ ဖွဲ့စည်းခဲ့သော မေ ၁ ရက်နောက်ပိုင်း ၂၁ ရက်အတွင်း တိုက်ပွဲ ၁၄၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ကေအိုင်အို၏ ပြောခွင့်ဆိုခွင့်ရှိသူ ဦးလနန်းက ပြောသည်။

စစ်ပွဲများကို ရှောင်တိမ်းရန် နေရပ်ဇာတိမှ ထွက်ပြေးလာရသော စစ်ဘေးဒုက္ခမှာ ကေအိုင်အို ထိန်းချုပ်ထားသော နယ်မြေများရှိ ကယ်ဆယ်ရေးစခန်း ၅၀ မှာပင် ဒုက္ခသည် ၅၂,၀၀၀ ဝန်းကျင်ရှိပြီး အစိုးရထိန်းချုပ်ထားသော ကယ်ဆယ်ရေးစခန်းများတွင် ဒုက္ခသည် ၂၀,၀၀၀ ကျော်ရှိကာ စုစုပေါင်း အနည်းဆုံး ၈၀၀၀၀ ကျော်ရှိကြောင်းလည်း ၎င်းကပြောသည်။ သို့သော် ကယ်ဆယ်ရေးစခန်းများသို့ ရောက်မလာဘဲ မိမိနေရပ်မှာပင် ပုန်းခိုနေသူ၊ တရုတ်နိုင်ငံဘက်သို့ထွက်ပြေးရှောင်တိမ်းသွားသူ၊ အခြားပြည်တွင်းဒေသများရှိ ဆွေမျိုးများထံသို့သွားရောက်တိမ်းရှောင်နေသူများစွာ ရှိနေကြောင်း ၎င်းက ပြောသည်။

တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သော စစ်ဘေးဒုက္ခသည်အရေအတွက်မှာ၇,၀၀၀ ဝန်းကျင်ရှိကြောင်း ၎င်းက ဆိုသည်။

စစ်ဘေးဒုက္ခသည်များ အတွက် အဓိကလိုအပ်ချက်ကို "စားရေး၊ သောက်ရေးပေါ့။ အဓိကကတော့ ရိက္ခာပေါ့။ နောက် ကျန်းမာရေး ဆေးဝါးပေါ့"ဟု ဦးဒွဲပီဆက ပြောသည်။

စစ်ပြေးဒုက္ခသည်များအတွက် ကေအိုင်အိုက အသုံးပြုသော စရိတ်မှာ မေ ၂၂ ရက်အထိ ကျပ်ငွေ ၄,၆၈၄ သိန်း၊ တရုတ်ယွမ်ငွေ ၅၁ သိန်းကျော်ရှိသည်ဟု ၎င်းကပြောသည်။ ထို့ကြောင့် ကေအိုင်အိုကစစ်ရေးအသုံးစရိတ်ထက် စစ်ဘေးဒုက္ခသည်များအတွက် အသုံးစရိတ်ကိုအကြမ်းဖျင်းသုံးဆကျော် ပိုမိုသုံးစွဲထားကြောင်း ၎င်းကဆက်ပြောသည်။

## အချုပ်ပို(E)- တစ်နှစ်ပြည့် ကချင်စစ်ပွဲနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး မှ

တပ်မတော်ဘက်မှာထောင်ဂဏန်းခန့်ကျဆုံးခဲ့ပြီဟု ကေအိုင်အေ သတင်းအရင်းအမြစ်အချို့က ဒေသတွင်း မီဒီယာအချို့မှာတော့ ပြောဆိုခဲ့သည်။

"ကျွန်တော်တို့ဘက်ကတော့အကျရှိတယ်။ ဒါဝန်ခံတယ်။ ဒါပေမဲ့ အစိုးရစစ်တပ်မှာတော့ အကျအဆုံး ပိုများတယ်။ အဆနဲ့ ပိုများတယ်"ဟု ကေအိုင်အေ ပြောရေးဆိုခွင့်ရဦးလနန်းကပြောသည်။

နှစ်ဖက်အကျအဆုံး အဆမတန် များလာရင် နှစ်ဖက်စလုံး နောက်ပြန်ဆုတ်ရမည်ကို အခက်တွေ့လာနိုင်ကြောင်း စိုးရိမ်သူများရှိသလို တပ်မတော်ဘက်မှ အင်အားနှင့် ဆက်တိုက်ဖိလာလျှင် ကချင်နှင့် ဗမာများအကြား လူမျိုးရေးမုန်းတီးမှု ကြီးထွားလာနိုင်သည်ဟု စိုးရိမ်သူများလည်းရှိနေသည်။

"အခြေအနေကို မထိန်းသိမ်းနိုင်ရင် အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်လာနိုင်တယ်"ဟု မြစ်ကြီးနားအခြေစိုက် ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါသည်။

မြစ်ကြီးနားမြို့ YMCA ၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ လုပ်လာခဲ့သော ဦးလဆီးဘောက်နော်ကတော့ "ကျွန်တော်က Racial issue (လူမျိုးရေးပြဿနာ) ဖြစ်လာမှာကို ကြောက်တယ်"ဟု သုံးသပ်သည်။

မိုင်ဂျာယန်က စစ်ဘေးဒုက္ခသည်စခန်းကို ဗမာအလှူရှင်တစ်ဦးလာလှူရာမှာ စခန်းထဲမှာ ဗမာလို့မပြောပါနဲ့ဟု စခန်းတာဝန်ခံက ကြိုမှာထားခဲ့ကြောင်း စခန်းနှင့်နီးစပ်သည့် သတင်းအရင်းအမြစ်တစ်ခုကပြောသည်။

ရွှေ့လျားနေသော နာရီလက်တံများနှင့်အတူ ကချင်စစ်ပွဲသည်လည်း ရှေ့ကို တိုး၍သွားနေသည်။

လိုင်ဇာမြို့ ဂျေယမ်းဒုက္ခသည်စခန်းမှာ စေတနာ့ဝန်ထမ်းအလုပ်လုပ်နေပြီး မြစ်ကြီးနားမှာရှိသည့် မိသားစုဆီကို မပြန်နိုင်သေးသည့် ဦးနော်ဂျာကတော့ "အခုလို ဆက်ဖြစ်နေမယ်ဆိုရင် လူမျိုးရေးဘက်ကို ဦးတည်နေတဲ့သဘောရှိတယ်"ဟုဆိုသည်။

ပြီးတော့ သူက တိုးတိုးထပ်ပြောသည်။

"ကျွန်တော်တို့လည်း ကျွန်တော်တို့ ခံနိုင်တဲ့ အတိုင်းအတာပေါ့"

## အချုပ်ပို(A)-ပြည်သူ့ဂုဏ်ရည်ဆု ကချင်တိုင်းရင်းသား လဖိုင်နော်မိန်းရရှိ မှ

အဆိုပါရွေးချယ်ခံရသူများထဲမှ တစ်ဦးကို အွန်လိုင်းမှ ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာ ဆန္ဒမဲစုစုပေါင်း၏ ၅၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် လဖိုင်နော်မိန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကချင်တိုင်းရင်းသား လဖိုင်နော်မိန်းသည်ကချင်လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နေသူဖြစ်ပြီး Kachin Land News ၏ သတင်းထောက်ချုပ်အဖြစ်ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီတွင် ကချင်ပြည်နယ်တွင်း ဖြစ်ပွားနေသော စစ်ပွဲများအား သတင်းလိုက်ပါရယူစဉ် စစ်မြေပြင်တွင် သေနတ်ကျည်ဆန်ထိမှန်ခဲ့သောကြောင့် ခန္ဓာကိုယ်မလှုပ်ရှားနိုင်ဘဲ ဒုက္ခိတဘဝရောက်သွားခဲ့သူဖြစ်သည်။

"ဒီအချိန်မှာ အရသင့်ဆုံးကသူပါပဲ။ ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းစစ်ငြိမ်းချမ်းရေးက အဓိကအရေးကြီးဆုံးပဲ။ ဒီငြိမ်းချမ်းရေးအတွက် သူ့ရဲ့ပါဝင်ဆောင်ရွက်မှု၊ ကိုယ်ကျိုးစွန့်မှုကနေ ရရှိလာတဲ့ အနာတရဖြစ်မှု၊ အခန့်မသင့်ရင် သေဆုံးသွားနိုင်တယ်။ ဒီလိုလူမျိုး ဒီဆုရတာကို ကျွန်မတို့ထောက်ခံပေးရမယ်။ ကျေနပ်ရမယ်။ ဝမ်းသာပါတယ်"ဟု ဒေါ်သန်းမြင့်အောင်က တတိယအကြိမ် ပြည်သူ့ဂုဏ်ရည်ဆုရှင် လဖိုင်နော်မိန်းအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ပြည်သူ့ဂုဏ်ရည်ဆုသည် စေတနာ့ဝန်ထမ်း လူမှုလုပ်ငန်းများကို ကိုယ်ကျိုးစွန့် ဆောင်ရွက်နေသူများအား ဂုဏ်ပြုပေးအပ်သည့်ဆုဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအတွင်းနှင့် ပြည်ပနိုင်ငံများရှိမြန်မာများ စုစည်းကာပြည်သူ့ဂုဏ်ရည်ဆုကို ရွေးချယ်ချီးမြှင့်ကြခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွက် ဆုချီးမြှင့်ပွဲကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပမည်ဟု ပြည်သူ့ဂုဏ်ရည်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။—*Ref: www.citizenofburma.org*

## အချုပ်ပို(ယ) - လိုင်ဇာမြို့အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း မှ

အချင်းချင်းရောင်းတဲ့ဟာရှိတယ်။ တရုတ်ပြည်ကခိုးပြီး ရောင်းတဲ့ဟာရှိတယ်။ ကရင်တွေလုပ်ပြီး ရောင်းတဲ့ဟာရှိတယ်။ တခြားအဖွဲ့အစည်းကနေ ဒီမှာလာစောင့်ပြီးမှ ရောင်းတဲ့ ဝယ်တဲ့ လက်နက်မှုတွေရှိတယ်။

**လူမှောင်ခိုက တက်တာကသာ ၁၀ ဝန်းကျင် တကယ်ဖြစ်တာက ၅၀/၆၀ ဝန်းကျင်ရှိတယ်လို့ မြို့တော်ဝန်ပြောခဲ့တယ်နော်။ လက်နက်ကလည်း အခု တက်တာက ၁၅/၂၀ ဆိုတော့ တကယ်ဖြစ်တာကရော။**

အဲဒါဟုတ်ပါတယ်။ ၁၅/၂၀ က တက်တာပါ။ တကယ်ဖြစ်တာကတော့ အစောက အတိုင်းပါပဲ။

**ဒီမှာက မြို့ကလည်းကြီးတော့ ဟိုကဒီက အလုပ်လာလုပ်တဲ့သူတွေရှိမှာပေါ့။ အဲဒီလို လာလုပ်တဲ့ သူတွေရော လာလုပ်မယ့် သူတွေရော ဘာတွေ သတိထားရမယ်၊ ဘယ်ဟာတွေက အခက်အခဲဖြစ်နိုင်တယ်ဆိုတာလေးပေါ့ရှိလားခင်ဗျ။**

မရှိပါဘူးခင်ဗျ။ အခက်အခဲကတော့ အခုနပြောတဲ့ မူးယစ်ဆေးဝါးနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ပေါ့။ နောက်လက်နက်ကိစ္စနဲ့ ကင်းကင်းရှင်းရှင်းနေဖို့။ နောက် ရိုင်းရိုင်းကြမ်းကြမ်း ဆိုင်ကယ်၊ ကား မမောင်းရဘူး။ ကားစုတ်ကားပြတ်တွေ မမောင်းရဘူး။ မြို့ကို ညစ်ပတ်စေနိုင်တဲ့ အရာတွေကို သယ်မလာရင် ပြီးတာပါပဲ။ ဒီမှာတော့ ကချင်တွေများတဲ့ မြို့ဖြစ်တဲ့အတွက် ရှမ်း၊ ဗမာ၊ တရုတ်တွေ လာတယ်။ ဘာပဲဖြစ်ဖြစ်သူတို့ကို ဦးစားပေးပါတယ်။ သူတို့က လူနည်းစုဖြစ်တဲ့အတွက်လေ။

**တခြားဒေသက လာတဲ့လူတွေအတွက် ဒီမှာလုံခြုံစိတ်ချရမှုအတွက် လိုင်ဇာကနေ အာမခံချက်ပေးတာတွေ ဘာတွေလုပ်ပေးလား။ လုပ်ပေးနိုင်လား။**

အာမခံချက်ပေးနိုင်တယ်။ ဘာလို့လဲဆို ဒီမှာ တခြားဒေသကနေ လာလုပ်တော့မယ်ဆို နံပါတ်တစ်အနေနဲ့တော့ အလုပ်သမားကတ် လုပ်ပေးတယ်။ ဒီကတ်လုပ်ပေးခြင်းအားဖြင့် မေးတယ်။ ဘာလုပ်မယ် အရင်ကဘာလုပ်တယ်။ ပေးသင့်တဲ့လူကို ကျွန်တော်တို့က ပေးလိုက်တယ်။ တခြားရဲတို့၊ စစ်တပ်တို့ ရှိပြီဆို တခြားမလိုအပ်ဘဲအခြားအမှုဖွင့်တာတို့၊ တိုင်တာတွေမရှိနိုင်ပါဘူး။

**ပြီးခဲ့တဲ့ ဇွန် ၉ ရက်ကစပြီး တိုက်ပွဲတွေဖြစ်လာတာ ကျွန်တော်တို့ကြားတာလည်း တိုက်ပွဲတွေများလာတဲ့အခါ လူမျိုးရေးခံစားချက်တွေလည်း ပါလာတယ်ပေါ့။ အဲတော့ ဒီလိုင်ဇာထဲမှာလာတဲ့ညီ့သည်တွေနဲ့ မြို့ခံကချင်တွေနဲ့ ကောပဋိပက္ခဖြစ်တာတွေဘာတွေရှိပါသလားခင်ဗျ။**

မရှိပါဘူးခင်ဗျ။ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဌာနချုပ် under control မြို့ကြီးကို KIO က အခုလိုလုပ်နေတာ ကချင်လူထုအတွက် မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးအတွက် လုပ်တဲ့အခါ ကျွန်တော်တို့ လိုင်ဇာမြို့လေးထဲက ကွက်ဖြစ်နေရင် လူကြီးတွေ လက်နဲ့ရေးတာ ကျွန်တော်တို့က ခြေနဲ့ဖျက်သလို ဖြစ်သွားမှာပေါ့။ အုပ်ချုပ်ရေးမှူးအနေနဲ့လည်း အဲဒါကို အလေးထားတယ်။ ကားတိုက်မှု ဖြစ်တယ်။ ဟိုးအောက်ပိုင်းက ရှမ်းတွေနဲ့ ဗမာတွေနဲ့ ဖြစ်တယ်။ ကိုင်းဒါဆို ညှီ့သည်ပုံစံနဲ့ မဟုတ်ပါဘူး။ ကိုယ့်မြို့ခံတွေလို ပြေပြေလည်လည် နွေးနွေးထွေးထွေးဆက်ဆံပါတယ်။

**စာသင်ကျောင်းအရေအတွက်နဲ့ ကျောင်းသားအရေအတွက်လေး ပြောပြပေးပါလား။**

ဒီမှာကတော့ ကျောင်းကတော့အထက်တန်းကတစ်ကျောင်း၊ အလယ်တန်းက နှစ်ကျောင်း၊ မူလတန်းက နှစ်ကျောင်းပေါ့။ အလယ်တန်းဆိုလည်း တွဲဖက်ပေါ့။ ကျောင်းသားဦးရေကတော့ အထက်တန်းကျောင်းမှာ ကျောင်းသား ၁၄၀၀ ရှိတယ်။ အလယ်တန်းကျောင်း တစ်ကျောင်းက ၈၀၀ ကျော်၊ တစ်ကျောင်းက ၇၀၀ ကျော်ပေါ့။ မူလတန်းကျောင်းကတော့ နည်းနည်း နည်းတယ်။ တစ်ကျောင်းကို ၂၀၀ ဝန်းကျင်လောက်ပဲရှိတယ်။ ကျောင်းသားစုစုပေါင်းကတော့ ၃၀၀၀ ကျော်။

**ကျောင်းတွေမှာ ပညာရေးသင်ရိုးက အတူတူပဲလား။**

အတူတူပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ကချင်စာနည်းနည်းလေး သင်သွားတယ်။ နောက်ဆယ်တန်းဖြေတာကတော့ မြစ်ကြီးနားမှာပဲ သွားဖြေတာများတယ်။ ကျောင်းဆရာ၊ ဆရာမဦးရေက အားလုံး ၈၇ ယောက်ရှိတယ်။

**ဦးအနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးပါဦး။**

ကျွန်တော်တို့ ဒီမှာ စစ်မဖြစ်ခင်မှာ ဒီမှာလာအိပ်တဲ့ ညှီ့သည်တစ်ရက်ကို ဟိုတယ်စာရင်းအရ အိပ်တဲ့ ညှီ့သည်က ၅၀၀ နဲ့ ၆၀၀ ကြားရှိတယ်။ အခုချိန်မှာတော့ မရှိတော့ဘူး။ မနေ့က ညအိပ်ညှီ့သည် ၈၇ ယောက်တဲ့။ ဒီမှာမြို့သေးပေမယ့် ဟိုတယ်က ၁၆ လုံးရှိတယ်။ ဟိုတယ်မဟုတ်တဲ့မိုတယ်တွေက ၇ လုံး လောက်ရှိတယ်။ အကြီးဆုံးဟိုတယ်က လိုင်ဇာဟိုတယ်။ ဟိုတယ် တည်းခိုခန်း ၂၃ လုံးဆိုတော့ လူဦးရေ အစောကဟိုတယ်စာရင်း ကျော်ကျော်ပေါ့။ ဘုရားကျောင်းကတော့ လေးကျောင်းပေါ့။

7 DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012



# စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးကော်မတီဥက္ကဌ ဦးဒွဲပီဆာနှင့် တွေ့ဆုံခြင်း

**၂၀၁၁ ဇွန် ၉ ရက်မှ စတင်ခဲ့သော အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အောက်ရှိကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့ကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများမှာ တစ်နှစ်နီးပါးရှိလာပြီဖြစ်သော်လည်း မပြီးဆုံးသေးပေ။ တိုက်ပွဲကာလကြာရှည်လာသည့်အပြင် စစ်ရေးအရှိန်ပိုမိုမြင့်တက်လာသည့်အတွက် ကချင်ပြည်နယ်စစ်ဘေးဒုက္ခသည် အရေအတွက်မှာ တစ်နေ့ထက်တစ်နေ့တိုးလျက်ရှိသည်။ စစ်ပြေးဒုက္ခသည်များကို ကယ်ဆယ်စောင့်ရှောက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ KIO က ဖွဲ့စည်းထားသော စစ်ပြေးဒုက္ခသည် ကယ်ဆယ်ရေးကော်မတီဥက္ကဌ ဦးဒွဲပီဆာ၊ အတွင်းရေးမှူးဦးဇော်ရော်တို့နှင့် မေ ၂၃ ရက်တွင် ပြည်တွင်းသတင်းထောက်များဖြစ်သော ရဲနိုင်မိုး(သတင်းစာဆရာနည်းပြ)၊ အားမာန် (7day News)၊ စန်းယုကျော်(မော်ဒန်ဂျာနယ်)၊ မျိုးမင်းထိုက်(ဗီးနပ်စ်ဂျာနယ်)၊ စိုးဝင်းငြိမ်း(ဓာတ်ပုံသတင်းထောက်)တို့ ၅ ဦးက တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ရဲ၊ အား၊ စန်း၊ မျိုး၊ စိုး**



ကယ်ဆယ်ရေးစခန်းတစ်ခုတွင် ရိက္ခာဝေငှစဉ်

ဓာတ်ပုံ - အားမာန်

**■ လက်ရှိမှန်းခြေ IDP (စစ်ပြေးဒုက္ခသည်) ဘယ်လောက်ရှိသွားပြီလဲ။**

Camp တွေ များလာတယ်။ အတိအကျတော့ မရဘူး။ ဒါပေမဲ့ KIO ထိန်းချုပ်တဲ့ နယ်မြေက Camp က ၅၀ ပဲရှိတယ်။ တချို့နေရာမှာ အဆက်အသွယ်ခက်တယ်။ ဖုန်းနဲ့ ဆက်လို့မရတဲ့ နေရာမှာရှိတယ်။ တချို့နေရာက Camp တွေ ဆိုရင် ကိုယ့်ဆရာတို့ မြင်ခဲ့တဲ့ Camp တွေလိုမဟုတ်ပါဘူး။ ကိုယ့်နယ်မြေ၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသတောတောင်မှာ ဟိုတစ်စု၊ ဒီတစ်စု နေကြတယ်။ စာရင်းဇယားရဖို့ ခက်တယ်။ တတ်နိုင်သမျှ စစ်ဘေးဒုက္ခသည်တွေကို လေးမျိုး လေးစား သတ်မှတ်တယ်။ တစ်မျိုးက အစိုးရအုပ်ချုပ်တဲ့ မြို့ကို ရွှေ့သွားတဲ့သူ၊ နောက်တစ်မျိုးက မြို့ပေါ် ရောက်သွားတာ။ Camp မှာမဝင်ဘဲကိုယ့်အသိဆွေမျိုးအိမ်မှာ ခိုလှုံတယ်။

တချို့ကတရုတ်ပြည်နယ်စပ်မှာ။ အသိမိတ်ဆွေရှိ၊ ငွေကြေးရှိသူဆိုရင် လွတ်ရာကို ပြေးတဲ့သူ။ နောက်တစ်မျိုးက မြို့ကိုလည်း မရောက်၊ တရုတ်ကိုမရောက် ဆင်ဘိုနဲ့ ရွှေကူကြားမှာ။

ကေအိုင်အိုထိန်းချုပ်နယ်မြေမှာစစ်ဘေးဒုက္ခသည်က အနည်းဆုံး ၅၂,၀၀၀ ဝန်းကျင် စာရင်းအရ သိရတာပေါ့။ အစိုးရထိန်းချုပ်တဲ့ ဆီရောက်တာ အရင်က နှစ်သောင်းလို့ပြောတယ်။ ဝိုင်းမော်၊ မြစ်ကြီးနားဘက်မှာ အခုနှစ်လအတွင်းမှာ သုံးထောင်ပတ်ဝန်းကျင် ပြန်တိုးလာတယ်လို့ ပြောတယ်။ ဆိုတော့ ရှစ်သောင်းဝန်းကျင်တော့ ရှိနေပြီလို့ သတ်မှတ်ထားတာရှိတယ်။

**■ စစ်ရှောင်ရင်း အမျိုးသမီးကိုယ်ဝန်ဆောင်မိခင်တွေ Camp တွေမှာ ကလေးမွေးတဲ့အရေအတွက်ရော စာရင်းကောက်ထားမိလားခင်ဗျ။**

ကလေးက ၁၀၀၄ ယောက်၊ ယောက်ျားလေးက ၅၅၃ ယောက်၊ မိန်းကလေးက ၄၅၁ ယောက်။

**■ လောလောဆယ် ကေအိုင်အို အနေနဲ့ IDP တွေကို ကူညီတဲ့အခါ သုံးစွဲတဲ့ငွေကြေးကုန်ကျမှုကိုရော သိလို့ရမလား။**

ရပါတယ်။ အစကတော့ ဒီလောက်ကြီးကျယ်မှန်းလည်းမသိဘူးနော်။ ကျွန်တော်တို့ကချင်တွေကစစ်ဘေးကိုကြုံလာတာနှစ်ပေါင်း ၅၀ ရှိပြီ။ ကျွန်တော်တို့လည်း စစ်ဘေးဒုက္ခသည်ဖြစ်ခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ဒီလိုအချိန်အခါလိုတော့ အတွေ့အကြုံမရှိဘူး။ အရင်တုန်းက ကိုယ့်ရွာကိုယ့်နယ်မြေမှာလွတ်ရာလွတ်ကြောင်း ထွက်ပြေးကြတယ်။ အရင်တုန်းက စစ်ကြောင်းထိုးပြီဆိုရင် ၁၀ ရက်၊ ရက် ၂၀ ဆိုပြန်ခေါက်သွားပြီ။ အိမ်မီးရှို့ခံရရင်လည်း ပြန်ဆောက်နေပေါ့။ ဒါရိုးနေတာ။ အခုဆို Camp တစ်ခုမှာ လူက အနည်းဆုံး ၁၀ ရွာအထက်စုနေတာ။

**■ စုစုပေါင်း စစ်ဘေးဒုက္ခသည်ပေါင်း ၈၀,၀၀၀ လောက်ရှိရာမှာ ကျောင်းနေအရွယ် ကလေးတွေ ဘယ်လောက်ပါတယ်ဆိုတာ စာရင်းပြုစုထားတာရှိလား ခင်ဗျ။**

ကျောင်းသားက ၅၀၀၀ ကျော်ရှိတယ်။ အမျိုးမျိုးကြောင့် မတက်ဖြစ်တာ မနှစ်က ၁၅၀၀ ကျော်ရှိတယ်။ ဒီနှစ်ကလည်း စစ်ဖြစ်နေတော့ မတက်ဖြစ်တဲ့ ကျောင်းသားပိုများလာနိုင်တယ်။ ဘာကြောင့် ပိုများလာနိုင်လဲဆိုတော့ မိဘတွေက စိတ်မချတော့ဘူးလေ။

**■ တချို့ လူကုန်ကူးသူတွေဟာ ဒီဒေသကမိန်းကလေးတွေနဲ့ကလေးတွေကို ပစ်မှတ်ထားနေတယ်ဆိုတာလေးတွေ ကြားရပါတယ်။ ဦးတို့ရော အဲ့လိုကိစ္စမျိုး ကြုံတွေ့ရသေးလား။**

စစ်ဘေးဒုက္ခတွေဖြစ်လာတဲ့ Camp တွေရှိလာတိုင်း ကျွန်တော်တို့ ကြိုတင်ပြီးတော့ ပညာပေးထားတာရှိပါတယ်။ ကျွန်တော်က လူကုန်ကူးတဲ့ပြဿနာကိုပေါ့၁၉၈၈ ကနေ အတွေ့အကြုံရှိတယ်။ ကျွန်တော်က ဒီနယ်စပ်တစ်လျှောက်မှာပေါ့။ ဘယ်လိုဘယ်လို ရောင်းစားခဲ့တယ်။ တရုတ်ပြည်ကနေမှ အစိုးရနဲ့ ဘယ်လိုညှိပြီးမှ ပြန်ခေါ်ပေးတာတို့ ကျွန်တော်က အတွေ့အကြုံရှိတယ်။ ကျွန်တော်က အဲဒီတော့ အရင်တုန်းကလည်း ဖြစ်နေတယ်။ အခုစစ်ဘေးဒုက္ခတွေ နယ်စပ်မှ ပြန်စုနေပြီ။ သတိထားကြပါ။ မိဘတွေရော ရပ်ရွာတွေရော မသိတဲ့လူတွေ လာဆွဲဆောင်တာအမျိုးမျိုးပေါ့။ ကိုယ့်သားသမီးကို ထိန်းသိမ်းကြပါ။ ဒါပေမဲ့ ဒီလူမှုရေးကလည်း နည်းနည်းတော့ ခက်တော့ခက်တယ်။ သူများက ငွေနဲ့ ဆွဲဆောင်တဲ့ လူဆိုတော့ ခံနိုင်တဲ့ လူမရှိဘူး။ မိဘတွေလဲပဲ ပြောမယ်ဆိုရင် ဆင်းရဲတဲ့အတွက်ကြောင့် ငွေရရေးဆိုရင် စိတ်ကပြောင်းလဲလာပြီ။ ဒီလိုဆိုရင် နည်းနာဘယ်လိုပြန်လုပ်မလဲဆိုရင် သူသဘောတူပြီးမှ ပေးစားတယ်ဆိုတဲ့ အမိပ္ပာယ်ကို သူတို့က ပြန်လုပ်လာပြီ။ ဒါမျိုးက ကျွန်တော်တို့ နည်းနည်းပါးပါးရှိတယ်။ ဆက်လက်ပြီးမှ မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ မရှိတာမျိုးတော့ မဟုတ်ဘူး။ ရှိတော့ ရှိတယ်။ ကျွန်တော်လည်း အဲဒါကိုထိန်းတော့ထိန်းနေပါတယ်။

**■ နောက်ကျွန်တော်တို့ကြားတာက ဒီလိုခေါ် ဆောင်သွားတာတွေက တရုတ်ဘက်က များတယ်လို့ ကြားတယ် ဟုတ်လားခင်ဗျ။**

ဟုတ်တယ်။ ဒါစစ်ဘေးဒုက္ခသည် မဖြစ်ခင် ကတည်းကနေပေါ့။ နယ်စပ်တစ်လျှောက်ပေါ့။ ကချင်တွေပဲ။ ဟိုဘက်မှာ ကချင်မိန်းမတွေအဆက်က အများကြီးရှိတယ်။ ဒီလိုဆိုတော့ လိုင်ဇာကနေထွက်သွားတာ ဘယ်လောက်များလဲမသိဘူး။ ပြဿနာဖြစ်မှ ပြန်လာမှ ဒီလိုဖြစ်တယ်။ တချို့ဆိုဗဟုသုတ နည်းနည်းရှိတယ်ပေါ့။ အစတော့ သူတို့ရောင်းစားတာမသိဘူး။ ကိုယ်မသိတဲ့နေရာဒေသရောက်သွားမှကျွန်မရောင်းစားခံရတာဖြစ်နိုင်တယ်ပေါ့။ ဟိုဘက်က ဆက်ဆံပုံတွေ ဘာတွေနောက်မှသိပြီး ဒါကြောင့်မို့ဒါတော့ အရင်တုန်းကရှိတယ်။ ဒါကြောင့်ခုပိုပြီးမှ စိုးရိမ်နေတာက ဘာလဲဆိုတော့စစ်ဘေးကပ်ဆိုတော့စားရေး၊ သောက်ရေး၊ နေရေးဘာမှအဆင်မပြေဘူး။ ဒီလိုဆိုတော့ သူများလည်း အထင်သေးတယ်၊ အမြင်သေးတယ်။ သူတို့က ဘာမဆိုဆွဲဆောင်လို့ရတဲ့ အခွင့်အရေးတွေက ဟိုဘက်က မှောင်ခိုကူးမယ့်သူတွေအတွက် ဆွဲဆောင်ရတာ ပိုအဆင်ပြေနေတော့ ကျွန်တော်လည်း ဂရုစိုက်နေပါတယ်။ အားလုံးကို ထိန်းတော့ ထိန်းပါတယ်။

**■ ဒီတစ်နှစ်အတွင်းရော IDP တွေကြားထဲမှာ လူကုန်ကူးခံရတယ်ဆိုပြီးတော့ KIO ကို လာရောက်တိုင်တာတွေ ရှိသေးလား။**

အဲ. . ရှိတယ်။ ငါးမှုထက်တော့ မလျော့ဘူးထင်တယ်။ ဒီပဋိပက္ခဖြစ်နေတဲ့အတွင်းမှာ။

**■ IDP တွေအတွက်အဓိကလိုအပ်ချက်တွေက ဘာတွေဖြစ်မလဲ။**

အခုကျွန်တော်တို့က ပြောရမယ်ဆို ရွာ ၂၀၀/၃၀၀ ဝန်းကျင်ဆိုတော့ ငွေတောင်းတာ သိန်း ၁၀၀ တောင်းတာ။ ရွာတိုင်းလိုလိုလာကြတယ်။ အခက်အခဲကြားလို့ဆို ကိုယ်တတ်နိုင်တဲ့ ဆန်အိတ်၊ ကိုယ်တတ်နိုင်တဲ့ဟင်းရွက်ဟင်းသီးပေါ့။ ဆန်အိတ်ဘယ်လောက်ဘာညာဆိုတာ နေ့တိုင်းလိုလို။ အခုတော့ သိပ်မရှိကြတော့ပါဘူး။ သိပ်မရှိကြတော့ဘူးဆိုတော့ အထက်ကိုပဲ တင်ပြပါတော့တယ်။ စားရေး၊ သောက်ရေးပေါ့ အဓိကကတော့ ရိက္ခာပေါ့။ နောက်ကျန်းမာရေး ဆေးဝါးပေါ့။

**■ စားနပ်ရိက္ခာ ထောက်ပံ့ရတာ ဝန်ထုပ်ဝန်ပိုးပဲ။ ဘယ်လောက်ကြီးပေးပါသလဲ။**

အစကတော့ တစ်ရက်ကို တစ်ယောက်နှစ်ပေါင်နှုန်းပေါ့။ တခြားတော့ ဘာမှမရှိပါဘူး။ အစက ကျွန်တော်ကလေ တစ်ရက်ကို IDP တစ်ယောက်ကို ကျပ် ၂၀၀ သတ်မှတ်တာပဲ။ အစက ကျွန်တော်ပေးနိုင်သေးတယ်နည်းနည်း။ အခုတော့ ကျွန်တော်မပေးနိုင်တော့ဘူး။ အခုဆိုရင် တချို့က စီးပွားရေး၊ အိမ်ထောင်ရေးတွေက မတူဘူးလေ။ တချို့ဆိုရင် တစ်နေ့အလုပ်လုပ်ပြီးမှ ငွေရှိတဲ့ လူရှိတယ်။ အများဆုံးတော့ ကော်မတီကနဲ့ ပေးတာကိုပဲ ကျေနပ်ရတာ။ တချို့ဆိုရင်တော့လည်း ကိုယ်ပေးမှစားရတာတွေ ရှိတယ်။

**■ အခု KIO က စစ်ရေးအသုံးစရိတ်ထက် Camp တွေမှာပါတဲ့ ဒုက္ခသည်တွေအတွက် သုံးတဲ့ စရိတ်ကပိုပြီး ကုန်နေတယ်လို့ ကြားရပါတယ်။ ဘယ်လောက်လောက်များ ကွာနေပါသလဲ။**

တွက်လို့တော့ ခက်မယ်ဗျ။ စစ်ရေးထက် စစ်ဘေးဒုက္ခသည် စရိတ်အတွက် ပိုသုံးပါတယ်။ သူက လူဦးရေလည်း ကွာတယ်လေ။ သောင်းဂဏန်းရဲ့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးဆိုတော့ တော်တော် ပိုပါတယ်။ စစ်ရေးထက် သုံးဆလောက်တော့ရှိမယ်။ KIO အဖွဲ့အစည်းကနေ ပြီးတော့ စစ်ဘေးဒုက္ခသည်တွေအတွက် အခုထိသုံးထားတဲ့အသုံးစရိတ်က ကျပ်သိန်း ၄၆၈၄ ကျော်ပေါ့။ ယွမ်က ၅၁ သိန်း ၉ သောင်းပါခင်ဗျ။ ပြီးခဲ့တဲ့ ဧပြီလကုန်အထိပေါ့။

**■ အခုနှစ်ပိုင်းရှိရာမှာလေ။ အခုကတော့ KIO ထိန်းချုပ်နယ်မြေထဲမှာရှိတဲ့ Camp က ၅၀ လောက်ရယ် ဒီကျန်တဲ့လူ ၂၀,၀၀၀ လောက်က မြို့ပေါ်မှာ အစိုးရ ထိန်းချုပ်ထားတဲ့နေရာတွေမှာက ဘယ်မှာက အကူအညီတွေ ပိုလိုအပ်နေလဲပေါ့။ ပြီးတော့ ဘယ်ကရော အကူအညီတွေ ပိုရနေသလဲ။**

ဒါတော့ ကျွန်တော်က မြို့ပေါ်ကို ကောင်းကောင်းမသိဘူးဗျ။ သတင်းကြားတာတော့ ရန်ကုန်-မန္တလေးက ကချင်လူမျိုးတွေနဲ့ စေတနာရှင်ပြည်သူတွေရဲ့ အကူအညီတွေက ဗန်းမော်-မြစ်ကြီးနားဘက် ရောက်နေပြီပေါ့။ ဒီဘက်လိုင်ဇာဘက်က အကူအညီနည်းတာပေါ့။ အခုတလော မင်းကိုနိုင်တို့ ၈၈ ကျောင်းသားခေါင်းဆောင်အဖွဲ့ ကော့သောင်းရောက်တယ်။ ကချင်စစ်ဘေးဒုက္ခသည်တွေအတွက် စုဆောင်းတာ သိန်း ၃၀၀ စုဆောင်းလို့ရတယ်။ ကချင်စစ်ဘေးဒုက္ခသည်တွေကို ပေးဖို့ မင်းကိုနိုင်ကိုလွှဲအပ်လိုက်တာပေါ့။ အဲတော့ ဗမာပြည်တောင်ဘက်စွန်းလူထုနဲ့ မြောက်ဘက်စွန်းလူထုရဲ့ စိတ်ဓာတ်က သံကြိုးတွေလို ခိုင်မာနေပါတယ်၊ ရှိပါတယ်ဆိုတဲ့ သဘောပေါ့။ ဒါပေမဲ့ ကျွန်တော်ထင်တာက ဟိုဘက်က စစ်ဘေးဒုက္ခသည်တွေက အထောက်အပံ့တွေ ပိုရမလားလို့။ ပြည်တွင်း NGO တွေက ထောက်ပံ့မှုများတယ်လေ။ နောက် အစိုးရကလည်း ကူညီထောက်ပံ့ပေးဖို့ ပြောဆိုထားတာ ရှိတယ်လေ။ ဆိုတော့ကာ သူတို့ လမ်းကြောင်းက ပိုပွင့်တယ်လို့ ကျွန်တော်ထင်တာပေါ့။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းတော့ ရကောင်းရနိုင်တယ်ပေါ့။

**■ အခု KIO ထိန်းချုပ်ထားတဲ့ Camp ၅၀ ထဲက သွားလာရန်ခက်ခဲပြီးတော့ အကူအညီ အလိုအပ်ဆုံး Camp တွေက ဘယ်ဘက်တွေမှာ ရှိမလဲ။**

အဲဒါက အခြေအနေတွေက မတူဘူး ဖြစ်နေတယ်။ တချို့နေရာတွေဆို အရမ်းအေးတယ်။ အေး တဲ့နေရာဆို လိုအပ်တာက တစ် မျိုးပေါ့။ ပူတဲ့နေရာဆိုလည်း တစ်မျိုးပေါ့။ အခုဆိုရင် တောင်ဝါဘက်က Camp တွေပေါ့။ ပေ ၈၀၀၀ ထက်မြင့်တယ် ပြောတယ်။ အကူအညီတွေလည်းရတာမကြာသေးဘူးတဲ့။ အဲဒီဘက်တွေပေါ့ ပိုခက်ခဲတာပေါ့။ နောက်ပိုပြီး ခက်ခဲတာက တရုတ်နယ်ခြားဖြတ်သွားတဲ့ဟာတွေလေ။ Cross ဖြတ်သွားတဲ့ Camp တွေ။ အဲဒီသူတွေကျတော့ စိတ်ဓာတ်အင်အားရော အကုန်လုံးပေါ့။ တော်တော်လိုအပ်ပါတယ်။ သူတို့အတွက်။

**■ တရုတ်နယ်ခြားဘက်ရောက်သွားတဲ့ လူဦးရေ ခန့်မှန်းခြေကရော ဘယ်လောက်ရှိမလဲ။**

၇၀၀၀ ကျော်ပေါ့။ လောလောဆယ်စာရင်းအရ။ ဒါပေမဲ့ အမှန်တကယ်က သူ့ထက်ပိုများတယ်ပြောတယ်။

**■ မိုးရာသီ ရာသီအကြမ်းဆုံးကာလရောက်လာတော့ ဦးတို့ တာဝန်ရှိသူတွေအနေနဲ့ စစ်ဘေး ဒုက္ခသည်တွေအတွက်ဘယ်အရာတွေကို ပိုပြီးတော့ ပူပန်သလဲ။**

ပူပန်တာစိတ်ပူတာကတော့ အမျိုးမျိုးပဲဗျ။ နေရာဒေသအလိုက် ကျန်းမာရေးနဲ့ ကိုက်ညီစေချင်တယ်။ လုံလုံခြုံခြုံနေရစေချင်တယ်။ မိုးတွင်းဆိုတော့ ငှက်ဖျားရောဂါအတွက် စိုးရိမ်ရပါတယ်။ အကူအညီပေးတဲ့လူတွေလည်း ပေးနေပါတယ်။ ကျွန်တော်တို့လည်း တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးသွားမှာပါ။

**■ အခြေနေမှန်မသိသေးတဲ့ဒေသအနှံ့က ပြည်သူတွေကို ဦးအနေနဲ့ စစ်ဘေးဒုက္ခသည်တွေ ကိုယ်စား ဘယ်လို သတင်းစကား ပါးချင်ပါလဲ။**

ကျွန်တော်တို့က ကြိုဆိုပါတယ်။ ကျွန်တော်တို့ ဒုက္ခရောက်နေပါတယ်။ ကူညီချင်တဲ့လူ ကူညီနိုင်ပါတယ်။ ကြိုဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့အတွက် အတားအဆီးလေးတွေဖြစ်တာပေါ့။ အဲဒါကတော့ အစိုးရလုပ်ပေးမှရမှာဗျ။ အခုဟာက ကျွန်တော်တို့ အခြေအနေက သူတို့က အဲလိုတွေလုပ်ထားတော့ ပစ္စည်းမပြောနဲ့ လူကို မလာတော့ဘူး။ ဒါကျတော့ နိုင်ငံတော်အစိုးရပေါ်မှာပဲ မူတည်တယ်။ ပြည်သူလူထုပေါ်မှာ စေတနာရှိရင် ဒါခွင့်ပြုသင့်တာပဲ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.12 • MAY 31 , 2012

# “ ကေအိုင်အေတပ်သားတွေကျဆုံးသလို အရပ်သားတွေ ဒုက္ခရောက်တာလည်းအများကြီးရှိတယ်၊ တစ်ဖက်မှာလည်း အစိုးရတပ်က တပ်သားတွေကလည်း နိုင်ငံသားတွေပဲ၊ အားလုံးနိုင်ငံသားတွေပဲ ”

## KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်နှင့် တွေ့ဆုံခြင်း

ရဲ၊ အား၊ စန်း၊ မျိုး၊ စိုး

**ကချင်ပြည်နယ်တွင် အစိုးရနှင့် ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)တို့အကြား ဖြစ်ပွားနေသော တိုက်ပွဲများအခြေအနေ၊ ငြိမ်းချမ်းရေးဆွေးနွေးမှု အခြေအနေများကို ကချင်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို) မှ ပြောရေးဆိုခွင့်ရှိသူ ဦးလနန်နှင့် မေ ၂၂ ရက်တွင် ပြည်တွင်းသတင်းထောက်များဖြစ်သော ရဲနိုင်မိုး(သတင်းစာဆရာ)၊ အားမာန်(7day News)၊ စန်းယုကျော်(မော်ဒန်ဂျာနယ်)၊ မျိုးမင်းထိုက်(ဗီးနပ်စ်ဂျာနယ်)၊ စိုးဝင်းငြိမ်း(ဓာတ်ပုံသတင်းထောက်)တို့ ငါးဦးက တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**■ လောလောဆယ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကထိုက်သင့်သလောက် မအောင်မြင်သေးတဲ့ အဓိက အခက်အခဲက ဘာလဲ။**

အပစ်အခတ်ရပ်စဲရေးဆိုတဲ့ Cease Fire ဆိုတဲ့ဝေါဟာရကို အခုမှ ပြည်တွင်းမှာရော၊ ပြည်ပမှာရော ပိုသုံးလာကြတယ်။ လွန်ခဲ့တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အာဏာသိမ်းတဲ့ကာလ၁၉၈၉-၉၀၊၉၁၊၉၃၊၉၄ အဲဒီမှာလည်း အပစ်အခတ်ရပ်စဲရေးဆိုတဲ့ကဏ္ဍက လက်နက်ကိုင် အင်အားစုတွေနဲ့ အစိုးရတွေကြား ပြောဆိုခဲ့ကြတာရှိတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ ပြည်သူတွေက အဲဒီကိစ္စကို သိပ်မသိကြဘူး။ ကျွန်တော်တို့ ကေအိုင်အို အဖွဲ့ကလည်း ၁၉၉၄ မှာ အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကေအိုင်အို အဖွဲ့အစည်းက၁၉၆၀ ခုနှစ် အောက်တိုဘာ ၂၅ မှာ စပြီးဖွဲ့စည်းတယ်။ ဖွဲ့စည်းတာက နိုင်ငံရေးအဖွဲ့အစည်းပါ။ အဲဒီကတည်းက နိုင်ငံရေးပြဿနာဟာ ဘယ်လိုနည်းနဲ့မှစစ်ရေးနဲ့ဖြေရှင်းလို့မရဘူး၊ ဒါက စားပွဲဝိုင်းပေါ်မှာ ဖြေရှင်းရမယ်လို့ အဲဒီကတည်းက မူဝါဒ ချမှတ်ထားတာရှိတယ်။ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၅ မှာ ကေအိုင်အေဆိုတဲ့ လက်နက်ကိုင်အဖွဲ့ဖွဲ့စည်းတယ်။ အဲဒီနောက် ၁၉၆၂ ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီးနောက်ပိုင်း၁၉၆၃မှာတစ်ခေါက်တွေ့တယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အင်အားစုတွေကို ခေါ်တယ်။ ဒါပေမဲ့နောက်ဆုံးကျတော့လက်နက်ချရေး ပြန်လာရေးဆိုတာမျိုးပဲဖြစ်တယ်။ နိုင်ငံရေးပါမလာဘူး။ အဲဒါမျိုး ကြိမ်ဖန်များစွာ ၇၃ မှာတွေ့တယ်။ ၈၀ နဲ့ ၈၁ မှာ တွေ့တယ်။ အဲဒီတုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ပေါ့ဗျာ။ ပါတီဥက္ကဋ္ဌက ဦးနေဝင်းဖြစ်သွားပြီ။ သမ္မတက ဦးစန်းယုပေါ့ဗျာ။ အဲဒီတုန်းကလည်း တစ်နှစ်ကျော်လောက် ထင်တယ်။ ရန်ကုန်ထိသွားပြီး အပစ်အခတ်ရပ်စဲရေးလုပ်တယ်။ ဒါပေမဲ့နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းမယ်ဆိုတဲ့ကိစ္စ ပါမလာဘူး။ နောက်ကျတော့ တိုက်ပွဲတွေဖြစ်ကြတာပေါ့။ ၁၉၈၉ မှာ စပြီးတော့ အစိုးရဘက်ကကမ်းလှမ်းလာတာရှိတယ်။ တပ်မတော် အာဏာသိမ်းပြီးနောက်ပိုင်း အပြန်အလှန်ဆွေးနွေးတယ်။ CF(အပစ်အခတ်ရပ်စဲရေး)ဖြစ်မလိုလိုနဲ့ မရဘူး။ တပ်မတော်အစိုးရကလည်း တက်လာပြီဆိုတော့ နိုင်ငံရေးနည်းနဲ့ ဆွေးနွေးတာပေါ်လာနိုင်တယ်ဆိုပြီးတော့ ၁၉၉၂ စက်တင်ဘာ ၃၀ မှာ ကေအိုင်အိုဘက်က တစ်ဖက်သတ် အပစ်အခတ်ရပ်စဲခဲ့တယ်။

အဲဒါကြောင့်အစိုးရကလည်း ထိုးစစ်တွေရပ်လိုက်တယ်။ ၁၉၉၃ မှာကျတော့ တိုက်ပွဲတွေမရှိတော့ဘူး။ အဲလိုရပ်ရင်းနဲ့ တွေ့ဆုံဆွေးနွေးမှုက အရှိန်မြှင့်လာတယ်။ နောက်ဆုံး ၁၉၉၄ မေ ၂၄ မြစ်ကြီးနားမှာ တွေ့ကြတော့ အပစ်အခတ်ရပ်စဲရေး တရားဝင်လက်မှတ်ရေးထိုးခဲ့တယ်။ လက်မှတ်ထိုးတဲ့အခါ အဓိကပြောတာကတော့ နိုင်ငံရေးနည်းနဲ့ ပြဿနာကိုဖြေရှင်းကြဖို့ပဲ။ အခုက ဖွဲ့စည်းပုံအခြေခံဥပဒေလည်း မရှိသေးဘူး။ အဲဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်လာဖို့ အရေးကြီးတယ်။ အဲဒါပေါ်တဲ့အခါကျမှ အစိုးရသစ်က ပေါ်လာလိမ့်မယ်။ အဲဒီ့အစိုးရက အရပ်သားက ရွေးချယ်တဲ့ အစိုးရဖြစ်မယ်။ အဲဒီ့အရပ်သား အစိုးရနဲ့ကျမှ နိုင်ငံရေးဆွေးနွေးကြ၊ အမျိုးသားညီလာခံက လုပ်နေပြီ၊ ခင်ဗျားတို့လည်း ပါဝင်ကြလို့ပြောတယ်။ ဒီအတွင်းမှာတော့ တိုက်ပွဲအတွင်း ပျက်စီးသွားတဲ့ကျေးရွာတွေ ပြန်ပြီးတည်ဆောက်ကြရအောင်လို့ သူတို့တိုက်တွန်းတယ်။ ဒါက လုပ်လည်း လုပ်ရမယ့်ဟာမို့ ကျွန်တော်တို့လည်း၉၄ကနေ ၂၀၁၁အထိဒေသဖွံ့ဖြိုးရေးကိုပဲ အာရုံစိုက်ပြီး လုပ်ခဲ့ကြတယ်။ ကချင်ပြည်နယ်သာမက ရှမ်းပြည်မြောက်ပိုင်းမှာပါ တတ်နိုင်သမျှ ဒေသဖွံ့ဖြိုးရေးလုပ်ခဲ့တယ်။ အဓိကတော့ လမ်းတွေ၊ တံတားတွေလုပ်ခဲ့တယ်။ အဲလို လုပ်ရင်းနဲ့နိုင်ငံရေးဆွေးနွေးမှုပေါ်လာအောင်စောင့်ခဲ့တယ်။



ကယ်ဆယ်ရေးစခန်းတစ်ခုမှ ကလေးငယ်အချို့

ဓာတ်ပုံ - အားမာန်

အမျိုးသား ညီလာခံမှာလည်း observer အနေနဲ့ ငါးဦးသွားတက်ခဲ့တယ်။ ခဏနားပြီး ၂၀၀၅ ညီလာခံပြန်စတော့လည်း သွားတာပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမယ်ဆိုတဲ့ သဘောထားကို လက်ခံတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့တော့ နိုင်ငံကိုဘယ်လိုမှပြန်လည်မတည်ဆောက်နိုင်ဘူးလို့လက်ခံတယ်။ ဒါကြောင့် 7 Step Road Map အတိုင်းသွားတဲ့ပုံစံအတိုင်းလိုက်တယ်။ ညီလာခံကိုသွားတော့လည်း ကချင်လူထုကိုယ်စားစာတမ်းတွေတင်ခဲ့တယ်။ စုစုပေါင်း စာတမ်းကိုးစောင်တင်ခဲ့တယ်။ ညီလာခံပြီးခါနီးမှအချက် ၁၉ ချက်ကို တင်ခဲ့တယ်။ အဓိကရည်ရွယ်ချက်ကတော့ စစ်မှန်တဲ့ပြည်ထောင်စုပုံစံ။ ဗဟိုအစိုးရမှာလည်း အာဏာရှိသင့်သလောက်ရှိပြီးတော့ ပြည်နယ်အစိုးရကိုလည်း အာဏာခွဲဝေမှုရှိရမယ်။ တင်ပြချက်တွေကို မှတ်တမ်းတင်ထားပေးမယ်ပြောတယ်။ ညီလာခံတက်တာလည်း နိုင်ငံရေးနည်းလမ်းနဲ့ စားပွဲပေါ်မှာ ဆွေးနွေးလို့ရအောင်ဆိုပြီး လုပ်တာပဲ။ လုပ်ရင်းလုပ်ရင်းနဲ့ အခြေခံဥပဒေကတော့ အတည်ဖြစ်သွားပြီ။ ရွေးကောက်ပွဲလုပ်ရတော့မယ်။ အစိုးရသစ်တက်လာရင် ကျွန်တော်တို့ ကေအိုင်အိုနဲ့ နိုင်ငံရေးဆွေးနွေးမှုပြောရတော့မယ်လို့ ပြောထားတော့ အဲဒီ့အချိန်ရောက်ခါနီးမှ ၂၀၀၉ ဧပြီ ၂၈ မှာ ကျွန်တော်တို့ ကေအိုင်အေ လက်နက်ကိုင်အဖွဲ့အစည်းကို နယ်ခြားစောင့်တပ်ဖွဲ့ဖို့ ပြောတယ်။ ကျွန်တော်တို့တင်မကဘူး လက်နက်ကိုင်အဖွဲ့အားလုံး ကို။

အခုအချိန်မှာ နိုင်ငံတကာကရော ပြည်တွင်းအဖွဲ့အစည်းတွေကရော မေးနေကြတာ။ တခြားအဖွဲ့အစည်းတွေ အပစ်အခတ်ရပ်စဲနေချိန်မှာ ကေအိုင်အေက ဘာလို့ခေါင်းမာနေတာလဲ။ သူတို့အောက်မှာ ဘယ်သူရှိလဲဆိုတဲ့ မေးခွန်းတွေအများကြီးထွက်လာတယ်။ ကျွန်တော်တို့အောက်မှာ ဘယ်သူမှမရှိဘူး၊ ခေါင်းမာတာလည်းမရှိဘူး။ နိုင်ငံရေးပြဿနာကြောင့် ဖြစ်လာတဲ့ ပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းရမယ်။ စစ်ရေးနည်းလမ်းနဲ့ ဘယ်လိုမှဖြေရှင်းလို့မရဘူးလို့ ချမှတ်ပြီးသား။

အခု ၂၀၁၁ ဇွန် ၉ ရက်ဖြစ်တဲ့ တိုက်ခိုက်မှုကလည်း ကျွန်တော်တို့ဘက်က စခဲ့တာမဟုတ်ဘူး။ အဓိကပြောချင်တာက CF ဘာကြောင့် မလုပ်တာလဲဆိုတဲ့ကိစ္စပါ။ ကျွန်တော်တို့ ၁၇နှစ်လုံးလုံးCF လုပ်ခဲ့တယ်။ နိုင်ငံရေးဆွေးနွေးမှုလုပ်နိုင်ဖို့ အမျိုးမျိုး လမ်းကြောင်းရှာခဲ့တယ်။ ဒါပေမဲ့ မလုပ်နိုင်ခဲ့ဘူး။ ရပ်စဲရေးဆိုတာလည်း ၉၄ က လမ်းဟောင်းပုံစံပဲ ပြန်ဖော်နေတယ်။ အခတ်ရပ်စဲရေးလုပ်မယ်၊ ဆက်ဆံရေးရုံးတွေဖွင့်မယ်။ ဒီကိစ္စတွေက ၁၇နှစ်လုံး အကောင်အထည်ဖော်ခဲ့ပြီးသား။ အခု ဘာပဲဖြစ်ဖြစ် နိုင်ငံရေးဆွေးနွေးမှု စတင်ရမယ်။ ဆွေးနွေးမှု စတင်လာတဲ့အခါ အပစ်အခတ်ရပ်စဲရေးက လက်မှတ်မထိုးရဘဲနဲ့ အလိုလိုရပ်စဲသွားမယ်။ စစ်ပွဲဆိုတာ နိုင်ငံရေးနည်းနဲ့မဖြေရှင်းလို့မဖြစ်တဲ့ကိစ္စတစ်ခု။ တကယ်လို့များ အစိုးရသစ်က ဒီပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းလိုတဲ့ဆန္ဒရှိရင် အဆင်ပြေတဲ့ကိစ္စပဲ။ နောက်တစ်ချက်က သမ္မတက ဒီဇင်ဘာမှာ ကာကွယ်ရေးဦးစီးချုပ်ကို ကချင်ဒေသမှာ ထိုးစစ်မလုပ်ဖို့ ပြောတယ်လို့ပြောတယ်။ တိုက်လာရင် ခုခံစစ်ပဲလုပ်လို့ညွှန်ကြားတယ်ကြားတယ်။ ဒါပေမဲ့ သမ္မတက အဲလိုညွှန်ကြားထားပေမယ့် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ တိုက်ပွဲတွေက နေ့တိုင်းဖြစ်နေတယ်လေ။

ပြည်နယ်အဆင့်နဲ့ ဆွေးနွေးရာမှာလည်း နိုင်ငံရေးဆွေးနွေးတဲ့အဆင့်မရောက်ဘူး။ နောက်ပိုင်း ဦးအောင်သောင်းအဖွဲ့နဲ့ တွေ့ဆုံတော့လည်း အပစ်အခတ်ရပ်စဲဖို့ လက်မှတ်ရေးထိုးဖို့ပဲပြောတယ်။ ဒါ့ကြောင့် နောက်ပိုင်း ကျွန်တော်တို့ဘက်က အပစ်အခတ်ရပ်စဲရေး အသုံးအနှုန်းမသုံးတော့ဘူး။ နိုင်ငံရေးဆွေးနွေးမှုလမ်းပြတစ်ခု သူတို့ဘက်ကလည်း သဘောတူ၊ ကျွန်တော်တို့ဘက်ကလည်း သဘောတူတဲ့ အဆင့်သုံးဆင့်တင်ပြတာရှိတယ်။ အဲဒီ့အဆင့်သုံးဆင့်လက်ခံရင် ပထမဆုံး ထိုးစစ်တွေဆုတ်ပေး၊ ပြဿနာဖြစ်နိုင်တဲ့ဒေသမှာရှိတဲ့ တပ်တွေ ပြန်ဆုတ်ပေး၊ အဲဒါပြီးရင် လက်မှတ်ရေးထိုးမယ်။

အမှန်တကယ်တော့ ကျွန်တော်တို့ဒေသမှာ တိုက်ပွဲတွေ မဖြစ်ချင်ပါဘူး။ ကျွန်တော်တို့ ကချင်လူမျိုးတွေ တိုက်ပွဲနဲ့ စခန်းသွားနေရတာ နှစ်ပေါင်း ၁၀၀ ကျော်သွားပြီ။ ၁၈၈၆ အင်္ဂလိပ်တွေ ဇန်းမော်ဝင်တုန်းကလည်း တိုက်ခဲ့တယ်၊ ဒုတိယကမ္ဘာစစ်မှာလည်း ဂျပန်တွေကိုတော်လှန်ခဲ့တယ်။

ကေအိုင်အေတပ်သားတွေ ကျဆုံးသလို အရပ်သားတွေ ဒုက္ခရောက်တာလည်း အများကြီးရှိတယ်။ တစ်ဖက်မှာလည်း အစိုးရတပ်က တပ်သားတွေကလည်း နိုင်ငံသားတွေပဲ။ အားလုံး နိုင်ငံသားတွေပဲ။ ဒါကြောင့်မို့ မလိုချင်တဲ့ အနိဋ္ဌာရုံကွယ်ပျောက်ဖို့ကတော့ အခုဖြစ်တဲ့ ပြဿနာက လက်နက်ကိုင်ပဋိပက္ခမဟုတ်ဘူး။

**အချပ်ပို(III) သို့**